www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ယ်ချုပ်အောင်ဆန်း၏
စ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော

စ်သားကြီးဗိုလ်တေဇ

Quality စာတည်းအဖွဲ့





ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်

ဗိုလ်ချုပ်အောင်ဆန်းနှင့်
ရဲဘော်သုံးကျိပ်

ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန် အတ္တုပတ္တိ

Quality စာတည်းအဖွဲ့



ဆုပြည့်စုံထွန်းစာပေ



Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။


http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# 2014, JANUARY, 108


**ဒဂုန်ရွှေမျှား**

ပင်လယ်ဓားပြ၏ဘဏ္ဍာသိုက် ၆

**လေးမောင်**

မုဆိုးချင်းတူခြားသော်လည်း ၄၃

**မျိုးသစ်**

ငန်းပုပ်ရန်စွယ် အန္တရာယ်တောတန်း ၆၁

**တောင်မှုူးကြီးသိန်းဝင်း**

ကဝေပုံမိစော ၆၉

**ဂက်အေါက်ဦးဘရင်**

ဗိုလ်တထောင်ငမိုး ၈၄

**ကောင်းစံဟိန်း (ဖန်နေဝန်း)**

ကြေးနက်အတွက် ကျီးမိုက်တို့သွားရာလမ်း ၁၀၀

**နန္ဒသူ**

လုပ်မိလုပ်ရာ ၁၁၅

**မောင်နီချို**

ဘာမထီစိန်ကြီး ၁၃၂

**မင်းရွှေသိန်း (ဇင်းကျိုက်)**

ဖြောင့်ချက် ၁၆၆

**သီဟရောဇတီ**

ပုံဘင်သံ ၁၉၂

**မိုးကျော့**

ကပိုင်တောမှ ချေဟောက်သံ ၂၀၄

**နေ့မထူး**

သူခိုး ၂၁၃

**တွင်းကြီးသား တင်ဝင်းဦး**

ဖုန်းဆိုးတောမှာ ပျော်ကြမယ် ၂၃၀

**အယ်ဒီတာ့စကား** ၅


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[illegible]
[illegible] (Quality)
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible] Quality Publishing House
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
Quality
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]

BURMESE CLASSIC .com

# အယ်ဒီတာ့စကား

စာဖတ်သူအပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ ၂၀၁၄–ခုနှစ်၊ ဇန်နဝါရီလ ဆိုလျှင် သည်းထိတ်ရင်ဖိုမဂ္ဂဇင်းသည် အုပ်ရေ(၁၀၈)အုပ် ရှိပေပြီ။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းသည် လူ့ဘဝ၏လှုပ်ရှားရုန်းကန်မှု များအနက် နာကျင်မှု၊ ကြည်နူးမှု စသည့်ရသများသာမက စွန့်စား ခြင်း၊ မှုခင်း၊ ထောင်အတွေ့အကြုံဆန်းများ၊ ဖြစ်မှုများ ဖြည့်စွက် ပါဝင်ပြီး စာဖတ်သူကို ရသနှင့်ယှဉ်ကာ ဆင်ခြင်တုံတရား၊ လူသားချင်းစာနာမှု ဖြူစင်မှုစိုရိတရားလေးပါးကို ကိန်းဝပ်စေရန် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေသော မဂ္ဂဇင်းတစ်အုပ် ဖြစ်ပါသည်။

စာရေးဆရာ ကြီးငယ်လတ် အရွယ်စုံ၊ ကလောင်စုံအင်အား ဖြင့် လစဉ်တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းလျက်ရှိရာ တစ်စုံ တစ်ရာသော ချို့ယွင်းချက်၊ အားနည်းချက်ကလေးများ ပါရှိပါက ခွင့်လွှတ်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း


www.burmeseclassic.com


www.burmeseclassic.com

"**အသေအကြောင်းတစ်ရာ** မနေရ၊ အမှုတစ်ရာတွေ့ရ" ဟူသော စကားပုံမှာ ကျွန်ုပ် ဦးဘိုးတော်အတွက် ပို၍ မှန်ကန်ပေ၏။ ပြစ်မှုအမျိုးမျိုးဖြင့် ထောင်များစုံသို့ရောက်ခဲ့သော ဦးဘိုးတော်သည် ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ - ခုနှစ်ဆန်းလောက်တွင် ရဲအရာရှိတစ်ဦးအား ဓားဖြင့်ခုတ်သဖြင့် အိန္ဒိယရာဇသတ် ပုဒ်မ – ၃၂၆ အရ အင်းစိန်ထောင်ကြီးတွင် ထောင်ဒဏ်တစ်နှစ်ခွဲမျှ အကျဉ်းကျခဲ့ရလေ၏။

# ပင်လယ်ဓားပြ၏ ဘဏ္ဍာသိုက်

ထောင်ထဲတွင် အကျဉ်းကျ ပင်လယ်ဓားပြတစ်ဦးနှင့် တွေ့
ထောင်မှထွက်သောအခါ မမျှော်လင့်ဘဲ ရတနာသိုက်ရှိရာ
သက်စွန့်ဆံဖျား သွားရောက်ယူငင်ပုံကို ...






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က "ရဲ" ဟုမခေါ်သေးဘဲပုလိပ်ဟုခေါ်ဝေါ်လျက်ဘုရင်ခံဆာဒေါ်မန်စမစ်ဖြစ်၍ ဆာပေါ်ထွန်းက နန်းရင်းဝန်အဖြစ် အစိုးရအဖွဲ့ဖွဲ့စည်းအုပ်ချုပ်သော အချိန်ဖြစ်၏။

မားစုတ်ခံရသော ရဲအရာရှိကြီးသည် ဆေးရုံမှဆင်းပြီးနောက် မကြာမီဝင် အတွင်းရေးများ ရှုပ်ထွေးသဖြင့် အလုပ်မှ ထွက်ရလေရာ ၎င်းနေရာသို့ ရဲမှူးတစ်ဦးအား ခန့်ထားလိုက်၏။

ထောင်မကျမီ ဦးဘိုးထော်သည် ဘောက်ထော်ရွာကလေးတွင်နွားများမွေးမြူခြင်း၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းစသော ခြံယာအလုပ်စသည်တို့ဖြင့် တောင်ယာသမားတို့ဘာဝ အေးချမ်းစွာ နေထိုင်လျက်ရှိစဉ် ဦးဘိုးထော်အား ကောင်းစွာမှတ်မိသော ရဲအရာရှိအချို့သည် အနီးပတ်ဝန်းကျင်တွင် လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုများဖြစ်တိုင်း ဦးဘိုးထော်ထံ လာရောက် ငွေညှစ်လေ့ရှိ၏။ တစ်ခါတစ်ရံ ကြက်၊ ငှက်၊ ဘဲများကို လာရောက် တောင်းသွားတတ်၏။

ထိုအခါက နယ်ချဲ့လက်အောက်ရှိ အရာရှိတို့မှာ အထူးသဖြင့် ဦးဘိုးထော်ကဲ့သို့ရိုးသားသောလူထုအပေါ်တွင်တစ်ခါတစ်ရံမိုက်ကြေးကဲ့သို့လည်းကောင်း၊ တစ်ခါတစ်ရံလည်း သဒ္ဓါကြေးကဲ့သို့လည်းကောင်း အမျိုးမျိုးညှဉ်းတတ်လေရာ ထိုကိစ္စများအတွက်နှင့်ပတ်သက်၍ အမှုဖြစ်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော် လက်လွန်သွားပြီးသည်နှင့်တစ်ပြိုင်နက် ဦးဘိုးထော်သည် မဟုတ်လျှင် မခံချင်သောစိတ်များ ကွယ်ပျောက်၍ သူတစ်ပါးအပေါ်တွင် သနားကရုဏာထားတတ်သည့်ပင်ကိုစိတ်များ ပေါ်ပေါက်လာပြီးနောက်မိမိကျူးလွန်မိသည့် ပြစ်မှုအတွက် နောင်တရ၍ မဆုံးနိုင်အောင် ရှိတော့၏။

စစ်ပြီးခေတ်တွင် အင်္ဂလိပ်အစိုးရတို့က ထောင်မှူး၊ ထောင်ပိုင်စသော ထောင်အာဏာပိုင်များခန့်ထားရာ၌ အင်္ဂလိပ်စစ်တပ်မှ အနားယူသော စစ်ဗိုလ်များကိုသာ ခန့်ထားခဲ့လေရာ ရန်ကုန်အချုပ်ထောင်တွင် မေဂျာဒေါင်းဆိုသူက ထောင်ပိုင်ကြီးဖြစ်ပြီးလျှင် အင်းစိန်ထောင်တွင်ကား "မစ္စတာမတ္တဗွိုင်း" ဆိုသူက ထောင်ပိုင်ကြီးအဖြစ်နှင့် အုပ်ချုပ်လျက်ရှိလေသည်။ ဦးဘိုးထော်မှာ အမှုမပြီးမီ ရန်ကုန်ထောင်၌ အချုပ်ခံခဲ့ရသော်လည်း အပြစ်တင်သောအခါ အင်းစိန်ထောင်တွင် အပြစ်ကျခံရ၏။

ဦးဘိုးထော် ထောင်ကျသောအချိန်မှာ စစ်ကြီးပြီးစ အချိန်ဖြစ်၍ ထိုအခါက တိုးတက်ကောင်းမွန်သော ထောင်ဥပဒေများတို့ပြင်ဆင်ခြင်းမပြုသေးဘဲ ယခင်စစ်မဖြစ်မီအချိန်တကဲ့သို့ပင် ရှိနေသေးရာ ထောင်ကျလာသော အကျဉ်းသားသစ်များအား ထောင်အဝင်ဘူးဝတွင် "ပုံစံအထိုင်နိုင်းခြင်း"၊ နံပါတ်တုတ်များဖြင့် ထောင်ပုံစံပြခြင်းများကို ပြုလုပ်ကြသေး၏။ သို့သော် ဦးဘိုးထော်မှာ ထိုထောင်၌ပင် ထောင်ဗာရာအဖြစ် နှစ်အတော်ကြာလုပ်ခဲ့ဖူးသဖြင့် လူသစ်များခံရသော ပုံစံထိုင်ကာ အရိုက်ခံခြင်း၊ မီလွှာတိုက်ခြင်း ခေါ်နောက်ဖေးအသွားခိုင်းခြင်း စသည့် နှိပ်စက်ညှဉ်းပန်းမှုများမှ လွတ်မြောက်လာခဲ့လေသည်။

ဒုတိယထောင်ပိုင်ကြီးအဖြစ်ဖြင့် အုပ်ချုပ်ခဲ့သော ထောင်အရာရှိနှင့် ထောင်မှူးကြီးတို့မှာ ဦးဘိုးထော်နှင့် သိကျွမ်းခင်မင်ခဲ့ဖူးသူများဖြစ်သဖြင့် ထောင်ထဲသို့ ဦးဘိုးထော် ရောက်လျှင်ရောက်ချင်း ဒုတိယ ထောင်ပိုင်ကြီးသည် ဦးဘိုးထော်အား ခေါ်ယူတွေ့ဆုံလေသည်။

ထောင်ပိုင်ကြီးရှေ့သို့ ရောက်သောအခါ ဦးဘိုးထော်သည် သင့်လျော်လျောက်ပတ်သော နေရာ၌ ခြေစုံရပ်လျက်ပြီးလျှင် လက်များကို ရှေ့သို့ပစ်လိုက်ကာ ဖတ္တာဆက်, ဆက်လျက် အရိုအသေပြုလိုက်လေ၏။ ထောင်ပိုင်ကြီးသည် စားပွဲတွင်အလုပ်လုပ်လျက်ရှိရာမှ အတန်ငယ်မော်ကြည့်လိုက်ပြီးလျှင် မျက်နှာခပ်ပြုံးပြုံးဖြင့် -





www.burmeseclassic.com

www.burmeseclassic.com

"ဘယ့်နယ်လဲ - မောင်ဘိုးထော်၊ ထောင်ထဲကိုပြန်မလာတော့ဘူးဆို၊ အခု စပ်ပြီးတာနဲ့ ထောင်ဖွင့်လို့ စောစောစီးစီးပြန်လာတယ်ထင်တယ်"

ထောင်ပိုင်ကြီးမှာ စစ်မဖြစ်မီ ဦးဘိုးထော် ထောင်ကျစဉ်က သိကျွမ်းခင်မင်ခဲ့ဖူးသည့်ပြင် ရယ်စရာမောစရာ ပြောတတ်ဆိုတတ်သူဖြစ်သဖြင့် ဦးဘိုးထော်အား ခနဲ့တဲ့တဲ့ မေးလိုက်ခြင်း ဖြစ်လေ၏။

ထော် ။ ။ "ကျွန်တော်မျိုး ပြန်မလာချင်ပေမဲ့ ကျွန်တော်မျိုးရဲ့ ကံကြမ္မာက ထောင်ထဲကို ပြန်ပို့လိုက်တာပါပဲ - သခင်ကြီး၊ သခင်ကြီးကို စောင့်ရှောက်ဖို့ပဲ ဆိုပါတော့"

ပိုင် ။ ။ "ဩော် - ဩော် - ကျုပ်ကိုစောင့်ရှောက်ဖို့ဘုရားသခင်က မောင်ဘိုးထော်ကို ထောင်ထဲပို့လိုက်တယ် - ဟား - ဟား - ဟား"

ဦးဘိုးထော်က ရှိသေစွာ ခေါင်းညိတ်လျက် -

"မှန်ပါတယ် - သခင်ကြီး၊ ထောင်ထဲကို ကျွန်တော်မျိုး မရောက်ခင်ကတည်းက သခင်ကြီးဆီကို သွားရမယ်ဆိုပြီး လူဖြူကြီးတစ်ယောက်က လာပြောလို့ အိပ်မက်မက်ပါတယ် သခင်ကြီး"

ဦးဘိုးထော်မှာ လျှင်မြန်ဖျတ်လတ်၍ အကင်းပါးသူတစ်ယောက်လည်း ဖြစ်သည့်အတိုင်း ဖြတ်ထိုးဉာဏ်ဖြင့် ပြောလိုက်ရာ ဒုတိယထောင်ပိုင်ကြီးမှာ -

"မောင်ဘိုးထော် - အရင်ကလို လက်သမားအလုပ်နဲ့ ပန်းပုထုတတ်သေးသလား၊ မောင်ဘိုးထော်လုပ်ပေးခဲ့တဲ့ ကျွန်းသား ဆင်ရုပ်ကလေးဟာ ကျုပ်အိမ်မှာ ခုထိ ရှိသေးတယ်"

"ကျွန်တော်မျိုး ထောင်ကလွတ်သွားပေမယ့် ဒီလက်သမားပညာ ပန်းပုပညာတွေ အမြဲအသုံးပြုခဲ့တယ် - သခင်ကြီး"



"ကောင်းတယ် - မောင်ဘိုးထော်၊ ကောင်းတယ်၊ ကဲ - ကဲ - မောင်ဘိုးထော် - ဘယ်မှာ အလုပ်လုပ်ချင်သလဲ၊ မောင်ဘိုးထော် - အလုပ်လုပ်ချင်တဲ့ နေရာပြောပါ"

ထောင်ပိုင်ကြီးသည် ဦးဘိုးထော်အပေါ်တွင် ခင်မင်သူတစ်ဦးဖြစ်သည့်အတိုင်း အကျဉ်းသားသစ်များအား အလုပ်မချရသေးမီပင် ဦးဘိုးထော်ကိုယ်တိုင် နှစ်သက်သောအလုပ်ကို လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်၏။

"ကျွန်တော် သခင့်ကြီးရုံးမှာ လုပ်ချင်ပါတယ် - သခင်ကြီး"

"အင်း - အင်း - ကျုပ်ရုံးမှာထက် ဦးဘိုးထော် အေးအေးဆေးဆေး နေရအောင် ကျုပ် အလုပ်ချပေးမယ်၊ ကောင်းကောင်းလည်းစားရသောက်ရမယ်၊ ထောင်ဆေးရုံမှာရှိတဲ့ ထမင်းချက်ရုံမှာ လုပ်ရမယ်၊ အကျဉ်းသားလူနာစောင့်တွေကို ကြည့်ရတဲ့လူကြီးအဖြစ်နဲ့ ကျုပ် အလုပ်ချပေးမယ်၊ ထောင်ဘုတ်စာအုပ်ကြီး ကျုပ်ဆီမှာ ရောက်မှာပဲ၊ ကဲ - သွားနိုင်ပြီ"

ထောင်တွင်းသို့ အကျဉ်းသားလူသစ်အဖြစ် ရောက်လာရခြင်းမှာ စစ်ထဲသို့ ဝင်ခါစ စစ်သားသစ် တစ်ယောက်ကဲ့သို့ အလုပ်အကိုင် အတိအကျ ချထားခံရခြင်းမရှိသေးမီ နံနက်အိပ်ရာထ၍ တန်းစီလူစစ်ပြီးနောက် "အိပ်" ထောင်မှ ဆင်းခဲ့ရ၏။ နံနက်အလုပ်ဆင်းချိန်သို့ရောက်သောအခါ ထိုအကျဉ်းသားလူသစ်များအား တစ်နေရာသို့ စုရုံးစေပြီးလျှင် အလုပ်ဌာနအသီးသီး၌ အုပ်ချုပ်သော ခြောက်မှတ်၊ ရှစ်မှတ်၊ ၁၂ မှတ် စသော တာရာတို့က လူသစ်ဆိမ်းတာရာထံမှ ခေါ်ဆောင်သွားကြ၏။ ယင်းကဲ့သို့ အကျဉ်းသားများအား ခေါ် ဆောင်သွားခြင်းကို "ခွေးတပ်ဆွဲခြင်း" ဟု ထောင်ဝေါဟာရအားဖြင့် ခေါ်ဝေါ်လေသည်။

ထိုကဲ့သို့အလုပ်ဌာနအသီးသီးမှ လာရောက်ခေါ်ယူကြရာ၌ အများအားဖြင့် အကျဉ်းသားသစ်များမှာ ထောင်တွင်း ဆန့်ကြိတ်ဌာနနှင့် ဆောင်ယာ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်များ၊ မိလ္လာသိမ်းအလုပ်ဌာနများ၊ ရေတင်ဌာနများ စသည်ဖြင့် ပင်ပန်းကြီးစွာလုပ်ကိုင်ရသော အလုပ်များတွင် အများဆုံး လုပ်ကိုင်ကြရ၏။ ထို့ကြောင့်လည်း အကျဉ်းသမားလူသစ်ဖြစ်လာသည်ဆိုပါမူ မည်သည့်အကျဉ်းသားသစ်မဆို မိမိတို့၏ အမြဲတမ်းအလုပ်လုပ်ရမည့် လုပ်ငန်းကိုသာ စောင့်မျှော်နေရလျက် မြန်မြန်အလုပ်ချပါစေဟု ဆုတောင်းသည်က များလေသည်။

အကျဉ်းထောင်အတွင်း၌ကား လူကုံထံ၊ လူရည်သန့် လူသစ်များရောက်လာကြသောအခါ ၎င်းတို့မှာ ဘီကလပ်(စ်)ပင် မရစေကာမူ ခေတ်ပညာအတော်အသင့်တတ်မြောက်က ထောင်တွင်း အယူခံရုံး ထောင်လွတ်ရက်တွက်ချက်ပေးရခြင်းနှင့် ထောင်တွင်းအလုပ်များကိုကြီးကြပ်ခန့်ခွဲပေးရသော ရုံး၊ အဝတ်တိုက်နှင့် ရိက္ခာများ သိုလှောင်ရာဌာနရုံး စသည့် သင့်လျော်ရာရုံးများ၌ ထောင်စာရေးအဖြစ် အမှုထမ်းဆောင်ကြရလေသည်။

အကျဉ်းထောင်အတွင်းရှိ အရေးအကြီးဆုံးသော အကျဉ်းသားများ မှီခိုရာရုံးမှာ အယူခံရုံးပင်ဖြစ်၏။ ထိုရုံးမှပင် တစ်ထောင်လုံးရှိ အကျဉ်းသားများအား ဘုရင်ခံထံသို့ အသနားခံစာတင်ပေးရခြင်း၊ ဟိုက်ကုတ် လွှတ်တော်သို့ တိုက်ရိုက် အယူခံပေးရခြင်းများ ပြုလုပ်ပေးရပြီးလျှင် တစ်ထောင်လုံးတွင်ရှိသော ခြောက်မှတ်၊ ရှစ်မှတ်၊ ၁၂ မှတ်ရ အကျဉ်းသား တရာများအား ညဥ့်အိပ်ဖန်စောင့်တာဝန်များကို စနစ်တကျ ခန့်ခွဲပေးရလေသည်။

ယခု ဦးဘိုးထော် အလုပ်ရသော နေရာမှာလည်း သာမန် အကျဉ်းသားတစ်ယောက် ရောက်ရန် ခဲယဉ်းသောနေရာဖြစ်၍ အကာပ်အရပ်ကလေးရှိမှသာ ရောက်နိုင်သော ဌာနဖြစ်၏။ ဆေးရုံထမင်းချက်နှင့် လူနာစောင့်သမားများအပေါ်တွင် ကြီးကြပ်ထိန်းသိမ်းရသော လုပ်ငန်းဖြစ်၍ ၎င်းမှာ တနေ့ခေါ် ထောင်မင်းသားလောက်နီးပါးမျှ အဆင့်အတန်းရှိသော ရာထူးဖြစ်၏။ ထို



နေရာကို ရရှိခြင်းအားဖြင့် အစားအသောက်မှာလည်း ဘီကလပ်(စ်)ရသော အထက်တန်းစား အကျဉ်းသားတစ်ယောက်ထက်ပင် မိမိကြိုက်နှစ်သက်ရာကို စားသောက်နိုင်လေသည်။

ဦးဘိုးထော်မှာ ထောင်ဆေးရုံ၌ တာဝန်ကျသူဖြစ်သဖြင့် အများအားဖြင့် ထောင်ဆေးရုံ၌ အအိပ်များပြီးလျှင် တစ်ခါတစ်ရံမှသာ အိပ်ထောင်များသို့ သွားရောက်အိပ်တတ်လေသည်။

✲✲✲

စေတနာအကျိုးပေးဟူသော စကားမှာ လူတစ်ယောက်က အခြားသူတစ်ယောက်အပေါ်တွင် ဖြူစင်သန့်ရှင်းသော မေတ္တာနှင့် စေတနာရှိသောအခါ ယင်းစေတနာကို ထိုသူကလည်း တုံ့ပြန်တတ်သော သဘောရှိလေသည်။ ဦးဘိုးထော်သည် ရာဇဝတ်မှု ကျူးလွန်ခဲ့သောအဖြစ်ဖြင့် အကျဉ်းထောင်အတွင်းတွင် ကျခံနေရသော အကျဉ်းသားတစ်ယောက်ဖြစ်စေကာမူ စိတ်ရင်းကောင်း၍ သဘောထားကြီးသူ တစ်ယောက်ဖြစ်သည့်အတိုင်း လူတစ်ယောက်အပေါ်တွင် ခင်မင်ကြင်နာတတ်ခြင်း၊ အရေးရှိက ကူညီလိုသော စိတ်ဆန္ဒရှိခြင်း စသော စိတ်ဓာတ်ပြည့်ဝသူတစ်ယောက်ဖြစ်၏။

ထောင်ဆေးရုံသို့ ဦးဘိုးထော်ရောက်သောအခါ လူတစ်ယောက်နှင့် သိကျွမ်းခင်မင်ကာ မိတ်ဆွေဖြစ်ခဲ့၏။ ထိုပုဂ္ဂိုလ်မှာ ရခိုင်အမျိုးသား နစ်ကြီး အကျဉ်းသမားတစ်ဦးဖြစ်သော ဦးစံရွှေအောင်ဆိုသူဖြစ်၏။ ဦးစံရွှေအောင်သည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့သားဖြစ်ပြီးလျှင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရခိုင်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆိုးသွမ်းဟောရမ်းနေတတ်ရှိသော ဓားပြဗိုလ်ကြီးတစ်ဦးဖြစ်လေရာ အမှုပေါင်းများစွာဖြင့် ထောင်သို့

www.burmeseclassic.com

တချွဲခဲ့၏။ သူ၏ပြစ်မှုများမှ ထောင်သက်မှာ များလှသဖြင့် ဤတစ်သက်တွင် လွတ်နိုင်စရာ အကြောင်းမရှိသလောက်ပင် ဖြစ်တော့၏။

ဦးစံရွှေအောင်မှာ ထောင်တွင်းသို့ ရောက်လာပြီးနောက် မစားနိုင်၊ မသောက်နိုင်ဖြင့် နာမကျန်းဖြစ်ပြီးလျှင် ထောင်ဆေးရုံသို့ တက်ခဲ့ရလေရာ၊ ဦးဘိုးထော်နှင့် တွေ့သောအခါ အတော်ပင် ပိန်ချုံးချည့်နဲ့လျက် ရှိနေလေပြီ။

ဦးဘိုးထော်က –



သူနဲ့တွေ့တုန်းက ကျုပ်က ဓားမြပဲရှိသေးတယ်ဗျ။ သူနဲ့ အကျဉ်းသားတွေ တစ်အုပ်ကြီး ထမင်းဆွဲတဲ့ဗိုနားမှာ ရိုက်ကြလို့ ကျုပ် ဝင်ဖျန်ရတယ်။ သူတစ်ယောက်တည်း ရိုက်လိုက်တာ အကျဉ်းသား လေးငါးယောက်လောက် ခေါင်းကွဲသွားတယ်ဗျ။ သူ့ကိုလည်း တိုက်ပိတ်ခံရတယ်။ ဒါပေမဲ့ ဒီလူက တော်တော်ဖွဲ့ကြီးတဲ့လူ ခင်ဗျ။



"မိတ်ဆွေကြီးကြည့်ရတာ တော်တော် စိတ်ထိခိုက်နေပုံပါပဲ၊ ထောင်ထဲရောက်မှတော့ စိတ်ပျော်ပျော်သာ ထားပေါ့ဗျာ၊ လိုချင်တဲ့ အကူအညီလည်း တောင်းပါ။ ကျုပ်အမည်ကတော့ မောင်ဘိုးထော်တဲ့၊ ကောင်လေးတွေ အမြဲအစုမကောင်းရင် ကျုပ်ကိုသာ တိုင်ပေတော့၊ ဒါနဲ့ ခင်ဗျားကို မြင်မြင်ချင်း အရင်က ကျုပ်တွေ့ဖူးတဲ့ မိတ်ဆွေကြီးတစ်ယောက်နဲ့ အင်မတန်တူပါကလားဆိုပြီး ကြည့်နေမိတယ်ဗျ"

ဤသို့ ဦးဘိုးထော်က ဦးစံရွှေအောင်အား အားပေးစကားများ ပြောကြားလိုက်သောအခါ ဦးစံရွှေအောင်မှာ အတော်ပင် အားတက်လန်းဆန်းသွားသကဲ့သို့ ဦးဘိုးထော်အား ဖျတ်ခနဲ ခေါင်းထောင်၍ ကြည့်လိုက်၏။

ဦးစံရွှေအောင်အား ဆေးရုံလုပ်သားများက –

"ဘုကျသော အကျဉ်းသမားကြီး၊ ဒီလူကြီးနဲ့ ဘယ်ဆေးရုံစောင့်အလုပ်သမားနဲ့မှ မတည့်ဘူး – ဦးလေးရဲ့ အစားအသောက်ဆိုလည်း သိပ်ဇျေးထူတဲ့ အဘိုးကြီး၊ တစ်ခါတစ်ခါ အဝတ်တွေကို လွှင့်ပစ်ချင်သေးတယ်"

ဟု ပြောကြားပြီးလျှင် လက်အောက်မှ ဆေးရုံလုပ်သားတစ်ဦးကလည်း ဦးဘိုးထော်အား ဤသို့ပင် တိုင်တမ်းခဲ့ဖူး၏။ ထို့ကြောင့်လည်း ဦးဘိုးထော်ကိုယ်တိုင် ထိုအကျဉ်းသား လူမမာကြီးအား ဂရုတစိုက် ကြည့်ရှုခဲ့ခြင်း ဖြစ်၏။ ဦးစံရွှေအောင်မှာ တစ်ယောက်တည်း အေးအေးဆေးဆေး နေထိုင်လိုခြင်း၊ ပုတီးစိပ်ခြင်းနှင့် ဘုရားရှိခိုးခြင်း၊ အနီးပတ်ဝန်းကျင်တွင် ဆူဆူပူပူလုပ်သည်တို့ လုံးဝမကြိုက်မနှစ်သက်ခြင်း စသော ဆန္ဒများရှိလေသည်။ ဦးဘိုးထော်မှာ လူတဲခတ်ကောင်းသူတစ်ယောက် ဖြစ်သည့်အတိုင်း ဦးစံရွှေအောင်အား စတင်မိတ်ဖွဲ့လိုက်ခြင်းဖြစ်၏။

ဦးစံရွှေအောင်သည် မိမိအား စတင်မိတ်ဖွဲ့၍ စကားပြောလာသောသူကို ကြည့်လိုက်ရာ မိမိနှင့် အသက်ချင်း သိပ်မကွာခြားလှဘဲ ဥပမိရုပ်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တည်ကြည်စုံညားသူတစ်ဦးဖြစ်ကြောင်း တွေ့ရသဖြင့် နှစ်လိုဖွယ်သော အပြုံးချိုချိုဖြင့် ပြုံးလိုက်ရင်း ခုတင်အထက်ပိုင်းသို့ နေရာရွှေ့ပေးပြီးလျှင် -

"ထိုင်ပါ - မိတ်ဆွေကြီး ဦးဘိုးထော်၊ ထိုင်ပါ"

ဟုပြောလိုက်လေ၏။ ထိုအခါ ဦးဘိုးထော်သည် ဦးစံရွှေအောင်၏ခုတင်စွန်းတွင် ဝင်၍ထိုင်လိုက်ပြီးနောက် -

"အိပ်လို့ကော ပျော်ရဲ့လား - မိတ်ဆွေကြီး"

"ခြော် - အိပ်လို့လား - ပျော်လှတယ် မဟုတ်ပါဘူး ခင်ဗျား၊ ဒါထက် ဦးဘိုးထော်က ဒီမှာ လူကြီးနော်"

"ဟုတ်ပါတယ်"

"အေးဗျာ - ကျုပ်လည်း ခင်ဗျားသတင်းကို ကြားဖူးပါရဲ့၊ လူချင်းတော့ အခုမှပဲ တွေ့ရတော့တယ်၊ လူကိုမြင်တော့မှပဲ - အင်း - ပြောသံကြားဖူးတာထက် ဦးဘိုးထော်ဟာ လူတစ်ယောက်အပေါ်မှာ ကရုဏာနဲ့ ပြည့်စုံပြီး ကူညီလိုတဲ့စိတ် ရှိပါကလားဆိုတာ ကိုယ်တိုင်တွေ့တော့ ပိုသိရတာပါဗျာ၊ ဒါထက် အခုတင်ကစကားထဲမှာ ကျုပ်နဲ့တူတဲ့လူတစ်ယောက်ကို ဦးဘိုးထော် တွေ့ခဲ့ဖူးတယ် ဆိုလားလို့"

"ဟုတ်တယ်ဗျ - ကျုပ်ကိုယ်တိုင် အဲဒီလူကို အတော်အကူအညီပေးဖူးတယ်၊ အဲဒါကတော့ ကြာပါပြီဗျာ၊ "ပြည်" ထောင်ထဲမှာနဲ့ တူတယ်၊ သူ့အသက်က ကျုပ်နဲ့တွေ့တုန်းက ၃၀ လောက်ပဲရှိဦးမယ်၊ အခုဆိုရင် အသက် ၄၀ ကျော် ၅၀ တွင်း ရှိရောပေါ့ဗျာ၊ သူကလည်း ရခိုင်ပြည်နယ်ကပဲဗျ၊ သဘောသဘာဝကလည်း အင်မတန်ကောင်းရှာပါတယ်၊ သဘောကောင်းသလောက် သတ္တိကလည်း မခေဘူးခင်ဗျ၊ သူက ဓားပြဗိုလ်တစ်ယောက်တဲ့ဗျ"

"နေပါဦး - အဲဒီလူမှာ - အင်း - လက်ဝဲဘက်ပါးမှာ အမာရွတ် တစ်ခုနဲ့ နာခေါင်းမှာ မှဲ့ကလေးတစ်လုံးများ ရှိသလား"

"ဟာ - ရှိတယ်၊ သူနဲ့တွေ့တုန်းက ကျုပ်က တနေ့ပဲ ရှိသေးတယ်ဗျ၊ သူနဲ့ အကျဉ်းသားတွေ တစ်အုပ်ကြီး ထမင်းဆွဲတဲ့ဗိုနားမှာ ရိုက်ကြလို့ ကျုပ်ဝင်ဖျဉ်ရတယ်၊ သူတစ်ယောက်တည်း ရိုက်လိုက်တာ အကျဉ်းသားလေးငါးယောက်လောက် ခေါင်းကွဲသွားတယ်ဗျ၊ သူ့ကိုလည်း တိုက်ပိတ်ခံရတယ်၊ ဒါပေမဲ့ ဒီလူက တော်တော်ဖွဲ့ကြီးတဲ့လူ ခင်ဗျ"

"ပြောစမ်းပါဦးဗျာ"

"ဒီလူက အိပ်ထောင်အမှတ် ၃ မှာနေတယ်၊ ဒါပေမဲ့ အိပ်ထောင်အမှတ် ၂ မှာ ရှိတဲ့ သူ့မိတ်ဆွေ အုန်းသီးဆိုတဲ့လူဆီကို သွားပြီးလည်တယ်၊ ထမင်းကျွေးတဲ့အချိန်မှာ အလှည့်ကျနဲ့ ကျွေးတာကလားဗျ၊ ဒီတော့ သူဟာ အမှတ် ၂ အိပ်ထောင်က အကျဉ်းသားတွေနဲ့အတူ ထမင်းဆွဲရအောင် ပုံစံတန်းစီပြီး ထွက်တာကိုး၊ ဒီတော့ ကိုယ့်အိပ်ထောင်ကမဟုတ်ဘဲ ဒီမှာလာပြီး ဆွဲရပါမလားဆိုပြီး၊ အကျဉ်းသားဝက်ကြီးဆိုတဲ့အကောင်က မကြားတကြားပြောတယ်၊

သူပြောတာကလည်း ဒီကောင် ဘယ်လောက်ထမင်းငတ်နေလို့ စောစောစီးစီး ထမင်းလာဆွဲရတာတဲ့လဲလို့ ပြောသတဲ့ဗျ၊ တစ်ယောက်က ဝက်ကြီးစကားနားထောင်လိုက်ပြီး "အလကား...ခွေးဝင်စားတွေပါကွာ" လို့ပြောတာကိုး၊ ဒီတင်ပဲ စောလှမြကမခံနိုင်ဘဲ ဒီအကောင်ကို လက်သီးနဲ့ တစ်ချက်တည်း ထိုးတော့တာပဲ၊ တခြားအကျဉ်းသားတွေကလည်း စောလှမြကို ဝိုင်းထိုးတော့ သူ့သူငယ်ချင်းအုန်းသီးက ဝင်ရတာပေါ့ဗျာ၊ နို့ပေမဲ့ အုန်းသီးဟာ မခံနိုင်ဘဲ စောစောစီးစီး လဲသွားရှာတော့တာပဲ၊

စောလှမြကတော့ ထမင်းဗိုက ထင်းချောင်းတစ်ချောင်းရပြီး လိုက်ရိုက်တာ အကျဉ်းသားဆယ်ယောက်လောက် ခေါင်းကွဲသွားတယ်၊ ပြီးမှ ထောင်ဝါဒါတွေ ရောက်လာပြီး ဆွဲခေါ်သွားမှ ရန်ပွဲစဲတော့တာပါပဲဗျာ၊ သူကတော့

www.burmeseclassic.com

ခင်ညစ်ညစ်ပဲဗျို့ လူက လူရွတ်ပဲ၊ ပုဆိုးကို လည်ပင်းမှာ ကွင်းသိုင်းပြီး လိုက်သွားတယ်ဗျ”

ထိုစကားကိုကြားရသည်နှင့်ဦးစံရွှေအောင်မှာ အတော်ပင် စိတ်ထိခိုက်သွားဟန်ဖြင့် မျက်လုံးအိမ်များတွင် မျက်ရည်များ စို့လာသည်ကို တွေ့ရလေ၏။

“ဩော် – စောလှဖြူ – စောလှဖြူ – ကျုပ်ညီပေါ့ဗျာ၊ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်ဟာ ဂျပန်ခေတ်မှာ ဓားပြဂိုဏ်းဖွဲ့ပြီး တိုက်ခဲ့တာပေါ့၊ စောလှဖြူဟာ အစစအရာရာ ယုံကြည်စိတ်ချရတယ်၊ မျက်နှာလွှဲရအောင် တော်တယ်ဗျ၊ ဒါပေမဲ့ ဦးဘိုးထော်ရယ် ဘယ်လောက်ပဲ တော်တဲ့လူ ဖြစ်ပေစေ မိန်းမနဲ့ ကျလာတော့ မခံနိုင်တော့ဘူးဗျာ”

“ဘာကြောင့်လဲဗျာ – ပြောစမ်းပါဦး၊ ကျုပ်လည်း ဒီလူကိုတော့ တော်တော်ခင်မင်ပါတယ်၊ ခင်မင်တာကလည်း တခြားမဟုတ်ဘူး၊ မဟုတ်မခံချင်တဲ့ စိတ်ရှိလို့၊ ဒီလူက မတရားလုပ်ခဲ့တာကိုတော့ ကျုပ် မတွေ့ခဲ့ပါဘူး”

“ဟုတ်ပါတယ် – ဟုတ်ပါတယ်၊ ကျုပ်ညီက ဘယ်တော့မှ မတရားမလုပ်ဘူး ခင်ဗျ၊ ဒီလိုပါဗျာ ... ၊ ကျုပ်ညီမှာ ညဥ်တစ်ခုရှိတယ်ဗျ၊ မိန်းမချောချောလှလှကလေးတွေ ဆိုရင်တော့ ပိုးတော့တာပဲ၊ လက်နက်အားကိုးပြီး အနိုင်ကျင့်သူတဲ့သဘောမရှိပါဘူး၊ ဒီမိန်းမချောချောလှလှလေးတွေဟာ ဒုက္ခလာပေးတော့တာပါပဲ ခင်ဗျာ”

ဟု အစချီကာ မိမိတို့ညီအစ်ကိုနှစ်ယောက် ဖွဲ့စည်းခဲ့သော ဂိုဏ်းကြီးအကြောင်းကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

ရခိုင်ရိုးမတောင်တန်းများကြား အလယ်ဗဟိုပေါ်တွင် အတည်တကျစခန်းချတည်ဆောက်ထားသော ၎င်းတို့ဂိုဏ်း၏အနီးပတ်ဝန်းကျင်၌လူနေရွာများရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ သက်ဆိုင်ရာအာဏာပိုင်များထံသို့ဖြစ်စေ၊ ဂျပန်ကင်ပေတိုင်သို့ဖြစ်စေ သွားရောက်သတင်းပေးဝံ့သူ မရှိချေ၊ တစ်ခါတစ်ရံ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တွေ့ဆုံပြီး တိုက်ကြသည့်အခါ ဦးစံရွှေအောင်တို့က အရေးသာပြီးလျှင် ပုလိပ်အဖွဲ့မှာ အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားခဲ့ဖူးလေသည်။ ဂျပန်စစ်တပ်ကလည်း စစ်တပ်ကို ရန်မူသောသူများမဟုတ်ဘဲ ရွာသားများကိုသာ တိုက်ခိုက်သည့်ဂိုဏ်းဖြစ်သဖြင့် အရေးတကြီး လိုက်လံတိုက်ခိုက်ခြင်းမပြုခဲ့ပေ၊ ယင်းအချက်သည်ပင် ဦးစံရွှေအောင်တို့ဖက်မှ တစ်ပန်းသာပြီး ဖြစ်လေသည်။

ထို့ပြင် ၎င်းတို့နေထိုင်သော နေရာမှာ တောတောင်သဘာဝအားဖြင့် ကောင်းခြင်း၊ ရန်သူတို့လာမည့်လမ်းကို ကြိုတင်ခန့်မှန်းနိုင်သည့် နေရာများ၌ ကင်းပုန်းများ လျှို့ဝှက်စွာ ချထားနိုင်ခြင်းတို့ကြောင့် –

တစ်နေ့တွင် ညီအစ်ကိုနှစ်ယောက်တို့သည် တိုင်းပြည်အခြေအနေရအားဖြင့်လည်းကောင်း၊ မိမိတို့ရှေ့ရေးကို မျှော်တွေးသဖြင့်လည်းကောင်း တိုက်ခိုက်ရရှိပြီးသော အဖိုးတန်ပစ္စည်းများကို လုံခြုံသောတစ်နေရာတွင် လှို့ဝှက်ထားဖို့ရန် စီစဥ်လျက်ရှိကြ၏၊ နေရာအမျိုးမျိုး ရွေးချယ်ပြီးနောက် နောက်ဆုံးတွင် “ဆီးချိုင်” ခေါ် ရွာကလေးနှင့် နှစ်မိုင်ခန့်ဝေးသော ပင်လယ်ပြင်ရှိ ကျောက်တန်းကျောက်ဆောင်များကြားတွင် သွားရောက်မြှုပ်နှံထားရန် သဘောတူကြ၏၊ ဤသို့ မြှုပ်နှံပြီးနောက်မှ သူတို့အတွက် ဝေစုမကျန်သော ပစ္စည်းများကို တပည့်တပန်းများအား ညီမျှစွာ ခွဲဝေပေးရန်နှင့် တဖြည်းဖြည်း လူစုခွဲပစ်ရန် သဘောတူကြလေသည်။

ထိုသို့တစ်နေ့တွင်ညီအစ်ကိုနှစ်ယောက်တို့သည်သုံးသိန်းခန့်တန်သည့် စိန်ရွှေကျောက်သံ ပတ္တမြားများပါသော သေတ္တာတစ်လုံးကိုယူကာ ညဥ့်လူခြေတိတ်ချိန်၌ လှေကလေးတစ်စင်းဖြင့် ချောင်းပေါက်မှ ပင်လယ်ပြင်သို့ အရောက်ထွက်ခဲ့ကြလေ၏။

www.burmeseclassic.com

လှေကိုလှော်ခတ်သွားပြီးနောက် မကြာမီပင် မိမိတို့နောက်မှ တစ်စုံတစ်ယောက် နောက်ယောင်ခံ၍ လိုက်လာဘိသကဲ့သို့ စိတ်ထဲတွင် မသိုးမသန့်ဖြစ်ကာ နောက်သို့ပင် မကြာခဏ လှည့်ကြည့်မိကြ၏။ မကြာမီ နောက်မှ ခပ်မည်းမည်းအရာတစ်ခု တဖြည်းဖြည်းလိုက်လာသည်ကို မြင်ရသဖြင့် မိမိတို့ တွေးထင်သည့်အတိုင်း မှန်ချေပြီဟု ပင်လယ်ထွက်ပေါက်မရောက်မီ ညီအစ်ကိုနှစ်ယောက်တို့သည် လှေကို ကမန်းကတန်း ကမ်းခြေသို့ ဖွာပ်၍ဆွဲတင်ပြီးလျှင် ကျောက်တုံးကြီးတစ်တုံးဘေး၌ ပုန်းအောင်းနေလျက်ရှိကြကုန်၏။

ထိုအချိန်၌ နောက်မှလိုက်လာသော လှေဖြတ်သွားသည်ကို မြင်ရပြီးလျှင် ထိုလှေပေါ်တွင်ကား မိမိတို့အဖွဲ့မှ လက်ထောက်ခေါင်းဆောင် လှဘော်နှင့်ငယ်သားသုံးယောက်တို့ကိုပါ လက်နက်အပြည့်အစုံ တွေ့မြင်ကြရလေ၏။ ပင်လယ်ထွက်ပေါက်သို့ ထိုလှေထွက်သွားသောအခါ အခြားထူးဆန်းသော အခြင်းအရာကို တွေ့မြင်ရပြန်သဖြင့် ညီအစ်ကိုနှစ်ယောက်တို့မှာ အံ့ဩခြင်းမကာ အံ့ဩကာ ငေးမောတွေဝေရင်း ကြည့်ရှုနေမိကြ၏။

ယင်းသည်ကား အခြားမဟုတ် ပင်လယ်ထွက်ပေါက်ဝတွင် အခြားလှေတစ်စင်းဆိုက်ကပ်ထားလျက် ထိုလှေပေါ်၌ လူငါးယောက်ရှိပြီးလျှင် ထိုငါးယောက်အနက်မှ ခေါင်းဆောင်ဖြစ်ဟန်တူသောသူနှင့် မိမိတို့ဂိုဏ်းမှ လက်ထောက်ခေါင်းဆောင်တို့ စကားပြောနေသည်ကို တွေ့မြင်ရပြီးလျှင် မှောင်ရိပ်မှ သူတို့ရှိရာသို့ တိုးသွားသဖြင့် စကားပြောသံကိုပင် အတိုင်းသား ကြားနေရလေသည်။

ဆရာလှဘော်က -

"ဒါထက် ခင်ဗျားတို့ဆီကို လှေတစ်စင်းထွက်လာတာ မတွေ့လိုက်ဘူးလား - ရွှေထွန်း"



ရွှေထွန်းက -

"ဟာ - မတွေ့ပါကလား၊ လှဘော် - ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးဗျာ"

"ကဲ - ဒီတော့ - ခင်ဗျားတို့ပြောမယ့်ကိစ္စ ဆိုစမ်းပါဦး"

"ရွှေထွန်း" ဟု အခေါ်ခံရသူမှာ ဦးစံရွှေအောင်တို့ညီအစ်ကို ဦးစီးသော ဂိုဏ်းနှင့် ဘက်ပြိုင်ဓားပြဂိုဏ်း တစ်ဂိုဏ်းဖြစ်ပြီးလျှင် ထိုဂိုဏ်းမှာ ဦးစံရွှေအောင်တို့လောက် လက်နက်အင်အား၊ လူအင်အားမရှိသော ဓားပြဂိုဏ်းတစ်ဂိုဏ်းဖြစ်၏။ မကြာခဏ ဦးစံရွှေအောင်တို့နှင့် တိုက်ခိုက်ခဲ့ဖူးသည့်ပြင် တိုက်ခိုက်ခဲ့တိုင်းလည်း ၎င်းတို့ဘက်၌ အရေးနိမ့်ခဲ့သည်သာ ဖြစ်၏။

ယခုကဲ့သို့ မိမိတို့လက်အောက်မှ ယုံကြည်အားထားခြင်းခံရသော လက်ထောက်ခေါင်းဆောင်၏အပြုအမူကို မမျှော်လင့်ဘဲ ယခုကဲ့သို့ အမှတ်မထင်တွေ့ရသောအခါ စောလှမြူမှာ ဦးစံရွှေအောင်ထက် ဒေါသထွက်ကာ လက်ထဲတွင်အသင့်ကိုင်ဆောင်ဆောင်ထားသည့် စက်သေနတ်အသေးစားတလေးကို ဆွဲလိုက်ရန် ဟန်တပြင်ပြင်ရှိနေလေ၏။ သို့သော် ဦးစံရွှေအောင်က -

"ဟေ့ - ညီလေး - ဒေါသရှေ့ထားရင်မှားမပေါ့ကွယ်၊ သူတို့ဘာတွေပြောတယ်ဆိုတာ အစအဆုံး နားထောင်ဦးမှပေါ့ကွယ်။ ဒါမှသာ တို့က သူတို့ကိုနိုင်အောင် ဉာဏ်ထုတ်နိုင်တော့မပေါ့ကွယ်"

ဟုပြောလိုက်သောအခါမှသာ စောလှမြူမှာ အံကြိတ်ရင်း စက်သေနတ်ကို နံဘေးသို့ ချထားလိုက်လေသည်။ ဆရာလှဘော်နှင့် ရန်သူဓားပြဂိုဏ်းဘက်မှ ရွှေထွန်းတို့သည်လည်း ဆက်လက်စကားပြောလျက် ရှိနေကြလေသည်။

ဆရာ လှဘော်က -

www.burmeseclassic.com

"ကျုပ်ပြောတဲ့ လဆန်း ၃ ရက်နေ့ညမှာ ခင်ဗျားတို့ တက်လာကြ၊ ကျုပ် ထဲပည့်တစ်ယောက်က လမ်းပြလိမ့်မယ်"

ရွှေထွန်းက -

"ဒီလိုဆိုရင် စိတ်သာချပါဗျာ၊ ဒါထက် ခင်ဗျားတို့ခေါင်းဆောင်ကြီးမှာ ရွှေတွေ တော်တော်များများ စုဆောင်းမိနေပြီ မဟုတ်လား"

"ဟာ - အများကြီးပေါ့၊ ဒီညီအစ်ကိုက ကျုပ်တို့ကို တစ်ဖတ်ရှိက်ဖို့ ကြံ နေတာဗျ၊ ကျုပ်တို့ကို အခုအထိ ဝေစုခွဲမပေးသေးဘူး၊ ဒီတော့ ခင်ဗျားတို့ လည်း အကြံအောင်ရအောင် ကျုပ်တို့လည်း ဒီအဖွဲ့ကြီးမှာ ဆက်လက်ကြီး စိုးရအောင် ခင်ဗျားတို့ ကူညီမှ ဖြစ်မှာပဲ"

"ခင်ဗျားတို့ငယ်သားတွေကို ဆွဲဆောင်ပါလားဗျ၊ ဘာဖြစ်လို့ ကျုပ်တို့ကို ခေါ်ရသလဲ ပြောစမ်းပါဦး"

"အကုန်လုံးက ကျုပ်ဘက်ပါတာ မဟုတ်ဘူး - ရွှေထွန်း၊ ဒီကိစ္စက ပေါက် ကြားသွားရင်လည်း ဒုက္ခရောက်ကြမယ်၊ ဒါကြောင့် ကျိတ်ပြီး ကြံစည်ရတာ ပဲ၊ ရတဲ့ရွှေတွေငွေတွေကို ကျုပ်တို့ အပိုင်သိမ်းယူမယ်၊ သူတို့ ညီအစ်ကို နှစ်ယောက်နဲ့ သူ့တပည့်တွေကို တစ်ခါတည်း နေရာတွင် ကိစ္စချောပစ်လိုက် မယ်ဗျာ၊ အဲဒီနေ့မှာသာ စိတ်ချပါရစေ"

"စိတ်ချပါဗျာ - ကျုပ်တို့ လာခဲ့ပါ့မယ်၊ ဒါထက် - တစ်ရက်ကြိုပြီးတော့ သာ ခင်ဗျားလူကို လွှတ်လိုက်ပါ"

"စိတ်သာချ - ကျုပ်တပည့် ငတိုးကို လွှတ်လိုက်မယ်"

"ဒါထက် - ခင်ဗျားရဲ့ဆရာတွေ လှေတစ်စင်းနဲ့ ဒီဘက်ထွက်လာပြီး ပျောက်သွားတယ်ဆိုတာ ဘယ်လိုသဘောလဲဗျ"

(စကားကိုလှီးလွှဲလျက်) "ဟဲ - ဟဲ - သူတို့က ဒီကိုထွက်ချင်မှ ထွက်မှာ ပါဗျာ၊ ကျုပ်အထင်တော့ ဒီကိုမလာဘဲ တစ်ဘက်ကမ်းကိုကူးပြီး "ကန်ချိုင်" ဘက်မှာရှိတဲ့ စောလှမြို့ရဲ့ရည်းစားဆီကို သွားတယ်လို့ ထင်တာပဲ"

"ဩော် - သူ့မှာ ရည်းစားရှိသလား၊ ဒီလိုဆို သာပြီးလွယ်တာပေါ့၊ သူ တို့ကို လမ်းက စောင့်ဖမ်းလိုက်ရုံပဲ မဟုတ်လား"

"သူတို့ကလည်း အပါးပဲဗျ၊ သူတို့ထွက်သွားတာကို ဘယ်သူမှ အသိပေး တာမဟုတ်ဘူး၊ အခုလည်း ဖြုန်းခနဲထွက်သွားတာသာ တွေ့လိုက်ရတယ်၊ ဘယ်နေရာကို ထွက်သွားတယ်ဆိုတာ မပြောနိုင်ဘူး၊ သိပ်ပြီးလည်တဲ့ ညီ အစ်ကိုဗျာ၊ တဲ - တဲ - တာရှည်စကားပြောလို့ မဖြစ်ဘူး၊ ကျုပ်တို့လူစု မြန်မြန် လူချင်းခွဲရအောင်၊ သစ္စာရှိပါစေဗျာ၊ ဒါထက် - ဒီအရေးကိစ္စပြီးရင်တော့ ကျွန်တော်နဲ့ မဖြူလှဝင်းတို့ကိစ္စလေးလည်း သိပါရစေ - ရွှေထွန်းရယ်"

ရွှေထွန်းက လှော်အိုးပန်းကလေးကို ပုတ်လျက် -

"ဒီအတွက်တော့ စိတ်ချပါဗျာ၊ အေးဆေးတဲ့အခါကျတော့ ကျုပ်ကိုယ် တိုင် ကျုပ်နှမနဲ့ လက်ထပ်ပေးပါ့မယ်၊ ဟိုနေ့ - ကျုပ်တို့လာတဲ့အခါလည်း ကျုပ်ကိုယ်တိုင် ခေါင်းဆောင်လုပ်လာမှာဗျ"

တစ်ခဏမျှကြာသောအခါ သူတို့သည် လူချင်းခွဲလိုက်ကြပြီးနောက် ရွှေထွန်းတို့လှေသည် ပင်လယ်ပြင်ဘက်သို့ ထွက်ခွာသွားရာ လှော်နှင့် တပည့်သုံးယောက်တို့လည်း သူတို့စီးနင်းလာသော လှေကလေးပေါ်သို့တက် ပြီးနောက် လာလမ်းအတိုင်း ပြန်သွားသည်ကို တွေ့မြင်ကြရလေ၏။

ဦးစံရွှေအောင်က -

"ဒီကောင်ဟာ ရွှေထွန်းနှမလိုချင်တာနဲ့ တို့ကို သစ္စာဖောက်တာပဲ ညီလေး၊ အင်း - တွေ့ကြဦးမှာပေါ့ကွာ"

စောလှမြို့က -

"ကျွန်တော်တော့ ဒီကောင်တွေကို တစ်ခါတည်း ပစ်သတ်လိုက်ချင် အာပဲ - အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com

ဦးစံရွှေအောင်က သူ့ညီ စောလှမြူ၏ပခုံးကို ယုယစွာဖက်လျက် –

"ညီလေးက သိပ်ပြီး ဒေါသထွက်မြန်တာကိုးကွယ့်၊ ဒီကိစ္စကို အေးအေး ဆေးဆေး လုပ်ရလိမ့်မယ်၊ ခေါင်းအေးအေးနဲ့ ကြံလေလေ အောင်မြင်လာ လေလေပေါ့ကွယ်၊ ဟော . . . အခုဆို သူတို့ အကြံအစည်အားလုံးကိုလည်း သိပြီ၊ ဟိုနေ့ရောက်တော့ သူတို့တစ်ဂိုဏ်းလုံးလည်း မိမှာပေါ့၊ ကဲ – ဘယ် လောက်တာန်ကျသလဲ"

ထိုအခါမှ စောလှမြူသည် ကောင်းစွာ သဘောပေါက်သွားသဖြင့် –

"ဟုတ်တယ် – အစ်ကိုကြီး၊ ကျွန်တော် နားလည်ပါပြီ"

ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။

ထို့နောက် ညီအစ်ကိုနှစ်ယောက်တို့သည် စိန်ရွှေကျောက်သံပတ္တမြား စသည့် အဖိုးတန်ရတနာများထည့်ထားသော သေတ္တာကလေးကို ကျောက် တန်းတွင် ရေပေါ်သို့ ထိုးထွက်လျက်ရှိသော ကျောက်ဆောင်လေးခုအနက် တတိယကျောက်ဆောင်၏ သုံးပုံနှစ်ပုံခန့်လောက်တွင် အပေါက်တစ်ခုကို တွေ့ရသည်နှင့် လှေကို ထိုနေရာသို့ရောက်အောင် လှော်ခတ်သွားပြီးနောက် ထိုအပေါက်အတွင်းရှိလိုဏ်ခေါင်းကလေးတစ်ခုအတွင်းသို့ သေတ္တာကလေး ကို ထိုးသွင်းပြီးလျှင် အတွင်းဘက်မှ ကျောက်တက်တစ်ခုတွင် သေတ္တာအဖုံး မှ သံကြိုးအရှားနှင့် မြဲမြံစွာ ရစ်ပတ်ချည်နှောင်ထားလိုက်၏။

ထို့နောက် ဦးစံရွှေအောင်သည် ကျောက်တုံး၊ ကျောက်ခဲများ ပေါများ လှသောကမ်းခြေသို့လှော်ခတ်သွားပြီးလျှင် လိုဏ်ခေါင်းဝနှင့် တော်လောက် သည့် ကျောက်တုံးတစ်တုံးကို ရွေးချယ်ကာ အလယ်တွင် မြင်နိုင်လောက် အောင်ကြက်ခြေခတ်အမှတ်အသားတစ်ခုပြုလုပ်ပြီးနောက် ထိုကျောက်တုံး ဖြင့် လိုဏ်ဂူအဝကို အံကျပိတ်လိုက်လေသည်။

ထိုအချိန်မှာ နေဝင်ချိန်ဖြစ်၍ အနောက်ဘက် ပင်လယ်ပြင်တွင် နစ်မြုပ် သွားသည့်နောက်ဆုံး ရောင်ခြည်တန်းများသည် ယင်းကျောက်တုံးကလေးမှ



ကြက်ခြေခတ်အမှတ်အသားသို့ တည့်တည့်ကြီးကျရောက်သည်နှင့်တစ်ပြိုင် နက် နေလုံးပျောက်သွားသည်ဟု ဦးစံရွှေအောင် သတိပြုမိ၏။ ထို့နောက် ညီအစ်ကိုနှစ်ယောက်တို့လည်း မိမိတို့ ညီအစ်ကိုမျက်နှာစုံညီ ဆုံဆည်းမှ သာလျှင် ဤပစ္စည်းကိုယူပါမည်ဟု သစ္စာ အဓိဋ္ဌာန်ပြုကြလေသည်။

✲✲✲

လှဘော်၏အကြံအစည်အတိုင်း လျှို့ဝှက်လုပ်ကြံမှုကြီး ဖြစ်ပွားမည့် လဆန်း ၃ ရက်နေ့ညည့်ဦးယံမှ အထူးသာယာကြည်နူးဖွယ်ကောင်းသော ည ဖြစ်၍ တောင်ရိုးများပေါ်သို့ ကျော်ထွက်ကာ ကြည်လင်သော ကောင်းကင်ယံ မှ မပေါ့တပေါ်တွင် ထွက်ပြူလာသည့် သုံးရက်လကလေးသည် ခပ်ကွေးကွေး ရှိနေသော လေးကိုင်းသဏ္ဍာန်ကဲ့သို့ ရှိနေ၏။

ထိုနေ့ည နေမဝင်မီ ကြက်သားဟင်းများဖြင့် ညစာစားသောက်ကြ၍ ဟင်းထဲတွင်လည်း ဆေးခြောက်များထည့်ထားသောကြောင့် မိုး၍ မူးယစ် တော့၏။ ညစာမစားမီ အရက်များ ဝိုင်း၍သောက်ကြလေရာ အရက်ခွက်များ ကို တစ်ခါတစ်ရံ ဦးစံရွှေအောင်နှင့် စောလှမြူတို့ကိုယ်တိုင် လက်ထောက် ခေါင်းဆောင်များနှင့် တပည့်များသို့လက်ဆင့်ကမ်း၍ ပျော်ရွှင်စွာ သောက်ကြ ကုန်၏။

အတန်ငယ် မူးလာကြသောအခါ ဦးစံရွှေအောင်ကိုယ်တိုင် တစ်ကြိမ် နှစ်ကြိမ်မျှ လှဘော်၏လည်ပင်းကို ဖက်ပြီးလျှင် စကားရော ဖောရောနှင့် ရယ် မောပြောဆိုလျက်ရှိရာ လှဘော်မှာ တစ်ခါတစ်ရံတွင် ဂနာမငြိမ်သကဲ့သို့ရှိ သည်ကို တွေ့ရှိ၏။ သို့သော် လှဘော်မှာ ဦးစံရွှေအောင်တို့က ကြိုတင်ကြံ စည်ထားသော အကြံအစည်ကို မရိပ်မိရှာချေ။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီးကြသည်နှင့်တစ်ပြိုင်နက်အရက်အနည်းငယ်သာသောက်၍ ကြက်သားဟင်းကို လုံးဝမစားသော ဦးစံရွှေအောင်၏ လူယုံတပည့်သုံးဆယ်တို့က လှဘော်နှင့်တကွ သူ၏ဘက်တော်သားများကို တစ်ပြိုင်တည်း ဖမ်းဆီးချုပ်နှောင်ထားလိုက်ကြ၏။ ထို့နောက် သစ္စာဖောက်များနှင့် ရန်သူများအား ချုပ်နှောင်သုတ်သင်ရာ တောစပ်ရှိ သစ်လုံးအိမ်ကြီးအတွင်းတွင် ချုပ်နှောင်ထားလိုက်ကြ၏။

ထိုနေ့ည ချိန်းဆိုထားသည့် ၈း၃၀ နာရီအချိန်သို့ ရောက်သောအခါ ရွှေထွန်းနှင့် သူ၏နှမဖျိုတို့ ခေါင်းဆောင်ဦးစီးသော ဓားပြဂိုဏ်းသည် တောင်ပေါ်သို့ လျှိုဝှက်စွာ တက်ရောက်လာကြ၏။ သို့သော် "သမင်လည်ပြန်" ဟုခေါ်တွင်သော လူဆယ်ယောက်ကိုတစ်ယောက်တည်းက ခုခံနိုင်သည့်တစ်လမ်းတည်းသာရှိသော တောင်ကြားကွေ့သို့ ရောက်သောအခါ ဦးစံရွှေအောင်၏လူများက အလစ်တွင် တစ်ခါတည်း အုပ်၍ ဖမ်းဆီးလိုက်လေသည်။ ရွှေထွန်း၏နှမချော မဖြူလှဝင်းကိုလည်း ပိုးဘောင်းဘီအပြာဝတ်ထားသော ယောကျ်ားတစ်ယောက်အသွင်ဖြင့် ဖမ်းဆီးရရှိလေသည်။

ဦးစံရွှေအောင်သည် ရွှေထွန်းနှင့်တကွ ၎င်း၏တပည့်များအား အချုပ်ခန်းသို့ သွင်းပြီးနောက် ရွှေထွန်းအား လှဘော်၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြရင်း -

"ဘယ့်နယ်လဲဗျ - ကိုရွှေထွန်း၊ ခင်ဗျားမိတ်ဆွေကြီး ဖြစ်ပျက်နေပုံလည်း ကြည့်စမ်းပါဦး"

ဟု လှောင်ပြောင်ပြောလိုက်ရာ ရွှေထွန်းသည် တောက်တစ်ချက်ခေါက်ကာ လှဘော်၏မျက်နှာကိုကြည့်ရင်း "ခွေးမသား" ဟု တစ်ခွန်းဆဲရေးလိုက်၏။

ထို့နောက် ဦးစံရွှေအောင်ဘက်သို့ လှည့်ပြီးလျှင် -

"ကဲ - ခင်ဗျားတို့ ကျုပ်ကို ဘာလုပ်ချင်သလဲ၊ သတ်ချင်သလား၊ သတ်ချင်လည်း အချိန်မရွေး အသေခံဖို့ အဆင်သင့်ပဲ။ ခင်ဗျားတို့ လက်ထဲရောက်နေမှကိုးဗျ"

ဟု ရဲတင်းစွာ ပြောလိုက်လေသည်။

ထိုအချိန်၌ စောလှဖြူသည် ယောကျ်ားတစ်ယောက်ကဲ့သို့ ဝတ်ထားသော မဖြူလှဝင်း၏ ကျော့ရှင်းလှပသောမျက်နှာကို တစိမ့်စိမ့်ကြည့်ကာ သဘောကျလျက် တပြုံးပြုံးရှိလေ၏။ မဖြူလှဝင်းကလည်း ယောကျ်ားပီသ၍ ခန့်ချောချောသော စောလှဖြူအားမိမိအပေါ်တွင် မေတ္တာရှိနေသည်ကို ရိပ်မိသည့်အတိုင်း တစ်ကြိမ်နှစ်ကြိမ်မျှ မျက်လုံးချင်းဆိုင်မိကာ ပြုံးလိုက်လေသည်။

သို့သော် မဖြူလှဝင်းက သဘောကျသကဲ့သို့ ပြုံးလိုက်ခြင်းမှာ ဤကဲ့သို့ ပရိယာယ်လုပ်သော် မိမိတို့ လွတ်မြောက်ရေးအတွက် လမ်းစပေါ်မည့်အကြောင်းကို တစ်ထစ်ချသိရှိခြင်းကြောင့် ဖြစ်လေသည်။

ရွှေထွန်းအား အချုပ်ခန်းအတွင်းသို့ သွင်းမိသောအခါ ရွှေထွန်းမှာ အလွန်ခက်ထန်၍စိတ်မြန်သူတစ်ယောက်ဖြစ်သည့်အတိုင်း လှဘော်ကြောင့်သာ ယခုကဲ့သို့မိမိအဖမ်းခံရခြင်းဖြစ်သည်ဟု စိတ်နာလှသဖြင့် လှဘော်ရှိရာသို့ပြေးသွားပြီးလျှင် ၎င်း၏လည်ပင်းကို အတင်းဝင်ရောက်ဖျစ်ညှစ်လေတော့ရာ ဦးစံရွှေအောင်၏လူများက မနည်းပင်ကြိုးစား၍ လူချင်းခွဲလိုက်ရ၏။

ထိုည၌ သန်းခေါင်ကျော်လောက်၌ စောလှဖြူသည် မဖြူလှဝင်းအား အချုပ်တွင်းမှထုတ်၍ မိမိ၏မေတ္တာကို အစွမ်းကုန်ဖော်ထုတ်ဖွင့်လှစ်ပြောလေရာ မဖြူလှဝင်းကမူ သူ၏အစ်ကိုနှင့် ငယ်သားများအား ပြန်၍လွှတ်ပေးပါမည်ဟု နောက်ဆုံးကတိပြုလိုက်၏။

www.burmeseclassic.com

စောလှမြမှာ ဤအကြောင်းကို အစ်ကိုဖြစ်သူနှင့် တိုင်ပင်ရလေရာ ဦးစံရွှေအောင်ကိုယ်တိုင်ကလည်း လူ့အများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ရမည်ထက် အသက်အရွယ်လည်း အတော်ကြီးရင့်လာကြပြီဖြစ်သဖြင့် ငြိမ်းချမ်းရေးကို လိုလားကာ မိမိတို့ရှေ့ရေးကို မျှော်တွေးဆင်ခြင်လျက် ရှိလေသည်။ သို့နှင့် တစ်နာရီခန့်မျှ ညီအစ်ကိုနှစ်ယောက်တို့ နီးနီးနောတိုင်ပင်ကြပြီးနောက် "ရန်မလိုမှ ရန်ငြိမ်းမည်" ဟူသော စကားအတိုင်း ရွှေထွန်းနှင့် နားလည်မှုယူကာ စေ့စပ်ရေးလုပ်ခဲ့လေသည်။

ဦးစံလှအောင်က -

"ကျုပ် ခင်ဗျားတို့ကို မသတ်ချင်ပါဘူးဗျာ။ ခင်ဗျားတို့နဲ့ ကျုပ်တို့ဟာ အလုပ်တူ၊ ဘဝတူတွေမို့ ကျားကျားချင်း အသားမစားကောင်းသလို နယ်ချင်းလည်း လုဖို့မသင့်ဘူး။ ဒါကြောင့် ခင်ဗျားတို့ကို ပြန်လွှတ်မယ်ဗျာ။ ဒါပေမဲ့ ကျုပ်ညီဟာ ခင်ဗျားတို့ရဲ့နှမကို အနုမေတ္တာရှိနေကြတော့ ကျုပ်တို့နှစ်ဂိုဏ်းဟာ ဒီပင်လယ်တစ်ဝိုက်မှာ ပူးပေါင်းတိုက်ခိုက်ကြရင် ဘယ်လိုရန်သူမျိုး ခံနိုင်မှာလဲဗျ။ ကျုပ်ပြောတာ မဟုတ်ဘူးလား"

ရွှေထွန်းက -

"အင်း - ခင်ဗျားအကြံ မဆိုးပါဘူး။ ဒါပေမဲ့ ကျုပ်ညီမက ခင်ဗျားရဲ့ညီကို ကြိုက်မကြိုက်တော့ ကျုပ် မသိရသေးဘူး။ တကယ်လို့ သူတို့ သူငယ်ချင်းဟာ မေတ္တာရှိကြတယ်ဆိုရင်တော့ ကျုပ် မကန့်ကွက်ပါဘူး။ သို့သော် အဟမ်း - အခုအနေတော့ ကျုပ်ညီမကိုပြန်ခေါ်သွားဖို့ အခွင့်ပြုရလိမ့်မယ်"

ဤသို့ လူကြီးချင်း ငြိမ်းချမ်းရေး၌လည်းကောင်း၊ အချစ်ရေး၌လည်းကောင်း ပြောဆိုစေ့စပ်ကြပြီးနောက် စောလှမြနှင့် မမြလှဝင်းတို့မှာ အကယ်ပင် ချစ်ကြိုက်နေကြသည်ဖြစ်ကြောင်း ရွှေထွန်း တွေ့ရှိရတော့၏။ မမြလှဝင်းမှာ ပထမတွင် မိမိတို့လွတ်မြောက်ရေးအတွက် ပရိယာယ်ကိုသုံးကာ ဟန်ဆောင်မျှ ချစ်ခဲ့သည်မှန်သော်လည်း နောက်ဆုံးတွင် ရုပ်ချော၍သဘောကောင်းသော စောလှမြအား မေတ္တာစစ်မေတ္တာမှန်ဖြင့် ချစ်ခင်လျက်ရှိနေလေပြီ။ ဤသို့ဖြင့် လက်ထပ်ပေးမည့်ရက်ချိန်းကိုပင် သတ်မှတ်ကြပြီးနောက် ရွှေထွန်းတို့လူစုအား လွှတ်လိုက်ကာ အပြန်တွင် ဦးစံရွှေအောင်နှင့် စောလှမြတို့ကိုယ်တိုင် လှေဆိပ်အထိ လိုက်၍ပို့လေသည်။

✲✲✲

လူနာအကျဉ်းသားကြီး ဦးစံရွှေအောင်သည် ဂျပန်ခေတ်က ဖြစ်ပျက်သည့် မိမိအဖြစ်အပျက်များကို ဦးဘိုးတော်အား ပြန်ပြောင်းပြောဆိုလျက်ရှိစဉ် ဤနေရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ...

"ဟိုမှာ - ဟိုကောင် - ကျုပ်တို့ပြောနေတဲ့စကားကြားသွားပြီထင်တယ်။ ချွေးမသား - လှဘော် - လှဘော်"

ဟု မလှမ်းမကမ်းတွင် ခပ်သုတ်သုတ်ထွက်သွားသော အကျဉ်းသားတစ်ယောက်အား လက်ညှိုးထိုးပြကာ ရုတ်တရက် အော်ဟစ်လိုက်လေ၏။ ဦးဘိုးတော်ကလည်း မြင်လိုက်သဖြင့် ထိုသူ၏နောက်သို့ ချက်ချင်းထ၍လိုက်ရာ အကျဉ်းသားမှာ ထောင်ဆေးရုံ၏ ခပ်နိမ့်နိမ့်အုတ်နံရံကို ကျော်ဆင်းကာ ထစ်ဖက်အိပ်ထောင်အတွင်းသို့ ခုန်ဆင်းသွားပြီးနောက် အခြားအကျဉ်းသားများနှင့် ရောနှောကာ ပျောက်ကွယ်သွားလေ၏။

ဦးဘိုးတော်သည် ဦးစံရွှေအောင်၏ခုတင်ရှိရာသို့ ပြန်လာခဲ့ပြီးနောက် အကျိုးအကြောင်း ပြောပြပြီးလျှင် -

"နေပါဦး - ဦးစံရွှေအောင်ရဲ့ လှဘော်ဆိုတဲ့အကောင် ဒီအထဲ ရောက်နေသလား"





www.burmeseclassic.com

www.burmeseclassic.com

"တုတ်တယ် ဦးဘိုးတော်၊ ဒီကောင်က လူရိုက်မှုနဲ့ကျလာပြီး အခုလွတ်ခါတောင်နီးပြီလား မပြောတတ်ဘူး၊ သူက အခုထက်ထိ ကျုပ်ကို မတွေ့တွေ့အောင်ရှာပြီး လိုက်နေတာဗျ၊ ကျုပ်တို့လျှိုဝှက်ထားတဲ့ ပစ္စည်းထားတဲ့နေရာကိုမေးပြီး တစ်နေ့ ကျုပ်ကိုသတ်မှာပဲတောင် သူက ကြိမ်းမောင်းနေတယ်၊ ကျုပ်လည်း သူ့အသတ်မခံပါဘူးဗျာ၊ ကျုပ်ရောဂါနဲ့ကျုပ် သေမှာပါ"

"ဒါထက် ဟိုတုန်းက ဒီအကောင်ကို လွှတ်ပစ်လိုက်လို့ လွတ်သွားသလား"

"မဟုတ်ပါဘူးဗျာ - သူတပည့်တစ်ယောက် အစောင့်ကျနေတုန်း ဖွင့်လွှတ်ပြီး သူတို့နှစ်ယောက်စလုံး ထွက်ပြေးကြတယ်"

"ဒါထက် - ခင်ဗျားညီအကြောင်းကကော"

"သူက ရွှေထွန်းရဲ့နှမဆီကို လက်မထပ်ခင်ဘဲ မကြာမကြာသွားပြီး လူပျိုလှည့်တော့ တစ်နေ့ ဘေးသင့်တာပေါ့ဗျာ၊ ညတစ်ည မှူးပြီး လူပျိုလှည့်ရာတအပြန် မဖြူလုဝင်းကို နောက်ပိုးနေတဲ့ အကောင်တစ်ကောင်က လမ်းကချောင်းပြီး ပစ်သတ်လိုက်တယ်၊ ဒီအထဲမှာ ကောင်မလေးအစ်ကိုရွှေထွန်းရဲ့လက်ချက်လည်း ပါတယ်ဗျ၊ အမှန်တော့ သူက အပြင်မှာသာ ဟန်ဆောင်နေတယ် စိတ်ထဲက သူ့ညီမနဲ့ သဘောမတူဘူး၊ စစ်ကြီးပြီးလို့ တိုင်းပြည်အေးချမ်းတဲ့အချိန်ရောက်တော့ ရွှေထွန်းကို ကျုပ် ပုသိမ်ဘက်အသွားမှာ တွေ့ရပြီး ကျုပ်က သေနတ်နဲ့ ပစ်သတ်လိုက်မိတယ်၊

ဒါပေမဲ့ ကျုပ်က ဝှက်သရေရှိစပါးကုန်သည်အနေနဲ့တော့ မတော်တဆ သေနတ်ကျည်ဆန် ထွက်သွားတယ်လို့ အမှုကိုဆင်ခဲ့တယ်၊ ငွေလည်း အတော်ကုန်ခဲ့တယ်ပေါ့ဗျာ၊ ဒါပေမဲ့ဗျို့ ကျုပ် ကုသိုလ်ကံဆိုးချင်တော့ ရနိုင်က ရာဇဝတ်ဝန်ကြီး ပြောင်းလာတာနဲ့ကြုံပြီး ဒီရာဇဝတ်ဝန်ကြီးက ကျုပ်ဟာ အရင်က နာမည်ကြီး ဓားပြခေါင်းဆောင်တစ်ယောက်ဆိုတာ သိလေတော့ ကျုပ်အမှုတွေဟာ တစ်စတစ်စပေါ်လာပြီး အခု အင်းစိန်ထောင်ထဲ တစ်သက်တစ်ကျွန်းဒဏ်နဲ့ ရောက်ခဲ့တာပါပဲ ဦးဘိုးတော်ရဲ့"

"ဒီလိုဆိုရင် လူဘော်ကိုလည်း ဆွဲထည့်ပါလားဗျ"

"နေပါစေတော့ဗျာ . . .၊ ကျုပ်ဘဝနဲ့ ကျုပ်ရှိပါစေတော့၊ အခုမှတော့ ဘယ်သူ့မှ ဒုက္ခမပေးချင်တော့ပါဘူး၊ ဒီအကောင်လည်း ခင်ဗျားသိမှာမဟုတ်ဘူး၊ အကောင်က ထောင်ထဲမှာတောင် နာမည်အမျိုးမျိုးပြောင်း၊ အလုပ်အမျိုးမျိုးပြောင်း၊ ရုပ်အမျိုးမျိုးပြောင်းနေတာဗျ"

သို့ပြောရင်းကပင် ဦးစံရွှေအောင်သည် ဦးဘိုးတော်၏လက်ကို ယုယစွာဆုပ်ကိုင်လျက် -

"ဒီမယ် - ဦးဘိုးတော်၊ ခင်ဗျားကို ကျုပ် တစ်ခု အကူအညီတောင်းချင်တယ်ဗျာ၊ ခင်ဗျားရဲ့ဂုဏ်သိက္ခာနဲ့ ခင်ဗျားရဲ့သီလသမာဓိကို ကျုပ် ယုံကြည်တယ်"

ဟု ပြောလိုက်လေ၏၊

"ဘယ်လို အကူအညီများလည်းဗျာ၊ ကျုပ်တတ်နိုင်တဲ့ အလုပ်မျိုးဆိုရင် ကူညီနိုင်ပါတယ်"

"ခင်ဗျား မကူညီနိုင်စရာ အကြောင်းလည်း မရှိပါဘူး၊ ဒါထက် ခင်ဗျား ဘယ်တော့လောက်လွတ်မလဲ"

"နောက် နှစ်လလောက်များ လိုဦးမလား မပြောတတ်ဘူး"

"ကျုပ်အကြံက ခင်ဗျားလည်း အကျိုးရှိ၊ ကျုပ်မိန်းမနဲ့ ကလေးလည်း အကျိုးရှိပေါ့ဗျာ၊ ကျုပ်မိန်းမဟာ သားတစ်ယောက်နဲ့ "ကန်ချိုင်" ဆိုတဲ့ ရွာလေးမှာ အတော်ကသီလင်တ ဖြစ်နေတယ်ဗျ၊ သူက တခြားလူမဟုတ်ဘူး ကျုပ်ညီရဲ့ရည်းစား မဖြူလုဝင်းပေါ့ - ဦးဘိုးတော်ရဲ့၊ ကျုပ်ညီမရှိတဲ့နောက် ကျုပ်နဲ့အိမ်ထောင်ကျတယ်၊

www.burmeseclassic.com

ဒါနဲ့ စောစောပိုင်းက ကျုပ်ပြောတဲ့အတိုင်း ကျုပ်တို့ညီအစ်ကိုရဲ့ပစ္စည်းတွေ လျှို့ဝှက်ထားတဲ့နေရာဟာ အခုထက်ထိရှိတယ်။ ဒီနေရာကတော့ ကုန်းတစ်တန်၊ လှေတစ်တန်သွားပြီး နောက်ဆုံး ကျောက်တန်းတွေက ကျောက်ဆောင်တွေကို တစ်ခုပြီးတစ်ခု ကျော်သွားရတယ်။ အချို့နေရာမှာ ကျောက်ဆောင်တစ်ခုနဲ့တစ်ခုကြား ဒီရေတက်တဲ့အချိန်ဆိုရင် ရေကူးတောင် သွားရတယ်။

အဲဒီနေရာကိုအလွယ်တကူသွားနိုင်ဖို့အညွှန်းနဲ့တကွမြေပုံလုပ်ပြီးကျုပ်ထားတယ်။ ဒီမြေပုံကို ကျုပ်ပေးလိုက်မယ်။ ဒီတော့ ခင်ဗျား ထောင်က လွတ်ရင်လွတ်ချင်း ကျုပ်မြေပုံအညွှန်းအတိုင်း သွားပေတော့။ ဟိုရောက်လို့ပစ္စည်းတွေရတဲ့အခါ ခင်ဗျားက တစ်ဝက်ယူပြီး ကျုပ်မိန်းမနဲ့ သားကလေးကို တစ်ဝက်ပေးလိုက်ပါဗျာ"

ဦးစံရွှေအောင်သည် ဦးဘိုးထော်၏လက်မောင်းများကို တင်းကျပ်စွာဆုပ်ကိုင်ပြီး မျက်ရည်စက်လက်ဖြင့် ပြောရှာလေသည်။

"စိတ်ချပါ - မိတ်ဆွေ၊ အညွှန်းမြေပုံသာပေးပါ၊ ဒီနေရာကိုကျုပ်မရောက်ရောက်အောင် သွားပါ့မယ်၊ ပစ္စည်းတွေရရင်လည်း ကျုပ် တစ်ဝက် မယူချင်ပါဘူး၊ ဒီအထဲက ကျုပ်နည်းနည်းပါးပါး စားလောက်ရုံရရင် တော်ပါပြီ"

"ကျေးဇူးတင်လိုက်တာ ဦးဘိုးထော်၊ ကျုပ်တော့ သေပျော်ပါပြီဗျာ၊ အင်း - အခုမှပဲ ဘာမှသံယောဇဉ်မရှိဘဲနဲ့ အသက်ထွက်တဲ့အခါ ဖြောင့်ဖြောင့်ထွက်နိုင်တော့မယ်၊ သာဓုဗျာ - သာဓု - သာဓု - ရှောရှောမောမော အောင်မြင်ပါစေဗျာ"

ထို့နောက် ဦးစံရွှေအောင်လည်း သူ၏ခေါင်းအုံးထဲတွင် ကျစ်လျစ်စွာလိပ်၍ထိုးထည့်ထားသော ဖယောင်းစက္ကူပေါ်တွင် ရေးထားသည့် မြေပုံလိပ်တလေးကို ဦးဘိုးထော်လက်သို့ ပေးအပ်လိုက်လေ၏။

✲✲✲



ခြောက် သုံးလခန့်ကြာလတ်သော် ကြည်လင်သာယာသော နေ့တစ်နေ့တွင် ပုသိမ်နှင့်ဗဟိုတောပြင်ခရိုင်သို့ ခုတ်မောင်းလျက်ရှိသော ရေဝတီနစ်ထပ်သင်္ဘောကလေးတစ်စင်းပေါ်တွင် လွယ်အိတ်ခပ်ဟောင်းဟောင်းတစ်လုံးကိုလွယ်လျက်ဦးခေါင်းတွင်မျက်နှာသုတ်ပဝါတစ်ထည်ပတ်ထားသောအသက် ၅၀ ကျော်ခန့်ရှိ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခွန်အားဗလကောင်းသော လူကြီးတစ်ယောက်သည် အသက် ၄၀ ခန့်ရှိ ရှမ်းဘောင်းဘီဝတ်ထားသော ၎င်း၏တပည့်တစ်ယောက်နှင့်အတူ စကားပြောရင်း လိုက်ပါလာကြလေ၏။ ၎င်းတို့မှာ ဦးဘိုးထော်နှင့် ၎င်း၏တပည့် ထွန်းဝဆိုသူတို့ပင် ဖြစ်လေသည်။ ဦးဘိုးထော်မှာ အင်းစိန်ထောင်မှ လွတ်မြောက်ခဲ့ပြီးနောက် ဦးစံရွှေအောင်ထံမှ ၎င်း၏ပစ္စည်းများ သိုဝှက်မြှုပ်နှံထားရာ ရတနာသိုက်အညွှန်းနေရာကို ရရှိခဲ့ပြီးဖြစ်ရာ ထိုမြေပုံအတိုင်း တပည့်လူယုံတစ်ယောက်ကို ခေါ်၍ လိုက်လာခဲ့ခြင်းဖြစ်၏။

တပည့်ထွန်းဝဆိုသူမှာ အင်းစိန်ထောင်သို့ဦးဘိုးထော်ရောက်ပြီးနောက် တစ်နှစ်ခန့်အကြာတွင် အကျဉ်းသားလူသစ် (ထောင်အခေါ်ကတုံး)တစ်ယောက်အဖြစ်ဖြင့် ရောက်လာခဲ့သူဖြစ်၏။ ရတနာသုံးပါးကိုလည်း ရှိသေကိုင်းရှိုင်းသူတစ်ယောက်ဖြစ်ပြီးလျှင် ဦးဘိုးထော် ခိုင်းစေသည်များကို ကျိုးကျိုးနွံနွံ လုပ်ကိုင်ဆောင်ရွက်ပေးခြင်း၊ ညဉ့်အိပ်ချိန်များတွင်ဦးဘိုးထော်အား နင်းနှိပ်ပေးခြင်းတို့ကြောင့် ဦးဘိုးထော်၏ ယုံကြည်ကိုးစားခြင်းခံရသော တပည့်တစ်ယောက် ဖြစ်လေသည်။

ထို့ကြောင့်လည်း ဦးစံရွှေအောင်၏ ရတနာသိုက်ကိုရှာဖွေရန် သွားရောက်မည့်ခရီး၌ မိမိနှင့်အတူ ခေါ်ခဲ့ခြင်းဖြစ်လေသည်။ ထွန်းဝမှာ ထောင်အကျ်လေးလသာ ကျခံရ၍ ဦးဘိုးထော် ထောင်မှလွတ်သည့်အချိန်၌လည်း ထိုက်တိုက်ဆိုင်ဆိုင်ပင် တစ်ယောက်နှင့်တစ်ယောက် တစ်ရက်မျှသာ ခြား၍ လွတ်ခဲ့ကြလေသည်။



www.burmeseclassic.com

ဦးဘိုးယော်–ခင်ဗျား အော်မယ်တော့ မကြံနဲ့တော့။ အော်တာနဲ့ဓာစ်ပြိုင်နက် ခင်ဗျားရင်ဝကို ဓားသွားဆုံးအောင် စိုက်ထည့်လိုက်မယ်။ ခင်ဗျားယူလာတဲ့ ဦးစံရွှေအောင်မြေပုံ ကျုပ်ကိုပေးစမ်း။ သူ့ဆီမှာ လက်ထောက်ခေါင်းဆောင်လုပ်ခဲ့တဲ့ လူဟော်ဆိုတာ တခြားလူမဟုတ်ဘူး ကျုပ်ပဲ။ ဒီပစ္စည်းတွေဟာ ကျုပ်နဲ့ အထိုက်ဆုံး။



ဤသို့ဖြင့်လည်း ဦးဘိုးယော်သည် တပည့်ဖြစ်သူ ထွန်းဝအား မိမိ၏ အကြံအစည်နှင့် ခရီးစဉ်ကို ထုတ်ဖော်ပြောဆိုပြီးလျှင် ချက်ချင်းထွက်ခဲ့၍ ပုသိမ် မြို့သို့ ရောက်သောအခါမှ လမ်းတွင်လိုအပ်သည့်ပစ္စည်းအနည်းငယ် ကို ဝယ်ခြမ်းပြီးလျှင် ယင်းသင်္ဘောကလေးဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်၏။

မြင်ပရှိုင်သို့ရောက်သောအခါ ရိုးမတောင်ခြေ၏ တောင်များဖြစ်သော "ခမောက်မော်" ရွာသို့ သွားသည့်မော်တော်တစ်စင်းဖြင့် ဆက်လက်လိုက်ပါ လာခဲ့ကြ၏။ ထို "ခမောက်မော်" ရွာမှ တစ်ဆင့် ဦးစံရွှေအောင်၏ ဖနီးရှိသော



"ကံချိုင်" ရွာသို့ ပြန်လာခဲ့ပြီးနောက် စုံစမ်းရာ အခန့်သင့်ပင် မဖြူလှဝင်းအား တွေ့ရ၏။ မဖြူလှဝင်းမှာ ရခိုင်အမျိုးသမီး မိန်းမချောတစ်ယောက်ဖြစ်၍ သားကလေးပင် လူပျို့ပေါက်နီးနီး ဖြစ်၍နေချေပြီ၊ သားအမိနှစ်ယောက်တို့ မှာ ဓနိခုတ်ခြင်း၊ ဓနိရက်ခြင်း၊ ငါးပိအငှားလိုက်၍ထောင်းခြင်း စသည့်အလုပ် တို့ဖြင့် ဆင်းရဲစွာ လုပ်ကိုင်စားသောက် အသက်မွေးမြူနေထိုင်ကြရသည်ကို တွေ့ရလေသည်၊

ဦးဘိုးယော်သည် ထိုရွာတွင် နှစ်ညအိပ်၍ မဖြူလှဝင်းအား မိမိလာရင်း အကျိုးအကြောင်းကို လျှို့ဝှက်စွာ ပြောခဲ့ပြီးနောက် နောက်တစ်နေ့နံနက် စောစောတွင် ထိုရွာမှ ထွက်ခဲ့၏။ ရခိုင်ရိုးမတောင်ပေါ်လာအတိုင်း ခြေဖုံတွင် ရှိသည့်ဖြတ်လမ်းဖြင့် "ဆီးချိုင်" ရွာသို့ လာခဲ့ရာ ညနေ ၃ နာရီလောက်တွင် ထိုရွာအနီးသို့ ရောက်လာခဲ့၏။ တစ်နေကုန်လာခဲ့ရသော ခရီးဖြစ်သဖြင့် ခြေ တုန်လက်ပန်းကျကာ ခေတ္တမျှ အပန်းဖြေနားနေရန် ချုံကြီးတစ်ချုံ၏ အရိပ် တွင် ထိုင်နေကြလေ၏၊

ဦးဘိုးယော်က မြက်ခြောက်များပေါ်တွင်လှဲကာ လွယ်အိတ်ကို ခေါင်း အုံးလိုက်ပြီးနောက် –

"မောင်ထွန်းရေ - ဆရာတော့ ခဏ တစ်ရေးလောက် မှေးလိုက်ဦးမယ် ကွယ်၊ လူသွားလူလာကြည့်ပြီး ဆရာ့ကို နှိုးပေးတော့၊ အချိန်လည်း လိုပါ သေးတယ်"

"ဟုတ်ကဲ့ ဆရာ၊ စိတ်ချပါ"

ဦးဘိုးယော်သည် အိပ်ရာပေါ်သို့ ခေါင်းချပြီးနောက် နှစ်မိနစ်အတွင်း မှာပင် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့လေသည်၊ အချိန်မည်မျှကြာသွားသည် မသိ၊ မိမိဦးခေါင်းကို လူတစ်ယောက် တအားလှဲ၍ရိုက်လိုက်သည်ဟု အိပ် မက်ထဲတွင်မြင်လိုက်ရသကဲ့သို့ ဒုန်းခနဲအသံတစ်ခုကိုပင် နားထဲတွင်ကြား

www.burmeseclassic.com

လိုက်ရ၏။ ဦးခေါင်းတစ်ခုလုံးမှာလည်း အလွန်နာကျင်ကာ မိုက်ခနဲ ဖြစ်၍သွား၏။

သို့နှင့် အိပ်ရာမှ ကမူးရှူးထိုးထရန် ကြိုးစားလိုက်၏။ သို့သော် မိမိမှာ နောက်ကျခဲ့ပေပြီ။ ထွန်းဝသည် မိမိ၏ရင်ပတ်ကို ခွစီးလျက် ဓားမြှောင်ဖြင့် ရင်ဝကို ထောက်ကာ -

"ဦးဘိုးထော် - ခင်ဗျား အော်မယ်တော့ မကြံနဲ့တော့။ အော်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားရင်ဝကိုဓားသွားဆုံးအောင်စိုက်ထည့်လိုက်မယ်။ ခင်ဗျား ယူလာတဲ့ ဦးစံရွှေအောင်မြေပုံ ကျုပ်ကိုပေးစမ်း။ သူ့ဆီမှာ လက်ထောက် ခေါင်းဆောင်လုပ်ခဲ့တဲ့လှဘော်ဆိုတာ တခြားလူမဟုတ်ဘူး ကျုပ်ပဲ။ ဒီပစ္စည်း တွေဟာ ကျုပ်နဲ့ အထိုက်ဆုံး။ ကျုပ် လိုက်ခဲ့တာကြာပြီ။ သူနဲ့တွေ့ပြီး ဒီမြေပုံ လိုချင်လို့ ထောင်ကျအောင် လူတစ်ယောက်ကို တမင်သက်သက် ရိုက်ပြီး ထောင်ကျခံတယ်။ ဒီလူကြီးဟာ သူကိုယ်တိုင်မသွားနိုင်ရင် ပစ္စည်းရှိတဲ့ နေရာကို လူတစ်ယောက်လွှတ်ပြီး ခိုင်းမယ်ဆိုတာ ကျုပ် အတတ်သိတယ်။ နောက်ဆုံး ခင်ဗျားလက်ထဲ မြေပုံရောက်သွားတာသိတော့ ခင်ဗျားကို ကျုပ် က အနစ်နာခံပြီး ပေါင်းခဲ့တာလည်း ဒါကြောင့်ပဲ။ အခုတော့ - ကျုပ် အကြံ အောင်ပြီ။ ကဲ - ကဲ - စကားပြောနေ ကြာတယ်။ ဘယ်မလဲမြေပုံ - ပေးစမ်း မြန်မြန်"

"ဟ - ရက်စက်လှချည်လား - ထွန်းဝရာ"

"ဘယ်ကလာထွန်းဝလဲ။ ကျုပ်ထွန်းဝမဟုတ်ဘူး။ လူသတ်သမားဓားပြ ခေါင်းဆောင် လှဘော်ဗျ - လှဘော် - လှဘော်။ ဘယ်မလဲ - ပေးလေ"

လှဘော်သည် ဦးဘိုးထော်၏မျက်လုံးများဆီသို့ ထိလုနီးပါး ဓားမြှောင် ဦးကို ရှေ့သို့တိုး၍ ချိန်ရွယ်လိုက်လေ၏။



"ယီးတီးယားတား မလုပ်ပါနဲ့။ မသေခင် မျက်လုံးပေါက်ထွက်သွားချင် လား။ တစ်ခါက ခင်ဗျားဟာ ဆရာသမားဖြစ်ခဲ့လို့ဒီကျေးဇူးတွေ ထောက်ထား ပြီး ညှာတာတဲ့သဘောနဲ့ တစ်ခါတည်း အသေမသတ်ဘဲ မူးသွားရုံလောက် ကျောက်ခဲနဲ့ ခပ်ဆဆကလေးထုလိုက်တာ။ သို့ပေမဲ့ ခင်ဗျား ဘာမှ မလုပ်နိုင် အောင် ခြေတွေလက်တွေကိုတော့ တုပ်ထားရမယ်"

လှဘော်သည် သူ၏လွယ်အိတ်ထဲတွင် အသင့်ပါသောလေထီးကြိုးများ ဖြင့် ဦးဘိုးထော်၏ ခြေလက်များကို တုပ်နှောင်လေ၏။ နောက်ဆုံး၌ ဦးဘိုး ထော်သည် အလျှော့ပေးရမည့်အခြေသို့ ရောက်နေ၍ မိမိ၏အတွင်း အင်္ကျီ အိတ်တွင် မြေပုံလိပ်ကလေးရှိကြောင်း ပြောလိုက်ရတော့၏။ မြေပုံလိပ် တလေးကိုရသောအခါ လှဘော်သည် ...

"ကော်ပြီကွ - ကော်ပြီကွ - ဟား - ဟား - ဟား"

ဟု အော်ဟစ်လိုက်ကာ ရူးသွပ်သွားလုမတတ် အူမြူးလျက်ရှိလေ၏။

ထို့နောက် လှဘော်သည် လွယ်အိတ်ကိုလွယ်ကာ -

"ကဲ - ကျုပ် - သွားမယ်၊ ခင်ဗျားကိုတော့ ခရီးသွားတွေက ကြိုးဖြေ ပေးပါလိမ့်မယ်။ မတော်တဆ အမည်းကောင်တွေနဲ့တွေ့ရင်တော့ မတတ် နိုင်ဘူးပေါ့ဗျာ"

ဟုပြောဆိုလျက် ကမ်းခြေဘက်ဆီသို့ လျင်မြန်စွာ ပြေးထွက်သွားလေ ၏။

နေသည် အနောက်ဘက်သို့ တဖြည်းဖြည်း ကျဆင်းလာပြီဖြစ်၍ ဦးဘိုးထော်သည် မိမိလွတ်မြောက်ရေးအတွက် ပင်ပန်းကြီးစွာ ကြိုးစားလျက် ရှိလေ၏။ လက်များကို နောက်ပြန်တုပ်၍ထားသဖြင့် ရုတ်တရက် ဖြုတ်ရန် သော်လည်းကောင်း၊ ဖြေရန်သော်လည်းကောင်း မလွယ်ကူလှချေ။ ထို့ပြင် သာမက ခြေထောက်ကိုလည်း နွယ်ကြိုးများဖြင့် ပူး၍ချည်နှောင်ထားခဲ့ သေး၏။

www.burmeseclassic.com

အခက်အခဲပေါင်းများစွာကို ကျော်လွှန်ခဲ့ဖူးသော ဦးဘိုးတော်သည် မိမိ ရှေ့မနီးမဝေး၌ မီးလောင်ထားသော သစ်ပင်ငုတ်ကိုတစ်ခုကိုကံအားလျော်စွာ တွေ့မြင်ရသဖြင့် ၎င်းရှိရာသို့ တစ်ခါတစ်ရံ လိမ့်၍လည်းကောင်း၊ တစ်ခါတစ်ရံလည်း တရွတ်ဆွဲ၍လည်းကောင်း သွားပြီးနောက် နောက်ပြန်လှည့်ကာ လက်တွင် တုပ်ချည်ထားသည့် ကြိုးကို ငုတ်အစွန်းဖြင့် ပွတ်တိုက်လေရာ အပေါ်ဆုံးမှကြိုးသည် တဖြည်းဖြည်း ပွန်း၍ မိနစ် ၂၀ ခန့်အကြာတွင် တစ်ခါတည်း ပြတ်ထွက်သွားလေတော့၏။ ထိုအခါမှ ခြေထောက်မှကြိုးများကို ဖြေနိုင်လျှင် ဦးဘိုးတော်သည် လွယ်အိတ်အတွင်းမှ ရေပုလင်းကို ထုတ်ယူကာ ရေကို အဝ သောက်ရလေတော့၏။

ဤသို့ဖြင့်အတော်အတန်အားအင်ပြည့်တင်းလာသောအခါဦးဘိုးတော်လည်း ဆေးတံနှင့် ဆေးဘူးကို ထုတ်ယူပြီးလျှင် ဆေးတံကို ဆေးထည့်၍ သောက်ရင်း ဆေးမှုန်များအောက်တွင် သိုသိပ်စွာ ဝှက်၍ထားသော ဦးစံရွှေအောင်၏မြေပုံမှ တစ်ထပ်တည်း ကူးယူထားသည့် မြေပုံစာရွက်ကလေးကို ထုတ်ယူလိုက်လေ၏။ ထို့နောက် လှဘော် ထွက်သွားသော လမ်းကို လျင်မြန်စွာ လိုက်သွားလေ၏။

☼☼☼

ထိုအချိန်လောက်၌ လှဘော်သည် "ဆီးချိုင်" နှင့် နှစ်မိုင်ခန့်ဝေးသော ကမ်းခြေကျောက်တန်းများဆီသို့ ရောက်ရှိနေခဲ့လေပြီ။

ကျောက်တန်းမှာ ပင်လယ်ရေပြင်ဘက်သို့ ပေ ၁၀၀ ကျော်ခန့်မျှ ထွက်လျှက်ရှိရာ ကျောက်တန်း၏အစွန်းဆုံးသော နေရာမှ ပေ ၂၀ ခန့်အကွာတွင် မြေပုံတွင်ပါရှိသော ကျောက်ဆောင်ကြီးလေးခုကို တွေ့ရသဖြင့် ဒုတိယ



ကျောက်ဆောင်သို့ရောက်အောင် ပေါင်လယ်ခန့်မျှနက်သော ရေပြင်ကိုဖြတ်လျှောက်သွားရပြီးနောက် ထိုနေရာ၌ အောက်ခံဘောင်းဘီတစ်ထည်မျှသာ ချန် ၍ အားလုံးအဝတ်အစားများကို ချွတ်ထားခဲ့ပြီးလျှင် တတိယကျောက်ဆောင်ရှိရာသို့ ကူးခတ်သွားလေ၏။

ထိုအချိန်၌ နေလုံးကြီးမှာ ပင်လယ်ရေပြင်နှင့် ထိလာပြီဖြစ်၍ ကျောက်တန်း၏အရိပ်သည် တတိယကျောက်ဆောင် ပင်လယ်ဘက်မျက်နှာပြင်ပေါ်သို့ ထိုးကျလျက်ရှိနေ၏။ နေလုံးပျောက်သည့်အချိန်နှင့်တစ်ပြိုင်နက် ဝိတ်၍ထားသော ကျောက်တုံးမှ အမှတ်အသားကို မြင်ရပြီဖြစ်ရာ လှဘော်သည် ကျောက်ဆောင်အစွန်းတစ်ခု၌ တွယ်ကပ်သော ဝိတ်ဆို့ထားသည့် ကျောက်တုံးကိုအားစိုက်ခွန်စိုက် ဖယ်ရှားလျက်ရှိရာမှ နောက်ဆုံးမာန်ခြောင်ဦးဖြင့် ကျောက်စွန်းတစ်ခုကို ထိုးလိုက်သည်တွင် လက်လေးသစ်ခန့်မျှ မားခြောင်ဦးကျိုးသွားပြီးနောက် ဝိတ်ထားသော ကျောက်တုံးကြီးသည်လည်း ရေထဲသို့ ဝုန်းခနဲ ကျသွားလေ၏။

ထိုအချိန်၌နေမှာလုံးလုံးဝင်ခဲ့လေပြီ။ လှဘော်သည်လိုဏ်ခေါင်းအတွင်းသို့ ကြည့်လိုက်ရာ အလျားတောင်ဆုပ်၊ အနံတစ်ထွာသာသာခန့်မျှ ရှိသော သေတ္တာတစ်လုံးမှာ လိုဏ်ခေါင်းနံရံမှ ကျောက်စွန်းတစ်ခုတွင် သံကြိုးဖြင့် ဆက်၍ မြဲမြံစွာ ချည်နှောင်ထားသည်ကို တွေ့ရလေ၏။

လှဘော်သည် လက်များကို မြှောက်ကာ -

"ဟော်ပြီဟေ့ - ဟော်ပြီ - ဒါပဲ - ဒါပဲ"

ဟု အရူးတစ်ယောက်သဖွယ် အသံများထွက်အောင် ဟစ်အော်လိုက်လေ၏။ ၎င်း၏မျက်လုံးများမှာ ပြူးကြောင်ကြောင်ဖြစ်ကာ မသိတမိရှိနေသည့် သံသေတ္တာကလေးကို လက်နှစ်ဖက်ဖြင့် တအားကုန်ဆောင့်၍ ဆွဲလေသော် ဆွဲ၍မရဘဲ သံကြိုးမှာ ကျောက်စွန်းတွင် ခိုင်မြဲလျက်ပင်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်ဆောင့်၍ဆွဲလိုက်သောအခါ၌ကား သံချေးတက်၍နေသော သေတ္တာအဖုံးမှာ သံကြိုးနောက်သို့ပါသွားပြီးလျှင် အတွင်းမှ လက်ကောက်၊ ဂုတီး၊ နားတောင်းစသော ရွှေထည်၊ စိန်ထည်များဖြင့် အခြားအဖိုးတန် ကျောက်မျက်ရွဲများသည်လိုဏ်ခေါင်းကျောက်ပြားကြမ်းပြင်ပေါ်သို့ဒလဟော ထွက်ကျသွားကြကုန်တော့၏။

လှဘော်သည်ကျနေသောပစ္စည်းများကိုလက်ဝါးကြီးများဖြန့်ကာလက် နှစ်ဖက်ဖြင့် အားပါးတရနှိုက်ယူလေ၏။ ဘောင်းဘီအိတ်ထဲသို့ အန္တည်းငယ် ထိုးသွင်းလိုက်၏။

"ငါ သူဌေးဖြစ်ပြီကွ။ သူဌေး - သူဌေး"

ဟု တဟားဟားရယ်မောကာ အရူးတစ်ယောက်ကဲ့သို့ စူးစူးဝါးဝါးဟစ် အော်လိုက်၏။

ထိုအချိန်၌ ဦးဘိုးထော်မှာ ကျောက်တန်း၏ အစွန်းဆုံးနေရာသို့ ရောက်လာပြီဖြစ်၍လှဘော်၏အဝတ်အစားမှာ စုပုံထားသည်ကိုသာ တွေ့ရ ပြီးလျှင် လှဘော်ကိုကား အရိပ်အယောင်မျှ မတွေ့ရတော့ချေ။

လှဘော်သည် ဥစ္စာရူးရူးကာ နောက်ဆုံးဟစ်အော်လိုက်သည့် အချိန် ၌ လှိုင်းလုံးတစ်လုံးသည် အခြားကျောက်ဆောင်ကိုပါဝုန်းခနဲ တစ်ချက်ရိုက် လိုက်ရာ လှဘော်မှာ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်၍ သွားလေသည်။

ပင်လယ်ဘက်သို့ကြည့်လိုက်သည်တွင် အခန်းတစ်ခန်းစာမျှလောက် အိမ်တစ်အိမ်စာမျှလောက် လှိုင်းလုံးများ ထပ်ဆင့်လာနေသည်ကိုတွေ့ရလေ ၏။

"အလိုလေး - ဘုရား - ဘုရား - ဒီရေတွေ တက်လာပါပကော။ လှိုင်း လည်း ကြီးလိုက်တာ။ ဖြစ်ဖူးဖြစ်ဖူး - မြန်မြန်ပြေးမှပဲ။ ဒီဟာတွေကိုတော့ နောက်တစ်ခေါက်မှ ယူမှပဲ"



လှဘော် ပါးစပ်မှ အသံများပင် ထွက်လာ၏။ သို့ရှိစဉ် နောက်ထပ်လှိုင်း လုံးတစ်လုံးသည် ကျောက်ဆောင်ကို ခါးလယ်မှ အရှိန်ပြင်းစွာဖြင့် ရိုက်ရ လိုက်ရာ လှဘော်မှာ ကျောက်ဆောင်ပေါ်မှ ပြန်ကျသွားပြီးနောက် လှိုင်းလုံး နှင့်အတူ တစ်ပါတည်း ပါသွားလေတော့၏။

ဦးဘိုးထော်မှာ နေဝင်ဖြိုးဖျ အတန်ငယ် မှောင်သွားလျက်ရှိသော အချိန်တွင် လှဘော်ကို မမြင်လိုက်ရသော်လည်း ၎င်း၏ သေခါနီး စူးစူးဝါးဝါး အော်လိုက်သည့် အသံနက်ကြီးကိုမူ လှိုင်းသံများအတွင်းမှပင် ခပ်သဲ့သဲ့ ကြားလိုက်ရလေသည်။

✲✲✲

ဦးဘိုးထော်သည် သတိကြီးစွာဖြင့် ကျောက်တန်းမှ ကမ်းဘက်သို့ ကူးခဲ့၍ ထိုညဥ့်အဖို့ ဘေးရန်ကင်းသောနေရာသို့ သွားရောက်ကာ အိပ်စက် ရ၏။ နောက်တစ်နေ့နံနက်စောစော၌ ကျောက်တန်းမှတစ်ဆင့် ပစ္စည်းများ လျှို့ဝှက်ထားရာ တတိယကျောက်ဆောင်သို့ ကူးခဲ့ပြန်၏။ ထိုအချိန်၌ကား ဒီရေကျချိန်ဖြစ်သဖြင့် ထိုနေရာသို့ အေးဆေးစွာပင် ရောက်ရှိသွားပြီးနောက် လိုဏ်ဂူပေါက်ဝအတွင်း ကျောက်ခွက်ထဲတွင် ပြန့်ကြဲလျက်ရှိသော ရွှေထည်၊ စိန်ထည်များနှင့်ကျောက်မျက်ရွဲအားလုံးကို လွယ်လင့်တကူနှင့်ပင် ရရှိခဲ့လေ သည်။

ထို့နောက် ဦးဘိုးထော်သည် မဖြူလှဝင်းအား "ကန်ရှိုင်" ရွာသို့ပြန်ခဲ့ပြီး နောက် မဖြူလှဝင်းအား ပစ္စည်းများအားလုံးကို ပုံ၍ပေးအပ်လေ၏။ မဖြူ လှဝင်းက အတင်းပြန်၍ပေးသဖြင့် မလွှဲသာသောကြောင့် ဦးဘိုးထော် ပြန်၍ ယူရသော ပစ္စည်းအချို့မှာ တန်ဖိုးငွေ ၅၀၀၀ ကျော်ထက် မပိုချေ။



www.burmeseclassic.com

www.burmeseclassic.com

မဖြူလုဝင်း၏ ညှော်ဝတ်ပြုခြင်းကိုခံကာ ထိုရွာတွင် တစ်ညဥ့်အိပ်ခဲ့ပြီး နောက် ဦးဘိုးထော်သည် နောက်တစ်နေ့နံနက်စောစောမိမိနေရပ်သို့ပြန်ခဲ့လေသည်။

➢ **အုန်းမှူး**


**စာမူများ ပေးပို့လိုပါက**

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။




www.burmeseclassic.com

www.burmeseclassic.com

## လူမုဆိုးနှင့် တောမုဆိုး ကျားသတ္တဝါတို့ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင် အသက်လုကြရာတွင် ..

**[illegible]** ပြောကြကြေးဆိုလျှင်မနေသာမုဆိုးနှင့် ကျားရဲမုဆိုးတို့ ထိပ်တိုက်ဆုံတွေ့ကြရာတွင် သူလည်းမုဆိုးဖြစ်သလို ကိုယ်လည်း မုဆိုးဖြစ်သည်မို့ ရှောင်ကြသည်၊ အဘယ်ကြောင့်ဆိုသည်ကတော့ ကိုယ်တွေ့မဟုတ်သလို ရိုးမမုဆိုးကြီးတို့ အဆိုအမိန့်ကို ကြားဖူးခဲ့ခြင်းရယ်သာပင်။

ကျွန်တော်သည် ဝါသနာအရ သေနတ်ကို ကိုင်ဆွဲပြီး တောတောင်များအတွင်း သားကောင်များကို လိုက်လံပစ်ခတ်သတ်ဖြတ်နေသူတစ်ဦး၏ ကိုယ်တွေ့အရ လူသားမုဆိုးကသာ အကြောင်းအမျိုးမျိုးကြောင့် လူ့ကို အန္တရာယ်ပေးသည့် သားကောင်ကို ငဲ့ညှာသနားစိတ်ဖြင့် မပစ်ခတ်၊ မသတ်ဖြတ်ခဲ့တာသာရှိမည်၊ သားရဲကောင်က လူသားမုဆိုးကို ငဲ့ညှာပြီး သူလည်းမုဆိုးပဲလေဆိုကာ ကိုယ်ချင်းစာပြီး ရှောင်ဖယ်သွားခဲ့သည်မျိုးကို မကြုံတွေ့ခဲ့ဘူးသေး။

ဟိုယခင်ပဝေသဏီအချိန်က လူသားမုဆိုးနှင့် တောရိုင်းတိရစ္ဆာန်များဖြစ်သည့် ကျားရဲတို့သည် သူလည်းလူသားမုဆိုးဖြစ်သလို ကိုယ်လည်း တိရစ္ဆာန်မုဆိုးဖြစ်သည်နှင့်အညီ ကိုယ့်ဝမ်းစာကိုယ်ရှာဖွေ ရပ်တည်ကြရသည်မို့ ဘဝတူများဖြစ်သည့်တွက် တစ်ဦးနှင့်တစ်ဦး အသိအမှတ်ပြုကာ နားလည်ကြသည့်သဘောဖြင့် ရှောင်ခဲ့ကြ ရှားခဲ့ကြဟန်တူသည်၊ ထိုအလေ့အထကို အချိန်ကာလ ကြာညောင်းလာသည်နှင့်အမျှ ယနေ့ခေတ် လူသားမုဆိုးတို့က ဟိုယခင်အချိန်ကတည်းက ဥပဒေတစ်ရပ်သတ်မှတ်ပြဋ္ဌာန်းထားကြသကဲ့သို့ လက်စံယုံကြည်နေကြတုန်းပင် ရှိနေကြသေးသည်၊

အမှန်တော့ – ကျွန်တော့် လက်တွေ့(ကိုယ်တွေ့) အရ အမြင်ကတော့ ထိုကဲ့သို့မဟုတ်၊ တောထဲတောင်ထဲ ကျင်လည်ကျက်စားနေကြရသည့် သားကောင်တို့သည် သူတို့မှီတင်းနေထိုင်ရာ ဝန်းကျင်တွင် မှီတင်းနေထိုင်ကျင်လည်ကျက်စားကြသည့် သားကောင်တို့တွင် တည်မှီရာ ရေ၊ မြေ၊ သဘာဝ ပေါက်ပင်၊ သီးပင်စားပင် အခြေပြုပြီး သွားလာလှုပ်ရှား ကျက်စားနေကြရသည့်အနေအထားပေါ် လိုက်လံရှာဖွေ စူးစမ်းပစ်ခတ်နေကြရသည့် လူသားမုဆိုးတို့၏ အတွေ့အကြုံများအရ ထိုမုဆိုးများထံမှတစ်ဆင့်ကြားသိထားကြရသည့် ရှုမြင်ချက်များသာ ဖြစ်သည်ဟူ၍ ထင်မိပါသည်၊

ကျွန်တော် ဖတ်ဖူး၊ မှတ်ဖူးသည့် စာအုပ်များမှ ဖော်ပြချက်အရရော ကိုယ်တွေ့အရရော ပြောရမည်ဆိုလျှင် တောတွင်းဥပဒေဆိုသည်ကတော့ မရှိ၊ တောတောင်များအတွင်း မှီတင်းနေထိုင်ကျက်စားကြသော သားကောင်တို့တွင် "ကျန်းမာရေးအကောင်းဆုံး၊ အသန်မာဆုံး၊ ကြံ့ခိုင်ဖန်ခိုင်အရှိဆုံး၊ ခံနိုင်ရည်အရှိဆုံး၊ တိုက်ရည်ခိုက်ရည်အကောင်းဆုံး၊ အန္တရာယ်လွတ်ကင်းအောင် အရှောင်နိုင်ဆုံး" သော သတ္တဝါတို့သာ တောတောင်များအတွင်း ကျန်ရှိပြီး သတ္တဝါတို့သာ တောတွင်းတွင် ကျန်ရှိပြီး ကျင်လည်လှုပ်ရှားသွားလာကျက်စားကာ နေနိုင်ကြခြင်းဖြစ်သည်ဟု သဘောပေါက်မိသည်၊

သို့အတွက် အထက်က တင်ပြသည့်အရည်အချင်းတို့နှင့် ပြည့်စုံသည့် သတ္တဝါတို့သည်သာ အသက်ရှင် ကျန်ရစ်ခဲ့ကြသည်၊ ထိုသို့ အသက်ရှင်ကျန်ရစ်ခဲ့ကြသည့် သတ္တဝါတွေကို ကျွန်တော်တို့ လူသားမုဆိုးတို့ လိုက်လံပစ်ခတ်သတ်ဖြတ်နေခြင်း ဖြစ်သည်ဟူ၍သာပင်၊





www.burmeseclassic.com

www.burmeseclassic.com

တောတွင်းနေ သတ္တဝါတို့ဆိုသည်က သဘာဝအရ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ် သဘာဝတို့ကိုလည်း ကျော်လွှားဖြတ်သန်းရသည့် ရေမိုးဒဏ်၊ လေဒဏ်၊ တောမီးလောင်ခြင်းဒဏ်၊ လူတွေကြောင့်လည်းကောင်း လူသားမုဆိုးတို့၏ အန္တရာယ်၊ သားစား တောရိုင်းတိရစ္ဆာန်တို့ အန္တရာယ်တို့အကြား ကျော်လွှားဖြတ်သန်းခဲ့ကြရာ အချို့သော တောတိရစ္ဆာန်တို့မှာ ဘေးအန္တရာယ်အမျိုးမျိုးကြောင့် မျိုးသုဉ်းသွားသည်အထိလည်း ရှိကြသည်။ ဒီကြားထဲ လူသားမုဆိုးနှင့် သားစားသတ္တဝါတို့က သူတို့ဘဝရှင်သန်ရေးအတွက် အစာအာဟာရအလို့ငှာ လိုက်လံရှာဖွေပြီး နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း ဘေးအန္တရာယ်ကိုလည်း ကာကွယ်နေကြရပြန်သေးသည်။ သို့အတွက် လူမုဆိုးနှင့် ကျားမုဆိုးတို့တွင်လည်း မုဆိုးချင်း ဖြစ်သည့်အတွက် ထောက်ထားငဲ့ညှာသည်ဟူ၍မရှိ၊ သူလျှင်သူစား၊ ကိုယ်လျှင်ကိုယ်စားပင် ဖြစ်သည်ဟု ကျွန်တော်က ယုံကြည်ထားသူတစ်ဦးပင် ဖြစ်ပေသည်။

○●○

ဝေးဝေးတော့ဖြင့် မဟုတ်။

မဝေးဘူးဆိုသော်လည်း အမဲပစ်သွားစဉ် အထိုင်ချသည့် စခန်း၏ နောက်ကျောဘက်ဆီရယ်သာ။

ဘယ်လိုဖြစ်သည်တော့ဖြင့်မသိ၊ အိမ်ကထွက်ခဲ့စဉ်က အကောင်းသား၊ ရိုးမကြီးအတွင်းပိုင်း အထိုင်ချစခန်းဝင်သည့် "လဟာမငယ်" ဆီရောက်တော့မှ အတန်ကြာ ဝပ်လျှိုးနေသည့် ငှက်ဖျားက တက်ချင်လာသည်။ အစတော့ ချမ်းစိမ့်စိမ့်၊ နောက်တော့ ကိုယ်လက်တို့ ကိုက်ခဲလာသည်၊ ပြီးတော့ - တစ်ကိုယ်လုံး အပူဖုံးကာ အဖျားက ရှိန်းရှိန်းတောက်လာသည်နှင့်အတူ ကယောင်ကတမ်း အပြောအဆိုတွေက ပါလာသည်။

ငှက်ဖျားဒဏ်ကို ကာကွယ်ဖို့ လုံလောက်သည့်ဆေးက ပါမလာ၊ ပါလာသည့် ချင်းဆေးကလေးတွေကို အထပ်ထပ်မြိုသော်လည်း မနေ၊ သို့အတွက် ကျွန်တော်လည်း လျှောင်းနေသည့် တဲအောက်မြေပြင်တွင် ရှာခံမုဆိုးယဉ်ကြိုင်ကမီးဖိုကာ (ခေါင်းပိုင်း၊ ကိုယ်ထည်ပိုင်း၊ ခြေထောက်ပိုင်း) မီးဖိုကာ အနွေးဓာတ်ပေးလိုက်ပြီး အချမ်းတက်ကာ တဟင်းဟင်း တတဲတဲ ညည်းတွားကာ ပေါက်ပန်းလေးဆယ် အော်ဟစ်ပြောဆိုရင်း အိပ်ပျော်သွားပြီး (၂) နာရီလောက်ကြာတော့ အိပ်ရာမှ နိုးသည့်အချိန် ငှက်ဖျားတကျသွားပြီး တစ်ကိုယ်လုံးချွေးတို့ ရွှဲနစ်နေသည့်အချိန်မှ အိပ်ရာက နိုးလာသည်။ စိတ်ကကြည်လင်ပေမယ့် တုန်တုန်ရီရီ တဟင်းဟင်း တတဲတဲနှင့် ငှက်ဖျားတို့၏ ထုံးစံအတိုင်း လူက အားအင်ကုန်ခမ်းသွားပြီမို့ မလှုပ်ချင် မကိုင်ချင် စိတ်တို့နှင့်အတိ၊

သတိရလို့ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ တဲရှေ့မီးဖိုဘေး ထမင်းအိုးငှဲ့နေသည့် ယဉ်ကြိုင်ကို တွေ့လိုက်ရသဖြင့် -

"ယဉ်ကြိုင် - ဟိုလူတွေ မတွေ့ပါလား၊ ဘယ်သွားကြလဲ၊ ငါ - ဒီလောက်ဖြစ်နေတာ ထားပြီး ဘယ်ကိုသွားကြတာလဲကွ - ဟင်"

"ကွင်းဖျား ကိုင်းကျင်းထဲမှာ တောဝက်တွေ အသိုက်ကိုက်တဲ့ဆီ သွားကြတယ်၊ ကျွန်တော်ရှိနေတယ်လေ - ဘာလိုအပ်လို့လဲ"

"အေးကွာ - အရေးထဲ ဆေးဘူးက ကျန်ခဲ့တယ်၊ ဘာဆေးမှ သောက်စရာမရှိဘူး - အရေးထဲကြကာမှ"

"ကျွန်တော် ဆေးကျိုပြီး အအေးခံထားတယ်၊ ထမင်းအိုးငှဲ့ပြီး သောက်လိုက်တာပေါ့၊ အကျီနဲ့ ပုဆိုးတွေ ချွေးတွေနဲ့ရွှဲနေတယ်၊ ချွေးစင်အောင် သုတ်ပြီး လဲလိုက်ပါလား"

သူပြောသည်ကလည်း ဟုတ်နေသည်၊ ကျွန်တော့်တစ်ကိုယ်လုံး ချွေးများစိုရွှဲပြီး အဖျားကျကာ အထိုက်အလျောက် ပေါ့ပါးလန်းဆန်းနေပြီမို့ ချွေးတို့ကိုသုတ်ကာ အဝတ်အစားလဲလိုက်ရင်း -

"မင်းက ဘာဆေးကျိုထားလဲကွ ဟင်"

"ကျွန်တော်တို့ တောကလူတွေ သောက်ကြတဲ့ ငှက်ဖျားကျဆေးပါ၊ ဆင်တုံးမနွယ်ကို ပါးပါးလှီး၊ ရေနဲ့ပြုတ်၊ သုံးခွက်တစ်ခွက် ကျန်တော့ ငန်းချော်ဆေးနဲ့ ရောသောက်လိုက်ရင် ငှက်ဖျားပြေးတော့တာပေါ့ အဲဒီ ဆေးလေ ..."



www.burmeseclassic.com

www.burmeseclassic.com

"မင်းဆေးက ခါးမလား"

"အင်း – ခါးချက်ကတော့ ပြင်းတယ်၊ ဒါကြောင့်ငှက်ဖျားပြေးတာပေါ့"

"ဝမ်းထဲမှာ အစာမရှိဘာမရှိနဲ့ကွာ၊ စောစောစီးစီး"

"ငှက်ငနွား ကြော်လေးနဲ့ စားပြီးအခါး ဖြေလိုက်"

မောင်ယဉ်ကြိုင်ယူလာသော ဆေးနှင့် ငှက်သားကြော်ကို စားလိုက်သည်။ ဆေး၏ခါးချက်က ပြင်းထန်လွန်းသည်၊ မတတ်နိုင်၊ သောက်စရာက ဒီဆေးပဲ ရှိတာကိုး။ တစ်နာရီလောက်ကြာတော့ – ဆေး၏ အာနိသင်နှင့် အစာဝင်သွား၍လားတော့မသိ၊ ဗိုက်ထဲက ဆန္ဒပြလာသည်မို့ စခန်းနောက်ကျော တောထိုင်သွားမည်အလုပ် –

"သူတို့သေနတ်တွေ ယူသွားကြလားကွ"

"ယူသွားကြတယ်၊ ဘယ်သွားမလို့လဲ – တောထိုင်သွားမလို့လား"

"အေးကွ – ဗိုက်ထဲက ဆန္ဒပြလာလို့"

"ဟိုထင်းပုံထဲက တုတ်တစ်ချောင်း လိုရမည်ရ ကိုင်သွားလေ …"

သူပြောလိုက်သည့်စကားကြောင့် ထင်းစိုက်ရန်အတွက် သစ်ကိုင်းများကို ဖြတ်တောက်ကာ အခြောက်လှမ်းထားသည့် ထင်းပုံအတွင်းမှ တစ်လံသာသာခန့်ရှိ လက်တစ်ကိုင်တုတ်တစ်ချောင်းကို ကောက်ယူကာ တောထိုင်မည့်နေရာဆီ အလျင်စလို သွားလိုက်ပေသည်။

တောထဲတောင်ထဲမို့ တောထိုင်သည့်နေရာကို အမိုးအကာမရှိ၊ အနံ့ဒါးပေနှင့် အလျားဆယ်ပေရှိ ခပ်နက်နက်တူးထားသည့် မြေတွင်းပေါ်တွင် ပေါင်လုံးခန့်ရှိ သစ်သားလုံးကို အနေတော်စီထားကာ ထိုသစ်လုံး (၂)လုံးထက် ဆောင့်ကြောင့်ထိုင်ကာ အတွင်းပစ္စည်းကို စွန့်ပစ်ရသည်။ ရှိုးမကြီးအတွင်း မိန်းမသားများလည်း မရှိသည့်နေရာမို့ လွတ်လွတ်လပ်လပ် ညှစ်အားပေးကာ ဝါယာမစိုက်လို့ရသည့်နေရာမျိုး။

ထိုစဉ် –

"ဟဲ"

ကျောခိုင်းပြီး သစ်လုံးနှစ်လုံးထက် ဆောင့်ကြောင့်ထိုင်ထားသည့် နောက်ကျောတောစပ်ဘက်မှ သားကောင်ကြီးတစ်ကောင်၏မာန်ဖီသံကြီး



ကို ကြားလိုက်ရသဖြင့် အသံကြားလိုက်ရာ နောက်ကျောဘက်ဆီသို့ လှည့်ကြည့်လိုက်တော့ တွေ့မြင်လိုက်ရသည့်မြင်ကွင်းက ကျွန်တော့်အား ထိတ်သန့်တုန်လှုပ်၍ စိတ်ကို ချောက်ချားသွားစေသည်ကအမှန်။ လူတစ်ရပ်သာသာမြင့်သော တောချုံပုတ်ကြီးအတွင်းမှ ဟဲခနဲ မာန်သွင်းကာ ထိုးထွက်လာနေသည့် တလှုပ်လှုပ်တိုးကပ်နေသည့် ဟင်းမျိုးကြီး တစ်ကောင်ကို ကိုက် (၅၀)ခန့်လောက်တွင် လှမ်းမြင်တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ကျွန်တော်သည် ထိတ်လန့်စရာကောင်းသည့်အိပ်မက်မှ လန့်နိုးလိုက်သည့်ဝမာ တစ်ကိုယ်လုံးရှိအကြောအချဉ်များ ဆိုင်းလျက် မလှုပ်နိုင်မရှားနိုင်ခြေရောလက်ပါ သေသွားသည့် နယ်ဖြစ်ပြီး ကြက်သီးများ တဖျန်းဖျန်းသလျက် ခေါင်းမှဆံပင်တို့ပင် ထိုးထိုးထောင်ထောင် ဖြစ်သွားသလို ဖောနွှေးတို့ကလည်း ဘယ်ကဘယ်လို ထွက်လာလိုက်မှန်းပင် မသိ။

မြင်ကွင်းအရ မလှုပ်နိုင် မရှားနိုင် ကြက်သေ သေသလိုမျိုး ဖြစ်သွားသည်။ နေရာတွင် ဆက်ထိုင်နေရမလို၊ ထပြေးရမလို လုပ်လို့ကလည်းမရ၊ သတ်စွအဆုံး တဲတွင်ကျန်နေသည့် မောင်ယဉ်ကြိုင်ကို လှမ်းခေါ် အသိပေးညကြဲသော်လည်း အသံကမထွက်၊ ပြောရလျှင် ဖြုန်းခနဲ အိပ်ရာမှ နိုးလာသောအခါမှ ကြောက်စရာ၊ ချောက်ချားစရာ အိပ်မက်မှန်းသိပြီး ဖောချွေးပြန်နေသည့်အသွင် ဒီအတိုင်းဆိုလျှင် စောစောက မောင်ယဉ်ကြိုင် တိုက်လိုက်သည့် ဆင်တုံးမနွယ် သုံးခွက်တစ်ခွက်နှင့် ငန်းနီကျော်ဆေးကိုပင် သောက်စရာမလို၊ ဘယ်ကြို့ဘယ်ကြားက ထွက်လာကြမှန်း မသိသော ချွေး ဖောချွေးတို့ပင် ဖြစ်ပေမည်။

ကျွန်တော့်အဖြစ်ကို လျှပ်တစ်ပြက် စဉ်းစားလိုက်သည်၊ ထမင်းလုံးသခွေခြောက်ခံနေရခြင်းမျိုးလည်းမဟုတ်၊ ဘီလူးစီးခံနေရသည့် အိပ်မက်မျိုးလည်းမဟုတ်၊ မျက်ဝါးထင်ထင် မြင်တွေ့နေရသည်က ကြီးမားသောခေါင်းဝိုင်းဝိုင်းကြီး၊ ထိုဝိုင်းဝိုင်း နားရွက်တစ်စုံ၊ ပါးစပ်ကြီးအထက် နှစ်ဖက်ထွက်နေသည့် ရှည်လျားသည့် နှုတ်ခမ်းမွေးများ၊ တောက်ပြောင်စိမ်းရွှဲသော ရှက်စက်မည့်အသွင်ဖြင့် ပါးစပ်ကြီးကိုဖြဲကာ မာန်ဖီနေပုံ၊ အဝါရောင်

www.burmeseclassic.com

၆

အောက်ခံတွင် အနက်စင်းကြီးတို့ ဖုံးလွှမ်းကာ တဖြည်းဖြည်း ကျွန်တော့်ဆီ တိုးကပ်လာနေသည့် ကြီးမားသောကျားကြီးမှာ သူ၏အမြီးကို တလှုပ်လှုပ်ဖြင့် တဖြည်းဖြည်း ဝါးတစ်ရိုက်ခန့် အနီးကို ရောက်လာမှ အသိက ဝင်လာသည်မို့ စောစောက ထင်းပုံအတွင်း ကိုင်ဆောင်ယူဝင်လာသည့် စေးစေးနှစ်နှစ်ရှိ ရိုက်တံကောင်းထင်းချောင်းကို လက်နှစ်ဖက်ဖြင့် ကောက်ကိုင်လိုက်ရင်း လာရာလမ်း သစ်တုံးကိုထိပ်မြေပြင်ထက်ဆီသို့ လွှားခနဲ ခုန်လိုက်ပြီး ဟန်ကိုယ့်ဖို့အသွင်နှင့် ရင်ဆိုင်မည့်သဘောကိုဖြင့် အသင့်စောင့်စားနေလိုက်သည်။

ပြောရမည်ဆိုလျှင် ဒီတိုက်ပွဲကို ကျွန်တော်က စတင်စိန်ခေါ်လိုက်သလိုမျိုးပင်။ အဘယ့်ကြောင့်ဆိုသော် ယခုလိုမှ စိန်မခေါ်လျှင် အသားလွတ် သူ့အစားကို ခံရမည့်အရေးကြောင့်ပင်။ သို့အတွက် ကိုယ့်အလှည့်တော့ မနွဲ့ကြေးဆိုသည့် စိတ်ကို တုံးတုံးချကာ မြေပြောင်ပြောင်ဆီ ပြေးလွှားလိုက်ပြီး ကိုင်ဆောင်ထားသည့် စေးစေးနှစ်နှစ်ရှိသော ရိုက်တံကောင်းတုတ်ကို အသင့်ကိုင်ကာ ကိုယ်ကိုနှိမ့်၊ ညာခြေကို နောက်နားဆီသို့ဆုတ်ကာ တနွဲ့နွဲ့လျှောက်လှမ်းတိုးကပ်လာနေသည့် ကျားကြီးကို ရင်ဆိုင်လိုက်သည်။

ဘယ်လက်ကို ရှေ့မှာထားပြီး တုတ်ကို ကိုင်ထားသည်။ ညာဘက်ကို ခုန်အုပ်လာပါလျှင် မျက်နှာကို ရိုက်ပစ်လိုက်မည့်အသွင်ဖြင့် အသင့်ပြင်ထားလိုက်သည်။ တဖြည်းဖြည်း ဒီလူသားသည် ငါ့အတွက် ပွဲတော်တယ်ရန်အပိုင်ဖြစ်သည်ဟူသော အတွေးဖြင့်မျက်နှာချင်းဆိုင် ဝင်လာရင်း (၁၅) ပေလောက်အကွာ ရပ်တန့်လျက် ကျွန်တော့်အရိပ်အကဲကို ကြည့်နေဟန်။

ကျားဆိုသည့် အကောင်မျိုးက သူကိုက်သတ်ထားသည့် သားကောင်အသေကိုသာ စိတ်အေးလက်အေး ဝင်ရောက်စားသောက်တတ်ကြသည့် အကောင်မျိုး၊ သူကိုက်သတ်မထားရသေးလျှင် ကျွန်တော်လို လူသားကို မပြောနှင့် လိပ်လိုအကောင်မျိုးကိုပင် ပက်လက်လှန်ထားပြီး ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေတတ်သည်၊ ပက်လက်လှန်နေသော လိပ်ခမျာ ယက်ကန်ယက်ကန်ဖြစ်တော့မှ ခေါင်းပိုင်းက ပါးစပ်နှင့် ငုံပြီး အာခေါင်တွင်းတို့ စုပ်



သုပြီးသောအခါ လိပ်ခွံရှည်းသော ကျန်အောင် စားကြသည့်အကောင်မျိုး။ ဒီ့ဆိုလျှင် ကျွန်တော်က သူ၏ အားနည်းချက်၊ မျော့ကွက်ကို တုတ်နှင့်ရိုက်တာ အနိုင်မရလျှင်တောင် ကိုယ်မခံရဖို့အတွက် လူရောစိတ်ပါ တည်ငြိမ်အောင်ထားပြီး သူ့ကို စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်နေသည်က စူးစူးရဲရဲ။

ပြီးတော့ ကျားကြီးက ပါးစပ်ကိုဖြဲ သွားစွယ်ကြီးကိုထုတ်ကာ "ဟဲခနဲ" ခါန်ထပြလိုက်ပေမယ့် ကျွန်တော်ကမလှုပ်၊ သို့အတွက် သူလိုတောဘုရင်ကို ကျွန်တော့်လို မလောက်လေး မလောက်စားအကောင်က ပမာမခန့်ပြုရကောင်းလားအတွေးနှင့် မာန်ဝင့်ကာ မြေပြင်ကိုဖင်ထိုင်၊ ရှေ့လက်နှစ်ဖက်ကိုထောက်၊ နားရွက်တိုဝိုင်းဝိုင်းကို နောက်ကို ပြားနေအောင်ကပ်၊ လွှားခနဲ ခုန်အအုပ်၊ ရှေ့ကိုပို့ထားသော ညာခြေကို နောက်ကို အနည်းငယ်ဆုတ်၊ ခြေတိုထောက်ကာ လက်ကို အားထည့်လိုက်ပြီး –

"ဖြောင်း"

"ဂရား"

နှာနုကို ရိုက်လိုက်ရင်း ဘေးကိုလိမ့်ပြီး ရှောင်ထွက်လိုက်သည်။ နှာနုရိုးကို တည့်တည့်ထိသွား၍လားဖြင့်မသိ၊ ကျွန်တော့်ကို ခုန်အုပ်လိုက်သော ကျားကြီးမှာ ဝမ်းခေါင်းသံကြီးနှင့် ကြုံးအော်လိုက်ရင်း ဘေးတိုက်မြေပြင်ကို ခစ်ကျသွားသည်။ ပြီးနောက် –လူးလိမ့်နေရင်း ဝေါက်ခနဲ ထလိုက်ကာ တစ်ခန် ခုန်အုပ်ဖို့ ကြုံးထလိုက်ချိန် ဘယ်လက်တွင် ရောက်ရှိနေသည့် တုတ်ဖြင့် လက်ပြန်ရိုက်ချလိုက်ပြန်သည်၊ တုတ်ဖြင့်ရိုက်ချက်က စောစောကထိသွားသည့် နှာနုရိုးကိုပင် မြေပြင်တွင် မျက်နှာအပ်လျက် ခေါင်းစိုက်ခင်ထောင်နေစဉ် ညာလက်ကို ပြန်ရောက်လာသည့် တုတ်ဖြင့် အပေါ်စီးမှ မိုး ရိုက်ချလိုက်ပြန်သည်။

သုံးချက်ဆင့်ကာ အရိုက်ခံလိုက်ရသော ကျားကြီးမှာ ထွန့်ထွန့်လူးကာ နာကြည်းကြည်း အော်ဟစ်နေစဉ် မောင်ယဉ်ကြိုင်တစ်ယောက် တင်းပြီး အော်သံကိုကြားလိုက်ရသဖြင့် ဓားရှည်ကိုဆွဲကာ ကျွန်တော့်ဆီ ကူညီ



www.burmeseclassic.com

www.burmeseclassic.com

ရန် ပြေးလာသည်ကို တွေ့သွားသော ကျားကြီးမှာ နာခေါင်းမှ သွေးများ ပန်းထွက်လာရင်း နောက်ကြောင်း သူထိုးထွက်လာရာ တောစအတွင်း ပြန်လည်ဝင်ပြေး ပျောက်ကွယ်သွားပေတော့သည်။

မောင်ယဉ်ကြိုင်က မားနှင့် တောစရောက်သည့်တိုင် ပြေးလိုက်သွားသည်မို့ –

"မောင်ယဉ်ကြိုင် – မလိုက်နဲ့ – မလိုက်နဲ့တော့၊ အန္တရာယ်များတယ်"

ကျွန်တော် အော်လိုက်ပြီး လှမ်းတားလိုက်သည့်အတွက် ဆက်မလိုက်တော့ဘဲ ကျွန်တော့်ဆီ ပြန်လာရင်း ပြောလိုက်သည်က –

"ဘယ်လိုဖြစ်ရတာလဲဗျာ – ဒီစခန်းမှာ နေခဲ့တာ နှစ်အတော်ကြာခဲ့ပြီ ခုလိုစခန်းချတဲ့နေရာထိ တောတောင်တွေ ဝင်တာ မရှိခဲ့ပါဘူး။ ခု – ဘယ်လိုဖြစ်ပြီး ဒီအထိ ရောက်လာရတာလဲ မသိဘူး။ ပြောရင်ယုံမှာတောင် မဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရတဲ့အမြင် သွေးတွေက သက်သေခံ ရှိနေလို့သာ တော်သေးတာပေါ့"

"အေးပါကွာ – သူတို့ရောက်တော့ သေနတ်တွေနဲ့ သွေးစက်ခံလိုက်ကြပြီး ရှာကြရင်းအဖြေရှာလိုက်ကြတာပေါ့၊ လာသွားလိုက်ကြရအောင်"

ကျွန်တော့်လက်ကို ကိုင်ကာ စခန်းရှိရာသို့ ပြန်ခဲ့ကြသည်၊ စခန်းရောက်သည့်တိုင် ထိုအဖြစ်ကို သူ မကျေနပ်၊ သို့သော်လည်း မည်သို့မျှ မတတ်နိုင်၊ အဘကောင်းတို့အပြန်ကို စောင့်ပြီးမှ အဖြေထုတ်လို့ ရမည် မဟုတ်ပါလား၊ ကျွန်တော် တက်နေသည့်အဖျား (ငှက်ဖျား) သည် ဆေးသောက်လိုက်သည့်အတွက်ကြောင့်လား၊ ကျားကြီးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံရင်ဆိုင်လိုက်ရပြီး ဖောချွေးပြန်သည်ကြောင့်လားတော့ဖြင့်မသိ၊ တက်ခဲ့ပြီး ကိုယ်လက်ညောင်းညာကိုက်ခဲသည်တို့က ဖောချွေးနှင့်ပါသွား ပျောက်ကွယ်သွားသည်ကတော့ အမှန်ပင်၊

နောက်ထပ် (၁)နာရီလောက် စောင့်လိုက်တော့ တောဝက်များကို လက်တွင် ကြိုးချည်ကာ ထမ်း၍ ပြန်လာသည့် အဘကောင်းတို့အဖွဲ့ကို တွေ့လိုက်ရသည်၊ အသေအချာကြည့်လိုက်တော့ အလေးချိန် (၃၀)နီးပါး စီရှိ ဝက်ပျို (၃)ကောင်ပင်၊



ကျွန်တော်နှင့် မောင်ယဉ်ကြိုင်တို့နှစ်ဦးသား သေနတ်များကို ယူလိုက်ကြပြီး စောစောက ကျွန်တော် တောထိုင်ရန်သွားရင်း တောကောင်ကြီးနှင့် ရင်ဆိုင်စဉ် ထွက်ပြေးသွားသည့် အကောင်ကြီး ကျကျန်ခဲ့သော သွေးစက် လမ်းကြောင်းအတိုင်း အခြေအနေကို လိုက်ကြည့်ရန် ထွက်ခဲ့ကြခြင်းပင်၊

ပြေးလွှား တိုးဝင်သွားသည့် ချုံနွယ်တောမြေပြင်ထက်တွင် နာကျင်သဖြင့် မြေပြင်တွင် လူးလိမ့်ထားသည့်နေရာတွင် ကျကျန်ရစ်ခဲ့သော သွေးတို့ ပြန့်ကျဲနေသည့်နေရာကို တွေ့လိုက်ကြရပြီး ဒယီးဒယိုင် ပြန်လည်သွားသည့်နေရာ ချုံတောသစ်ပင်တို့တွင် သွေးစသွေးနများကို တွေ့လိုက်ရသဖြင့် (၂)ဦးသား ဆက်လိုက်ခဲ့ကြရာ တဖြည်းဖြည်းသွေးများ ရှာမရသည့်နေရာ ရောက်တော့မှ ကျွန်တော်က –

"မောင်ယဉ်ကြိုင် – အချိန်လင့်နေပြီး အန္တရာယ်များတယ်၊ မီးလည်း မပါကြဘူးဆိုတော့ မမှောင်ခင် ပြန်ဆုတ်ကြရအောင်"

"မဟုတ်သေးပါဘူး၊ ကျားတစ်ကောင်ကို တုတ်နဲ့ရိုက်တာနဲ့ သွေးတွေ ဒီလောက် ကျရအောင် ဘယ်ကို ရိုက်လိုက်တာလဲ ဟင်"

"ကျားကြီးတစ်ကောင်ကို တုတ်ပိုင်းနဲ့ ရင်ဆိုင်ရတယ်ဆိုတော့ ငါ့အတွက် သူ့ကို နိုင်မယ့်အခွင့်အရေးက နာနုရိုးပဲရှိတာဆိုတော့ အဲဒီကို ခိုမှတ်ထားခဲ့ရတာပေါ့၊ ကံတရားကလည်း ငါ့ဘက်မှာ ရှိနေတော့ ပထမနဲ့ ဒုတိယရိုက်ချက်တွေက နာနုရိုးကို တိုက်ရိုက်ထိ ခံလိုက်ရလို့ မြေပြင်မှာ ခေါင်းစိုက်နေတုန်း ဦးခေါင်းကို အပေါ်စီးက အားထည့်ရိုက်လိုက်တဲ့ ရိုက်ချက်တွေဟာ ခပ်ပေါ့ပေါ့တွေမှ မဟုတ်ဘဲ၊ အဲဒီလို မလုနိုင်တဲ့အချိန် မင်းအော်ပြီး ပြေးလာသံကို ကြားလိုက်တော့ မလွယ်ဘူးဆိုတာသိပြီး ပြေးတော့တာပေါ့ကွာ၊ ဒါပါပဲ – သွားကြမယ်"

ကျွန်တော်တို့ စခန်းချရာဆီ ပြန်ရောက်တော့ အဘကောင်းတို့ တောဝက်များကို အမွေးခြစ်နေကြတုန်းပင်၊ သို့အတွက် ဝိုင်းကူလိုက်ကြပြီး သုတ်သင်ပြီးတော့ (၇)နာရီပင် ထိုးနေခဲ့ပေပြီ၊ ဖြစ်တောင့်ဖြစ်ခဲ ကြုံဆုံခဲ့ရသည့် အသက်လုပွဲကလေးအကြောင်းကို စားသောက်ကြရင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ အဘကောင်းကတော့ ဘာမှမပြော၊ အစ်ကိုကြီး ဦးသိန်းလွင်က-

"မင်းအဖြစ်က တအံ့တသြပဲ၊ ပြောရင် ယုံကြမှာတောင် မဟုတ်ဘူး။ ငါတတော့ အဲဒီကောင်ကြီး ကျားနာဖြစ်သွားရင် လူတွေ ရွာတွေအတွက် စိုးရိမ်မိတယ်ကွာ။ အဘကောင်းကော ဘယ်လိုသဘောရလဲ ပြောပါဦး"

"အင်း - ဒီပုံစံအရ ဒီညစခန်းကို မီးပိုင်းအိပ်ဖို့တောင် ကောင်းတယ်၊ ထင်းရှာဖို့က အချိန်မရှိဘူးဆိုတော့ လူစုခွဲပြီး ကင်းထားအိပ်မှ ဖြစ်မယ်ကွ"

သို့အတွက် တောဝက်ဝမ်းတွင်းသားချက်နှင့် ထမင်းစားလိုက်ကြပြီး မီးဖိုကြီးတစ်ဖို ပြုလုပ်ကာ အလှည့်ကျ ကင်းစောင့်ရန် လူခွဲလိုက်ကြပြီး အနားယူလိုက်ကြပေသည်။

ညဥ့်ဦးပိုင်း ကင်းအလှည့်ကျသူက ကျွန်တော် ယဥ်ကြိုင်နှင့် တင်စိုးတို့ပင် တဲရှေ့မီးဖိုကြီးအတွင်း ထင်းများကို ဆိုင်ထည့်ထားသဖြင့် တောက်လောင်နေသည့် မီးရောင်က ကောင်းကင်ထက် ဝိုင်းစက်ပြည့်ကာ သာနေသည့် ဘော်ငွေရောင် ကြည်လင်ဝင်းလဲ့သည့်အရောင်ကို ယှဥ်လို့ မနိုင်၊ လိုက်လို့မမီ၊ မီးဖိုကြီးအတွင်းက ထွက်ပေါ်သည့် အလင်းရောင်က နီကျင်ကျင်၊ လပြည့်ဝန်းကြီးဆီက ထွက်လာသည့် ဘော်ငွေရောင်က ရှိုးမကြီး တစ်ခွင်လုံး ကြည်လင်သန့်စင်လျက် ကောင်းကင်ထက်မှ ဝန်းကျင်အနှံ့ သွန်ဖြိုးခင်းပေးနေသည့်အလင်းရောင်က ကြည်လင်သန့်စင်လျက်၊ ဒီကြားထဲ ငွေရည်ငွေမှုန်ကလေးတွေကိုလည်း စေတနာဖြင့် သွန်းဖြိုးဖြန့်ခင်း ပေးထားသည်။

ကင်းကို စောင့်ကာဝန်းကျင်အနေအထားကို လိုက်လံကြည့်နေသော်လည်း ကျွန်တော့်အမြင်တွင် အလင်းရောင်ကို အားကိုးနေရခြင်းတူသော်လည်း မီးဖိုကြီးအတွင်းက ထွက်လာသည့်အလင်းရောင်နီကျင်ကျင်က ကျွန်တော်တို့ အထိုင်ချနားနေသည့် စခန်းဝန်းကျင်လောက်သာ ဖြန့်ခင်း ပေးသည်။ ကောင်းကင်ထက်မှသာ ပေးသည့်လရောင်က ဘော်ငွေရောင် အဆင်းဖြင့် ရှိုးမကြီးအတွင်းသာမက သတ္တလောကကြီးအတွင်းကို ဆတူ ညီမျှ ကြည်လင်သန့်စင်စွာ စေတနာဖြင့် သွန်းလောင်းကျဲပက်ထားသည့်



အခြင်ကို သေနတ်သေးတွင်ချလျက် ကျွန်တော် လိုက်လံကြည့်ရှုရင်း ဆီမဆိုင် အလင်းရောင်ကိစ္စကို ကျွန်တော် နှိုင်းချိန်နေလိုက်သည်၊ မဆီမဆိုင်အလင်းရောင်ကို ပြဿနာစိတ်တွင်းက ရှာနေမိသည်။

ဟုတ်သည်ပဲလေ၊ ယခု- ကျွန်တော်မြင်နေရသည့်အလင်းရောင်နှစ်ခုက မီးဖိုကြီးအတွင်း ထင်းများဆိုင်ထည့်ထားသဖြင့် တရှိန်းရှိန်း တောက်လောင်ထွက်ပေါ်နေသည့် နီကျင်ကျင်အလင်းရောင်က စခန်းချရာဝန်းကျင်ကိုင် မပေး။ လမင်းကြီးပေးသည့်အလင်းရောင်က ဝင်းသန့်ပြီး ဘော်ငွေရောင်အဆင်းဖြင့် ရှိုးမကြီးအတွင်းကိုသာမက သူဖြန့်ခင်းပေးသည့် ကမ္ဘာမြေအောက်ရေမြေအနှံ့ မခြွင်းမချန် သွန်ကြဲထားသည်ကို ကျွန်တော် နှိုင်းဆနေလိုက်မိသည်။

လရောင်တဝင်းဝင်းသန့်သန့် ဖြန့်ခင်းပေးထားသည့် အလင်းရောင်နှင့် ဝန်းကျင်အနှံ့ လိုက်လံကြည့်လိုက်ရာ အတော်အလှမ်းဝေးရာဆီမှ ချိုင့်ဝှမ်းတောတန်းများတွင် ထိုးထိုးထောင်ထောင်ဖြစ်နေသည့် ရှိုးတံတိုင်းခတ်များနှင့် တောင်ကုန်းတောင်သွယ်များကိုပါ နေ့ခင်းအလား မြင်နေရသည့်အတွက် -

"တင်စိုး - မီးဖိုထဲက ထင်းတွေ လျှော့လိုက်ဦးကွာ၊ လရောင်ကထိန်နေတော့ မီးရောင် မလိုသေးပါဘူး။ လိုအပ်တော့မှ သုံးကြတာပေါ့"

ကျွန်တော့်အပြောကြောင့် တင်စိုးက မီးဖိုကြီးအတွင်း စောစောတ[illegible]သည့်ပေးထားသည့် ထင်းတို့ကို နောက်ဆုတ်ကာ မီးအား လျှော့လိုက်သည်၊ ထိုအချိန် လေပြင်းတစ်ချက် ဝှေ့လိုက်ရာ သစ်ကိုင်းသစ်ခက်တို့ ယိမ်းထိုးလှုပ်ရှားလိုက်သည့်အတွက် တစီစီမြည်နေကြသည့် တောပိုး[illegible]သွားအသံတို့က "တိ" ခနဲ ပြတ်သွားသည်၊ ထိုအချိန် အလှမ်းဝေးရာဆီ[illegible]အုပ်အုသံများကို ကြားလိုက်ရပြန်သည်၊ လသာညများဆိုသည်က [illegible]သိမ့်သာယာစရာကောင်းသည်ဆိုသော်လည်း လက်ရှိအခြေအနေတ[illegible]တော့်အတွက် မိန်းမူးခြင်း ဖြစ်မလာ၊

လရောင်ကြောင့် ဝန်းကျင်တစ်ပိုက် လင်းလင်းရှင်းရှင်း ရှိနေသည့်အပြင် ကင်းစောင့်နေသည်ကလည်း (၃)ဦးဖြစ်ပြီး ကိုယ်စီလက်နက်များ [illegible]ဆောင်ထားကြခြင်းအတွက် ရှောက်ချားမှုကို ထိန်းကွပ်ထားသယောင်

www.burmeseclassic.com

ချွေးအ အူသံတို့က စောစောကလို ခပ်ဝေးဝေးမှ မဟုတ်ဘဲ တဖြည်းဖြည်း နီးကပ်လာပြီး "အူးခနဲ - အူးခနဲ" ပီပြင်စွာ ကြားလာရသလို ဆိတ်ငြိမ်သွားသောအခါ ဝန်းကျင်က ထိတ်လန့်စရာကောင်းအောင် ဖန်တီးနေသလိုပင်။

လရောင်အောက် လှမ်းမြင်နေရသည့် တောင်ဆင်းလမ်းပြေပြေလျှောလျှောကလေး နိမ့်ဆင်းသော လမ်းကလေးကို ဒီမှာဘက်တွင် ဖလအလာ ယိမ်းထိုးလျက်ရှိသော ကိုင်းပွင့်ဖြူဖြူတို့အပြင် စိမ်းစိုသောဝါးရုံတောတန်း တမျှော်တခေါ်ကြီးကို လရောင်ဖြင့် လှမ်းမြင်နေရသည်။

ကျွန်တော်ကလက်စွဲတော် နှစ်လုံးပြူးသေနတ်၊ တင်စိုးက အဲဘကောင်း ကိုင်ဆောင်သည့် ဒဿမ - ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်၊ မောင်ယဉ်ကြိုင်က ဒဿမ - ၁၃/၁၃ ကိုင်လျက် လေးဖက်လေးလံကို မျှပြီး ငြိမ်သက်စွာ ဝန်းကျင်ကို လိုက်လံကြည့်ရှုစောင့်စား နေလိုက်ကြသည်။

ညကား လသာနေမှုကြောင့် နေ့ခင်းအလား မြင်တွေ့နေရသည်။ ကျွန်တော် မျက်နှာမူရာဘက်တွင် အရွက်များ ကြွေထားသည့် သစ်ကိုင်းထက်တွင် နားခိုနေသည့် "ဒီးဒုတ်" ဗိုမမောင်နှံကိုလည်း မြင်တွေ့နေရသည်။ ထိုအချိန် ချွေးအ အုပ်များ ဝိုင်းအူလိုက်သံများကို ကြားလာရပြန်သည်နှင့် အတူ တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လိုက်သည့်အသံကြီးကို ညာဘက်တဲဘေး မြရာပင်ကြီးထက် ကြားလိုက်ရသည်။ အသံသြသြကြီးနှင့်မို့ စူးစူးဝါးဝါးနှင့်။

"အူး - ဝါး - ဝါး - အူး - ဝါး - ဝါး"

အောင်ဝါငှက်ကြီး တစ်ကောင်၏ အော်ဟစ်သံပင်။ ငှက်အော်သံနှင့် ပင်မတူ၊ ထိုအသံကြီးကြောင့် ကင်းစောင့်နေကြသည့် ကျွန်တော်တို့ သုံးဦးစလုံး ထိတ်ထိတ်ပျာပျာနှင့် ဘေးတွင် ချထားသည့် သေနတ်များကို ကောက်ကိုင်လိုက်ကြသလို အိပ်ပျော်နေကြသည့် အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့ပင် ပေါက်ခနဲ အိပ်ရာမှ လူးလဲထလိုက်ကြရင်း -

"ဘာကောင်လဲကွ - ဘာကောင်လဲ"

"အောင်ဝါငှက်ကြီးအော်သံပါ - အဘ၊ ဘာမှ မဟုတ်ပါဘူး"

"တောလုံငှက်ကွ - သတိထားကြနော်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"အီးအီး - အွတ် - အု - အု - ဗျော - ဝေါ"



ကျယ်လောင်စူးရှသော အသံကြီးများက ကိုင်းတောကြီးအကြားမှ ကြားလိုက်ရပြီး တဝေါဝေါတောတိုးပြေးလွှားလာသံများကို ကြားလိုက်ရသည်။ တောဝက်အုပ်၏ အော်ဟစ်ပြေးလွှားသံပင်၊ သို့ဆိုလျှင် စောစောက ချွေးအ အုပ်တို့ အစာရှာကြရင်း တောဝက်များနှင့် ထိပ်တိုက်တိုးကြသည် ဖြစ်လေသလား၊ သို့မဟုတ် အောင်ဝါငှက်က သားကောင်ကြီး တစ်ကောင်ကောင် တွေ့လိုက်သဖြင့် အော်လိုက်သံအရ သားကောင်ကြီးနှင့် တောဝက်အုပ် ထိပ်တိုက်တိုးသဖြင့် တထိတ်တလန့် အော်ဟစ်ပြေးလွှားလာကြသည် လား၊ တောဝက်ဆိုသည့်အုပ်မျိုးက တစ်ကောင်ကောင်နှင့် တစ်ကောင်



ဝက်အုပ်ကြီး ဝေါခနဲ၊ ဝေါခနဲ ရှုန်းရင်းဆန်ခတ် အသက်လုပြေးလွှားသံများ တဖြည်းဖြည်း ဝေးသွားသည်။ ထိုအချိန် လရောင်အောက် ကိုင်းတောကြီးအတွင်းမှ လှုားခနဲခုန်ပြီး ထိုးထွက်လာသည့်အကောင်တစ်ကောင်က တောဝက်အုပ်ပြေးသည့် နောက်ကို ခေါင်းထောင်ကာ လိုက်လံကြည့်နေသည်ကို တွေ့မြင်လိုက်ရပေသည်။

www.burmeseclassic.com

ကိုက်ခဲကော်ပက်ရှုံလည်းကောင်း၊ စိတ်ထင်ရာ တွေ့မရှောင် မြေပြင်ကို တူးဆွရှုံလည်းကောင်း သွားလာတတ်ကြသည်။ ယခုမူ ထိုကဲ့သို့မဟုတ် တစ်ကောင်ကောင်နှင့် ထိပ်တိုက်တိုး၍ ကြောက်လန့်တကြား အော်ဟစ် ဝရုန်းသုန်းကား ပြေးနေသည့်အသွင်မျိုး။

အဘကောင်းက တဲအပေါ်မှဆင်းလျက် မီးဖိုအတွင်း ထင်းတုံးကြီး များ ဆိုင်ကာ ထည့်လိုက်ရင်း –

"တောဝက်အုပ်က တစ်ကောင်ကောင်နဲ့တွေ့ပြီး တထိတ်တလန့် အော်ဟစ်ပြေးတဲ့အသံမျိုးကွ – သတိထားကြနော်၊ ငါ့အထင်မနက်က မင်းနဲ့ထိုးခဲ့တဲ့ဟင်းကောင်ကြီးများ ဖြစ်နေမလားလို့ ..."

လရောင်က ပိုမိုထွန်းပလာသလို မီးဖိုအတွင်းမှ ထင်းတို့ကလည်း တရှိန်းရှိန်းဖြင့် တောက်လောင်လာသည်၊ ကိုင်းတောအတွင်းမှ တထိတ် တလန့် တိုးဝေ့ပြေးလာကြသည့် တောဝက်အုပ်အသံတို့ကြောင့် ကျွန်တော် တို့အဖွဲ့ အသံကြားရာဆီသို့ သေနတ်များကို ပြောင်းတန်းချိန်ရွယ်ထား လိုက်ကြစဉ် မီးဖိုကြီးအတွင်းမှ တောက်လောင်နေသည့် မီးများကို တွေ့မြင် ပြီး ညာဘက်ဝါး တောကြီးရှိရာသို့ ချိုးကွေ့လျက် တစ်ကောင်နှင့်တစ်ကောင် အတင်းလုယက်ပြေးနေသည့် မည်းမည်းအုပ်ကို မြင်တွေ့လိုက်ကြရသည်၊ မည်းမည်းအုပ်ကြီးကို ကြည့်ရခြင်းအားဖြင့် အကောင်ရေများသည့် တော ဝက်အုပ်ပင်၊ ကြားနေရသည့်အသံများထဲမှ ဝက်ငယ်ကလေးများ၏ အသံ များကိုလည်း ကြားနေရသည်၊ ကျွန်တော်တို့အဖွဲ့ တစ်ဦးတစ်ယောက်မှ တောဝက်အုပ်ကို မပစ်ခတ်လိုက်ကြ၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် တို့ ရည်မှန်းချက်က တောဝက်မဟုတ်ဘဲ ရည်မှန်းထားသည့်အကောင်ဖြစ် နေသည့်အတွက် စောင့်နေကြခြင်းပင်၊

အမှန်တော့ – တောဝက်အုပ်ကြီးကိုကျွန်တော်တို့အဖွဲ့ဝိုင်းကာ ပစ်ခတ် ကြမည်ဆိုပါက နည်းနည်းနောနော မဟုတ်။ ယခုလို လက်လွှတ်ဆုံးရှုံးခံ လိုက်ရခြင်းသည် လုံလောက်သောအကြောင်းက ရှိနေသည် မဟုတ်ပါ လား။ ဝက်အုပ်ကြီး ဝေါခနဲ၊ ဝေါခနဲ ရှုန်းရင်းဆန်ခတ် အသက်လုပြေးလွှား သံများ တဖြည်းဖြည်း ဝေးသွားသည်၊ ထိုအချိန် လရောင်အောက် ကိုင်း တောကြီးအတွင်းမှ လွှားခနဲခုန်ပြီး ထိုးထွက်လာသည့်အကောင်တစ် ကောင်က တောဝက်အုပ်ပြေးသည့်နောက်ကို ခေါင်းထောင်ကာ လိုက်လံ ကြည့်နေသည်ကို တွေ့မြင်လိုက်ရပေသည်၊ ကျွန်တော်တို့တဲရှေ့မြေပြောင် ပြောင်တွင် ဖိုထားသည့် မီးဖိုကြီးဘက်ဆီကိုတော့ လုံးဝမကြည့်၊ ထိန်ထိန် သင်းနေသော လရောင်အောက်တွင် တောဝက်အုပ်ပြေးသွားသည့်ဘက် ဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းသွားနေသည့် ကြီးမားသည့် ကျားကြီးတစ် ကောင်ပင်၊

လရောင်အောက်တွင် ကျားကြီး၏ ခန္ဓာကိုယ်ပေါ်မှာ အဝါခံအနက် စင်းကြီးများ လက်လက်ထနေသည်၊ ကြီးမားဝိုင်းစက်သည့် မျက်နှာကြီးကို ကိုသည်လှည့်၊ ခါးကို နွဲ့ကာနွဲ့ကာ လျှောက်လှမ်းနေသည်၊ တောဝက်အုပ် ပြေးလွှားသွားရာနောက်ကို လိုက်နေရင်း "ဟဲ" ခနဲ တစ်ချက်မာန်သွင်း သံခေါင်းသံကြီးက မြေတုန်ဟည်းမတတ် ကြားလိုက်ရသည်မို့ ကြောက် စက်ဖွယ်ရာပင်၊ မာန်သွင်းလိုက်သံကပဲ့တင်သံကြောင့် ညပိုးညမွှားတို့အော် မြည်သံများပင် တိခနဲ ငြိမ်ကျသွားသည်၊

ကျားကြီးမှာ ကျွန်တော်တို့နှင့် သေးတိုက်အနေအထားမို့ ကိုင်ဆောင် ထားသည့် သေနတ်အား မောင်းခလုတ်ကို ဆွဲဖြုတ်တော့မည်အလုပ် –

"ဒိုင်း – ဒိုင်း"

တင်စိုးနှင့် မောင်ယဉ်ကြိုင်တို့ ကိုင်ဆောင်ထားသည့် သေနတ်များ မြည်ဟိန်းပေါက်ကွဲသံကြီးက ဝန်းကျင်အား ကျယ်လောင်စွာ ဟိန်းထွက် သွားစေသည်၊ ယိုင်နွဲ့စွာ တောဝက်အုပ်ကို လိုက်နေသည့်ဟင်းကောင်ကြီး သည် တုံ့ခနဲတစ်ချက်ဖြစ်ပြီး ပုဆစ်တုပ်လျက် မြေပြင်သို့ ဝပ်ကျသွားသည် ကို တွေ့မြင်လိုက်ရသည်၊ မြင်ကွင်းအရ သေးတိုက်အနေအထားနှင့်မို့ ကျည်ဖူးတို့က လက်နောက်နှစ်လုံးသားရှိရာကို ဖောက်သွားမည်ကမလွဲ၊ ဒီနောက်ပိုင်း ဝန်းကျင်သည် ငြိမ်သက်သွားပြန်သည်၊ ကျားကြီး၏ လှုပ်ရှားမှု နှင့် လူးလိမ့်သံကိုပင် မကြားရသဖြင့် စိတ်အေးလက်အေးနှင့် နေရာမှ အရပ်လိုက်ကြပြီး အဘကောင်းက လက်နှိပ်မီးဖြင့် ထိုးလျက်ကြည့်လိုက် သည်၊

တင်စိုး ပစ်လိုက်သည့် ဒသသမ – ၃၇၅ ရိုင်ဖယ်ကျည်ဖူးက ကျားကြီး၏ ညည်တိုင်ရင်းကိုဖြတ် ဖောက်သွားသလို မောင်ယဉ်ကြိုင် ပစ်လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com

သေနတ်ကျည်ဖူးက နှစ်လုံးသားရှိရာကိုဖြတ်ဖောက်သွားခြင်း ခံလိုက်ရသောကျားကြီးမှာ မြေပြင်တွင် ခွေးတိုက်လဲကျကာ သွေးအိုင်အတွင်း အသက်ပျောက်နေသည်ကို တွေ့လိုက်ကြရပေသည်။

ကျွန်တော်တို့အားလုံး သေနတ်များနှင့် ဓာတ်မီးကိုယ်စီ ကိုင်လိုက်ကြပြီး ကျားကြီးမြေပြင်တွင် ခွေးတိုက်လဲကျ အသက်ပျောက်နေသည့် နေရာဆီသို့ လခြမ်းသဏ္ဍာန်မီးထိုးကာ သွားရောက်ကြည့်လိုက်ရာ လရောင်နှင့် မီးရောင်တို့ အောက်တွင် လှပတောက်ပြောင်သော အဝါရောင်အောက်ခံတွင် နက်မှောင်သော အမည်းစင်းကြီးများဖြင့် အမြီးများမှ ခေါင်းသို့တိုင် ဆယ်တောင်အတိရှိသည့် ဟင်းမျိုးခေါ်ကျားကြီးကို တွေ့လိုက်ရပေသည်။ ပို၍ထူးခြားသည့်မြင်ကွင်းမှာ သေနတ်ဒဏ်ရာ (၂)ချက်က လည်တိုင်ရင်းနှင့် နှစ်လုံးသားရှိရာကို ဖြတ်ဖောက်သွားသည်ကို အထင်အရှားတွေ့နေရသော်လည်း နာနရိုးမှ သွေးများပန်းထွက်နေသည်ကို တွေ့မြင်လိုက်ကြရခြင်းကြောင့်ပင်။

ကျားကြီးကား ယခုလို သေဆုံးရခြင်းသည် သေနတ်ဒဏ်ရာကြောင့်လား၊ နံနက်ပိုင်းက ငှက်ဖျားဆေးကိုသောက်၊ အစာ (ငှက်ပျောသီးကြော်)ကို စားပြီး အတန်ကြာတော့ တောထိုင်သွားရင်း အမှတ်မထင်ကို အကောင်ကြီးနှင့် ရင်ဆိုင်ကာ အသက်လုခဲ့ရသည့် ကျွန်တော့်ရိုက်ချက်ကြောင့်လားဆိုသည်ကိုတော့ဖြင့် မဝေခွဲနိုင်သည်က အမှန်ပင်။

သေနတ်ပစ်ချက်တို့ကလည်း(သေကွင်း)ကျွန်တော့်ရိုက်ချက်ကလည်း(သေကွင်း)မဟုတ်သည့်တိုင် လူကို အန္တရာယ်ပေးတတ်ကြသည့်သားကောင်တို့အတွက် အထိနာစေသည့် ပစ်မှတ်ထားသည့် နေရာဆိုသည်ကိုတော့ဖြင့် ယခုလိုပွဲမျိုးကို ကိုယ်တွေ့ကြုံဖူးသူတိုင်းကသာ အဖြေမှန်တိုထုတ်နိုင်ကြမည်က အမှန်ပင်ဖြစ်ပေတော့သည်။

မှဆိုးဆိုသည်က တစ်ခါတစ်ရံ ဒီလိုမျိုး တွေ့လည်းကြုံတတ်ကြရသည်မဟုတ်ပါလား ရယ်လို့ဖြင့်...။

# ဇန်းပုပ်ရန်စွမ်
## အန္တရာယ်တောတန်း




www.burmeseclassic.com

www.burmeseclassic.com

**ဒေါသကြီးသော ငန်းမြွေကြီး**
**လူသားများနောက် လိုက်လံရန်မူပုံကို**
**သည်းထိတ်ဖွယ် ဖတ်ရှုရမည် ..**

**စိမ်းစိမ်း** မှောင်မှောင် တောအုပ်တောင်တန်းမှာ ရောင်စုံဖူးပွင့်ဝေစီနေကြတဲ့ တောပန်းလေးတွေရဲ့ အလှအပက မြင်ရသူတို့အတွက် ကြည်နူးစရာ၊ အလှချင်းဆိုင် ပြိုင်နေသလိုပါပဲ။ ဒါကြောင့်လည်း (ညာကြောမြဝေ၊ ပန်းထွေထွေတည့်၊ အရွှေအဝါး အပြာအနီ၊ စုံစီရှုယ်သင့်၊ တောလုံးတင့် ...) လို့ စာဆိုနဝဒေးကြီးက တောဘွဲ့တောင်ဘွဲ့ကို စပ်ဆိုခဲ့တာပါ။ (စုံတောဂနိုင်၊ ရွက်ချင်းဆိုင်သား၊ ရိပ်မြိုင်မြင့်ထက်၊ ရေကျောက်စက်ဝယ်) အဲဒီတာသားလေးဟာ (ရွှေတောင်)က အရှေ့ဘက်တစ်နာရီလောက်သွားရတဲ့ ကြက်ဖြူတောင် တောစခန်းလေးကို ဖွဲ့ထားလေသလား ထင်မှားရတယ်။ (ဆင်ခြေရာ)လို့ခေါ်တဲ့ ဆယ့်လေးလက်မအကျယ်၊ စောက်နက်နက် ကျောက်သားစမ်းရေတွင်းလေးဟာ သောက်သုံးရေအတွက် ပေါပေါက်နေသလို လျှံကျလို့ အောက်ခြေချိုင့်ထဲ စီးဝင်နေတဲ့ ရေတွေက ခြေဆေး လက်ဆေးသုံးရေပေါ့။ ကတွတ်သီးမှည့်တွေစားပြီး ကတွတ်သီးလာရှာတဲ့ရှဉ့်တွေနဲ့ ပျံသန်းရာကနားနေတဲ့ငှက်တွေကို ပစ်ခတ်ရတာ ပျော်စရာတစ်မျိုး။ သူတို့ဟာ



ရွှေတောင်ရက်ကန်းကျောင်းလာတက်တဲ့ မြစ်ဝကျွန်းပေါ်သားတွေဆိုပါတော့။ ဖျာပုံက ကိုညက်မြင့်၊ ကိုဖြိုးသူ၊ မအူပင်သား ကိုစိန်ကြည်၊ ပုသိမ်က ကိုထွန်းဝေ၊ ကိုကြည်မင်း၊ ဟင်္သာတသား ကိုအေးဆွေနဲ့အဖွဲ့ကို ဦးဆောင်လာတာက ကျောင်းစာရေးဦးသန်းရှိန်။ အဲဒီခုနစ်ဦးမှာ လေသေနတ်နှစ်လက်လောက်၊ လေးငါးလက်ပါလာတယ်။ ရွှေတောင်ရက်ကန်းကျောင်းရောက်နေပေမယ့် ပထမနှစ်တုန်းက ဝန်းကျင်ပတ်ကုံးနဲ့ အသားသိပ်မကျေသေးဘူး။ နောက်တော့ တစ်စတစ်စ ရင်းနှီးခင်မင် ကျွမ်းဝင်လာတာမို့ လည်ပတ်ခဲ့တာ မြို့ထဲသာမကဘူး မြို့ပြင်တစ်ခွင်လုံး နံ့ရောပဲ။ ခုဆို - မြို့က တစ်နာရီလောက်သွားရတဲ့ ပြည်တောင်တန်းဆွယ် ကြက်ဖြူတောင်ကြောရောက်နေကြပြီ။ တစ်နေ့တာ သည်းမယ့်ကဲမယ့်အစီအစဉ်လေးပါ။ သူတို့ဟာ လူငယ်ဘာသာဘာဝ ဒေသန္တရဗဟုသုတရဖို့ထက် အပျော်ခရီးထွက်တာဖြစ်ပါလိမ့်မယ်၊ စိတ်လွတ်ကိုယ်လွတ် သွားရတာ လူငယ်တွေအတွက် ပျော်စရာပဲပေါ့။ သက်သက်မဲ့ အကြောင်းမရှိ အကြောင်းရှာ သွားတဲ့ခရီးလမ်းမှာ အန္တရာယ်ကြီးကြီးမားမားဆို စဉ်းစားမယ်တောင် မထင်ဘူး။ တွေးလည်း တွေးမှာ မဟုတ်တာ သေချာတယ်။

"တဲ - ပစ်ခတ်ရလာတဲ့အကောင်လေးတွေ ကင်ရအောင် မီးဖိုကြမယ်။ ထင်းခြောက်ကိုင်းတွေ ရှာကြဟေ့။ ငါ ဟင်းကိုင်ထားမယ်"

သူတို့အဖွဲ့လူသုံးယောက်မှာ ထင်းအရှာထွက်သွားကြတယ်။ မီးဖိုမယ့်နေရာ ပြင်သူကပြင်၊ ပါလာတဲ့ပေါင်မုန့်နဲ့စားဖို့ ငါးသေတ္တာဖောက်သူကဖောက်၊ လူတိုင်း အလုပ်များနေတယ်လို့ပဲ ပြောရမယ်။ ခရီးဝေးထွက်လာတာ မဟုတ်ပေမယ့် စားဖို့သောက်ဖို့က ယူလာရတာပေါ့။ တောင်ခြေရွာလေးမှာလည်း ထမင်းဆိုင်ရှိတာ မဟုတ်ဘူး။ စားရေးသောက်ရေးခက်မယ်လို့ ကိုသန်းရှိန်က ကြိုကြိုတင်တင်ပြောထားလို့ တော်တော့တယ်။ တောတန်းတစ်ခိုမှာတော့ ငှက်သံတွေ ကျူညံကျူညံကျာကျာ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ငှက်များ လန့်ဖျပ်ပျံသံ ကြားရတယ်။
တောင်ပေါ်က အသံတစ်သံ မြည်ဟည်းပျောကျလာသလိုလို၊
ခဏချင်း တစ်တောလုံးက ချောက်ချောက်ချားချား။
တောတိရစ္ဆာန်တွေက ပြေးပြေးလွှားလွှား မှင်တက်မိသလို
အားလုံးက အံ့အားသင့်နေတာနဲ့။



ထင်ရှားတဲ့လူတွေ သွားလိုက်တာ တဲ့မေ့တမောကြီး၊ ဘယ်လိုမြေရှည် နေကြသလဲဆိုတာ မပြောတတ်၊ ဒီကကိစ္စတွေပြီးလို့ စောင့်နေတာကြတာ ကြာပြီ။ ပြောပြောဆိုဆို သူတို့ မောကြီးပန်းကြီး ပြန်လာကြတယ်။

"တို့အထူးအဆန်း တွေ့လာတယ်၊ ကြည့်ချင်ရင် လိုက်ခဲ့ကြ"

သူတို့ထဲကတစ်ယောက်ရဲ့အရင်းမရှိ၊ အဖျားမရှိ ပြောလိုက်တဲ့စကား။

"ဘာများတွေ့လာတာလဲ၊ ဒီမှာက ကင်ဖို့ အသင့်ဖြစ်နေပြီ"

"အဲဒါ ထားခဲ့၊ ဟိုလူတွေ လုပ်ထားလိမ့်မယ်။ ငါပြတာကို လိုက်ကြည့် စမ်း။ တကယ်ထူးဆန်းတယ်"

ဘုမသိ ဘမသိ သူ့နောက်လိုက်ခဲ့ပေမယ့် အကျိုးအကြောင်း မမေးမိ သလို သူကလည်း တစ်ခွန်းတစ်ပါဒမျှ မပြောခဲ့။ လမ်းရိုးအတိုင်းသွားနေရာ



က လမ်းဘေးဖဲ့ဆင်းသွားမိတဲ့အခါ ချုံတောက ပိတ္တုထပ်လာသယောင်၊ လျှောက်လှမ်းနေရာက ချုံတောနောက် စောင်းစောင်းမှာ ချုံချင်းယှက်ပြီး အတွင်းနေပြောက်မထိုးလောက်အောင် လိုက်ဂူသဏ္ဌာန် မြောင်းဖြစ်နေ တယ်၊ မြောင်းက ခပ်ရှည်ရှည်လေးမို့ တောတိရစ္ဆာန်တစ်ကောင် ဝင်နေရင် တွေ့ဖို့မလွယ်လှဘူး။ မြုန်းခနဲဆိုရင်တော့ ဒုက္ခလို့တွေးမိတယ်၊ ကတ်တတ် သတ်သတ် ဒီလိုကြိုကြိုကြားကြားထဲ ဘာကိစ္စများ ဝင်ချင်ကြရတာလဲ၊ မြွေ အတင်းပါး သူတို့ပဲ မကြောက်၊ မရွံ့တယ်။ လမ်းပြပေးနေတဲ့ သူ့နောက်မဲ စိတ်စိုက်မတ်မတ်လိုက်နေရတော့ တွေ့စားရှိသူက အရင်တွေမှာလေ၊ ဘာ ကြောက်စရာရှိတာမှတ်လို့၊ အားတင်းလိုက်ခဲ့တယ်၊ သူကလိုက်လိုမြောင်း ထဲ တစ်လှမ်းနှစ်လှမ်း ကုန်းအဝင်မှာ စကားစတာဖို့၊

"ဟိုမှာ ကြည့်လိုက်စမ်း၊ အဲဒါ - ဘာကြီးလဲ၊ သေချာကြည့်"

သူ လက်ညှိုးထိုးပြနေတဲ့နေရာ ကြည့်မိတော့ လန့်ဖျပ်သွားတယ်၊

"ဟာ - မြွေရေခွံ လဲထားတာပဲ၊ နည်းတာကြီး မဟုတ်ပါလား"

ꩤ ꩤ ꩤ

"ဘာမြွေလဲ မသိဘူး၊ လုံးပတ်ရော အရှည်ပါ မသေးတာ"

အံ့ဩတကြီး ပြန်လာကြသလို မြွေအကြောင်းက ပြောလို့မဆုံးတော့ ဘူး၊ ဆွေးနွေးရမယ့်အကြောင်း တစ်ခုရသွားတာမျိုး ဖြစ်နေပြီ၊

"စပါးကြီးမြွေတို့၊ စပါးအုံးမြွေတွေကလည်း အကောင်ကြီးတာပါပဲ၊ ဒီကောင်တွေက အဆိပ်မရှိဘူး၊ သားကောင်ကို ကိုယ်နဲ့ရစ်ပတ်ညှစ်သတ် စားတယ်တဲ့ စပါးကြီးက ညှို့တတ်တယ်"

"ငါကြားဖူးတာကတော့ မြွေဟာ မြေ၊ မျက်ခွံ၊ နားပေါက်၊ ရင်အုံရိုးမရှိတဲ့ သွားသွားသတ္တဝါ၊ သူ့အရေပြားမှာ အကြေးခွံတွေ အတန့်လိုက်ရှိတယ်၊ ကြွက်သားတွေကို တစ်လှည့်စီ ကျုံ့ရွှေ့သွားတာ၊ ရေကူးနိုင်တယ်၊ လျှာက နှာခေါင်း ထိပ်ဘက်သွယ်သွားပြီး အနံ့နဲ့ အာရုံခံတာမျိုး၊ အစာကို မဝါးဘဲ မျိုတယ်၊ မြွေအားလုံးဟာ အသားစားကောင်တွေပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူတို့တွေ စားရင်းသောက်ရင်းလည်း ပြောနေတာက မြွေအကြောင်း။

"အဆိပ်ရှိတဲ့မြွေတွေမှာ မြွေဟောက်၊ ဂျက်မြွေ၊ ငန်းမြွေ၊ ငန်းတော်ကျား၊ အဲဒါတွေကို မြွေဟောက်အုပ်စု။ မြွေပွေး၊ ခလောက်မြွေတွေက မြွေပွေးအုပ်စုလို့သတ်မှတ်တာကိုဖတ်ဖူးခဲ့တယ်။ မြွေဟောက်ကအစွယ်ပုံသေထွက်ပြီး မြွေပွေးအုပ်စုက အစွယ်ကို ခေါက်သွင်းထားနိုင်တယ်တဲ့၊ အားလုံးက ကြောက်စရာတွေပဲ"

"ကဲ- စားစရာရှိတာလည်း စားကြ၊ အချိန်ရှိတုန်းလေး ပြန်ကြမယ်၊ စောစောရောက်တော့ ကောင်းတာပေါ့"

"ကိုသန်းရှိန်ကြီးကလည်း လောလိုက်တာ၊ ယောက်ျားခြေတွေပဲဗျာ၊ စောမှာပါဗျ"

ထိုအခိုက် ငှက်များ လန့်ဖျပ်ပျံသံ ကြားရတယ်။ တောင်ပေါ်က အသံတစ်သံ မြည်ဟည်းလျောကျလာသလိုလို၊ ခဏချင်း တစ်တောလုံးက ရှောက်ရှောက်ရှားရှား။ တောတိရစ္ဆာန်တွေက ပြေးပြေးလွှားလွှား မှင်တက်မိသလို အားလုံးကအံ့ အားသင့် နေတုန်းသတိဝင်လာသူက ကိုသန်းရှိန် -

"ဟေ့ - ပစ္စည်းတွေသိမ်း၊ လွယ်အိတ်ထဲ ဇိနပ်တွေထည့်၊ ဘာဖြစ်တာလည်း မသိဘူး၊ တောင်အောက်ရောက်အောင် အမြန်ဆင်းကြမယ်၊ လုပ်ကြဟေ့ မြန်မြန်၊ ပြေးကြမှာနော်"

ဘာဖြစ်မှန်းမသိရပါဘဲ ပြေးဆင်းလာခဲ့ရပေမယ့် သူတို့နှစ်ယောက်က တစ်စုံတစ်ယောက် လိုက်လာသလို ခံစားရပါတယ်၊ သဲသဲသဲသဲနင့် ဘာမှန်းမသိရ၊ သေလုမျောပါး အပြေးဆင်းနေရတာကိုတော့ သတိထားမိတယ်။ အန္တရာယ်ဟာ နောက်က ထက်ကြပ်ပါလာတာ ဖြစ်လိမ့်မယ်။

ခလုတ်တံသင်း ဆူးပြောင့်ကျောက်စွယ် ကြည့်မနေအားဘဲ တရမန်းကြမ်း သေလုမျောပါးအပြေးမို့ လဲသူလဲ၊ ကွဲသူကွဲ၊ လဲသူကို တွဲထူပြေးလွှားနေရတယ်။ တဖြောင်းဖြောင်းသံကြီးကလည်း ကြားနေရဆဲ၊ တဝုန်းဝုန်းနဲ့ ဘာသံတွေလည်း မသိ၊ တောင်ပြိုတာများလား။



"ဟော့- ကလေးတွေ - ဒီကွင်း အမြန်ပြေးခဲ့ - လှည့်မကြည့်နဲ့၊ တအား ဘုန် ပြေးခဲ့ကြ"

အဆင်းမှာ တောင်အောက်ရောက်လုပြီဖြစ်တဲ့အခါ အော်သံတစ်ခုကို ကြားလိုက်ရတယ်၊ လူ့သံသူ့သံဆိုတော့ အားတက်မိသွားတာ အမှန်ပါ။ ဆင်းလမ်းကွေ့အကျော် အောက်ကတွင်းစပ်မှာ လူနှစ်ယောက်ကို တွေ့လိုက်ရပြီး သူတို့လက်ထဲမှာ ဘာတွေမှန်းမသိ၊ တပွေ့ကြီး ကိုင်ထားတယ်၊

"မြန်မြန်လာကြဟေ့ - နီးလာပြီဟေ့"

ကြောခင် သူတို့နားကို အားလုံးရောက်ချိန်မှာ တောင်ပေါ်က တစ်စုံတစ်ရာဟာ သစ်ပင်သစ်ကိုင်းများ ဖြတ်ပြီး ကျလာတော့တာပါပဲ၊ ကျတဲ့အသံကြီးနဲ့အတူ ပါလာတာက မြွေကြီးတစ်ကောင်၊ မြွေကြီးဟာ အဝါရောင်ပါးရှည်ကြီးခွက်လို့ ဒေါသမာန်စောင်း ပြင်းပြင်းနဲ့ပဲပေါ့၊ ဟိုတောင်ကမ်းပါးထဲ ချုံထဲမှာ လဲထားတဲ့ မြွေရေခွံကို သတိရမိတယ်၊ ကိုယ်လုံးက လူငယ်တစ်ယောက်ပေါင်လုံးခန့်၊ အရှည်က သုံးလံကျော်ကျော်၊ အကိုက်ခံရလို့ သေးမိစရာအကြောင်း မမြင်ဘူး။ မိုးကြိုးပစ်လိုက်သလို ဖြစ်သွားတယ်၊

"ကလေးတို့ - နောက်ဆုတ် - နောက်ဆုတ်"

အသက်ကြီးကြီးပုဂ္ဂိုလ်က ပြောပြောဆိုဆို သူ့လက်ထဲက အစည်းကို သစ်ချလိုက်တယ်၊ လက်စသတ်တော့ - ကြခတ်ဝါးပိုင်းအစည်းကြီးပါလား၊ ကျန်အသက်ငယ်ငယ်တစ်ယောက်လက်ထဲမှာလည်း ကြခတ်ဝါးစည်းကြီးပါပဲ၊ သူတို့က မြွေကို ဘာလုပ်ကြမှာလဲ၊

မြွေကြီး ဒေါသနဲ့ ရှေ့အတိုးမှာ သူတို့နှစ်ယောက် ဝါးပိုင်းတွေကို တစ်ချောင်းပြီးတစ်ချောင်း တရစပ်ပစ်နေတော့ ပါးပျဉ်းမှာ စိုက်တဲ့ဝါးက စိုက်၊ အစွန်းအတက်တွေနဲ့ စူးတဲ့ဝါးကစူး၊ မြွေကြီးကိုယ်လုံးမှာ ရစရာမရှိအောင် ဘိမှန်နေတော့တယ်၊ မြွေကြီးက ဝါးဆူးတွေကို လိမ်ပြီးညှစ်တော့ ပိုဆိုးတာပေါ့၊ အသားထဲမြုပ်သထက်မြုပ်၊ နစ်သထက်နစ်ဝင်သွားတယ်၊ ဝါးဆူးတွေနဲ့ လုံးထွေးလို့ ရစ်ပတ်နေတဲ့ မြွေကြီးမျာ သွေးသံရဲရဲ တွန့်လိမ်နေတော့တာပါပဲ၊ တစ်ချက်တစ်ချက် ဒေါသနဲ့ ရိုက်သံဟာ တဖြောင်းဖြောင်း ဆူညံနေ၊ တဖြည်းဖြည်း မြွေကြီး ငြိမ်သက်သွားတာ မလှုပ်တော့ဘူး။

www.burmeseclassic.com

"ဒီမြွေမျိုးက ငန်းပုပ်မျိုးပဲ၊ သူက အထီးလေ၊ ဟိုးလွန်ခဲ့တဲ့ တစ်လလောက်က မြွေမကြီးကို မုဆိုးတစ်ယောက်က ပစ်သတ်သွားတော့ ကျန်တဲ့ အထီးက လူမြင်ရင် လိုက်တတ်တယ်၊ အလိုက်ခံရတာ နှစ်ဦးရှိပြီ၊ အသေအပျောက် မရှိပါဘူး၊ ဒီတောင်ကို မတက်ဖို့ သတိပေးထားတာ၊ မင်းတို့က မသိတော့ တန်းတက်သွားတာပေါ့၊ မြင်လိုက်တဲ့လူတစ်ယောက်က ပြောလို့ စိုးရိမ်ပြီး လိုက်လာတာ သိပ်မှန်သွားတယ်၊ ဒီကောင်က ခြေကျော်မလိုက်ဘူး"

"ကျေးဇူးတင်ပါတယ် - အဘရှယ်၊ နို့မို့ - ကျွန်တော်တို့ မလွယ်ဘူး၊ ကျွန်တော်တို့က ရွှေတောင်ရက်ကန်းကျောင်းက သင်တန်းသားတွေပါ"

"အော် - ရပ်ဝေးက ကလေးတွေကိုး"

"ဟုတ်ပါတယ် - အဘ၊ ဒါထက် - အဘက မြွေကို ဝါးပိုင်းအချွန်အတက်တွေနဲ့ ပစ်တာလေးနဲ့ သေသွားတယ်နော်၊ လက်နက်မသုံးဘူး"

"အေး - ငန်းပုပ်လို မြွေကြောက်တာကလည်း ဝါးချွန်တွေ ဆူးတွေပဲ ကွဲ့၊ အဲဒါတွေနဲ့ပစ်တော့ သူ့ရဲ့ရစ်ပတ်ညှစ်သတ်တဲ့အကျင့်ကြောင့် သေတာ မင်းတို့အမြင်ပဲ"

လူငယ်တစ်သိုက် ကယ်တင်ရှင်နှစ်ဦးကို ရှိခိုးကန်တော့ပြီး ရွှေတောင် ပြန်လာတယ်၊ အဘနာမည်က ဦးမိုးထိ၊ ပါလာတဲ့တစ်ယောက်က ကိုစိန်ထွား၊ အဘသားကြီးပေါ့၊ အဘဟာတစ်ချိန်ကမုဆိုးတစ်ယောက်ပါ၊ တောင်ခြေရွာလေးမှာ နေကြတယ်လို့ သိရတယ်၊ မသေကောင်း မပျောက်ကောင်း အဖွဲ့သားတွေ အဲဒီတုန်းက ကတိပြုထားဖူးတယ်၊ ဒီအဖြစ်အပျက်ကို ပြန်မပြောပါဘူးဆိုတာပါပဲ၊ ခုတော့ - အနှစ်ပဲလေးဆယ်ကျော်တော့မယ်လေ၊

➢ မျိုးသစ်



www.burmeseclassic.com

**တောတောင်ထဲတွင်
တာဝန်ထမ်းဆောင်နေကြသော
ထောင်အမှုထမ်းများသည် ထူးဆန်းသော
မိန်းမတစ်ယောက်နှင့် တွေ့ဆုံရပုံကို
စိတ်ဝင်စားဖွယ်ရာအဖြစ် ..**

**သူ့နာမည်က** ကိုခင်မောင်သိန်းတဲ့၊ စီးပွားရေးတက္ကသိုလ်က ဘွဲ့ရ စာရင်းကိုင်ပညာရှင်၊ ကျွန်တော်တို့ရပ်ကွက်အရှေ့က သမိုင်းချည်မျှင်နှင့် အထည်စက်ရုံမှာ အလုပ်လုပ်ရင်း ငွေကွာမှုနဲ့ ထောင်(၅)နှစ်ကျတယ်။ ထောင်ထဲမှာကျွန်တော်နဲ့စ,တွေ့တာ။ သူက အသားဖြူဖြူ ခပ်တောင့်တောင့် လူပုံချောသော်လည်း နဖူးက အမာရွတ်ကြီးကြောင့် လူမိုက် ထောင်ထွက်ကြီးပုံစံပေါက်နေသဖြင့် သူ့ကိုမြင်သည်နှင့် လန့်ကြသည်။

သူက အလုပ်ဘက်ဌာနမှူး ထောင်မှူးကြီးရုံးခန်းမှ စာရင်းကိုင်ဖြစ်သည်။ ကျွန်တော်က အချုပ်ရုံးက ထောင်မှူး၊ အလုပ်ဘက်သွားရင်း သူငယ်ချင်း ကိုလှတိုးရုံးခန်း၌ထိုင်ရင်း သူနှင့် ရင်းနှီးခင်မင်ခဲ့ရသည်။ ပေါင်းကြည့်တော့မှ စိတ်ရင်းကောင်းမှန်း သိရသည်။ သူက လူပျိုကြီး၊ ကော့မှူး၊ ကွမ်းခြံကုန်းဇာတိ၊ ယခင်မိဘများလက်ထက်က ဆန်စက်များပိုင်သဖြင့် သူဌေးသားလည်းဖြစ်သည်။ မွေးချင်းကတော့ များသည်။ အကြီးဆုံးက ဆရာဝန်မကြီး၊



အလတ်က ဗိုလ်မှူးကတော်၊ အငယ်ညီမတစ်ယောက်နှင့် ညီတစ်ယောက် ရှိသေးသည်။

အလုပ်ဘက်ဌာနမှူးရုံးခန်းက နေ့လယ်နေ့ခင်း အလုပ်ပါးတော့ ကျွန်တော်သွားလည်ရင်း ချက်ထိုး၊ (SCRABBLE) ကစားကြသည်။ ကျွန်တော့်အလုပ်က အချုပ်ရုံးတာဝန်အပြင် အလုပ်ဘက်၌ ကြက်၊ ဝက် မွေးမြူနေလည်း လုပ်ထားသဖြင့် ကျွန်တော်က မကြာခဏ သွားရောက်စစ်ဆေးရသည်။ ထောင်ထဲ၌ဘယ်ဌာနသွားသွား၊ နေ့လယ်စာအတွက် မပူရ။ ရှိတာလေးဖြင့် ဟင်းဖြစ်အောင် လုပ်ကြသည်၊ ထမင်းကတော့ လုံးတီးဆန်ပုပ်လေး၊ ထောင်တွင်း၌ စိုက်ခင်းများရှိသဖြင့် ဟင်းသီးဟင်းရွက်က အလွန်ပေါသည်လေ၊ ပန်းဂေါ်ဖီ၊ မုန်လာ၊ ဟင်းနုနယ်၊ နံကိုဥ၊ ကိုက်လံ စုံအောင်ရသည်။ မွေးမြူရေးလုပ်ငန်းက အသားပေါ်လျှင်လည်း ရသေးသည်။ ထို့ကြောင့် အစားအသောက် မရှားပါ။

၁၉၈၂-ခုနှစ်တွင် ပျားဂေဟာ၊ ကေဒါသင်တန်းများ ပေါ်လာသည်။ ကျွန်တော်တို့ထောင်မှူးများ တစ်သုတ်စီ သင်တန်းတက်ရသည်။ သင်တန်းဆင်းတော့ ကျွန်တော် ဝက်၊ ကြက်၊ ငုံး မွေးမြူရေး သီးသန့်ထောင်မှူးဖြစ်သွားသည်။ (၃)ဆောင်တွင် ရုံးခန်းဖွင့်၍ ထောင်မှူးကြီး ဦးငြိမ်းအောင်နှင့် အတူထိုင်ရသည်၊ ရုံးထိုင်ရသည်ဆိုသော်လည်း ကျွန်တော့်အလုပ်က ထိုင်နေရသည်မဟုတ်၊ ထောင်တွင်း၊ ထောင်ပြင် စက်ဘီးတစ်စီးဖြင့် လှည့်ပတ်စစ်ဆေးနေရခြင်း ဖြစ်သည်။ ထို့ကြောင့် နေ့လယ်စာကို ကြုံရာ၌ စားတတ်သည့်အကျင့် ဖြစ်လာသည်။

ထိုအချိန်က မွေးမြူရေးစီမံကိန်းအရ ထောင်တွင်း၌ ငုံးကောင်ရေ တစ်သိန်းခန့် မွေးမြူထားရာ (၃)ဆောင်တွင် အပေါ်ထပ်၊ အောက်ထပ်ငုံးကောင်



www.burmeseclassic.com

www.burmeseclassic.com

ရေ (၄၀၀၀၀)ခန့်၊ (၄)ဆောင်တွင် (၆၀၀၀၀)ခန့်ရှိရာ အပူပေး မွေးမြူရေး အခန်း၊ စင်တင်ဥဋုံမကြီးများ၊ ငုံးဥဖောက်စက်များဖြင့် ပြည့်ကျပ်နေသည်။

ကျွန်တော်၏ အဓိကအလုပ်က ဝက်စာ၊ ငုံးစာ ဝယ်ခြင်း၊ ဆေးဝါးများ ဝယ်ခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်း၊ ငုံးဥများ ပျားဂေဟာသို့ သွင်းခြင်း၊ ဝက်များအား မွေးမြူရန် ရှာဖွေဝယ်ရခြင်းတို့ ဖြစ်သည်။

ထိုစဉ်က အင်းစိန်ထောင်ပိုင်ကြီးက ဦးဘိမဋ္ဌနန်းနှင့် ဒုတိယတာဝန်ခံက ဦးလှဖေ ဖြစ်သည်။ ထောင်ပိုင်ကြီးက ကျွန်တော့်ကို အလွန်အားကိုးသဖြင့် ဆေးဝယ်ရာ၌လည်းကောင်း၊ လိုအပ်သောပစ္စည်းများဝယ်ရာ၌လည်းကောင်း အတူမြို့ထဲထွက်ကြသည်က များသည်။ ထောင်ပိုင်ကြီးသုံးရန် သီးသန့်ကားဟူ၍မရှိ၊ ထောင်ရိက္ခာဌာနသုံးကိုကားသမားအေးကြူမောင်းသည့် (ည - ၅၀၁၆) HINO RANGER (၂)စီး အပြင်နှင့် ထွန်းအေးမောင်းသည့် (ည - ၈၁၈၅) RANGER ကား သီးသန့်ထောင်သို့ ထမင်းပို့သော (ဆ - ၃၁၁၂) MAZDA (D-1500) ကားစိမ်းကလေးလည်း ရှိသေးသည်။ ထိုကားကို ဒရိုင်ဘာ ကျော်ဝင်း မောင်းသည်။ ဘက်ထရီမကောင်းသဖြင့် လူ(၃)ဦး စက်နိုးရန် အမြဲတမ်း ဝိုင်းတွန်းပေးရသဖြင့် ထိုကားကို သူ့ကားနံပါတ်ဖြင့်လည်း ကိုက်ညီစေရန် သရီးဝိုင်းဝိုင်းတွန်းဟု နာမည်ပြောင်ပေးထားရသည်။ ကျွန်တော်တို့ ဝက်စာ၊ ငုံးစာ ဝယ်သည်က ဒညင်းကုန်းအစိုးရအစာစပ်စက်ရုံ၊ ဆေးဝယ်သည်က ရွှေတိဂုံဘုရားလမ်း၊ အစိုးရမွေးမြူရေးဆေးဆိုင်၊ မျိုးသန့်ဝက်သားပေါက် (LARGE WHITE) များ ဝယ်သည်ကတော့ (၉)မိုင်၊ (၁၀)မိုင်၊ ပျဉ်းမပင်၊ ပဲခူးဘုရားကြီးအစိုးရဝက်ခြံများ ဖြစ်ပါသည်။

အစာစပ်စက်ရုံနှင့် ဆေးဆိုင်များ၊ လိုအပ်ပစ္စည်းဆိုင်များကိုတော့ အပတ်စဉ် ရုံးဖွင့်ရက်များ၌ သွားရသော်လည်း ဝက်အဝယ်ထွက်သည်ကတော့ ကြိုတင်မှာကြားပြီး အားလပ်ရက်များတွင် တပျော်တပါးတည်း သွားဖမ်းကြရခြင်း ဖြစ်သည်။ ဝက်တန်ဖိုးကို ချက်လက်မှတ်ဖြင့် ပေးချေရသဖြင့် ရှင်းသည်။ ဝက်ဖမ်းအဖွဲ့အစားအသောက်ကိစ္စကတော့ ထောင်က သီးသန့်စီစဉ်ပေးသည်။ ထို့ကြောင့်လည်း ဝက်ဖမ်းထွက်မည်ဆိုသည်နှင့် အားလပ်သန့်ထမ်းများ တပျော်တပါး လိုက်ကြခြင်း ဖြစ်သည်။ တကယ်တမ်း ဝက်ဖမ်းရသည်ကလည်း မလွယ်ကူပါ။ နို့ခွဲမှ မတာမ်းအထိ အရွယ်စုံပါဝင်ပြီး အလွန်သန်မာထွားကြိုင်းကြသဖြင့် ခြံထဲမှဖမ်းပြီး ကားပေါ်တင်သည်အထိ နပန်းချတက်လုံးရခြင်း ဖြစ်သည်။ ဝက်ဖမ်းထွက်လျှင် အပိုဝတ်စုံတစ်စုံပါမှ အဆင်ပြေသည်။

ထောင်ထဲသို့ရောက်လျှင်လည်း ကားပေါ်မှ ဝက်ခြံအထဲသို့ ဖမ်း၍ထည့်ရပြန်သည်။ ရဲဘက်များရှိလျှင်တော့ ပြဿနာမရှိ၊ ထောင်ပိတ်ပြီးမှ ညနက်မှ ရောက်လျှင်တော့ ဝန်ထမ်းနှင့် ဝက်များ နပန်းလုံးရတော့သည်။ ဝက်များသည်လည်း သူ့ကို ဖမ်းသည့်သူကို အကဲစမ်းတတ်သည်။ သက်သက်ညှာညှာ ဖွဖွကိုင်လျှင်တော့ ခြေလေးချောင်း စုကန်၍ ထွက်ပြေးတတ်သည်။ တစ်ကောင် လွတ်သွားလျှင် ညမှောင်မှောင်မည်းမည်း ပြန်မိအောင် ဖမ်းရသည်မှာ လွန်စွာခက်ခဲသည်။ ဝန်ထမ်းအင်အားသုံး၍ လိုက်ပေရော့၊ ရှာပေရော့၊ ထို့ကြောင့် ဝက်ဖမ်းရာတွင် ကျွမ်းကျင်သော ရဲဘက်နှင့် ဝန်ထမ်းကိုသာ အသုံးများပါသည်။

* * *

တစ်နေ့တွင် လူပျိုကြီး ကိုခင်မောင်သန်း ကျွန်တော်နှင့်လိုက်၍ ဝက်ခြံများကို လေ့လာသည်။

"ဆရာ - ဝက်တွေကို ဘာကျွေးသလဲ၊ ကျွန်တော်တို့ကွမ်းခြံကုန်းမှာတော့ ဆန်စက်ထဲမှာ မွေးတာ၊ ဖွဲနု၊ ဖွဲကြမ်း၊ ဆန်ကွဲကျိုပြီးကျွေးတာ၊ အခုလိုနိုင်ငံခြားမျိုးဝက်တွေတော့ မဟုတ်ဘူး၊ မြန်မာဝက်မည်းတွေပါ"

"ဒီနိုင်ငံခြားဝက်တွေကတော့ မြန်မာဝက်တွေလို ကျွေးလို့မရဘူးဗျ၊ ထိုးသားအစာကို အစိုးရ အစာစပ်စက်ရုံက ဝယ်ရတာ ငါးခြောက်၊ ပဲဖတ်၊ နှမ်းဖတ်၊ ဖွဲနု၊ ဖွဲကြမ်း၊ ဆန်ကွဲလည်း ပါတယ်၊ လိုအပ်တဲ့ကာကွယ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

အားဆေးတွေလည်း ရောစပ်ပြီးသားပေါ့။ စက်ရုံက မွှေစက်ကြီးနဲ့ မွှေပြီး ရောကြိတ်တော့ အချိုးကျနေတာပေါ့၊ အကောင်ရေများတော့လည်း ဒီမှာ လက်နဲ့ မစပ်နိုင်ဘူးလေ ...”

“ဝက်ကောင်ရေ ဘယ်လောက်ရှိသွားပြီလဲ – ဆရာ”

“အင်း – ဝက်ကောင်ရေက ထောင်ထဲက အဆောင်တွေမှာနဲ့ အလုပ်ဘက်အပါအဝင် တစ်ထောင့်ငါးရာလောက် ရှိတယ်။ ထောင်ပြင်ဝက်ခြံတွေမှာတော့ နှစ်ထောင့်ငါးရာလောက် ရှိတယ်၊ စုစုပေါင်းရင်တော့ လေးထောင်လောက် ရှိတယ်၊ တိရစ္ဆာန်ဆရာဝန်(၂)ဦး ခန့်ထားရတယ်”

“လုပ်ငန်းက မသေးဘူးနော်။ ငုံးတွေကရော ဘယ်လောက်ရှိသွားပြီလဲ”

“ငုံးတွေက ကောင်ရေ တစ်သိန်းပြည့်တော့မယ်၊ အပတ်စဉ် ရာနဲ့ချီပြီး တိုးနေတာ၊ ဖောက်စက်ကြီးက (၅)လုံး ရှိတယ်လေ ...”

“ဆရာ – ကျွန်တော် တစ်ခေါက်လောက် ငုံးဆောင်ကို လေ့လာလို့ ရမလား။ ငွေစာရင်းလည်း ကျွန်တော့်ကို နိုင်းနိုင်ပါတယ်”

“မနက်ဖြန် စနေနေ့ပဲ။ ကျွန်တော် ဝက်ခြံလာစစ်ရင်း အပြန်လိုက်ခဲ့ပေါ့”

“ဟုတ်ကဲ့ – ကျေးဇူးပဲ – ဆရာ”

နောက်တစ်နေ့တွင် အလုပ်ဘက်ဝက်ခြံအား စစ်ဆေးပြီးသည်နှင့် ကျွန်တော် အလုပ်ဘက်ဌာနမှူးဦးလှတိုးထံ ခွင့်တောင်းပြီး ကိုခင်မောင်သိန်းအား ခေါ်ခဲ့သည်၊ ပထမဆုံး (၃)ဆောင်မွေးမြူရေးရုံးခန်းဝင်၌ စာရင်းအင်းများအားပြရာ ကိုခင်မောင်သိန်းက စာရေးကိုတင်မောင်နှင့် စာရင်းအင်းများအား ညှိပေးသည်။ ပြီးနောက် – ကျွန်တော်က (၄)ဆောင်သို့သွား၍ ငုံးဖောက်စက်များအခန်း၊ ငုံးပေါက်ကလေးများ အပူပေးခန်းနှင့် ငုံးမကြီးဥစင်များအား လိုက်ပြရာ သူ အလွန်စိတ်ဝင်စားသည်။

၁၉၈၄ – ခုနှစ် ကျွန်တော် ကော့သောင်းစခန်းသို့ ပြောင်းရခါနီးတွင် ကိုခင်မောင်သိန်း ထောင်က လွတ်သည်။ သူ့အပြင်တွင် မွေးမြူရေးလုပ်မည်၊ တစ်ရက်၊ တစ်ညအိပ်လောက် လာလည်ရန် ဖိတ်သွားပါသေးသည်။ ကျွန်



တော်ကတော့ မေ့မေ့ပျောက်ပျောက်ပင်၊ ကော့သောင်းစခန်းသို့ ပြောင်းရွှေ့ နေ့အမိန့်မထွက်မီ (၂)ရက်ခန့်အလိုတနင်္ဂနွေနေ့ရက်တွင် ကိုခင်မောင်သိန်း ကျွန်တော့်အား လာခေါ်သည်၊ ကျွန်တော်လည်း မရောက်ဘူးသဖြင့် တွံတေးကုန်းမြို့သို့ အလည်လိုက်သွားသည်။

သူ့အိမ်က မြို့မပိုင်းရပ်ကွက်ထဲ၌ဖြစ်သည်၊ မြေကျယ်သဖြင့် အိမ်မကြီးအား အဓိကချုပြီး ငုံးများကိုဝါးစင်ဖြင့် မွေးမြူထားသည်မှာ အကောင်(၅၀၀)ခန့်ရှိသည်၊ ငုံးဥများ စတင်ဥနေပြီဖြစ်သည်၊

“ကိုခင်မောင်သိန်း – တယ်ဟုတ်ပါလားဗျ၊ အောင်မြင်တယ်နော်”



“ဒါနဲ့ – ဆရာ – ကျွန်တော့်မှာ ပြဿနာတစ်ခု ရှိနေတယ်။ ခြံထဲမှာ မွေးထားတဲ့ငုံးတွေ၊ တစ်ညခြား ခေါင်းပြတ်ပြီး နှစ်ကောင်၊ သုံးကောင် သေနေတာတွေ့တယ်။ ညီမက ဖေဒင်မေးတော့ ဒီခြံမြေအစောင့်မကြိုက်လို့ လုပ်တာတဲ့။”

www.burmeseclassic.com

"ကျွန်တော် - ဆရာတို့ တောင်ထဲက လေ့လာလာတာလေ၊ ငုံးကောင် ပေါက်မနိုင်သေးလို့ ငုံးမတမ်းတွေ ဝယ်မွေးတာ၊ အကောင်(၅၀၀)မှာ တစ်ဝက်လောက်တော့ ဥနေပြီ၊ အဲ့ဒါ - ဘာတွေလိုသလဲ - ဆရာ၊ ကြည့်ပေးပါ"

"နေ့လယ်ခင်း အစာစိမ်းကျွေးသလား"

"ကျွေးတယ် - ဆရာ၊ ဒီမှာက ကန်စွန်းရွက်ပေါတော့ စင်းပြီးကျွေးတယ်၊ အစာကတော့ ဆရာပြောထားတဲ့အတိုင်း စပ်ပြီးကျွေးတယ်၊ အရမှ ညီကော၊ ညီမကော အလုပ်ရနေကြပြီ၊ သူတို့လည်း စိတ်ဝင်စားပါတယ်၊ နေ့စဉ်လည်း ဝင်ငွေရှိနေပြီလေ ..."

"ကောင်းပါတယ်၊ ဒီမြို့မှာ ဖွဲနု၊ ဖွဲကြမ်း၊ နှမ်းဖတ်၊ ပဲဖတ်နဲ့ ငါးခြောက်လည်း ပေါမယ်ထင်တယ်၊ လျှပ်စစ်မီး ရှိသားပဲ၊ ကြိတ်စက်ကလေးတစ်ခုထောင်ထား၊ နှမ်းဖတ်၊ ပဲဖတ်၊ ငါးခြောက်ကြိတ်ရတာပေါ့၊ စပ်စာရောင်းတဲ့ဆိုင် မရှိသေးဘူး မဟုတ်လား"

"ဟုတ်ပို့ - ဆရာရယ်၊ ပဲဖတ်၊ နှမ်းဖတ်၊ ငါးခြောက်မှုန့်က ဒီကွမ်းခြံကုန်းမှာ မရှိဘူး၊ ကော့မှူး သွားဝယ်ရတယ်၊ မဝေးပေမဲ့ အချိန်ကုန်၊ လမ်းစရိတ်ကုန်တာပေါ့၊ ငုံးမွေးမြူရေးလုပ်ငန်းက ကျွန်တော်တို့မြို့မှာ မတွင်ကျယ်သေးဘူး - ဆရာ"

"ကျွန်တော်ပြောသလို လုပ်ပါ၊ မော်တာနဲ့ ကြိတ်စက်ကို ကျွန်တော် ရန်ကုန်အပြန်လိုက်ဝယ်ခဲ့၊ အီဘူးကို ခင်ဗျားသိတာပဲ၊ အဲ့ဒီဆိုင်က ဝယ်ပေးမယ်၊ စက်ဆင်တာတော့ ကွမ်းခြံကုန်းက နားလည်သူကို ဆင်ခိုင်း၊ ဒီလုပ်ငန်းက တိုးတက်လာမှာ၊ နောက်ပိုင်း ငုံးမွေး၊ ဘဲ၊ ကြက်စာ၊ ငုံးစာ ကြိတ်ရောင်းတောင် ကြီးပွားနိုင်တယ်၊ ဒီမှာက ကုန်ကြမ်းပေါတယ်လေ ..."

"ဆရာ - ကာကွယ်ဆေးနဲ့ အားဆေးတွေလည်း လိုတယ်၊ ကော့မှူးက စျေးကြီးတော့ ရန်ကုန်မှာ ရနိုင်မလား"

"အင်း - ကာကွယ်ဆေးက လည်လိမ်ရောဂါအတွက် ဖျက်စဉ်းခတ်ရမယ်၊ နောက်တစ်မျိုးက သွေးဝမ်းကာကွယ်ဆေး ကြိုတင်တိုက်ရမယ်၊ အားဆေးတွေက သောက်ရေထဲမှာ BURPLEX ထည့်တိုက်ရုံနဲ့ ရပါတယ်၊ အစာစားချင်အောင် ရောဂါမဝင်အောင် ကာကွယ်ဆေးကတော့ ADIUVIT ပဲ အစာထဲ ခပ်ကျွေးရတာ၊ သွေးဝမ်းကာကွယ်ဆေးကလည်း ရေထဲထည့်တိုက်ရတာ၊ ကျွန်တော် ရွှေတိဂုံဘုရားလမ်း ဦးသန်းလင်းဆိုင်က ဝယ်ပေးမယ်၊ အစိုးရဆိုင်ဆိုပေမယ့် မန်နေဂျာ ဦးသန်းလင်းနဲ့ ကျွန်တော်က ခင်တော့ အနည်းအပါးတော့ အစိုးရဈေးနဲ့ ဝယ်ရပါတယ်၊ နောက်ပြီး VITADOL ဆိုတဲ့ ဥကြီးထွားဆေးလည်း လိုတယ်၊ ငုံးတွေရဲ့သက်တမ်းက တစ်နှစ်ထက်မပိုဘူး၊ သက်တမ်းသုံးလေးလမှာ ဥ စ,ဥတယ်၊ (၈)လ ကျော်ရင် ဥကျလာတယ်၊ (၉)လရောက်တော့ ငုံးကောင်တွေကို ထုတ်ရောင်းရတယ်၊ အကျိုးအမြတ်မကျန်တော့ အသစ်ထပ်မွေးပေါ့၊ ပေါက်စကနေ အရွယ်ရောက်စလောင်းနဲ့ ကိုယ်တိုင်မွေးတာက ပိုတွက်ခြေကိုက်လိမ့်မယ်"

"ဆရာ - ငုံးထီး၊ ငုံးမ ဘယ်လိုခွဲမလဲ"

"ငယ်တုန်းကတော့ ခွဲမရနိုင်ဘူး၊ ကျွမ်းကျင်သူတွေကတော့ သိမှာပေါ့၊ ကျွန်တော်သိတာကတော့ အရွယ်ရောက်တာနဲ့ ငုံးထီးက တွန်တယ်၊ ငုံးမတွေက အသံမထွက်ဘူး၊ ငုံးထီးထက် ငုံးမက ပိုကြီးတယ်၊ အကောင်နဲ့မမျှအောင် ဥတွေကို နေ့စဉ်ဥရတော့ ငုံးမက အမွေးအတောင် ကျွတ်တယ်၊ ငုံးထီးတွေကတော့ အတောင်အမွေး စုံတယ်"

"ဒါနဲ့ - ဆရာ - ကျွန်တော့်မှာ ပြဿနာတစ်ခု ရှိနေတယ်၊ ခြံထဲမှာ မွေးထားတဲ့ငုံးတွေ၊ တစ်ညခြား ခေါင်းပြတ်ပြီး နှစ်ကောင်၊ သုံးကောင် သေနေတတ်တယ်၊ ညီမက ပေဒင်မေးတော့ ဒီခြံမြေအစောင့်မကြိုက်လို့ လုပ်တာတဲ့"

မယုံစမ်းပါနဲ့ဗျာ၊ ခင်ဗျားတို့ခြံက ချောင်းစပ်နဲ့နီးပြီး လမှောင်တော၊ ချုံထူတောဆိုတော့ ကြွက်တွေ၊ တောကြောင်တွေ ရှိမှာပေါ့၊ ငုံးဆိုတာက အစာကို တစ်မှတ်ရှိန်နဲ့ စားတာမဟုတ်ဘူး၊ အစာဆာတိုင်း ထ,စားတာ၊ အစာခွက်နှုတ်က ခြံအပြင်မှာဆိုတော့ ခေါင်းထွက်စားတာနဲ့ အကောင်က ခေါင်းကိုက်တိုက်တာ၊ ခန္ဓာကိုယ်ကကြီးတော့ ဝါးကွက်ကြားထဲက ထွက်မရတော့ ခေါင်းပြတ်ပြီး ကျန်ခဲ့တာပေါ့၊ လေးခွတစ်ချောင်းသာ ရှာထား၊ ညကျ ကျွန်တော် စောင့်ပြီးပစ်ပေးမယ်၊ ညကျ တရားခံမိမှာပါ - မပူပါနဲ့"





www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ကျွန်တော် ကိုခင်မောင်သိန်း၏ငုံးခြံကိုစစ်ဆေး၊ ပတ်ဝန်းကျင် ချုံတောအား ရှင်း၊ ခြံတွင်းအမှိုက်လှဲ၊ ထုံးမှုန့်ဖျန်း၊ သန့်ရှင်းရေးလုပ်၊ အတော် ပင်ပန်းသွားသည်။ ညစာ စားသောက်ပြီး ည(၉)နာရီခန့် ကျွန်တော် လေးခွ တစ်လက်၊ လောက်စာလုံးလွယ်အိတ်ဖြင့် ငုံးခြံထောင့် မှောင်ထဲမှာ ထိုင်ခုံ တစ်လုံးနှင့် စောင့်နေသည်။

ည(၁၀)နာရီတွင် အကာအောက်ခြေဝါးထရံအား ကုတ်ခြစ်သံ ကြားရ သည်။ လေဝင်လေထွက် ကောင်းစေရန် ဒူးပိတ်ဝါးထရံအပေါ်၌ ဝါးလုံးများ သာ (၄)လက်မခြား၍ကာထားပြီး ညဘက်၌ပလတ်စတစ်တစ်စကို ချထား သည်။ ကုတ်ခြစ်သံကမိုးကာစလွတ်ရာ အိမ်မကြီးနှင့်အဓိကြားကဖြစ်သည်။ ကျွန်တော် ငုံးခြံထဲမှ တစ်ပွင့်တည်း ထွန်းညှိထားသော လျှပ်စစ်မီးလုံး၊ မီး ရောင်ဖြင့် လေးခွအဆင်သင့်ပြင်၍ စောင့်နေပါသည်။

မကြာပါ၊ အဝါရောင်မျက်လုံးတစ်စုံ ပေါ်လာပါသည်။ နားရွက်ထောင် ထောင်တစ်စုံလည်း မြင်ရသဖြင့် တောကြောင်တစ်ကောင်ဖြစ်မှန်း သိသာ သည်။ ကျွန်တော်အပိုင်ပစ်နိုင်ရန်ခြံတွင်းဝင်လာချိန်ကိုစောင့်ရသည်။ တော ကြောင်ကလည်း အပါး၊ ခြံတွင်းရှင်းလင်းပြီး ထုံးမှုန့်ဖျန်းထားသဖြင့် အခြေ အနေကို စောင့်ကြည့်နေသည်။ အတော်နှင့် ဝင်မလာပါ၊ ကျွန်တော် လက် ယားနေပြီ။ သို့သော် စောင့်နိုင်မှ အကျိုးရှိ၊ အောင့်နိုင်မှ သူခိုးမိပေမည်။ ငုံး များကတော့ ရန်သူ့အနံ့ရသည်ထင့်၊ ဝရုန်းသုန်းကား ပြေးလွှားလှုပ်ရှားနေ ကြသည်။ တောကြောင်ကလည်း အငြိမ်စောင့်သည်။ ငြိမ်သွားမှ ခေါင်းဝင်၍ တစ်လှမ်းချင်း ငုံးစင်ပေါ်သို့ ခုန်တက်သည်။ ထိုအခွင့်အရေးက ကျွန်တော့် အတွက် အကွက်ဝင်သွားခြင်း ဖြစ်သည်။ ငုံးစင်ပေါ်သို့ရောက်၍ ခန္ဓာကိုယ် အားကြွပြီး ခေါင်းအမော့၊ နာယောင်တည့်တည့်သို့ စက်ဘီးကုန်းသီးကို လောက်စာလုံးလုပ်၍ အသေအချာချိန်ပြီး ပစ်ထည့်လိုက်သည်။

"ခွပ်"



"ဘူး - ဘဲ - ဝရုန်း - ဖုန်း"

တောကြောင်ကြီး နာခမှန်၍ငုံးစင်ပေါ်မှပြုတ်အကျ၊ ကျွန်တော် အပြေး အလွှားသွားပြီး ခေါင်းအား လောက်စာလုံးဖြင့် တစ်ချက်ပစ်ချပြန်ပါသည်။

"ခွပ်"

"ဖုန်း - ဖုန်း"

ငုံးများက အလန့်တကြား ပြေးလွှားရင်း ဆူညံနေသည်။ တောကြောင် ကြီးကတော့ ငြိမ်သက်သွားချေပြီ။

ထိုစဉ် ကိုခင်မောင်သိန်းနှင့် အိမ်သားများ နိုးလာကြပြီး တုတ်မီးကိုယ်စီ ဖြင့် ငုံးခြံဘက် လာကြသည်။

"ဆရာ - သူခိုး မိပြီလား"

"အေး - မိပြီ၊ တောကြောင်ကြီးပဲ၊ နှစ်ပိဿာလောက် ရှိလိမ့်မယ်၊ ငယ်တဲ့အကောင်ကြီး မဟုတ်ဘူး၊ ဒီညတော့ ငုံးတွေလန့်လို့ ဥနှုန်းကျသွား လိမ့်မယ်"

"ကျပါစေ - ဆရာရယ်၊ နောက်ညတွေကျ အန္တရာယ်ကင်းလို့ ဥနှုန်း မြင့်တက်လာမှာပါ"

ထိုစဉ် ကိုခင်မောင်သိန်းညီ စိန်ကုလားက -

"ဆရာ - ညလယ်စာ ကျွန်တော် ကြောင်သားချက်ပေးမယ်၊ လတ်တလော ARMY RUM ကလေးနဲ့ အတော်ပါပဲ"

ထိုညက ရေတတ်သီးသီးစပ်စပ်ဖြင့် ကြောင်သားအား ညလယ်စာအဖြစ် ARMY RUM နှင့် မြည်းကြသည်။ အောင်ပွဲခံခြင်းဖြစ်သည်။ ညအိပ်ရာ ဝင်တော့ ညမှန်းတည့်(၁၂)နာရီ ထိုးချေပြီတည်း။ ဗိုက်လေးလေးနှင့် ကျွန် တော် တစ်ချိုးတည်း အိပ်ပျော်သွားသည်။ မနက်(၆)နာရီခန့် ဆူညံစွာ အော် ဟစ်သံများကြောင့် ကျွန်တော် အိပ်ရာက လန့်နိုးသည်။ ကိုခင်မောင်သိန်း ဇနီး မိသန်းကြည်ကို တစ်စုံတစ်ရာ ဝင်ပူးနေခြင်း ဖြစ်သည်။ ကိုခင်မောင် သိန်းနှင့် သူ့ညီစိန်ကုလားက ငုတ်တုတ်ထိုင်ကြည့်နေကြသည်။ ဘာမှ လုပ်ရန် မစွမ်းရဲကြပါ။



www.burmeseclassic.com

www.burmeseclassic.com

"မကျေနပ်ဘူးဟေ့ - မကျေနပ်ဘူး"

"ကဝေပျံ မိစ္ဆာတဲ့ဟေ့၊ အားလုံး မသာပေါ်ပြီသာမှတ်"

ကျွန်တော် အိပ်ရာက ကမန်းကတန်းထပြီး -

"ကိုခင်မောင်သိန်း - မိသိန်းကြည် ဘာဖြစ်နေတာလဲ"

"မသိဘူး၊ မကျေနပ်ဘူးချည်း ပြောနေတယ်၊ ကဝေပျံမိစ္ဆာလို့လည်း ပြောသေးတယ်၊ အားလုံး မသာပေါ်မယ်တဲ့လေ၊ မိသိန်းကြည်က နဂိုကတည်းက စိတ်သိပ်မှန်တာ မဟုတ်ဘူး၊ ရူးပေါပေါကလေးဗျ"

"ကဲ - အဲ့ဒါဆို"

ကျွန်တော်က ဝင်၍ -

"မိသိန်းကြည် - ဘာဖြစ်တာလဲ"

"ငါ - မိသိန်းကြည် မဟုတ်ဘူး၊ ကဝေပျံ မိစ္ဆာ"

"ကဝေပျံပျံ၊ မပျံပျံ မိစ္ဆာက ဘယ်သူလဲ၊ ဘာကို မကျေနပ်လို့လဲ - ပြော"

"ဟဲ့အကောင်ရဲ့ - ကဝေပျံမိစ္ဆာဆိုမှတော့ မိစ္ဆာပဲပေါ့၊ ငါ့ကြောင်ကို နှိုးချက်စားတာ ငါမကျေနပ်ဘူး"

"ခင်ဗျားကြောင်က ငုံးတွေကို ခေါင်းဖြတ်နိုးစားတာ မသိဘူးလား"

"ဟဲ့ - ကြောင်က တိရစ္ဆာန်ပဲ၊ စားစရာရှိ စားမှာပေါ့"

"အေး - ကျုပ်တို့ကလည်း လူပဲ၊ နိုးစားတာ ဖမ်းမိရင် အပြစ်ပေးမယ်"

"ခြောက်လုနဲ့ထုတ်ပါလား၊ အခုတော့ - သတ်ပစ်ပြီး ချက်စားရတယ်လို့"

"ကျုပ်တို့လည်းကြောင်သူခိုးကို လက်ပူးလက်ကြပ်မိလို့သတ်ပစ်တာ တိုင်ချင်ရာ တိုင်နိုင်တယ်"

"မတိုင်ဘူး၊ နင်တို့ကို ငါ့ပညာနဲ့ အသေသတ်မယ်၊ ကဝေပျံမိစ္ဆာတဲ့ တစ်စောတည်း ရှိတယ်"



"အေးလေ - နှစ်စောရှိရင်လည်း အိပ်ရေးပျက်တာပေါ့၊ အခုတောင် ...စောစီးစီး အိပ်ရေးပျက်သွားပြီ"

"အေး - စောင့်ကြည့်နေကြ၊ ငါ့အကြောင်းကို ကောင်းကောင်းသိစေ ...မယ်"

ကဝေပျံမိစ္ဆာ ထွက်သွားတော့ မိသိန်းကြည် အရုပ်ကြိုးပြတ် လဲကျ ...နှင့်ခဲ့ရာ ကျွန်တော်တို့ပြုစုရတော့သည်၊ သတိရ၍မေးတော့လည်း ငို၍သာ ...နေသည်၊ ဘာမှုမေးမရ၊ ရောဂါဖြင့် သွေးလေချောက်ချားနေတာပဲဖြစ်မည်၊

ကိုခင်မောင်သိန်းက -

"မိသိန်းကြည်က မွေးကတည်းက လိပ်ပြာငယ်တတ်တယ်၊ နလုံးရောဂါ ...အစ်လည်း ရှိတယ်၊ ကိစ္စမရှိဘူး၊ ကျွန်တော် သူသောက်နေကျ နလုံးငြိမ် ...ဆေး တိုက်လိုက်မယ်၊ အိပ်ပျော်သွားမှာပါ"

မိသိန်းကြည် အိပ်ပျော်သွားမှ ကျွန်တော်က တိုးတိုးမေးရတော့သည်၊

"ကိုခင်မောင်သိန်း - ကဝေပျံမိစ္ဆာဆိုတာ ဘယ်သူလဲ"

"ကျွန်တော်ထင်တာတော့ အနောက်ရပ်ကွက် ကွမ်းခြံကုန်းချောင်းစပ် ...မိန်းမကြီး ဖြစ်လိမ့်မယ်၊ သူက နာမည်ကြီးပဲ - ကဝေမကြီးတဲ့"

"ခင်ဗျားက ကြောက်လို့လား၊ ကြောင်ကြီးကိုသတ်တာက ကျွန်တော် ...တော"

"ကျွန်တော်တို့လည်း ဝိုင်းပြီး စားကြ၊ သောက်ကြတယ်လေ"

"ဒီခေတ်ကြီးမှာ - ခင်ဗျား စုန်းတွေ၊ ကဝေတွေကို ယုံလို့လား"

"အင်း - ယုံတာ၊ မယုံတာ အပထား၊ အဲ့ဒီမိန်းမကြီးက (၁၂)ကြိုးတာဝေ ...ကြီးလို့ လူပြောများတယ်၊ အခုလည်း ကြည့်ပါလား၊ ညက ကျွန်တော်တို့ ...ကြောင်ကြီးကို သတ်ပြီး ချက်စားတော့ ဘယ်သူသိတာမှတ်လို့၊ သူနေတာ ...တမ်းနားမှာ အဝေးကြီး"

"အစွဲအလမ်းမထားစမ်းပါနဲ့ဗျာ၊ တစ်ယောက်ယောက်မြင်လို့ ကြားလို့ ...တင်းပေးလို့ နေမှာပေါ့၊ ကြောက်မနေစမ်းပါနဲ့၊ ကြောင်ကြီးကိုသတ်တာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ပဲ၊ ကိုင်စရာရှိကျွန်တော့်ကိုကိုင်လိမ့်မယ်။ ဘာမှမစိုးရိမ်နဲ့၊ ဘုရားတရားတော့ ပုံမှန်အတိုင်းလုပ်ပေါ့"

ထိုနေ့က မနက်စာမုန့်ဟင်းခါး ထွက်စားပြီး ဈေးအဝင်လမ်းထိပ်က လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြသည်၊ ညကနှင့် မနက်က အကြောင်းများ ပြောဖြစ်ကြပြန်သည်၊ နေ့လယ်စာ စားတော့လည်းကျွန်တော်နှင့်စိန်ကုလား က ကြောင်သားဟင်းဖြင့်ပင် ထမင်းစားကြပြန်သည်၊ ကိုခင်မောင်သိန်းနှင့် သူ့ညီမကတော့ ကြောင်သားမစား၊ အခြားဟင်းဖြင့်သာ စားသည်၊

ထိုနေ့ နေ့လယ်စာ စားပြီး ကျွန်တော် ညနေပိုင်းအင်းစိန်အိမ်ပြန်ရောက်တော့ ကျွန်တော့်အား ကော့သောင်း ဆီအုန်းစခန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်စာ ထွက်လာကြောင်း ဇနီးသည်က ဝမ်းနည်းစွာ ပြောပြီး အမိန့်စာကို ပြသည်၊ ဝန်ထမ်းဖြစ်၍ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည်မှာ ဓမ္မတာဖြစ်သည်၊ သို့သော် ကျွန်တော် ရန်ကုန် – မန္တလေး အမြန်လမ်းစခန်းက ပြောင်းရွှေ့လာသည်မှာ မကြာသေး၊ ကဝေပျံမိစောလက်ချက်တော့ မဖြစ်နိုင်၊ တိုက်ဆိုင်မှုပဲ ဖြစ်ပါလိမ့်မည်၊ တစ်ပတ်အကြာတွင် မြစ်ကြီးနားသဘောကြီးဖြင့် ကျွန်တော် ကော့သောင်းစခန်းသို့ ပြောင်းရသည်၊ ပါဆယ်ပါညွန်းစခန်းတွင် "ထောက်" ဌာနတာဝန်ခံထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ရပြီး လေးငါးလအကြာတွင် အောင်ချိုင်ခြံတာဝန်ခံဖြစ်၍ ထောင်မှူးကြီးရာထူးသို့တိုးမြှင့်ခြင်း ခံရပါသည်၊ ငှက်ဖျားဒေသဖြစ်၍ အများသူငါများကြုံပြီးသေကောင်ပေါင်းလည်းဖြစ်ကြသော်လည်းကျွန်တော်မဖျား။ အသက်နှင့်ရင်း၍ အမဲလိုက်ခဲ့သော်လည်း ကျွန်တော် အန္တရာယ်မကြုံခဲ့ပါ။

၁၉၈၆ – ခုနှစ်တွင် ကျွန်တော် အင်းစိန်ပြန်ရောက်သည်၊ JOINING TIME နားရက်တွင် ကျွန်တော် ကွမ်းခြံကုန်း သွားလည်ဖြစ်သည်၊ ကိုခင်မောင်သိန်းက ကျွန်တော့်ကိုမြင်တော့ အံ့ဩစွာဖြင့် –

"ဆရာ – ဘာမှမဖြစ်ဘူးလား၊ ကျွန်တော့်ညီ စိန်ကုလားတော့ နှိုကတည်းက စိတ်မမှန်တဲ့အကောင် ရူးသွားပြီ၊ ကဝေပျံမိစောလည်း အရက်သမားက ဓားနဲ့ တက်ခုတ်လို့ သေသွားပါပြီ၊ အဲ – ထူးဆန်းတာကတော့ မိစောအလောင်းကို ရပ်ရွာထုံးစံအတိုင်း သင်္ချိုင်းမှာ မီးပုံရှို့တော့ မီးရှူးမီးပန်းလိုတရှူးရှူးပန်းထွက်ပြီး ချက်ချင်းပြာကျသွားသတဲ့၊ သူ့အတတ်ပညာတွေ မီးလောင်သွားတာ ဖြစ်မှာပေါ့ – ဆရာရယ်" တဲ့လေ၊

တဲ – အံ့ဩထူးဆန်းစရာတွေချည်းပဲ မဟုတ်လား၊ တိုက်ဆိုင်မှုတွေပဲ ဖြစ်မည်၊

➢ **ထောင်မှူးကြီးသိန်းခင်**

**စာမူရှင်များသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

**၁၉၂၀-ခုနှစ်** ... နောင်မြန်မာပြည်တွင် ထင်ရှားလာမည့် ပညာ့အလင်းမဂ္ဂဇင်းနှင့် ပညာ့အလင်း သတင်းစာဟူ၍ ပေါ်ပေါက်လာခဲ့သည်။ တိုင်းပြည်ကို အသိဉာဏ်ပေးနိုင်မည့် သတင်းစာတစ်စောင်ဟူ၍ သူရိယနှင့် မြန်မာ့အလင်းသတင်းစာတို့က ခရီးဦးကြို ပြုကြပေသည်။



www.burmeseclassic.com

သူရိယသတင်းစာကမြန်မာနိုင်ငံကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကျွန်ုပ်တို့သတင်းစာများက ပြည်သူအများကို မျက်လုံးဖွင့်ပေးနေကြသည့် အချိန်သတင်းစာစောင်ရေနည်းပါးနေဆဲတွင်ယခုကဲ့သို့နောက်ထပ်သတင်း စာတစ်စောင် တိုးတက်လာသဖြင့် ကျွန်ုပ်တို့ အားရနှစ်ထောင်း ရှိလှပေ သည်။ ပြည်သူအများက ဝယ်ယူဖတ်ရှုခြင်းဖြင့်အားပေးကူညီရန် တိုက်တွန်း ရပေသည်ဟု ကြိုဆိုရေးသားခဲ့ပေသည်။

ဦးဘဘေ(ဘီအေ)နှင့်ဦးလှဖေတို့ … ရန်ကုန်မှနေ၍ဦးစီးထုတ်ဝေကြ သော သူရိယသတင်းစာကား … ယခင် ဂလုပ်ရုံ(နောင်အခါ ဂုက်) ယခု (ထရိတ်ဒါးဟော်တယ်)နေရာတွင် ဖြစ်သည်။ ပညာ့အလင်းသည် ထိုစဉ် က အမှတ် - ၅၆၊ ၅၁ - လမ်းတွင် ဖွင့်သည်။ အင်ဒီပင်းဒင့်နိုင်ငံကား … မည်



ဆရာသင် အသက်ခံရသည့်ကိစ္စတွင် တစ်ဖက်က နိုင်ငံရေးရန်သူလော၊ သတင်းစာရန်သူလောဟု တစ်ဖက်ဖက်၏ ပယောဂ မကင်းဟု ထင်ကြသော်လည်း ကာယကံရှင် ငမိုးသာ ထောင်ကျသွားသည်။ နောက်ပိုင်းတရားခံ မပေါ်ပဲ ရှိခဲ့သည်။



သို့ အခွင့်အရေး ရှိသည်။ မလွတ်လပ်သော ကိုလိုနီလက်အောက်ခံနိုင်ငံ အား … ပြည်သူက ဘာမျှအခွင့်အရေးမရှိ …။ အင်္ဂလိပ်လက်အောက်တွင်ပင် နေရပေစေ … ကျွန်ုပ်တို့သည် ကနေဒါ - ဩစတြေးလျတို့လို ကိုယ့်နိုင်ငံကို အဘောကျအုပ်ချုပ်သော (ဟုမ္မရူး)အခွင့်အရေးတောင်းခွင့်ရှိသည်။ တောင်း ကြရမည်ဟူ၍ စတင်အသိဉာဏ်ပေးသည်။

ထိုအချိန်က အာဏာပြင်းလှသော ရှာခေါင်းသူကြီး စသည်တို့ကိုပင် ကြောက်နေရသော ကျွန်တော်တို့ မြန်မာများသည် သူတို့သခင် အင်္ဂလိပ် လူမျိုး အရှင်ကြီး သခင်ကြီးတို့ထံ သူရိယသတင်းစာက ကိုယ့်မင်းကိုယ်ချင်း လွတ်လပ်ရေးတောင်းရမည်ဟု ရေးသောအခါ “ဟာ - တယ်ဟုတ်ပါလား” ဆိုကာ အသိဉာဏ်ပွင့်ကြရသည်။ အကြောက်ပြေသွားကြသည်။

ထိုအတွင်း ဆရာတော် ဦးဥတ္တမက … “ဟေ့ - ဘုရင်ခံ ဆာရယ်ဂျီနယ် ဘရက်ဒေါက် - ဗမာပြည်က ထွက်သွားလိုက်” ဟူ၍ ဘုရင်ခံကို မောင်းထုတ် သော ပေးစာကို သူရိယက ထည့်သွင်းဖော်ပြလိုက်သောအခါ ကျွန်တော်တို့ မှာ ပို၍အားတက်လာမိကြသည်။ တစ်ဆက်တည်းပင် … ဘိလပ်သို့ ဗေပုရှိန် အလိုတော်ရိများ သွားစဉ်က မစ္စတာမောင်မှိုင်း၏ခေါင်းငြိကာ သူရိယတွင် ပါ လာပြန်သည်။

ဤကဲ့သို့ အရေးအသားများဖြင့် အမျိုးသားစိတ် နှိုးဆွပေးသော သူရိယ သတင်းစာကြီးကပင် အားပေးကြိုဆိုခဲ့သော ပညာ့အလင်းသတင်းစာသည် ထိုခေတ်က ငွားငွားစွင့်စွင့် ထွက်ပေါ်လာခဲ့သည်။

ဤကဲ့သို့ ပညာ့အလင်းသတင်းစာထွက်စ, မြန်မာပြည်နိုင်ငံရေးကား သိသင်ညီဂိုဏ်းခေါ် (ဗူသာသင်း)လူကြီးပိုင်းနှင့် တော်လှန်ရေးလူငယ် ပိုင်းဟူ၍ရှိပြီး ခေ့စပ်၍မရနိုင်ဘဲ ကွဲသည်ထက်ကွဲကာ တင်းမာနေချိန် ဖြစ်၏။

ထိုနိုင်ငံရေးအကွဲကိုမြန်မာ့အလင်းနှင့် သူရိယက လူငယ်ပိုင်းမှ ထောက် ခံနေသားပြီး ပညာ့အလင်းက လူကြီးပိုင်းကို အားပေးသည်။ နိုင်ငံရေးအကွဲ ပြင်းထန်သလောက် သတင်းစာအကွဲလည်းပြင်းထန်သည်။ မြန်မာ့အလင်း နှင့် သူရိယက တော်လှန်ရေးစိတ်ဓာတ်ရှိသော လူငယ်ပိုင်းကို အားပေး



www.burmeseclassic.com

www.burmeseclassic.com

ရေးသားသလောက် ပညာ့အလင်းက လူကြီးပိုင်း၏ အယူအဆ ဝါဒနှင့် လုပ်ငန်းစဉ်ကို အသားပေး ရေးသားသည်။ အပြင်နိုင်ငံရေးအကွဲ ဂယက်လှိုင်းတံပိုး ကြီးမားလှေလေ … သတင်းစာအချင်းချင်း အယူအဆ ခြားနားချက်လည်း ပြင်းထန်လေလေ ဖြစ်သည်။

၁၉၂၀ - ခုနှစ်၊ နိုဝင်ဘာလ တစ်နေ့တွင် ဖြစ်သည်။

★★★

မြန်မာ့အလင်းအယ်ဒီတာ ကွမ်းရုံသူတားအနီး ဓားနှင့်အထိုးခံရ၍ သေရသည်။ ဓားနှင့်ထိုးသူ လူဆိုးကြီး ငမိုးကိုမြင်းခြံ ငါ်ရာဆာသင်က နေရာတွင် ဖမ်းမိသည်။

ဟု သတင်းစာများတွင် သတင်းပါလာသည်။ နိုင်ငံရေးအကွဲနှင့် သတင်းစာများ သဘောချင်းမတူသည့်အချက်ကို စိတ်ဝင်စားစွာ စောင့်ဖတ်နေကြသူများအဖို့ တုန်လှုပ်ချောက်ချားသွားသည်။ သို့လော၊ သို့လော တွေးတောပြောဆိုကြသည်။ လူငယ်ပိုင်းကို အားပေးထောက်ခံသော ဆရာသင်ကား သေလေပြီ။ ၎င်း၏ ဆင်းရဲလှသောဇနီးနှင့် ကလေးနှစ်ယောက်အတွက် ဖြည်သူလူထုက ငွေကူကြသည်မှာ လေးထောင်ခန့် ရရှိသည်။


ဆရာသင် အသတ်ခံရသည့်ကိစ္စတွင် တစ်ဖက်က နိုင်ငံရေးရန်သူလော၊ သတင်းစာရန်သူလောဟု တစ်ဖက်ဖက်၏ ပယောဂ မကင်းဟု ထင်ကြသော်လည်း ကာယကံရှင် ငမိုးသာ ထောင်ကျသွားသည်။ နောက်ပိုင်းတရားခံ မပေါ်ပဲ ရှိခဲ့သည်။

ဆရာသင် အသတ်ခံရပြီးသည့်နောက် ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်၏ အတိုင်ပင်ခံ အမတ်ကြီးများဖြစ်သော ဦးဘတူ၊ ဦးဘိုးသာ၊ ဦးသင်းတို့အလိုကျ ထောက်ခံရေးသားနေသော ပညာ့အလင်းသတင်းစာသည် ခေတ်မှိန်သွားသည်။ သို့သော် နိုင်ငံရေးနှင့်မဆိုင်သော လယ်တီပဏ္ဍိတ



ဦးမောင်ကြီး၏ ဝတ္ထု၊ ဆောင်းပါး၊ ဆရာ ပီမိုးနင်း၏ ပိုက်ဆံတြီး အမည်ခံဆောင်းပါးများပါရှိသော ပညာ့အလင်းမဂ္ဂဇင်းမှာမူ လူကြိုက်များဆဲ၊ လူကြိုက်များလျက် ရှိသည်။

ဆရာသင်အသတ်ခံရပြီး (၂)နှစ်ခန့်အကြာ ၁၉၂၂ - ခုနှစ် အလယ်ပိုင်းအောက်တွင် ပညာ့အလင်းသတင်းစာတိုက်၌ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးနှင့် ဆက်သွယ်ပြီး ကျွန်တော် အလုပ် လုပ်ကိုင်ခွင့် ရခဲ့သည်။ ဒီလုပ်ကိုင်ရသည့် အလုပ်ကား ဘာဟူ၍ မည်မည်ရရ မဟုတ်။ ဤစဉ်က အယ်ဒီတာမှာ ဦးပုကလေး ဖြစ်သည်။



“အယ်ဒီတာ ၃ ဦးမှာ ဝေလမင်းသား ကြွဆိုသော မင်းကြီး၊ ကြီးသမီး၊ ဗမာအမျိုးသမီးတချို့ … မင်းသား အပြန်လွှမ်းဆွေးနေကြသည်ကို အောင်းရိပ်ပြီးရတနာပုံ ဆေးဖယောင်းတိုင် ထွန်းပေးမည်ဟု ရေးသားကြသဖြင့် အင်္ဂလိပ်အစိုးရက ချက်ချင်းဖမ်း …၊ ချက်ချင်းပင် ရုန်းရင်းသည်ဆိုကာ ထောင်ဒဏ်တစ်လစီ ချလိုက်ရာမှာ နာမည်ကြီးသွားကြသည်။”

www.burmeseclassic.com

ထို့ပြင် ဤအချိန်က ပညာ့အလင်းတွင် နှုတ်ခမ်းမွေးစစနှင့် ဦးဘရင်ကြီး (ယခု ရဲသော့ဝတ်နှင့် ငါးထပ်ကြီးဘုရားအနီး ... ကျောင်းတွင် အဂ္ဂိရတ်ထိုးနေသည်)၊ ဘာသာပြန် ဆရာရှိန်းနှင့် ပီမိုးနင်း၊ ဦးဘသောင်း၊ ကျွန်တော့်နောက်မှ ရောက်လာကြသော သပိတ်ကျောင်းသား ကိုထွန်းရှိန်၊ ကိုစံရင် (နေမင်းကဗီး)တို့ ရှိကြသည်။

ပညာ့အလင်းတိုက်ရှင် ဦးတင်သည် စတီး သစ်စက်တွင် လခ(၄၀၀) စား ငွေကိုင်စာရေးကြီးဘဝမှ ထွက်၍ ငွေစို ငွေလျှံဖြင့် ဤသို့ သတင်းစာနှင့် မဂ္ဂဇင်းတိုက် တည်ထောင်ခြင်းဖြစ်သည်။ ဦးမောင်ကြီး၏ ဝတ္ထုများကိုလည်း လုံးချင်းရိုက်နှိပ် ထုတ်ဝေသေးသည်။

ဦးတင်တွင် သတင်းစာ၊ ပုံနှိပ်တိုက်အပြင် (၂)ထပ်တိုက်တစ်လုံး၊ ပျဉ်ထောင်အိမ်တစ်လုံးနှင့် သဃ်န်းကျွန်းတွင် မြဲကြီး၊ အိမ်ကြီးတစ်ခု ရှိသေးသည်။

ထိုသို့ စီးပွားတိုးတက်ချိန်တွင် ... ဦးတင် ငယ်ပေါင်းမယားကြီး ဒေါ်ခင်သည် စတီးစက်ဝင်းရှိတူ့ ပညာ့အလင်း မန်နေဂျာမောင်အေးနှင့်အတူ သွား၍နေရရှာသည်။

၁၉၂၂ - ခုနှစ်ကုန် ၂၃ - ခုနှစ် အလယ်လောက်က ဗမာပြည်နိုင်ငံရေး အခြေအနေသည် ထူးထူးခြားခြားဟု ဆိုရအောင် ပြောင်းလဲသွားပြန်သည်။

ဒိုင်အာကီ အုပ်ချုပ်ရေးကို အိန္ဒိယထက် တစ်နှစ်နောက်ကျ ပေးအပ်ပြီး ၁၉၂၂ - ခုနှစ်ကုန်၊ ဒီဇင်ဘာလောက်တွင် ရွေးကောက်ပွဲပြုလုပ်၍ ဒိုင်အာကီ လွှတ်တော် ပထမဦးစွာ ဖွဲ့စည်းမည်။ ဘုရင်ခံက ဝန်ကြီး (၂)ဦး၊ အမတ်ထဲမှ (၂)ဦး ခန့်ထားမည့် အခြေအနေသို့ ပြောင်းလဲလာသည်။

ဂျီစီဘီအေ အသင်းချုပ်ကြီး၌ ဥပဒေပြုအဖွဲ့အတွင်း ဝင်သည့်ဘက်မှ ဦးဘဘေ၊ အမ်အေဦးမောင်ကြီးတို့ ကြီးမှူးသော (၂၁)ဦးနှင့် ဒိုင်အာကီကို သပိတ်မှောက်သည့်ဘက်မှ ဦးချစ်လှိုင်၊ သာယာဝတီဦးပု၊ ဦးထွန်းအောင်ကျော်(လှိုင်ပုကျော်)က တစ်ဖက် အကြီးအကျယ် ပထမဆုံး ကွဲပြားသွားပြန်



သည်။ ဤတွင် ပညာ့အလင်းသည် သပိတ်ဘက်မှပါ၍ သူရိယ၊ မြန်မာ့အလင်းတို့က မမှောက်သည့်ဘက်မှ ပါဝင်ပြန်သည်။

ထိုအချိန်က ဒိုင်အာကီအုပ်ချုပ်ရေးကို သပိတ်မှောက်သည့်ဘက်တိုက ကျိုကျိုက်များနေရာ ပညာ့အလင်း သတင်းစာ ထိုးတက်သွားသည်။ ထိုအချိန်တွင်ပင် ကောလိပ်၏ ပထမသပိတ်ကြီး အရှိန်ဂယက် မငြိမ်သေး၊ အမျိုးသားကျောင်းတွေလည်း တိုးတက်နေသေးသောအချိန် ဖြစ်၏။

ထိုအချိန်တွင်ပင် ပညာ့အလင်းမှ အယ်ဒီတာချုပ် ဦးပုလေး၊ မော်အန်းဘားမားတိုက်မှ ဦးတင်ခေါ်ကြက်ဦးတင်၊ နယူးဘားမားမှ ဦးဘလှိုင် စသော အယ်ဒီတာ ၃ ဦးမှာ ဝေလမင်းသား ကြိုဆိုသော မင်းကြီး၊ စိုးကြီးသမီး ဗမာအမျိုးသမီးတချို့ ... မင်းသား အပြန်လွမ်းဆွေးနေကြသည်ကို စောင်းရိုပ်ပြီး ဆေးနာပုံ ဆေးဖယောင်းတိုင် ထွန်းပေးမည်ဟု ရေးသားကြသဖြင့် အင်္ဂလိပ် အစိုးရက ချက်ချင်းဖမ်း ...၊ ချက်ချင်းပင် ရုန့်ရင်းသည်ဆိုကာ ထောင်ဒဏ် အစ်လစီ ချလိုက်ရာမှာ နာမည်ကြီးသွားကြသည်။ မြန်မာပြည်မှာ ဤကိစ္စအတွက် စော၍ အယ်ဒီတာ ထောင်ထဲသွားရသော အမှုမရှိသေးပေ။

ပညာ့အလင်းလည်း တရိပ်ရိပ် တက်ခဲ့သည်။ သို့တက်သည့်အချိန်တွင် ပင်အယ်ဒီတာချုပ် ဦးပုလေးသည် ဒိုင်အာကီကို သပိတ်မှောက်သည်မှာ မှားသည်ဟု ခေါင်းကြီးပိုင်းမှ ရေးလိုက်တော့သည်။ အပြောင်းအလဲ မြန်လွန်း၍ အစတ်ဝရိသတ်တွင် တအံ့တသြ ဖြစ်သွားကြသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဦးတင်က အယ်ဒီတာအဖွဲ့နှင့် တိုင်ပင်ရာ ခလွဲသာသဖြင့် ဤခေါင်းကြီးပိုင်းကို ပြန်ရုတ်သိမ်းပြီး မူလဝါဒအတိုင်း ဆက်ရေးသွားလျှင် ပြီးတာပဲဟု ကျွန်တော်က ပြောသောအခါ ဦးပုလေးက "ခံယုံကြည်မှုကိုတော့ မပြောင်းနိုင်၊ ငါထွက်တယ်ကွာ" ဟုပြောကာ ကျွန်တော်တို့အား လက်ဆွဲနှုတ်ဆက်လျက် တစ်ခါတည်း ထွက်သွားသည်။

ဦးပုလေးကား အခြေအနေအရ ဝါဒပြောင်းလဲသင့်သည်ဟု ယူဆပြီး ၎င်း၏ဝါဒအတိုင်း သတ္တိရှိရှိ တသမတ်တည်း ထားရှိသူဖြစ်သည်။ ၎င်းယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

မှုကို ပြောင်းလဲမပေးနိုင်ဘဲ တိုက်မှ ထွက်ခွာသွားခြင်းဖြစ်ရာ နီးကျူးစရာပင်။ ဦးပုလေးသည် ပညာ့အလင်းမှထွက်၍ သော်မဆင်လမ်းရှိ ကြယ်တံခွန်သတင်းစာတွင် သွားရောက်လုပ်ကိုင်သည်။

ဦးပုလေး ထွက်သွားပြီးနောက်တွင် ဦးတင်၏ လူယုံသတင်းထောက်လုပ်သူ မောင်အုန်းသော်ဆိုသူ လူငယ်တစ်ဦးအား ဦးတင်က အယ်ဒီတာခန့်သည်။ မောင်အုန်းသော်သည် ယခင်က ရုံးကုမ္ပဏီစာရေး ဖြစ်သည်။ သတင်းစာချင်း ပဋိပက္ခဖြစ်ရာမှ နယူးဘားမားသတင်းစာက အယ်ဒီတာမောင်အုန်းသော်သည် ရာဇဝတ်မှုဖြင့် ထောင်ကျဖူးသည်ဟု ထုတ်ဖော်ရေးသားသည်။ ထိုရေးချက်မှာလည်း အမှန်ဖြစ်၍ သတင်းစာ ဂုဏ်သိက္ခာကို ထိခိုက်လာသောအခါ တိုက်ရှင်ဦးတင်က ထောင်ကျသည့်မှန်၏။ သို့သော်သူသည် တာဝန်ခံအယ်ဒီတာသာ ဖြစ်သည်။ ပညာရှိအယ်ဒီတာများ အစိုးရပြစ်ဒဏ်မကျအောင် ကာကွယ်ခြင်းဖြင့်သာ တင်ထားသည်ဟူ၍သာ ဖြေရှင်းသည်။ ထိုအချက်ကြောင့်ပင် … မောင်အုန်းသော်သည် သုံးလေးလတာကြာတွင် ထွက်ပြန်သည်။

နောက် - ဦးဘသန်းက တာဝန်ခံအယ်ဒီတာအဖြစ် ခံယူသည်။ အယ်ဒီတာအဖွဲ့တွင် မပါဝင်ခဲ့။ သို့သော် အယ်ဒီတာအဖွဲ့ဝင်များ သဘောအတိုင်းရေးသမျှကို ရွှတ်ဖတ်ခြင်းမပြုပါဟု ကတိခံဝန်ချက်ဖြင့် ကျေနပ်ဖွယ်ပင် လုပ်ကိုင်နေကြသည်။

ထိုအချိန်က စည်ပင်သာယာရုံးသည် ယခု အိမ်ရာပြန်လည်ထူထောင်ရေးရုံးကဲ့သို့ ဗိုလ်မြေ အိုးဖို ပုဇွန်တောင်ရှိ အိမ်များကို ခပ်ကြမ်းကြမ်း ဖျက်ခဲ့ရာ ပညာ့အလင်းသတင်းစာက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

ကျွန်တော်တို့ကား လခမှန်မှန်မရကြ။ သို့သော် ကိုယ်ရေးသည့်သတင်း၊ ကိုယ်ရေးသည့်ဆောင်းပါးများဖြင့် အားရ တင်းတိမ်နေကြသည်။

★★★



ကြောမီပင် ပညာ့အလင်းသတင်းစာတိုက်အတွင်း လူပုံဆိုးဆိုး၊ မျက်စိဘဲဖတ်လပ်နှင့်လူတစ်ယောက် သွားလာဝင်ထွက်နေသည်ကို ကျွန်တော်တို့တစ်တွေ သတိပြုမိကြသည်။

တွေ့ရဖန်များသော် မသင်္ကာဖြစ်လာကာ ကျွန်တော်နှင့် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုဘသောင်း (ယခုဖာတ်လိုက်မင်းသား တင်ညွန့်၏အင်)တို့သည် ထိုသူအား အရက်ဆိုင်သို့ ခေါ်လာကာ အရက်တိုက် မိတ်ဖွဲ့ပြီး စကားပြောကြပါသည်။

ထိုသူက မိမိသည် လူဆိုးကြီး ငမိုး၏ညီဖြစ်ကြောင်း၊ မိမိကို သူဌေးကပိုင်းရာရှိသည်ပြော၍ ခေါ်ထားကြောင်း၊ မိမိသည် ဘာမဆိုလုပ်ရဲကြောင်း၊ ငွေတစ်ထောင် အနုပေးလျှင် လူတစ်ယောက်ကို သတ်ရဲကြောင်း၊ အကြွေးသတ်နိုင်းလျှင်မှ လက်ခံမည်မဟုတ်ကြောင်း၊ ယခုလည်း မိမိအား သတ်ခိုင်းထားသူများ စာရင်းရှိကြောင်းဖြင့် မူးမူးနှင့် ကြွားခိုးပေါပြီး မည်သူမည်ဝါကိုသတ်ရလိမ့်မည်ဟု ထုတ်ဖော်ပြောဆိုတော့သည်။

ထိုသူပြောသည့်စာရင်းတွင် ဦးပုလေး၏နာမည်မှာ ထိပ်က ပါနေ၍ ကျွန်တော်တို့လည်း ထိတ်လန့်သွားကာ ဦးပုလေးရှိရာ ကြယ်တံခွန်သတင်းစာတိုက်သို့ တယ်လီဖုန်းဆက်ပြီး ဦးပုလေးအား ယခုချက်ချင်း တိုက်လာရန်ခေါ်လိုက်ကြလေသည်။

ဦးပုလေး ရောက်လာသော် ထိုလူမိုက်နှင့် မိတ်ဖွဲ့ပေးပြီး အကျိုးအကြောင်း မေးမြန်းကြည့်ကြသည်။ ထိုလူမိုက်ကား ကျွန်တော်တို့၏ကောင်းခြင်း မူးယစ်နေပြီဖြစ်ရာ ကျွန်တော်တို့အား ခင်မင်လှရည်ရဲ့ဟုဆိုကာ သူ့အကြောင်းများကို ဖွင့်ပြောနေတော့သည်။

၎င်းပြောသောစကားများအရ လူဆိုးကြီးငမိုးသည် ဦးတင်အတွက်ထောင်ကျရသော်လည်း ဦးတင်က ပြန်မကြည့်ဘဲ ပစ်ထားကြောင်း၊ ဦးတင်ကို စိတ်နာကြောင်း၊ ယခု - ဦးတင်အား တက်၍သတ်ပါဟု တစ်စုံတစ်ဦးကခိုင်းလျှင် ဦးတင်ကို တက်သတ်လိုကြောင်း စသဖြင့် ဖြစ်သည်။

www.burmeseclassic.com

ထိုသူကား မှုမှုနှင့် ပြောချင်ရာ ပြောဆိုနေခြင်းလော။

ကျွန်တော်တို့သည် ထိုသူနှင့် ခွဲခွာပြီးနောက် တိုင်ပင်ကြရာ ဦးပုလေးက ဤအကြောင်းများကို ဖွင့်ချတော့မည်ဖြစ်ကြောင်းဖြင့် ပြောပြသည်။ ကျွန်တော်တို့က အရက်မူးစကား ယုံချင်မှ ယုံရသည်။ ရှေ့တွင် လက်ဆုပ်လက်ကိုင်မိဖို့ လိုသည်။ စောင့်ကြည့်ကြရန် ပြောပြရသည်။

သို့သော် - နောက်မကြာမီပင် ဦးပုလေးသည် မြန်မာ့အလင်းသတင်းစာတိုက်မှနေပြီး "ရန်ကုန်အရှေ့ပိုင်းက လူသတ်သတင်းစာကြီး" ဟူ၍ ဆောင်းပါးတစ်ပုဒ် ရေးလိုက်သည်။ တစ်မြို့လုံး တုန်လှုပ်ချောက်ချားသွားသည်။ သို့လော၊ သို့လော ဟု တွေးတောပြောဆိုကြသည်။ ဦးပုလေးလည်း ထိုဆောင်းပါးရေးပြီး မကြာမီပင် မြန်မာ့အလင်းသို့ ရောက်သွားသည်။

ကျွန်တော်ကား ဦးပုလေးသည် ပြောသကဲ့သို့ လုပ်ချေပြီဟု တွေးတောကာ နောက် ဘာတွေ ဖြစ်ပေါ်လာမည်လဲဟု စောင့်ကြည့်နေမိသည်။

ကျွန်တော်လည်း ထိုအခါကျမှ ဦးတင်၏အကြောင်းကို လေ့လာမိသည်။

★★★

ငွေကြေးကြွယ်ဝသူ ဟသ်္တာသားဦးတင်သည် သူဌေးဦးဘိုးသာ ဝတ်စားဆင်ယင်သကဲ့သို့ အထက်တန်းကျကျ ဝတ်ဆင်သည်။ လူမိုက်ငမိုးကို လက်သပ်မွေးထားသည်ဟု ပြောကြသည်။ ထိုအချိန်တွင်ပင် အရှေ့ပိုင်းတွင် နာမည်ကြီးသော ကုလားသူဌေး မာမဆာသည်လည်းကောင်း၊ အနောက်ပိုင်းတွင် နာမည်ကြီးသော ကုလားသူဌေး မရှုတီးခန်သည်လည်းကောင်း သူ့လူမိုက်နှင့်သူ လူမိုက်များ မွေးထားကြသည်ဟုလည်း သတင်းဖြစ်နေသည်။ ၎င်းတို့၏လူမိုက်များလည်း ရှုးလေဘုရားလမ်းကိုဗဟိုထားပြီး သူ့နယ်ကိုယ့်နယ် ခွဲထားကာ ဗိုလ်ကျနေကြသည်ဟု ဆိုသည်။



တစ်ကြိမ်တွင်မူ ပုဇွန်တောင်ဘက်ရှိဦးတင်၏မယားငယ်ကို မရှုတီးခန်၏ ...သပည့်ဆိုသူ လူမိုက်ဆေးနီက အပိုင်စီးပြီး ဦးတင်ကိုပါ မောင်းချသည်။ ...ဦးတင်အား စော်ကား မော်ကား လုပ်သည်ကို ငမိုးက မခံဘဲ တပ်မြေရှိ ...ဆေးနီ အိမ်ပေါ်သို့ ဓားနှင့် တက်ခုတ်ရာ ဆေးနီကိုမထိဘဲ ဆေးနီ၏ဖခင် ...ကြီး လက်ပြတ်သွားသည်။ ထိုအမှုနှင့်ပတ်သက်၍ ငမိုး ထောင် (၇) နှစ်ကျ ...သည်ဟု ပြောကြသည်။

ယင်းကဲ့သို့ ဦးပုလေးက အရှေ့ပိုင်း လူသတ်သတင်းစာကြီးဟု ရေး ...ပြီးနောက် ၎င်းမြန်မာ့အလင်းသို့ ရောက်သွားချိန်ဝယ် ကျွန်တော်သည် ...အလင်း၏ တာဝန်ခံအယ်ဒီတာမှာ ဦးဘသန်း ဖြစ်လာသည်။

ဦးတင်အား အာမခံဖြင့် လွှတ်ထားပြီးနောက် အမှုကို ဆက်စစ်ဆေးခဲ့ ... (၆) လကြာတွင် တရားလို သက်သေများအားလုံး စစ်ဆေးပြီးလေသည်။

ထိုနေ့သည် စနေနေ့ ဖြစ်သည်။ အရေးပိုင်က အမှုကို စက်ရှင်ရုံးသို့တင် ...တော့မည်။ ဦးတင်သည် ၎င်း၏အမှုကို အရေးပိုင်က အပြီးလွှတ်မှာပဲဟု ...သမှုပြောစကားများကို ယုံကြည်နေကာ ကျွန်တော့်ကိုလည်း ဘာမျှမတိုင် ...င်၊ ရှေ့နေများကိုလည်း အရေးမလုပ်တော့ပေ။ ရှေ့နေများ ပြောသမျှကို ...ည်းနားမထောင်ဘဲနေလေသည်။ ထို့ကြောင့် ကျွန်တော်ရော ရှေ့နေများပါ ...နေကာ ရုံးမသွားဘဲ နေလိုက်ကြသည်။

ရုံးတွင် အရေးပိုင် မစ္စတာ ဘာဂူလာသည် ဦးတင်၏ (၂) သောင်းတန် ...အာမခံနှစ်ယောက်ကို ပယ်ဖျက်ပြီး ရုံးပေါ်တွင် ပြန်၍ဖမ်းကာ ဘားလမ်း ...ချုပ်သို့ ပို့လိုက်လေသည်။

သည်တော့မှ ဦးတင်သည် ဘာမှမလုပ်တတ်၊ မကိုင်တတ် ဝတ်လုံ ...တွေကိုလည်း မပြောဝံ့၊ မဆိုဝံ့ဖြင့် ကျွန်တော့်ကို လိုက်ရှာနိုင်းပြန်သည်။

စနေနေ့ဖြစ်၍ ရုံးချိန် မရှိတော့ပြီ။ အကယ်၍ ဝတ်လုံတော်ရကြီးတစ်ဦး ...ဘ တရားဝန်ကြီး တစ်ဦးဦးရှိရာ မြင်းပွဲ၊ သို့မဟုတ် ကလပ်၊ သို့မဟုတ်

www.burmeseclassic.com

နေအိမ်သွားပြီး အာမခံရအောင်လုပ်ပေးနိုင်လျှင်ဖြစ်နိုင်သေးသည်။ သို့သော် လုပ်ပေးမည့်သူ မရှိ။ ဤသို့ လုပ်ပေးသူရှိပြီး အာမခံရလျှင် အချုပ်ခန်းတွင်းသို့ စနေနေ့ဝက်နှင့် တနင်္ဂနွေ တစ်နေ့လုံး နေစရာမလို။

ကျွန်တော်လည်း တနင်္လာနေ့ကျမှ လိုက်သွားရာ စက်ရှင်တရားဝန်ကြီးထံ အာမခံလျှောက်လွှာသွင်း၍ အာမခံလျှောက်ရပြန်၏။ ဒီတော့မှလည်း အာမခံရပြန်သည်။ ဤသင်ခန်းစာမှာ ဦးတင်အား သင်ကြားပေးလိုက်ဟန်တူသည်။ နောင်တွင်မူ မစ္စတာ ဘာဂူလာ၏အမှု မပြီးမချင်း ကျွန်ုပ်နှင့်ဝတ်လုံများ ပြောသမျှ နာယူတော့သည်။

ဦးတင်အမှုကို တရားဝန်ကြီးရုံးတွင် ဂျူရီလူကြီးများနှင့် စစ်ဆေးသည်။ လူသတ်မှု၊ လူသတ်ရန် စေခိုင်းမှု စသဖြင့် သေဒဏ်အထိ အပြစ်ဒဏ်သက်ရောက်နိုင်သော ပုဒ်မ (၁၀၂-၁၂၁) နှင့် ပူးတွဲစစ်ဆေးသည်။

ဦးမြဘူး (ဆာမြဘူး)က အစိုးရရှေ့နေအဖြစ် ဆောင်ရွက်သည်။ ဤအကြိမ် အမှုစစ်သည်မှာ (၂)လခွဲခန့် ကြာခဲ့သည်။

မိုက်မိုက်ကန်းကန်းလုပ်တတ်သူ ကျွန်တော့်အား ဦးတင်သည် ဂျူရီလူကြီးများထံ သွားရောက် အသနားခံရန် စေလွှတ်သည်။ တရားလိုသက်သေများ စစ်ဆေးပြီးသွားသောအခါ ကျွန်တော်သည် ဂျူရီလူကြီးများထံ သွားရောက်တွေ့ဆုံသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီးများ၏ ဂုဏ်သိက္ခာ ပျက်လောက်သော ဥပဒေကျော်လွန်သည့် အပြောအဆို အသုံးအနှုန်းမျိုးကိုကား မသုံးဝံ့။

ဂျူရီလူကြီးများအား ယခုအချိန်အထိ စစ်ပြီးသော သက်သေခံချက်များအရ လူကြီးမင်းများ ထင်မြင်ချက် သိသာရုံ ပြောပြပါဟု ဥပဒေလွှတ်မေးမြန်းတီးခေါက်ကြည့်ရသည်။ အကယ်၍ ဂျူရီလူကြီးများနှင့် အစိုးရရှေ့နေကြီးသည် လေးနက်ကြီးမားသော အပြစ်ဒဏ်ကျခံဖို့မြင်ခဲ့သော် အဖြေပေးရမည့်စကားမှာ ရုံးတော်၌ ပြောရမည့်စကားသာ ဖြစ်သည် မဟုတ်ပါလော။



ထိုစည်ပင်သာယာရုံးကိစ္စနှင့် ပတ်သက်၍ပင် ကျွန်တော်ရေးသော ခေါင်းကြီးတစ်ပုဒ်ဖြင့် ဦးဘသန်း ထောင်(၆)လ ကျ၏။ ရန်ကုန်မြို့က ရံပုံငွေ (၅၀၀၀)ခန့် ကောက်ခံပေးသည်ကို သူဌေးဦးတင်က လက်ခံသည်။ ဦးဘသန်းထံ ပြားမျှမရ၊ ထောင်ထဲသို့ ကျွန်တော်တို့သွားပြီး သင့်သလို ထောက်ပံ့သည်။ ထောင်မှနေပြီး ပြည်မြို့သို့ အမှုဆိုင်ရန် သွားသောအခါ ဘူတာမှအထိ လက်ထိတ်မပါသော ဦးဘသန်းကို အမျိုးသမီး (၅၀၀)က ပန်းရထားခြင်းတင်၍ဆွဲသွားကြသည်။

ထောင်ကျသော ခေါင်းကြီး၏ ခေါင်းစဉ်မှာ (သားစဉ်မြေးဆက် ငရဲခံမည်)ဟု ဖြစ်ပြီး၊ စည်ပင်သာယာရုံးသို့ အပြစ်ရေး၍ဖြစ်သည်။ လာဘ်စားမှုများသဖြင့် ထိုရုံးကို စစ်ဆေးရန် ကော်မီတီခန့်ပါဟု ဥပဒေပြုအဖွဲ့က ဆုံးဖြတ်သည်ကို ဘုရင်ခံက လက်မခံ၊ ထို့ကြောင့် ရှေ့သို့ ဆက်၍ သောင်းကျန်းနိုင်ကြောင်းနှင့် ပြင်းပြင်းထန်ထန် ဝေဖန်လိုက်သည့် ခေါင်းကြီးဖြစ်သည်။ ဆာရျားမော်ဂန်ဝက်ချယ်ယာမင်က အသရေဖျက်မှုဖြင့်စွဲ၍ အယ်ဒီတာ ထောင်ကျခြင်း ဖြစ်၏။ မော်ဂန်ဝက်လည်း နောင်တွင် ရုက်၍ ဘိလပ်ပြန်သွားတော့သည်။ ရန်ကုန်မြို့လူထုဘက်မှ သူရဲကောင်းအနေဖြင့် မှတ်ယူပြီး ထောင်ကျသော ဦးဘသန်းအတွက် ကန်တော်ကလေး ကျောင်းအုပ် ဦးဘိုးသင်တို့က ငွေကောက်ခံသော ကော်မီတီ ဖွဲ့စည်းကြသည်။

ထို - ဦးဘသန်းသည် နောင်တွင် ထောင်ဦးဘသန်းဟု လူသိများလာခဲ့သည်။ ထောင်မှလွတ်သော် ဦးဘသန်းသည် သစ္စာဝါဒီ ရက်ခြားသတင်းစာထုတ်ဝေခဲ့ရာ ... လောကမာယာဝတ္ထု ရေးသားရာ အထူးကျော်ကြားလာသည်။

မြန်မာမီပင် ရေကျော် ဦးထွန်းသန်း၏ လစ်ဘာတီသတင်းစာတိုက်မှ ထုတ်ဝေသည် ဒုတိယအကြိမ်မြောက် သတင်းစာဆရာများအသင်း ဖွဲ့စည်းခဲ့သည်။ ဦးပုလေးပင် အတွင်းရေးမှူးဖြစ်ပြီး ဆရာသင် အသတ်ခံရသော



www.burmeseclassic.com

www.burmeseclassic.com

အမှု၌ နောက်က သတ်နိုင်းသူကို အစိုးရက အရေးယူပေးရန်၊ သို့မဟုတ် နောက်ထပ် သတ်မှု ဖြစ်မှုတွေအတွက် စိတ်မချရရှိသည်ဟူ၍ ဆုံးဖြတ်သည်၊

အမှန်တော့ လိုလားအပ်သော ဆုံးဖြတ်ချက် ဖြစ်သော်လည်း ထို အသင်းတွင် ကျွန်တော်တို့တိုက်ကလည်း ဘယ်သူမျှ မပါဝင်ခဲ့ပါ၊

တစ်နေ့တွင် ဦးတင်သည် ကျွန်တော်၏စားပွဲသို့ လာ၍ –

"မောင်ဘရင် – အမှုတစ်ခုဟာ – ဒီလိုပဲ – နောက်မေ့လျော့ကပ်မှ ဖမ်းနိုင်သလား"

ဟု မေးသည်၊

"ဒါကတော့ – အစိုးရသဘောအတိုင်းပါ၊ ဖမ်းချင်ဖမ်းနိုင်တာပေါ့"

ဟူ၍ ကျွန်တော်က ဖြေလိုက်သည်၊

မကြာပါတစ်နေ့သောညနေတွင် သတင်းစာတိုက်သို့ မယောင်မလည် ဝင်လာသော လူတစ်ယောက်ကို တိုက်ရှေ့တွင်ပင် မယောင်မလည်စောင့် နေသောပုလိပ်က တက်ပြီး အိတ်ထဲနှိုက်ရှာရာ စာတစ်စောင် မိသွားသည်၊ စာမှာ တစ်ကျွန်းစံငမိုးက (ထိုအချိန်က ငမိုးသည် ဆရာသင်သတ်မှုဖြင့် ထောင်(၉)နှစ် တစ်ကျွန်း ကျနေဆဲ) ဦးတင်သို့ ငွေတောင်းသောစာဟုဆိုသည်၊ ဦးတင်မှာ အလွန်ချောက်ချားသွားကာ အမှန်မှာ ရာဇဝတ်ဝန်ကလေး ဖေဘီယားတစ်ကျွန်း သွားသည်ဟု သိပြီးမှ လာသော စာဖြစ်ကြောင်း ကျွန်ုပ်တို့ သိထားနှင့်၏၊

ဖေဘီယားကား နာမည်ကြီးသည့် ဆန်နီးအသင်းကြီးနှင့် ဆန်နီး မောင်မောင်ကို ဖမ်းဆီးနိုင်သူဟူ၍ နာမည်ကြီးပြီးနောက်၊ ပြည်မြို့ဆရာ၏သူပုန်ခေါင်း (၂၀)ကိုဖြတ်ပြီး စားပွဲပေါ်တင်ပြထားသော ရာဇဝတ်ဝန်ကြီး ဖြစ်သည်၊

သူသည် ထိုအချိန်က ရာဇဝတ်မှု အဖမ်းအဆီး အရှာအဖွေ နည်းပညာ ယာယီ ကြွယ်ဝလှသူအဖြစ် ရန်ကုန်မြို့ အခရှေ့ပိုင်းတွင် ရာဇဝတ်ဝန်ကလေး ရာထူးဖြင့် ရောက်လာခြင်း ဖြစ်သည်၊ ယခု – အယ်ဒီတာဆရာသင် အသတ်ခံရသည့်အမှုကို သူကိုယ်တိုင် ကိုင်နေပြီ၊

ဦးတင်ကား ထိုအကြောင်းကိုသိသော် မျက်စိမျက်နှာပျက်လျက်ရှိရှာ ပြီ၊

★★★

နောက်များမကြာမီပင် ဖေဘီယားနှင့် ဦးပုလေးတို့သည် မုံရွာသို့သွား ပြီ ထိုအချိန်က မုံရွာသို့ ပြန်သွားသော လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီး နှင့် တွေ့ဆုံကြသည်၊ ဦးမောင်ကြီးအား အမှုနှင့်ပတ်သက်၍ စစ်ဆေးကြရာ ဦးမောင်ကြီးက အစစ်ခံမည်ဆို၍ ရန်ကုန်သို့ ခေါ်လာပြီးနောက် အရှေ့ပိုင်း ရာဇဝတ်တရားသူကြီးရှေ့တွင် ဖြောင့်ချက်ပေးသည်၊ ထိုအချိန်က ၁၉၂၄ – ခုနှစ်၊ နွေရာသီ ဖြစ်သည်၊

ဤသို့ ဦးမောင်ကြီးက အစစ်ခံသည်ဟု ကြားရပြီးနောက် တစ်နေ့တွင် ပင် ယခု နေမင်းကတိုး ဦးစံရင် ကျွန်တော့်ထံသို့ လိုက်လာပြီးလျှင် ဦးတင် အား အမှုနှင့်ပတ်သက်၍ ဖမ်းသွားကြောင်း၊ ဦးတင်က ကျွန်တော့်အား ကိုယ်စားအရှာနိုင်းကြောင်းဖြင့် ပြောပြပါသည်၊

ရုံးမှုခင်းများတွင် ကျွန်တော် သွားလာဆောင်ရွက်ရပြီး အာမခံတောင်း သည်။ တစ်၍ပင် နားလည်သူဖြစ်သဖြင့် အားကိုးနှင့် နိုင်းလိုက်ဟန်ဖြစ်သည်၊ သို့သော် ထိုနေ့ကား စနေနေ့ဖြစ်၍ မလိုက်တော့ဘဲ တနင်္လာကျမှလိုက်ရန် ဆုံးဖြတ်လိုက်သည်၊

တနင်္ဂနွေနေ့တွင် ကျွန်တော်သည် သပိတ်လိုင်ပုကျော် ဂျီစီဘီအေမှ ခေါင်းဆောင် မြို့တွင် ရှိသမျှ အမှုဆောင်လူကြီးတို့ကို မော်တင်လမ်း ငွေထိန်း ဦးသက်အိမ်သို့ ဖိတ်ခေါ်ချိန်းဆိုပြီးလျှင် ကျွန်တော် သွားသည်၊ သို့ရာတွင် ထိုအခါ ဂျီစီဘီအေဘက်မှ အားစိုက်ခွန်စိုက် ထောင်ကျခံပြီး ဆောင်ရွက်နေ





www.burmeseclassic.com

www.burmeseclassic.com

သော သတင်းစာပိုင်ရှင်အတွက်ဖြစ်၍ အားလုံးလာကြရာ (၅)ယောက် လောက် ရှိလေသည်။

"မောင်ဘရင် - ဘာအကူအညီလိုသလဲ"

ဟု ၎င်းတို့က မေးကြသည်။

"ရှေ့နေငှားရမယ် - ကျွန်တော်တို့မှာလည်း ငွေမရှိဘူး။ ဦးတို့က တိုက်တာ အဆောက်အအုံ သတင်းစာတိုက်တွေကို တစ်ယောက်ယောက်တာဝန်ယူပြီး အုပ်ထိန်းပါ။ ကျွန်တော်တို့ ရှေ့နေငှားဖို့နှင့် အမှုအတွက် ကုန်ကျစရိတ်များ ထုတ်ပေးဖို့ လိုပါတယ်"

ဟု ကျွန်တော်က တင်ပြသည်။ ငွေထိန်းလူကြီး ဦးသက်က -

"လိုအပ်လျှင် ငွေနှစ်သောင်းအထိ ထုတ်ပေးမည်။ ရှေ့နေသာ ငှားတော့"

ဟု ပြောသည်။ အမှုဆောင်လူကြီး ဦးဘိုးစု(ပွဲစား)နှင့် ရမ်းဗြဲ ဦးမောင်မောင်တို့တာ လင်းဘတ်ဆိုသူ ဘီလပ်သား ဝတ်လုံတစ်ယောက် ငှားပြီး ကျွန်တော်က ဘဆိုကေးရီးယား ဝတ်လုံတစ်ယောက်အပြင် ဦးလှထွန်းဖြူကိုပါ ငှားရမ်းလိုက်သည်။

ထိုနေ့တွင် ဘားလမ်း အချုပ်ခန်းထဲသို့ ကျွန်တော် ဝင်သွားသောအခါ ဦးတင်က -

"မောင်ဘရင်ရယ် - အားကိုးပါရစေကွယ်၊ ဒီနေ့အထိ - ကျုပ်ကို လာတွေ့ရဲတာ မောင်ဘရင်တစ်ယောက်ထဲပဲ ရှိပါတယ်၊ ကျုပ်ကိုလည်း ယုံပါ။ အခု - တိုက်နှစ်လုံး၊ အိမ်နှစ်လုံး၊ မြေတစ်ခု သတင်းစာတိုက်ပါ မောင်ဘရင်တို့ ကျုပ်နဲ့ တစ်ဝက်စီ ပိုင်ပါတနာစာချုပ်တစ်ခု လုပ်ပေးပါ့မယ်၊ ခုထဲက စာချုပ်ထားပါ၊ အမှုကိုတော့ - ပြီးသည်အထိ ဆောင်ရွက်ပေးပါ" ဟု ပြောရင်းပြောရင်းနှင့် အကြောက်လွန်လာပြီးလျှင် ကျွန်တော့်ကို လက်အုပ်ချီပါသည်။

ကျွန်တော်က ရှိမိုးရန် မလိုကြောင်း၊ ရဲဘော်ရဲဘက်တစ်ဦးအနေနဲ့ အစွမ်းကုန် ကူညီမည်ဖြစ်ကြောင်း၊ ဝတ်လုံများလည်း ငှားပြီးပြီဖြစ်ကြောင်း၊ ဂျီစီဘီအေ ဦးသက်က ငွေနှစ်သောင်း ထုတ်ချေးမည်ဖြစ်ရာ စရိတ်ငြိစာချုပ်



ခုခု ဦးတင်က လက်မှတ်ထိုးရန်လိုကြောင်း၊ ကျွန်တော်နှင့် ဘာစာချုပ်မှ ချုပ်ဖို့ မလိုပါကြောင်းပြောလျက် ထိုနေ့ ယမန်ဖြင့် ရုံးသို့ ထုတ်လာသည့် အခါ အာမခံတောင်းသည်။ တရားလို သက်သေအချို့စစ်ပြီး၍ (၁၀)ရက် ကောက်ကြာမှ အာမခံနှင့် လွှတ်လိုက်သည်။

★★★

ဦးတင် အာမခံနှင့်လွှတ်လာသော် သူ့စကားအရ စည်းစိမ်တစ်ဝက် ခွဲဝေရမည်ကို ကြောက်ရွံ့နေဟန်တူသည်၊ ကျွန်တော့်ကို ရှောင်ဖယ် ရှောင်ဖယ်လုပ်နေသည်၊ ဦးသက်ကလည်း စာချုပ်ပြီးသည့်နောက် ငွေကိုအရစ်နှင့် ခွဲသများသာ ထုတ်ပေးသည်။ ငွေမည်မျှ ချေးယူရရှိသည်ကိုမှ ကျွန်တော် မသိရ။ ထိုအချိန်က ဦးတင်ထံမှ စည်းစိမ်တစ်ဝက်ရရန် နေနေသာသာ ကျွန်တော့်မှာ တိုက်မှလခ မရသည်ပင် သုံးလေးလ ရှိပြီ။

ဂျူရီအရျိုးကာ ပုဒ်မ (၃၂၆) အရိုက်ခိုင်းသည်ဆိုသော် သက်သေရှိသည် ဟုသာမန်ပြောကြားပြီး ဂျူရီလူကြီးအချို့ကမူ အမှုက ရှင်းနေသည်ဟု ပြောကြားကြသည်၊ သူတို့ပြောသည်ကိုထောက်ပြီး ဦးတင်အမှု ပေါ့နိုင်သည်ဟု ယူဆရသည်။

အမှုနှင့် တရားခံဘက်မှ သက်သေအများစုကို ကျွန်တော်ပင် ရှာဖွေစည်းရုံးရသည်ဖြစ်ရာ တကယ်ပင် သက်သေဖြစ်သော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ထွက်ဆိုချက်ကို အဓိကအားဖြင့် ဖျက်ပစ်ရန် သက်သေ ထိုသည်၊ ဦးပုလေးကမူ ဦးတင်က ဆရာသင် အလုပ်ပြန်သည့်အချိန် ငမိုးနှင့် သိုက်သွားပြီး ပြပေးရန် ခိုင်း၍ မိမိပင်ပြပေးခဲ့သည်၊ ငမိုးက လက်ဦး ကြိမ်လုံးနှင့် ရိုက်သည်ဟု ထွက်ဆိုသွားသည်။

သက်သေအချို့ကမူ သေသူ ဆရာသင် မြန်မာ့အလင်းတွင် ရေးသားနေသော "မုံရွေးပဏ္ဍိတဘွဲ့ခံ ဘုန်းကြီးလူထွက် ဦးမောင်ငယ်နှင့် ဖျော်မှုများ ခိုမိမိလေး" ဝတ္ထုမှာ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးကို ထောင်းရိုက်

www.burmeseclassic.com

ရေးသားခြင်းဖြစ်၍ ဆရာ ဦးမောင်ကြီးက မခံမရပ်ဖြစ်နေကြောင်း၊ သို့ - မခံမရပ်ဖြစ်နေသည်ကို ပညာ့အလင်း ဦးတင်အား ပြောပြရာ ဦးတင်က ပူမနေပါနဲ့ - ဆရာရယ်၊ ဦးပု ပြောပြီး လူမိုက်ငမိုးကို အခေါ်ခိုင်းကြောင်း၊ ကိုဘသိန်းက ဦးတင်သည် ဦးမောင်ကြီး အငြိုးအငြင် အမူအပင်မခံဘဲ၊ ဦးမောင်ကြီး သဘောကျ လုပ်ပေးနေသူ ဖြစ်သည်။

ငမိုးလာသော် သူ၏မယား ဖာရစီမယ်လုပါ ပါလာကြောင်း၊ ဦးတင်က ငမိုးအား "ဟော့ - ငမိုး - ဆရာသင်ကို သုတ်သင်လိုက်၊ ဆရာသမ္မိကို မောင်ပုလေး လိုက်ပြလိမ့်မည်" ဟု ပြောဆိုခဲ့ကြောင်းဖြင့် ထွက်ဆိုခဲ့ကြသည်။

ဤသက်သေထွက်ချက်ကို ကျွန်တော်တို့ဘက် (တရားခံ ဦးတင်ဘက်မှ)ဖျက်ရန် လိုပါသည်၊ ထို့ကြောင့် "သုတ်သင်" ဟူသော စကားကို ရှေ့ပရုန်ကျွန်တော်သည် ကောလိပ်မှ မြန်မာစာပါရဂူများဖြစ်သော ဆရာလင်း၊ ဆရာမှား၊ ဘာသာပြန်ဌာနမှ ဆရာဗိုလ်ကြီး၊ ဆရာအောင်၊ ဆရာစောတို့ကို သက်သေအဖြစ် တင်ပြရပါသည်၊ ဤသက်သေများနှင့် တစ်ဖက်မှ သက်သေများသည် "သုတ်သင်" ဟူသော စကားကို အပြန်အလှန် ထွက်ဆိုအစစ်ခံကြရာ (၅)ရက်ခန့် ကြာပါသည်၊ သို့ ရုံးတော်ထွက်ချက်များကို စာဖွဲ့မည်ဆိုပါက အဘိဓာန်တစ်အုပ် ကောင်းကောင်းထွက်နိုင်ပါသည်။

မြန်မာပညာရှိ ဆရာကြီးများ ထွက်ဆိုချက်များတွင် သုတ်သင်ဆိုသည်မှာ အသတ်ခိုင်းသည်ဟု မည်သူမျှ မထွက်ကြပါ၊ ဆရာဗိုလ်ကြီးက ပါဠိလို "ဝိသောဓေတွာ" မြန်မာအနက် သုတ်သင်ရှင်းလင်းခြင်း ဖြစ်သည်ဟု လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးရေးသော ဒီပနီကျမ်းတစ်စုကို ကိုးကားထွက်ဆိုသွားပါသည်။

ဆရာ ဦးမောင်ကြီးကိုယ်တိုင်လည်း "သုတ်သင်" ဆိုသည်မှာ မကောင်းသည့်အရာများကို ရှင်းလင်းပြီး ကောင်းအောင်လုပ်သည့်အဓိပ္ပာယ် ရှိပါသည်၊ ဆိုလိုရင်းမှာ လိမ္မာအောင် ဆုံးမလိုက်သည်ဟု သဘောရပါသည်ဟု ထွက်ဆိုသွားသည်။



နှစ်ဖက်သက်သေများ စစ်ဆေးပြီးသော် ရှေ့နေများ လျှောက်လဲချက် ...ကြသည်၊ အစိုးရရှေ့နေ ဦးမြဘူးက (၁၀)မိနစ်ခန့်သာ လျှောက်လဲပြီး ...၏ရှေ့နေ ဝတ်လုံလင်းဘတ်ကမူ သက်သေများ၏ထွက်ချက်များကို ...လုံးစီ ရှင်းပြရင်း (၂)ရက်တိတိ လျှောက်လဲသွားခဲ့သည်။

ရှေ့နေများ လျှောက်လဲပြီးသော် တရားဝန်ကြီးက ဂျူရီလူကြီးများအား ...၏ ထင်မြင်ချက် ပေးတော့သည်။

★★★

တရားဝန်ကြီးက "ဤအမှုတွင် သုတ်သင်ဟူသည့်စကားသည် ဘာမျှ ...ကြီးကျယ်၊ လူသတ်သမား ငမိုးသည် သေသူ ဆရာသင်ကို တွေ့လျှင်တွေ့ ...နှင်း သေစေလိုသောစိတ် မရှိ၊ ငမိုးတွင် ဓားမြှောင်ပါသော်လည်း ဝှမ်းလုံးနှင့် ...ကြောတ်ရှ် လန့်ရှံသာ ရိုက်လိုက်သည်၊ နောက် ဆရာသင်က ဦးစိန်(မြန်မာ ...သင်း ဦးစိန်ကြီး)ကို သွားခေါ်ပြီး တစ်ခေါက်ပြန်လာမှ ဦးစိန်၏လက်တွင် ...တ်ဓားနှင့် ဆရာသင်၏လက်တွင် တုတ်တစ်ချောင်း ပါလာသည်၊ ဆရာသင်က ငါ့ကိုရိုက်တာ မင်းလားကွဟု ဆိုပြီး ငမိုးကိုရိုက်မှ ငမိုးသည် ဒေါသထွက်လာပြီး ခါးထဲတွင်ပါလာသော ဓားမြှောင်ကို ဆွဲထုတ်ထိုးသဖြင့် ဆရာသင် သေရခြင်း ဖြစ်သည်၊ ငမိုးသည် တမင်ကြံ့တင်ကြံရွယ်ပြီး လူသတ်ခြင်း ...တ်၊ ဒေါသအလျောက် ဖြစ်ရခြင်းသာ ဖြစ်သည်၊ သို့ဖြစ်၍ ခိုင်းသူတွင်လည်း လူသတ်မှုမဖြစ်၊ ထို့ပြင် - ဦးမောင်ကြီးသည် မူလက ဦးတင်နှင့် အတူ ...လုပ်လုပ်နေပြီးနောက် ၎င်း၏ဇနီးနှင့် ဦးတင်ကို မသင်္ကာဖြစ်သည်တု ...ရားခံဘက်မှ သက်သေထွက်ချက်များ ရှိနေ၍ ဦးမောင်ကြီး၏ ဖြောင့်ချက် ...လည်း သံသယဖြစ်စေနိုင်သည်" ဟု တရားသူကြီးက ၎င်း၏ထင်မြင်ချက် ...လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျူရီလူကြီးများသည် တရားသူကြီး ထင်မြင်ချက်ပေးပြီးသော် စဉ်းစားခန်း ဝင်ကြသည်။

ထိုစဉ်က ဂျူရီလူကြီး ရွေးချယ်နည်းမှာ လူ (၅၀)ထဲမှ လူကြီး (၉)ဦးကို မဲနှိုက်ရွေးချယ်ရသည်။ တရားခံလုပ်သူက ထို(၉)ဦးအနက် ၎င်းမကြိုက်သောသူပါက (၅)ဦးအထိ ငြင်းပယ်ခွင့် ရှိသည်။ ထပ်ရွေးပြီး ကြိုက်ပြီဆိုက ထိုလူကြီး (၉)ဦးအနက် များရာ (၅)ဦး၏ အဆုံးအဖြတ်ကို နာယူရသည်။ တရားသူကြီးပင် လွန်ဆန်နိုင်ခွင့် မရှိ၊ တရားသူကြီး မကျေနပ်က အမှုပြန်လည်စစ်ဆေးရန်သာ အမိန့်ချနိုင်သည်။ ဤသို့သော စီရင်မှုကို ထိုအခါက ရန်ကုန်ဟိုက်ကုတ်လွှတ်တော်တွင်သာ ရှိသည်။ နယ်တွင် မရှိချေ။

ဂျူရီလူကြီးများ စဉ်းစားခန်း ဝင်နေချိန်တွင် ဦးတင်သည် မျက်စိမျက်နှာများ ပျက်နေသည်။ ဝက်မြံအတွင်းဝယ် လက်အတွင်းရှိ စာရွက်ကလေးကို ကြည့်လိုက်၊ ပါးစပ်က တတွတ်တွတ် လုပ်လိုက်နှင့် ဖြစ်နေသည်။ ကျွန်တော်သည် ဦးတင် ဘာများလုပ်နေသလဲဟု သိလို၍ ၎င်း၏နောက်နားသို့သွားကာ အသာကြည့်လိုက်ရာ၊ သူ့လက်တွင်းမှ စာရွက်ထဲမှာ မန္တန်တစ်ပုဒ် ရေးထားသောစာရွက် ဖြစ်နေပြီး ဦးတင်သည် ထိုမန္တန်ကို ရွတ်ဖတ်နေသည်ကို တွေ့ရသည်။

မန္တန်မှာ ...

ဥုံ - နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊

သမ္ဗာဓပဋိပန္နောသ္မိ၊ တဿမေသရဏံ ဘဝ။

လမင်းရာဟု ဖမ်းသောအခါ လမင်းက ခပ်သိမ်းသော အနှောင်အဖွဲ့မှ ကင်းလွတ်တော်မူပြီးသော မြတ်စွာဘုရား ကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်တော်မူပါဟူ၍ အမိပ္ပာယ်ရ၏။

ဦးတင်က ကျွန်တော့်ကို မမြင်၍ လက်တို့ပြီး စကားပြောရသည်။ ကျွန်တော်က "စိတ်ချပါ - လွတ်ပါတယ်" ဟု ပြောလိုက်သည်။ သို့တိုင်အောင် ဦးတင်၏မျက်နှာမှာ မရွှင်လန်းချေ။



ဦးတင်သည် ဘယ်နည်းနှင့်မျှ အပြစ်မှလွတ်လိမ့်မည် မဟုတ်ဟု စဉ်း[illegible]ဘောင်း စဉ်းစားနေပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဦးတင်၏ [illegible]ဘင်းစာသည် ဂျီစီဘီအေ သပိတ်မှောက်ခဲ့သည့်သတင်းစာ ဖြစ်သည်။

အင်္ဂလိပ်အစိုးရသည် ကိုလိုနီလက်အောက်ခံဘဝ၌ပင် မှုခင်းတိုင်[illegible]ရေးသူဆောင်ရွက်ခွင့် အာဏာက ရဲလက်တွင် ထားသည်။ တရားစီရင်မှု [illegible]အာဏာကို တရားသူကြီး၏လက်တွင်ထား၍ တရားသူကြီးသည် လွတ်လပ်[illegible]ရေးမှုတစ္စာ စီရင်မည်ဟု နားလည်နိုင်စေကာမူ ဘုရင်ခံ၊ ဝန်ကြီး စသော [illegible]ဘတ်တန်းအရာရှိကြီးတို့က လူတစ်ဦးကို မုန်းတီးလျှင် မုန်းတီးသလို ဝင်[illegible]ကွတ်ဖက်တတ်သည်ဖြစ်ရာ ဦးတင် စိုးရိမ်သည်ကိုလည်း စိုးရိမ်စရာပါပေ။

ဂျူရီများ စဉ်းစားခန်း ဝင်သည်မှာ (၁၅)မိနစ်ခန့်သာ ကြာသည်။ ဂျူရီများ ထွက်လာကြသော် တရားဝန်ကြီးလည်း တရားခွင်သို့ ပြန်ရောက်လာ[illegible] တရားဝန်ကြီးက ဂျူရီလူကြီး ဗိုမင်စောချစ်တင် (ပညာဝန်ဟောင်း)ကို [illegible]သတ်မှု၌ အပြစ်ရှိသည်ဟု ဆုံးဖြတ်ချက်ရပါသလားဟု မေးသည်။

စောချစ်တင် - "အပြစ် မရှိပါ"

တရားဝန်ကြီး - "ပုဒ်မ (၁၂၄)အရ ရိုက်မှုနဲ့ကော အပြစ်ရှိပါသလား"

စောချစ်တင် - "ရှစ်ယောက်က အပြစ်မရှိ၊ တစ်ယောက်ထဲက အပြစ်[illegible]တယ်လို့ ဆိုပါတယ်"

သို့ မေးမြန်းပြီးနောက် တရားဝန်ကြီးက တရားခံတွင် အပြစ်မရှိ၊ လုံးဝ[illegible]ရားသေ လွှတ်စေဟု အမိန့်ချမှတ်လိုက်သည်။

အမှုမှ ကွင်းလုံးကျွတ် လွတ်ပါသော်လည်း ဦးတင်၏ အတွေးအခေါ်မှာ [illegible]တစ်မျိုးဖြစ်သွားသည်။ မိမိတော်လွန်း၍ အမှုမှ လွတ်သည်ဟု အထင်[illegible]ရောက်နေသည်၊ အမှုအတွင်းက အဖြစ်အပျက်များ မေ့တော့ပြီ။

သံယသသမင်္ဂလ်တွေက အလှူခံပေးရာ ရုံပုံငွေ (၁၅၀၀၀)လောက် ရပါ[illegible]လျှက် ကျွန်တော်တို့တွင်မှု လခ မရကြသည့်နှင့် ကျွန်တော်လည်း တစ်[illegible] အကြာတွင် စကားနည်းရန်စဲအလို့ဂှာ ထွက်လိုက်တော့သည်။ အခြားအသ[illegible]

www.burmeseclassic.com

ဒီတာများလည်း တပြုတ်ပြုတ်ထွက်ကြရာ ရတုဆရာရွှေတစ်ယောက်သာ ကျန်၍တစ်နှစ်ကြာသော် သတင်းစာကြီးရပ်စဲ၊ တိုက်တွေ၊ အိမ်တွေ လေလံပွဲကို ရောက်ကုန်သည်။

ပညာ့အလင်း အယ်ဒီတာအဖွဲ့ဝင်တို့က တိုက်ရှင် ဦးတင်အား ဖွန်ဘူးဟု၍ ခေါ်ကြသည်၊ ခွေးဘီလူးပုံနှင့် လန်ဒန်မှ ထုတ်ဝေသော ဖွန်ဘူး ဂျာနယ်ပိုင်ရှင် ဖွန်ဘူးသည် ဘဏ်တိုက်တစ်ခု လိမ်လည်မှုနှင့် ထောင်ကျ၍ ဂျာနယ်ပါ အခြားသူများက ပိုင်သွားသည်၊ နောက် - ဆေးရုံ၌ ဘာမှမမှတ်သော မိန်းမတစ်ဦးက ပြုစုပြီး ကွယ်လွန်ရကြောင်းနှင့် ကြားခဲ့သည်၊ ယခုလည်း ဂျပန် - အင်္ဂလိပ် စစ်ကူး၊ မတ်ကူးအချိန် ပဲပြုတ်သည်တစ်ယောက်၏ လက်တွင်း ကွယ်လွန်သည်ဟု သိရသည်။

★★★

ဦးတင်၏လက်ရုံးကြီး ငမိုးလည်း ထောင်တွင်း၌ပင် သေဆုံးသွားသည်၊ နောက်ဆုံး သေဆုံးသည့် ဘသိန်း အသက် (၆၄)နှစ်ပြည့်တွင် ရုံးသို့ သတ်သေစ်လာသည်။ အမှုမှာ ဦးဘဘေ (ယခု ဘကြီးဘဘေ)ကို ဦးကြွင်သိန်းက ကန့်ကွက်သော အရှေ့ပိုင်း ရွေးကောက်ပွဲ အမှုဖြစ်သည်။ ဦးမိုးက သူ၏ တစ်သက်တွင် ရာဇဝတ်မှုပေါင်း (၃၆)မှု ကျူးလွန်ခဲ့ပြီး အမှုအားလုံးလိုလိုတွင် ထောင်ကျဖူးသည်ဟု ထွက်ဆိုသွားသည်၊ ငမိုးနှင့်ပတ်သက်၍ တရားဝန်ကြီး မစ္စတာ ဘရွန်က အုပ်ထိန်းမရ စိတ်နောက်ကိုယ်ပါ ပြုကျင့်တတ်သူဟု မှတ်ချက်ချဖူးသွားသည်။

ဤသို့ ဖြစ်ပျက်ခဲ့သမျှတွင် လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၏ သဘောထားသည် မှတ်သားဖွယ် ကောင်းလှသည်။

ဆရာ ဦးမောင်ကြီးသည် အမှုကို စတင်ဖော်ခဲ့သူ ဖြစ်စေကာမူ ၎င်း၏ ထွက်ဆိုချက်ဖြင့် တစ်ဖက်သူကို ပေါ့စေခဲ့သည်၊ ပညာရှိသဘောဖြင့် သူ့တွင်



ခေါက်ပါဟူ၍သာ သုံးခဲ့ပြီး ငမိုးကိုလည်း သတ်မည်လားဟု မသိခဲ့ကြောင်းနှင့် ထွက်ဆိုခဲ့သည်။

ရုံးတွင် သက်သေတစ်ဦး ထွက်ချက်အရ ရှေ့နေ ဦးလှထွန်းဖြူက -

"ဦးမောင်ကြီး - ခင်ဗျား - ငမိုးနဲ့ ဦးတင်နဲ့ - မသက်ာခဲ့ဘူး။ ဒါ - ခင်ဗျား ဘယ်သူ့ကို ပြောဖူးသလဲ"

ဟု မေးရာ ဆရာ ဦးမောင်ကြီးက -

"မသင်္ကာလည်း မဖြစ်ခဲ့ဖူးဘူး။ ဘယ်သူ့မှလည်း မပြောခဲ့ဘူးပါ"

ဟု ဖြေခဲ့သည်။

ဤမေးခွန်း မေးသည်ကို ဦးတင်က ရုက်လုရှိရဲ့ဆိုကာ ဦးလှထွန်းဖြူအား ဆက်လက်မဌားရန် ကျွန်တော့်ကို ပြောဖူးခဲ့သေးသည်၊

စင်စစ် - ဤအချက်ကို သက်သေတစ်ဦးတည်းကသာ ထွက်ဆိုခဲ့ပြီး အခြားအထောက်အထား သက်သေ မရှိခဲ့ပေ။

အမှုကိစ္စပြီးသော် ဦးမောင်ကြီးသည် ကျွန်တော့်အား အခင်အမင်များ၊ ကျွန်တော်သွား၍ကန်တော့သော် လူတစ်ယောက် သေအံ့မူးမူးတွင် ဘယ်နိုင်ခဲ့တဲ့လူပဲဟု ပြောဆိုရိုးကျူးခဲ့သည်။ ဦးမောင်ကြီးသည် ကျွန်တော့်အား တရားခံဘက်မှ လိုက်သည်ဆိုကာ အာဃာတမထား။ ထို့နောက် ကျွန်တော်သည် ဦးမောင်ကြီးကို ပိုမို၍ကြည်ညိုဆည်းကပ်ခွင့် ရခဲ့သည်။

ဦးမောင်ကြီး၏ဇနီး ဒေါ်အေးသည် ထိုစဉ်က ကျွန်တော့်ထက် ငယ်ပြီး သူ၏အသက် (၂၀)ခန့် ရှိမည်၊ ရုပ်ရည်ချောမောလှပပြီး သိလသိက္ခာရှိသူ ဖြစ်သည်။

ကျွန်တော်သည် လက်ထောက်အယ်ဒီတာဘဝမှ ရှေ့နေ စာရေး၊ လက်ထောက်စာရေးဘဝဖြင့် အမျိုးမျိုးသောဘဝတို့တွင် နိမ့်တုံမြင့်တုံ ကျင်လည်ခဲ့သည့်အတွင်း၊ ကုလား - ဗမာ ရိုက်ပွဲဖြစ်စဉ်က သဘောတာလီကုလီခေါင်းအဖြင့် အသက်ဆက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ သင်္ဘောကြီးအလုပ်သမားဘဝ အလွန်ပေရေ နွမ်းနယ်သော ရုပ်နှင့် (၅၃)လမ်းအတွင်းမှ လျှောက်ပြီး ပြန်လာခဲ့ရာ ဦးမောင်ကြီး၏ဇနီး ဒေါ်အေးက မြင်၍ လှမ်းခေါ်ပြီး သူ့ခင်ပွန်း ဦးမောင်ကြီးကို -

"ကြည့်ပါဦး - ဆရာရယ်၊ ဘုရင် - သိပ်ဆင်းရဲနေပုံ ရပါတယ်"

ဟု သားရင်းဆွေမျိုးတစ်ဦးကို တွေ့ရသကဲ့သို့ မချိတင်ကဲ ပြောပြရှာသည်၊

ဦးမောင်ကြီးကမင်းဘာလုပ်နေသလဲဟုမေးရာကျွန်တော်က သင်္ဘောကြီးကူလီ လုပ်နေပါသည်ဟု ပြန်ဖြေသည်တွင် ဆရာက ဆုံးမသြဝါဒ ပြောကြားသည်ကို တစ်သက်တွင် စွဲနေသည်အထိ မှတ်မိနေပါသည်၊

ဆရာက -

"တပည့် - အခွင့်မသင့်ရင် မဟော်သဓာပင် အိုးထိန်းအိမ်မှာ ကူလီလုပ်ခဲ့ရတယ်၊ ဒါပေမဲ့ - ပညာရှိ မဟော်သဓာဟာ သူ့ဘဝ ဆင်းရဲပင်ပန်းမှုကို အရင်းတည်ပြီး သူ့ဘဝ အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့တယ်၊ လူတစ်ယောက်ဟာကိုယ်၏ဘဝတိုးတက်အောင် လုပ်ကိုင်တတ်ပေမယ့်ကိုယ့်ဘဝကို တည်တံ့အောင် မထိန်းသိမ်းတတ်ကြဘူး"

ဟု ပြောဆိုခဲ့ပါသည်၊

ထိုဆုံးမစကား ပြောကြားပြီး ငွေနှစ်ဆယ် ထုတ်ပေးရာ၊ ဆင်းရဲလှသော ကျွန်တော်သည် ဝမ်းသာစွာနှင့် မငြင်းမပယ် လက်ခံခဲ့ဖူးပါသည်၊

ဆရာကား ဤသို့ပင် ပေးကမ်း စွန့်ကြဲ၍ ဆိုဆုံးမတတ်သူ ဖြစ်ပါပေသည်၊

ဤဝတ္ထုဖြင့် ဆရာရင်းဖြစ်သော လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏သီလ သမာဓိ၊ ပညာတို့ကို ချီးကျူးပူဇော်ခြင်းသည် ကျွန်တော်၏ ဘဝနိဂုံး နောက်ဆုံးဖြစ်ခြင်းလည်း ဖြစ်ပေလိမ့်မည်၊ အကြောင်းမူကား ယခုအခါ ဇရာဖိစီး နေသောအရွယ်သို့ ရောက်နေပါပြီ၊



ဘုရင်ကလေးဘဝမှ (ဂျက်ဒေါက် ဘုရင်ဘဝ)၊ ထိုမှတစ်ဖန် ဤလူ့ဘဝဆင် ထွက်ခွာသွားရမည်မှာ မလွှဲမရှောင်သာသော နိယာမ သဘောရသော တရားပေတည်း ...၊

➢ ဂျက်ဒေါက် ဦးဘချင်


**စာမူရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com

# ကောင်းစံဟိန်း

၊ ဖန်နေဝန်း ၊

# ကြေးနက်အတွက် ကျီးမိုက်တို့သွားရာလမ်း




**ရှေးဟောင်းအမွေအနှစ်များကို နိုင်ငံသားပီပီ ထိန်းသိမ်းရမည့်အစား ကိုယ်ကျိုးရှာလိုသူတစ်ယောက်၏ လူမိုက်နောင်တ ..**

**လွန်ခဲ့သော** ခြောက်လခန့်က ရန်ကုန်မြို့တွင်းသို့သွားရင်း တစ်ရွာသည်းသား ငယ်သူငယ်ချင်းဖြစ်သူ မောင်မောင်ဦးနှင့် မမျှော်လင့်ဘဲ ဒန်းဆိုးတန်းတစ်နေရာတွင် ဆုံတွေ့ရသဖြင့် အလွန်ပင် အံ့ဩဝမ်းသာဖြစ်ခဲ့ရပါသည်။ မောင်မောင်ဦးနှင့် ကျွန်တော်မှာ မူလတန်းမှ အလယ်တန်းအောင်သည်အထိ အတူတူပင်။ ကျွန်တော် အထက်တန်းကျောင်းရှိရာမြို့သို့ ပြောင်းရွှေ့ပြီး ကျောင်းတတ်သွားသောအခါ မောင်မောင်ဦးမှာ ကျောင်းဆက်မနေတော့ဘဲ မိဘများနှင့်အတူ လယ်ယာလုပ်ငန်းများ ပိုင်းကူလုပ်ရင်း ရွာမှာကျန်နေခဲ့သည်။

ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ရန်ကုန်သို့ ထွက်လာစဉ်ကပင် မောင်မောင်ဦးနှင့် ကျွန်တော် ကွဲကွာခဲ့ရသည်မှာ ယခုဆိုလျှင် နှစ်ပေါင်းလေးဆယ်ပင် ကျော်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံရသောအခါ နှစ်ယောက်စလုံး၏ရင်မှာ အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မျက်ရည်ကျမတတ် ပျော်ရွှင်သွားခဲ့ရသည်။ ကျွန်တော်တို့သူငယ်ချင်း

www.burmeseclassic.com

နစ်ယောက်မှာ တစ်ယောက်လက်တစ်ယောက်မြဲမြဲစွာ ဆုပ်ကိုင်ထားကြ ရာမှ နီးရာလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်ပြီး လက်ဖက်ရည် မှာသောက် ရင်း ရှေးဟောင်းနှောင်းဖြစ် စကားပြောဖြစ်ကြသည်။ မောင်မောင်ဦးကို ကြည့်ရသည်မှာ လန်းဆန်းပုံလည်း မရ၊ ခန္ဓာကိုယ်ကလည်း ပိန်လှီပါးလှပ် ပြီးခြေထောက်မှာဖိနပ်စုတ်တွေ ဗလပွနဲ့ တွေ့နေသဖြင့် ကျွန်တော်က စိတ်မချမ်း မြေ့စွာဖြင့် -

"သူငယ်ချင်း - မင်းကြည့်ရတာ နေမကောင်းသလိုပဲ။ ငါ အံ့သြားမရလိုက် တာကွာ။ အခု - ဘယ်မှာနေလို့ ဘာအလုပ်တွေ လုပ်နေတာလဲ၊ အခြေ အနေကော ကောင်းရဲ့လားကွာ"

"မင်းကို ပွင့်ပွင့်လင်းလင်းပြောရရင် မကြာသေးခင်ကမှ လွတ်ငြိမ်း ချမ်းသာခွင့်နဲ့အတူ ငါထောင်က လွတ်လာတယ် - သူငယ်ချင်း။ အခု - ထောင် ထဲမှာ တွေ့လာတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ ခဏတည်းခိုနေတာ၊ သူ့အိမ်က သမိုင်းမှာဆိုတော့ သွားလာရ လွယ်ကူတယ်ကွာ၊ အဲဒါကြောင့် ..."

"ဟာကွာ - မင်းက ဒီအသက် ဒီအရွယ်ကြီးနဲ့ ဘာတွေလုပ်လို့ ထောင် တွေ၊ တန်းတွေ ကျရတာလဲကွာ ...၊ ဒါနဲ့ - မင်းရဲ့မိသားစုတွေကကော ဘယ် မှာလဲ၊ သားသမီးတွေ ဘယ်နှယောက်ရှိပြီလဲ၊ စိတ်မကောင်းစရာတွေ ဖြစ် မှုဖြစ်ရလေ - သူငယ်ချင်းရာ"

ကျွန်တော်က ထိုသို့ မေးမြန်းပြောဆိုလိုက်သဖြင့် မောင်မောင်ဦး၏ မျက်ဝန်းအိမ်မှာ မျက်ရည်များ ရစ်ဝိုင်းလာပြီး ခေါင်းငိုက်စိုက်ချကာ စားပွဲ ထိုးလေး လာချပေးသွားသော မုန့်ပန်းကန်ပြားကိုသာ ငေးကြည့်နေလေ သည်။ ပြီးမှ -

"ငါ့မိသားစုကိစ္စကို အရင်ပြောပြမှ မင်းအတော်ရှည်လည်သွားမှာပါ၊ မင်း ဆယ်တန်းအောင်လို့ အလုပ်ဝင်သွားတဲ့အထိ ငါအိမ်ထောင်မကျသေးဘူး ကွာ ...၊ မြို့သွားလိုက်၊ ရွာပြန်လိုက်နဲ့ အရင်ကလို မိဘအိမ်လည်း ဝိုင်းမကူ



တော့ဘူး၊ အားအားရှိ ကြက်တိုက်၊ ဖဲရိုက်၊ အရက်သောက်နဲ့ ရွာနဲ့ မြို့မှာ အလေဘီဖြစ်လာတယ်၊ အဲသလို ပျက်ပျက်စီးစီးနေရင်း အသက်သုံးဆယ့် ငါးနှစ်ရောက်မှ မြို့စွန်က အရက်ဖြူရောင်းတဲ့ ဦးသာအေးသမီး မအေးလှနဲ့ အိမ်ထောင်ကျတယ်ကွာ ...၊ သူနဲ့ သားလေးတစ်ယောက် ရတယ်၊ ငါက လည်း လက်ကြောတင်းအောင် အလုပ်မလုပ်တော့ အိမ်ထောင်ရေးက အဆင်မပြေဘူး၊ အဲသည်လိုနေရင်း မြည်မြို့ဘက်က ရောက်လာတဲ့အရောင်း အဝယ်သမားတစ်ဖွဲ့နဲ့ ပေါင်းမိပြီး မြည်ဘက်ကို ရောက်သွားတယ်၊ အဲဒီမှာ အရောင်းအဝယ်လုပ်ရင်း သောက်သောက်စားစားနဲ့ဆိုတော့ အခြေအနေ က ပိုဆိုးသွားတယ်ကွာ ...၊ အဲဒီချိန်ကစပြီး မအေးလှတို့သားအမိဆီ ပြန် ရောက်တာ အခုထိပဲ - သူငယ်ချင်း"

"တာ - မင်းကလည်းကွာ၊ ဒါနဲ့ - နေပါဦး - သူငယ်ချင်း၊ မင်းအရောင်း အဝယ်လုပ်တယ်ဆိုတာက ဘာရောင်းလို့ ဘာတွေ ဝယ်တာလဲကွ ...၊ ငါ နားလည်အောင် - ပြောပါဦး"

"အရောင်းအဝယ်ဆိုတာ ဒီအလုပ်က အတော်နက်နဲခက်ခဲတဲ့အလုပ် ကွ၊ ဒီလိုအရောင်းအဝယ်ထဲမှာ သာမန်လူတွေမသိနိုင်တဲ့တကယ့်အဖိုးတန် ပစ္စည်းတွေ ပါလာတတ်တယ်၊ ဒီလိုပစ္စည်းမျိုး ကံကောင်းလို့ ရလိုက်ရင်တော့ အဲ - သူငယ်ချင်း၊ မင်း ရှင်းရှင်းလင်းလင်းသိသွားအောင် ပြောရရင် ရှေး ဟောင်းပစ္စည်းအရောင်းအဝယ်လုပ်တာကွ၊ အဲဒါကြောင့် - ငါလည်း သူတို့ အဖွဲ့နဲ့ပေါင်းမိပြီး တစ်ရွာဝင်၊ တစ်ရွာထွက် လူမသိအောင် တိုးတိုးတိတ်တိတ် ပေါ့၊ ရှေးဟောင်းပစ္စည်းဖြစ်တဲ့ ကြေးကွမ်းအစ်၊ ကြေးဖလား၊ ကြေးကွမ်း ညှပ်၊ အလေးမျိုးစုံ၊ အရုပ်မျိုးစုံ၊ ရုပ်ပွားဆင်းတုတော်တွေအထိပေါ့ကွာ ...၊ ဝယ်တယ်ရတယ်၊ တန်ဖိုးကြီးတဲ့ရုပ်ပွားတော်ကြီးဆိုရင် ...ရွာခံနဲ့ပေါင်းပြီး ခြောက်တောက် ခိုးယူရတာမျိုးလည်း ရှိတယ်၊ ရလာတဲ့ပစ္စည်းမှန်သမျှကို ဘုရင့်နောင်ပွဲရုံက ကုလားသူဌေး ရာဂျူးဆီ သွားသွင်းရတယ်၊ သူ့တစ်



www.burmeseclassic.com

www.burmeseclassic.com

ဆင့် တစ်ဖတ်နိုင်ငံကို ပို့ရောင်းတယ်။ ဒီလိုမျိုးနဲ့ အခြေအနေက ကောင်း မလိုလို၊ ကောင်းမလိုလိုနဲ့ နှစ်သာ ကြာလာတယ်။ အကျိုးအမြတ်က တာမှ ထူးခြားမလာဘူး"

"ဟာကွာ – မင်းဦးစွာကလည်း လုပ်မယ့်အလုပ်က ရှားလို့၊ ဒီအလုပ်မျိုး ကြောင့် မင်းဒုက္ခရောက်နေတာ၊ သားတစ်ကွဲ၊ မယားတစ်ကွဲနဲ့၊ မဟုတ်မှ လွဲရော – ငါထင်တယ်။ မင်း အခုလိုဖြစ်တာ ရှေးဟောင်းပစ္စည်းသက်သက်နဲ့ မဖြစ်နိုင်ဘူး။ ဗုဒ္ဓရုပ်ပွားတော်တွေပါနေလို့ ဗုဒ္ဓဂိုဏ်းသင့်တာကွ၊ ဒါနဲ့ – မင်း ထောင်ကျခဲ့ရတဲ့ အခြေအနေလည်း ပြောပါဦး"

"အဲသည်လို ဝယ်လို့၊ နိုးလို့ရလာတဲ့ ပစ္စည်းမှန်သမျှကို သူဌေးရာဂျူးကို သွားပို့ပေးရင်း ငါက လုပ်ငန်းမှာ အတော်ကျွမ်းကျင်လာတယ်ကွာ ...။ အဲဒီ လို ရှေးဟောင်းရုပ်ပွားတော်တွေ ရှိတယ်။ အဲဒါကို ကြည့်တတ်၊ သိတတ်ဖို့ လိုတယ်။ တို့ငယ်ငယ်တုန်းက ဆရာတော်ကြီးပြောပြဖူးတဲ့ ပဉ္စလောဟာ၊ သတ္တလောဟာ၊ နဝလောဟာ ဆိုတဲ့ သတ္တုမျိုးဟာ ရွှေထက် အများကြီး တန်ဖိုးကြီးတယ်။ ဆရာတော်ကြီးပြောခဲ့တာ ငါလည်း အခုမှပဲ မြင်ဖူးတွေ့ တော့တယ်ကွ။ အဲဒီလို ကျွမ်းကျင်သိတတ်လာတဲ့အခါ ကုလားရာဂျူးက သူ့ ရဲ့စိတ်ချရတဲ့လူအဖြစ်နဲ့ ငွေတွေ အများကြီးပေးပြီး ပုဂံတို့၊ မန္တလေးတို့မှာ လောဟာမျိုးစုံပါတဲ့ ရှေးဟောင်းရုပ်ပွားတော်တွေ ဝယ်ခိုင်းသေးတယ်။ သုံး လေးခေါက်လောက် အဆင်ပြေလာပြီး ငွေရေးကြေးရေးကအစ အားလုံး စိတ်ချလာရတဲ့ နောက်မှာ ...။

♠ ● ♠

အလွန်ရှမ်းအေးလှသော ဆောင်းရာသီမှာ မောင်မောင်ဦးတစ်ယောက် လားရှိုးမြို့သို့ ရောက်သွားခဲ့သည်။ လားရှိုးမြို့က ရှမ်းပြည်နယ်၊ အရှေ့မြောက် ပိုင်းမြို့တော်၊ ရှမ်း – ကချင်၊ လီဆူး၊ ပလောင်၊ ကောကန့်၊ ရိုးသားသော တောင်ပေါ်သားများ နေထိုင်ရာ မြို့ကြီးတစ်မြို့ဖြစ်သလို၊ ကချင်တိုင်းရင်း

သားတလွဲရင် အားလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ မောင်မောင်ဦးမှာ အကြံအစည်နှင့်လာသူဖြစ်သဖြင့် ကြိုတင်ပြင်ဆင်လာခဲ့သော ဂုဏ်တော် ဆီး ခပ်ကြီးကြီးတစ်ကုံးနှင့် ယောဂီဝတ်စုံတစ်စုံတို့က သူ့အဝတ်အစား အိတ်ထဲတွင် အသင့်နေရာယူ ပါလာခဲ့သည်။ မောင်မောင်ဦးမှာ လားရှိုးမြို့ တွင် အဆင့်အမြင့်ဆုံး "နာမ့်ချက်လုံ" တည်းခိုခန်းတွင် ဝင်ရောက်တည်းခို ပြီး လူအများ မြင်သာထင်သာဖြစ်အောင် လမ်းလျှောက်နေရင်း လက်တ ဆီးတရောက်ရောက်စိပ်ကာ အကြံထုတ် ဘန်းပြလေ့ ရှိနေလေသည်။

ဘိုးတော် ပဒုံမင်းလက်ထက် အမတ်ကြီး ဦးပေါ်ဦးနှင့် သိန္နီစော်ဘွားတို့ ဆည်ထားခဲ့သော သမိုင်းဝင် မာန်ဆူစေတီတော်သို့ မနက်တစ်ခေါက်၊ ည တစ်ခေါက် သွားရောက်ပုတီးစိပ်သည်။ ယခုကဲ့သို့ပြုလုပ်နေခြင်းမှာ အကြံ အည်သမားများ၏ ထွင်လုံးလည်း ဖြစ်သည်။ အများအမြင်တွင် ဂန္ထာရိုလမ်း ကိုလိုက်နေသူ တရားသမားသူတော်စင်ဟုမြင်စေလိုသည်။ ထိုကဲ့သို့ မာန်ဆူ စေတီတော်တွင် ပုတီးစိပ်ရင်း၊ တရားဆွေးနွေးရင်း ဒေသခံ ဦးစိုင်းလုံဆိုသူ နှင့် ခွေမိတ်ဆွေဖြစ်ကာ ခင်မင်ရင်းနှီးလာခဲ့ရသည်။ တစ်နေ့တွင် ဦးစိုင်းလုံ က –

"တို့လမ်းထဲက အဘ ဦးစိတ္တဆိုတာ တကယ့်ပုတီးသမားဂန္ထာရိုလမ်း လိုက်နေတဲ့ အဖိုးကြီးတစ်ယောက်ရှိတယ်။ အသက်ကတော့ ရှစ်ဆယ်ကျော် သွားတယ်ပြီ၊ သူ့အိမ်မှာ ရှေးဟောင်းဘုရားတွေဆိုရင် တစ်လက်မကစပြီး သည့်ရှစ်လက်မအထိ ဘုရားအဆူ ခြောက်ဆယ်လောက် ရှိတယ်။ ဘာညာ ရှေးဟောင်းအရုပ်တွေလည်း အများကြီးပဲ၊ ဆရာ ဝါသနာပါလို့ သွားချင်ရင် ကျွန်တော် လိုက်ပို့ပေးပါမယ်"

ဦးစိုင်းလုံစကားကြောင့် အကြံသမား မောင်မောင်ဦးမှာ လောဘတ ဏှာချင်းပင် မိုးထိအောင် မြင့်တက်သွားသည်။ သို့သော် အကြံသမားဖြစ် သဖြင့် သည်ပစ္စည်းမျိုး အရေးမကြီး။ စိတ်မဝင်စားသလို ဟန်ဆောင်လိုက် ပြီး –





www.burmeseclassic.com

www.burmeseclassic.com

"ရှေးဟောင်းဘုရားဆိုတာ တန်ဖိုးကြီးတယ်၊ ဖူးကောင်းတယ်၊ ဖူးချင်တာပေါ့ - ဦးစိုင်းလုံ၊ ဒါပေမဲ့ - အခုရက်ပိုင်း ကျွန်တော်က အဓိဋ္ဌာန်ပုတီးစိပ်နေတာ ရက်မပြည့်သေးဘူး ဖြစ်နေတယ်၊ အဓိဋ္ဌာန်ရက်ပြည့်သွားရင်တော့ တန်ဖိုးကြီးဘုရားတစ်ဆူဆူ ဖူးတွေ့ရလိမ့်မယ်လို့လည်း အာရုံထဲမှာ တွေ့နေရတယ်ဗျ …"

မောင်မောင်ဦးမှာ ဟန်ကိုယ့်ဖို့ လုပ်လိုက်ရ၏၊ သို့သော် ရှေးဟောင်းရုပ်ပွားတော်များ သိုလှောင်ပူဇော်ထားသော အဘိုးကြီးဦးစိတ္တအိမ်သို့ သွားရောက်လေ့လာလိုသည်မှာလည်း တစ်ပိုင်း သေမတတ်ဖြစ်နေလေသည်၊ တရားသမားတစ်ယောက်ဟု အားလုံးအမြင်မှာ လက်ခံလာနိုင်အောင် ဟန်လုပ်ပြရသည်၊ ဒါမှလည်း ကိုယ့်ရည်မှန်းချက်က အောင်မြင်မည်မဟုတ်လား၊ ယခုလည်း ရှေးဟောင်းစေတီတစ်ဆူဖြစ်သော မာန်ဆူစေတီတော်မှာ အဓိဋ္ဌာန်ပုတီးကို "သတ္တ သတ္တ နောဝါ စာလီသ" ခုနစ်ရက်၊ ခုနစ်ကြိမ် လေးဆယ့်ကိုးရက် ပုတီးစိပ်နေခြင်းဖြစ်ကြောင်းကိုလည်း အများအထင်ကြီးအောင် ဟိတ်ဟန်ထုတ်ပြောပြရသေးသည်၊ တည်းခိုခန်းသို့ပြန်ရောက်လျှင်လည်း ပုတီးတကိုင်ကိုင်ဖြင့် နေ့ညမပြတ် ပုတီးစိပ်အဓိဋ္ဌာန် ဝင်ပြရသေးသည်၊ တချို့ဆိုလျှင် မောင်မောင်ဦးအား လေးစားစွာ ချဉ်းကပ်လာသူများပင် ရှိလာပေပြီ၊ အမှန်တော့ - မောင်မောင်ဦးတစ်ယောက် ကြောင်သူတော် ကြွက်သူခိုးမှန်း မည်သူမျှ မသိကြ၊

မာန်ဆူဘုရားပေါ်မှ ဦးစိုင်းလုံနှင့် လမ်းခွဲလာကြပြီး တစ်လမ်းလုံး အကြံထုတ်လာခဲ့သည်၊ နာမ့်ချက်လုံ တည်းခိုခန်းသို့ ပြန်ရောက်ပြီး ခုတင်ပေါ် ပက်လက်လှန်ကာ အကြံထုတ်နေရင်း "အခုတလော ငါကံအတော်မြင့်လာတယ် ထင်ပါရဲ့" ဘယ်လိုပဲဖြစ်ဖြစ် အခုကြားခဲ့ရသော အဖိုးကြီးဦးစိတ္တထံမှ ရှေးဟောင်းရုပ်ပွားတော်များ ရအောင်ယူမည်၊ ဒါမှလည်း ငွေများများရမည်ဟု တွေးရင်း ပျော်ရွှင်လာမိသည်၊ သို့သော် လူမိုက်က သူတော်ကောင်း



…သင်ဆောင်နေရခြင်းမှာ စိတ်ထဲက အတော်ပင်ပန်းလှသည်၊ ကျဉ်းကြပ် …သည်ဟုထင်သည်၊ ရန်ကုန်မှာဆိုလျှင် အပေါင်းအသင်းများနှင့် ပျော် …မှာ စားသောက်ရင်း ပန်းကုံးစွပ်ကြရင်း မဟာအရသာဖြင့် ပြည့်စုံသော …တာများ မိုဝဲကာ စင်ပေါ်က ကောင်မလေးများထံ ငေးမောရသည်ကို …သိရလာသည်နှင့်အတူ "နေနှင့်ဦးပေါ့ကွာ …" ဟု တွေးမိပြီး "ထွီ" ခနဲ …တွေးတိုပင် မျိုချလိုက်မိလေသည်၊

မာန်ဆူစေတီတော်ပေါ်သို့ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပုတီးစိပ် … မှန်မှန်ရောက်သွားတတ်သည်၊ ဦးစိုင်းလုံတို့အဖွဲ့နဲ့ ဆုံဖြစ်သော်လည်း …ကြီး ဦးစိတ္တ၏ ရှေးဟောင်းရုပ်ပွားတော်များအကြောင်းကို မိမိက စကား … ဦးစိုင်းလုံက စ,လာသောအခါ ရှေးဟောင်းရုပ်ပွားတော်များ တန်ဖိုးကြီး …ကြောင်း ပြောဖြစ်သည်၊ အခုလို - ရှေးဟောင်းဘုရားတစ်ဆူဆူရှေ့မှာ အဓိ…န်ပုတီးစိပ်ရင်း၊ အိပ်မက်အရ ရှေးဟောင်းဘုရားတစ်ဆူ ရရှိဖူးကြောင်း …ကြောင်းတိုက်ဆိုင်ပါက သူတော်စင် ထွက်ရပ်ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရ…တ်ကြောင်း၊ တစ်နေ့နေ့မှာ အလိုရှိရာ စိတ်အကြံ အောင်မြင်လာမှာဖြစ်…ကြောင်း၊ မာန်ဆူစေတီတော်ပေါ်မှာ ပုတီးစိပ်သူများ ဆရာတစ်ဆူဟန်ဝန်… မောင်မောင်ဦးက တတ်သမျှ မှတ်သမျှနဲ့ ကြွားပါကာ လေလုံးထွားလျှက်…သည်၊ အမှန်တော့ - အခုကဲ့သို့ လေထွားရသည်မှာ သူ့အား အထင်အမြင်…ပြီး အဖိုးကြီး ဦးစိတ္တထံ သတင်းပျံ့နှံ့သွားအောင် တမင်ကြံစည်ပြောဆို…ဖြစ်သည်၊

မောင်မောင်ဦးမှာ အခုရက်ပိုင်းအတွင်း ရက်မပျက် ပုတီးစိပ်ယောင်…ဆောင်ရင်း တစ်ဖက်က ဂန္ထိရဝတ္ထု မဂ္ဂဇင်းများကိုလည်း တည်းခိုခန်းမှ…ဆောင်လေး ဌားနိုင်းပြီး ဖတ်မှတ်ရသည်၊ အရေးအကြောင်းဆိုလျှင် အဖိုး…ကြီးဦးစိတ္တနှင့် တွေ့ဆုံသောအခါ ဂန္ဓာရီသမားတစ်ယောက်အနေနဲ့ ပြောနိုင်…ဆိုနိုင်ဖို့ အရေးကြီးသည်၊ သို့ကြောင့် အရေးကြီးသည်များကို ဖတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com

အလွတ်ကျက်ထားလိုက်သည်၊ အထူးသဖြင့် ဂန္ဓာရီလမ်းစဉ်နဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအကြောင်း၊ ရွှေပေါင်းဘုရားများ တန်ခိုးထက်မြက်ပုံကို စုဆောင်းမှတ်သားလျက် ရှိနေလေသည်၊

⁂ ● ⁂

တစ်နေ့တွင် မောင်မောင်ဦးနှင့် ဦးစိုင်းလုံတို့မှာ ပုတီးစိပ်ပြီးသွားသဖြင့် မာန်ဆူဘုရားကုန်းတော်မှ ဆင်းလာခဲ့ကြသည်၊ အချိန်မှာ ညနေခြောက်နာရီခွဲပြီးဖြစ်သဖြင့် အမှောင်ထုက အစ,ပျိုးရန် ဝင်ရောက်လျက် ရှိနေပေပြီ၊ မောင်မောင်ဦးမှာ ဦးစိုင်းလုံနေထိုင်ရာ ကာမိုင်းရပ်ကွက်သို့ ရောက်ရှိပြီး အဖိုးကြီး ဦးစိတ္တအိမ်သို့ ဆက်သွားကြသည်၊ လမ်းတွင် တချို့အိမ်ရှိကလေးများ အိမ်ရှေ့တွင် မီးလှုံနေသည်ကို တွေ့ရသည်၊ အဘိုးကြီး ဦးစိတ္တအိမ်သို့ ရောက်သွားသောအခါ အဘိုးကြီးတစ်ယောက်တည်း အောက်ထပ်က မီးဖိုတွင် မီးလှုံနေသည်ကို တွေ့လိုက်ရသဖြင့် ဦးစိုင်းလုံက -

"အဘ - ရန်ကုန်ကဦးမောင်မောင်ဦး - အဘကိုတွေ့ချင်လို့ဘုရားလည်း ဖူးရင် လာခဲ့တာပါ၊ ကျွန်တော်နဲ့ကတော့ မာန်ဆူမှာ ပုတီးစိပ်ရင်း နေ့တိုင်း ဆုံနေကျပါ"

ဦးစိုင်းလုံက မီးဖိုနား ဝင်ထိုင်ရင်း ပြောပြလိုက်သဖြင့် အဖိုးကြီး ဦးစိတ္တမှာ ရိုးသားသော တောင်ပေါ်တိုင်းရင်းသားပီပီ ဘုရားဖူးချင်လို့ဆိုသောစကားကြောင့် ရင်ထဲကပါသောစေတနာအရှိန်ဖြင့် ဝမ်းသာပီတိဖြစ်မိပြီး ချက်ချင်းပင် မီးဖိုနားက ထ,လိုက်သည်၊

"အင်း - လာကြလေ၊ ဘုရားဖူးမယ်ဆိုတော့အပေါ်ထပ်တက်မှဖြစ်မယ်၊ ဦးစိုင်းလုံ - လာ - လာ - ဧည့်သည်ပါ ခေါ်ခဲ့"

ဟု ပြောကာ အဖိုးကြီး ဦးစိတ္တက ရှေ့မှ ဦးဆောင်ကာ အပေါ်ထပ်သို့ ရောက်သွားခဲ့ကြသည်၊ မောင်မောင်ဦးအမြင်တွင် အဖိုးကြီး ဦးစိတ္တမှာ



အသက်ရှစ်ဆယ်ကျော်ဆိုသော်လည်း အရွယ်တာမကျဘဲ နပျိုဖျတ်လတ်ပြီး အနှိမြင့်မြင့် ရှမ်းဘောင်းဘီအနက်ကို ဝတ်ဆင်ပြီး အပေါ်ပိုင်းတွင် တရုတ်ထလာသော ခေါင်းစွပ်ပါ ဂျာကင်ကို ဝတ်ဆင်ထားသည်၊ ယောင်ထုံးကို အသစ်စောင်းထုံးထားသဖြင့် ပို၍ကြည့်ကောင်းသလို၊ ကြည်ညိုဖွယ်ရာလည်း ကောင်းနေပေသည်၊ အပေါ်ထပ်သို့ ရောက်ရှိလာသောအခါကြီးမား ကျယ်ပြန့်သော ဘုရားခန်းကြီးတွင် အစိမ်းရောင် မွေးပွ၊ ကော်ဇောများ ခင်းထားပြီး ခန့်ညားထည်ဝါလှသော ဘုရားကျောင်းဆောင်ကြီးတွင်လည်း ဖယောင်းတိုင်မီးများ ထိန်ထိန်လင်းနေသည့်အပြင် အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိနေအောင် ပူဇော်ထားသော ရွှေပေါင်းရုပ်ပွားတော်များစွာနဲ့ ရွှေပေါင်းအရုပ်ပေါင်းစုံတို့ကို တွေ့လိုက်ရသည်၊ ထိုသို့ မြင်တွေ့နေရသဖြင့် မောင်မောင်ဦးရင်ထဲတွင် လောဘ၏ဆန္ဒများ ပြည့်တက်လာသည်၊ မျက်လုံးများကလည်း ရွှေပေါင်းရုပ်ပွားတော်အဆူဆူပေါ်သို့ စူးရောက်သွားလေသည်၊

"ထိုင်ပါ - ဦးစိုင်းလုံ၊ ဧည့်သည်လည်း ထိုင်ပါဦး"

အဘိုးကြီးဦးစိတ္တ၏ပြောလိုက်သံကြောင့်မောင်မောင်ဦးမှာရွှေပေါင်းရုပ်ပွားတော်များအား ငေးမောနေရာမှ သတိပြန်ဝင်လာပြီး ကော်ဇောပေါ် ထိုင်ချရင်း ဘုရားများရှိရာသို့ ပုဆစ်တုပ်ကာ ဦးချလိုက်သည်၊ ပြီးမှ - အဘိုးကြီး ဦးစိတ္တဘက်သို့ လှည့်လိုက်ကာ -

"ကျွန်တော် ရန်ကုန်က မောင်မောင်ဦးပါ ခင်ဗျာ။ ရွှေပေါင်းဘုရားအကြွမှ လှည့်လည်ပုတီးစိပ်ရင်း လားရှိုးက မာန်ဆူစေတီတော်ဟာလည်း ရွှေပေါင်းသမိုင်းဝင် ဘုရားတစ်ဆူ ဖြစ်တယ်ဆိုတာ သိခဲ့ရတဲ့အတွက် အခုအခြောက်ဝမ်းသာနဲ့ အမိဌာန်ပုတီးစိပ်ဖို့ ရောက်လာတာပါ - အဘိုး။ ဦးစိုင်းလုံတို့နဲ့ ခင်မင်ရာက အဘိုးကလည်း ပုတီးသမားဆိုတာ သိရလို့ တွေ့ရအောင် အခုလိုလာနှုတ်ဆက်တာပါ - အဘိုး"

www.burmeseclassic.com

မောင်မောင်ဦးမှာ အကြံအစည်သမားပီပီ ယဉ်ကျေးဖျူငှာစွာ ပြောက်ပင့်ပြောဆိုလိုက်ခြင်းကြောင့် အဘိုးကြီး ဦးစိတ္တမှာလည်း ရိုးသားဖြူစင်သူတောင်ပေါ်သားပီပီ ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးနေရင်းမှ -

"မောင်ရင်ပြောသလို ပုတီးသမားဆိုတာက တကယ်တော့ သုံးဆယ့်တစ်ဘုံသားအားလုံးအပေါ်အယုတ်အလတ် အမြတ်မရွေး မေတ္တာစိတ်ထားအမြဲပွားနေသူပါပဲ - မောင်ရင်၊ အဘိုးကလည်း အခုလို မေတ္တာသမားချင်းဆုံတွေ့ရတာ အထူးပဲ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်၊ အဘိုးက အခုလို စွဲစွဲမြဲမြဲ မေတ္တာပွားလာတာ အနှစ်ငါးဆယ်ကျော်လာခဲ့ပါပြီ၊ မောင်ရင်တို့လို သန်မြန်တုန်းတဆို မြန်မာပြည်အနှံ့အပြား ရှေးဟောင်းတန်ခိုးကြီးဘုရားတိုးဆယ့်ကိုးဆူမှာ အဓိဋ္ဌာန်ပုတီးစိပ်ရင်း သုံးနှစ်သုံးမိုးသွားလာနေခဲ့ဖူးတယ်၊ အခုတော့ - အသက်အရွယ်ကြီးလာလို့ အိမ်မှာပဲ ပုတီးစိပ်တန် စိပ်လမ်းလျှောက်ရင်း မေတ္တာပွားတန် ပွား။ အိမ်မှာ သားသမီးတွေ အလုပ်သွားနေတော့ အိမ်စောင့်ရင်း အလုပ်မပျက်ဘူးပေ့ါ - မောင်ရင်၊ မောင်ရင့်အနေနဲ့ လားရှိုးမှာ အခက်အခဲရှိရင် ပြောပါ - အားမနာပါနဲ့၊ ဦးစိုင်းလုံတို့လည်း ရှိပါတယ်၊ တို့တောင်ပေါ်တိုင်းရင်းသားတွေဟာ ရိုးသားကြည်ဖြူစွာ ကူညီတတ်ပါတယ်"

"ဟုတ်ကဲ့ - အဘိုး၊ အခုထိတော့ - အားလုံးအဆင်ပြေပါတယ်၊ တကယ်အခက်အခဲရှိလာရင် အဘိုးလာပြောပါ့မယ် ခင်ဗျား၊ ကျွန်တော့်ကို ရုပ်ပွားတော်များ အနီးကပ်ကြည့်ညိုခွင့်ပြုပါဦး - အဘိုး"

"အား - ရတယ် - ရတယ် - ရပါတယ် - မောင်ရင်၊ အဘိုးအိမ်ရောက်လာမှတော့ ... ဘုရားမဖူးဘဲ ပြန်လို့ ဘယ်ဖြစ်မလဲ၊ ဝအောင်သာ ကြည်ညိုနော်၊ နောက်လည်း အချိန်မရွေး လာကြည်ညိုလို့ ရပါတယ်"

ဟု ပြောကာ အဘိုး ဦးစိတ္တ နေရာမှထပြီး ဘုရားကျောင်းဆောင်ရှေ့ရပ်ကာ သူ ကိုးကွယ် ပူဇော်ထားသော ရှေ့ဆုံးမှ ဉာဏ်တော်ဆယ့်ရှစ်လက်မခန့် ရုပ်ပွားတော်ကြီး၏သမိုင်းအကြောင်းကို ရှင်းပြလေသည်၊



"ဒီဘုရားကြီးကဆိုရင် လွန်ခဲ့တဲ့ အနှစ်ကိုးရာ တစ်ထောင်ပတ်ဝန်း ... "မိုင်းမောင်စော်ဘွားကြီး" ဟော်နန်းဦးမှာ ကိုးကွယ် ကြည်ညိုခဲ့တဲ့ ... ရုပ်ပွားတော်ပဲ၊ မိုင်းမောင်စော်ဘွားဆိုတာ အနော်ရထာမင်းကြီး ... စောမွန်လှရဲ့ ခမည်းတော်စော်ဘွားကြီးကို ပြောတာ၊ ဒီဘုရားကြီး ... သွန်းလုပ်တဲ့သတ္တုအမျိုးအစားက ပဉ္စလောဟာ သက်သက်နဲ့ သွန်းလုပ် ... ကြေး မုတ်ဘူး၊ အမြဲပြောင်လက်နေတယ်၊ ရှင်းရှင်းပြောရရင် သူတ ... နိုးထက် အဆနှစ်ဆယ်လောက် သာတယ်၊ တန်ဖိုးက အရမ်းကြီး ... - မောင်ရင်"

မောင်မောင်ဦးမှာ အဘိုး ဦးစိတ္တ ပြောပြနေသည်ကို ကြည်ညိုသဒ္ဓါပွား ... ကို စိတ်မဝင်စား၊ ရင်ထဲက လောဘက ပွက်ပွက်ဆူ မြင့်တက်လျက် ... သည်၊ ဒီရှေးဟောင်းရုပ်ပွားတော်ကိုသာ ရလိုက်လျှင် သူ့ဆရာ သူဌေး ... စီးသော လင်ခရူဆာကားကြီး ဆယ်စီးလောက် ဝယ်စီးနိုင်သည်၊ ... ယ်သာ ဒီဘုရားကိုသာ ရရှိသွားမည်ဆိုပါက ရာဂျူးနှင့် ဘာမှမဆိုင်၊ ... တုသိုလ်နဲ့ကိုယ်၊ တစ်ယောက်တည်း ဖျောင်လိုက်ရုံကလွဲပြီး တခြား ... အရှုပ်တွေးကာ မကြံစည်အပ်သောအရာကို တွေးတောကြံစည်နေမိ ... -

"ဒါနဲ့ - အဘိုး - ကျန်တဲ့ရုပ်ပွားတော်အားလုံး ရှေးဟောင်းရုပ်ပွားတော် ... ပါလား၊ အခုလို တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်း ဖူးမြော်ကြည် ... ခွင့်ရတာ ကျွန်တော့်အတွက် အရမ်းကုသိုလ်ထူးတာပဲ - အဘိုးရယ်"

မောင်မောင်ဦးမှာ ရုပ်ပွားတော်များအား လေးမြတ် ကြည်ညိုဟန်ဖြင့် ... နှစ်ဖက်ကိုပူးကာ လက်အုပ်လေး တချီချီဖြင့် ဘုရားကျောင်းဆောင် ... ဆောင်းသို့ လောဘမျက်လုံးဖြင့် စူးစိုက်စွာ လှည့်ပတ်ကြည့်နေလိုက်သည်၊

"အင်း - ရုပ်ပွားတော်အားလုံးဟာ ရှေးဟောင်းရုပ်ပွားတော်တွေချည်း ... - မောင်ရင်၊ ဒါပေမဲ့ - ရှမ်းဘုရားနဲ့ ဗမာဘုရားက သွန်းလုပ်ပုံလက် ... ဘာမတူကြဘူးကွယ့်၊ ဒီရုပ်ပွားတော်တွေအုပ်စုတပုံပြည် အနော်ရထာ

ဒီဘက်က မည်းမည်းပြောင်ပြောင်နဲ့ ရုပ်ပွားတော်လေးက ကြေးနက်သတ္တုလို့ခေါ်တယ်။ ကြေးဆိုတာ နီနေရမယ့်အစား ထူးခြားပြီး နက်နေတာကို သဘာဝလွန်ပစ္စည်းလို့ မှတ်ယူရတယ် – မောင်ရင်။ ဒီကြေးနက်သတ္တုမျိုးက တစ်နေ့က မောင်ရင့်ကို ပြောပြလိုက်တဲ့ လောဟာသတ္တုမျိုးထက်ပိုပြီး အစွမ်းထက်တယ်။ တန်ဖိုးကလည်း မြင့်တယ်။



မင်းလက်ထက်မှာ အရှည်းကြီးတိတ္တိခြောက်သောင်းကို မောင်းထုတ်တော့ တချို့အရှည်းကြီးတွေက တို့ရဲ့ရှမ်းပြည်နယ်ဘက် ထွက်ပြေးလာကြတယ် လေ။ အဲဒီမှာ ဗုဒ္ဓဘာသာ အယောင်ဆောင်ပြဖို့အတွက် ဗုဒ္ဓရုပ်ပွားတော် တွေကို နိုးယူလာတာရှိတယ်။ တို့ရဲ့ရှမ်းလူမျိုးတွေကလည်း သိတဲ့အတိုင်းပဲ ရိုးသားဖြူစင်ပြီး တစ်မူးရလို့ တစ်ပဲလှူဆိုသလို ဘုရားရုပ်ပွားတော် ကိုင် ဆောင်လာတဲ့ အရှည်းကြီးတွေကိုပဲ တကယ့်ဗုဒ္ဓဘာသာသနာပြုဗုဒ္ဓိုလ်ထင် မှတ်ပြီး ယုံကြည်ကိုးကွယ်ခဲ့ကြတာပေါ့။ သူတို့ကလည်း စုန်းပြူ နတ်တိုက်



...တွေကို ဂါထာမန္တရားတွေနဲ့ ကုသပေးတော့လည်း ပိုပြီး ယုံကြည် ...ဝင်လာရာက စပြီး ကိုးကွယ်လာခဲ့ကြတယ်။ ဒါပေမဲ့ – ရှမ်းပြည်ကို ...တ်လာချိန်ကစပြီး အရှည်းကြီးအယူအကျင့်တွေပျောက်ပြီး ဗုဒ္ဓဘာသာ ...ကုန်တယ်။ ဒါကြောင့် – ဒီရုပ်ပွားတော်တွေအစဟာ အရှည်းကြီးတွေ ...ခဲ့တာ ယူဆောင်လာခဲ့တဲ့ ရုပ်ပွားတော်လက်ကျန်တွေပဲ – မောင်ရင်ရဲ့"

"တုတ်ကဲ့ပါ – အဘိုး။ အဘိုးစကားကို ဖြတ်လို့ ကျွန်တော် မရှင်းတာ ...တစ်ခု မေးပါရစေ ခင်ဗျား"

"မေးပါ – မောင်ရင် – မေးပါ"

"စောစောကအဘိုးပြောသလိုရှမ်းဘုရားနဲ့ဗမာဘုရားသွန်းလုပ်ပုံလက် ...ချင်း မတူဘူးဆိုတာတော့ မြင်ရုံနဲ့ ကွဲကွဲပြားပြားသိသာပါတယ်။ ဒါပေမဲ့ ...ဘုရားတွေ သွန်းလုပ်တုန်းက အဖိုးပြောတဲ့ ပဥ္စလောဟာဆိုတာ အားလုံး ...ပါနိုင်ပါ့မလား။ ဥပမာ – ရှင်ဘုရင် သွန်းလုပ်တဲ့ ဘုရားနဲ့ ဆင်းရဲသား ...ဘုရားဆိုပါတော့၊ တန်ဖိုးကြီးပစ္စည်းထည့်ပြီး အသုံးပြုနိုင်တာ ကွာနေမလား ...လို့ ကျွန်တော် တွေးမိလို့ပါ"

"အင်း – မောင်ရင်တွေးတာလည်း တချို့မှန်နိုင်တယ်။ အားလုံးတော့ ...ဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ အနော်ရထာ မတိုင်ခင်ကတည်း ...ဘာသာနလိုလို၊ ဟိန္ဒူဘာသာလိုလိုနဲ့ တိဘက်ကုန်းမြေဘက်က ဆင်း ...လာတဲ့တန္တရဂိုဏ်းဆိုတာရှိခဲ့တယ်။ သူတို့က နေ၊ လ၊ နက္ခတ်၊ မန္တန်နဲ့ အင်္ဂါရတ် ...အတတ်ပညာကို ထူးထူးခြားခြား ကျွမ်းကျင်တယ်။ ရွှေဖြစ်၊ ငွေဖြစ်က သူတို့ ...အတွက် မခက်ခဲဘူး။ ကြေးသွန်းအတတ်ပညာဆိုတော့ မြန်မာနိုင်ငံမှာ ...သူတို့ပဲ စ,ခဲ့တာ။ ဒါကြောင့် – ပုဂံက ရုပ်ပွားတော်ပဲဖြစ်ဖြစ်၊ တန္တရဂိုဏ်းသား ...ရဲ့ ကြေးသွန်းရုပ်ပဲဖြစ်ဖြစ် အားလုံးမှာ လောဟာသတ္တု အနည်းအများ ...ကြီးအသေးလိုက်တော့ ပါနေမှာပဲလို့ အဘိုး ယူဆတာယ်ကွယ့်။ ပြီးတော့ ...သူတို့ခေတ်မှာ အဆောင်အရုပ်တွေ များတယ်။ နဂါးရုပ်၊ နယားရုပ်၊ နတ်ရုပ် ...နရာရုပ်၊ ဘီလူးရုပ်၊ ဂုမ္ဘန်ရုပ်၊ ပြိတ္တာတိုင်ရုပ်၊ ကြိုးကြာရုပ် ဆိုတဲ့ အရုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း အများသား – မောင်ရင်ရဲ့ ဒီလိုအရုပ်တွေ များပေမယ့် သွန်းလုပ်တယ်ဆိုရင်ပဲ အားလုံးနီးပါး လောဟာသတ္တုက ပါနေတယ်ဆိုတာ ကြေးရုပ်တိုင်းမှာ အခုထိ တွေ့နေရတုန်းပဲ"

"ဟုတ်ကဲ့ပါ – အဖိုး၊ အခုလို အဘိုးနဲ့ စကားပြောနေရတာ ဗဟုသုတပြည့်စုံသူဆိုတော့ ကျွန်တော့်အတွက် အင်အားတစ်မျိုးပါပဲ၊ နားထောင်လို့လည်းကောင်း၊ ပညာလည်း အရမ်းရပါတယ်၊ နောက်နေ့တွေမှာလည်း အဘိုးရဲ့ဗဟုသုတတွေ မျှဝေခံစားခွင့်ပြုပါ၊ ဒီညတော့ ညဉ့်အတော်နက်လာပြီမို့ကျွန်တော့် ပြန်ခွင့်ပြုပါဦး ခင်ဗျား"

မောင်မောင်ဦးမှာ အကြံအစည်သမားဖြစ်သလို လူကဲခတ်လည်း မညံ့ပါ၊ အခုလောက် အခြေအနေကောင်းနေလျှင် သူ့အတွက် အများကြီးတံကောင်းနေပြီဟု ကြိုမြင်နေသဖြင့် အချိန်မီ စကားကြော ဖြတ်ရန်အမြော်အမြင်ဖြင့် ပြောဆိုလိုက်ခြင်းဖြစ်သည်။

"အေး – အေး – နောက်နေ့တွေလည်း လာခဲ့ဦးနော် – မောင်ရင်"

"ဟုတ်ကဲ့ပါ – အဘိုး ခင်ဗျား"

မောင်မောင်ဦးမှာ ဦးညွှတ်အရိုအသေပြုရင်း ဦးစိုင်းလုံနှင့်အတူပြန်လာခဲ့ကြလေသည်။

နာမ့်ချက်လုံ တည်းခိုခန်းသို့ ပြန်ရောက်သော်လည်း မောင်မောင်ဦးတော်တော်နဲ့ အိပ်မပျော်နိုင်၊ မြင်တွေ့ခဲ့ရသော ရှေးဟောင်းပစ္စည်းများကို ဘယ်လိုနည်းနဲ့ အရယူရင် ကောင်းမလဲ၊ "ကြံစမ်းဟာ – မောင်မောင်ဦး"၊ အဘိုးကြီး၏ ရိုးသားပုံကိုတော့ မြင်ခဲ့၊ သိခဲ့ရပြီ၊ အိမ်မှာ သားသမီးတွေ အလုပ်သွားနေချိန်မှာ အနမရရင်၊ အကြမ်းဖက်ပြီး အဘိုးကြီးကိုလည်း သတ်သင့်ရင် သတ်ထားခဲ့ရမည်၊ လူသတ်ဖို့အရေးက မောင်မောင်ဦးအတွက် မခက်လုံးဝမခက်ပါ၊ ရရှိလာမည့် ရှေးဟောင်းရုပ်ပွားတော်များကို ပီနန်အိတ်တစ်လုံးနှင့် ကျောင်းဆောင်ပေါ် တွေ့သမျှ အကုန်ကောက်ထည့်ပြီး စီးလုံးငှားကားဖြင့် လားရှိုးက အမြန်ထွက်မည်၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦး



–သွင်၊ ပြီးတော့ – မန္တလေးရောက်ပြီ၊ ဒါဆိုရင် လုံးဝ လုံးဝ အေးဆေးဖြစ်သွားပြီပေါ့၊ ဟုတ်ပြီ – ဟုတ်ပြီ – ကိုယ့်အတွေးနဲ့ ကိုယ်၊

"ဒီဘက်က မည်းမည်းပြောင်ပြောင်နဲ့ ရုပ်ပွားတော်လေးတာ ကြေးနက်–သတ္တုလို့ခေါ်တယ်၊ ကြေးဆိုတာ နီနေရမယ့်အစား ထူးခြားပြီး နက်နေတာ–ဲ့ သဘာဝလွန်ပစ္စည်းလို့ မှတ်ယူရတယ် – မောင်ရင်၊ ဒီကြေးနက်သတ္တု–ဟာ တစ်နေ့က မောင်ရင့်ကို ပြောပြလိုက်တဲ့ လောဟာသတ္တုမျိုးထက်–ြီးအစွမ်းထက်တယ်၊ တန်ဖိုးကလည်း မြင့်တယ်၊ သူ့ရဲ့သတ္တိက မီးလုံးဝ–ဘူး၊ ကျည်လွဲတယ်ဆိုတာ တစ်ယောက်တည်းမကဘူး၊ တစ်ရွာလုံး–စ်မြို့လုံး ဂျပန်ခေတ်ကချတဲ့ ဗုံးတစ်လုံးမှ မကွဲဘူး၊ အလုံးသုံးဆယ်ကျော်–ယ်၊ ပြီးတော့ – ဒီရုပ်ပွားတော်လေးကို ရှေ့မှာထားပြီး မီးပူဖော်ရင် လျှပ်စစ်–းတွေ တစ်အိမ်လုံးပျက်ရော၊ အဲဒါမျိုး ခဏခဏဖြစ်လို့ ကျောင်းဆောင်–တ်ဘက်ခြမ်း အုတ်နံရံနားမှာ သီးခြားပူဖော်ထားရတယ်ကွယ့်၊ ဒီလို–သားမျိုး ရရှိအောင် တချို့နိုင်ငံကြီးတွေမှာ အနမြူခေတ်ပေါင်းဖိုကြီးနဲ့–ာင် စမ်းသပ်လုပ်နေကြပြီတဲ့ – မောင်ရင်"

"ဟာ – ထူးဆန်းလိုက်တာ – အဘိုးရယ်၊ ကျွန်တော် – ဒီလိုပစ္စည်းမျိုး–စ်ခါမှ ကြားလည်း မကြားဖူး၊ မြင်လည်း မမြင်ဖူးပါဘူး၊ အဘိုး – တော့–ကြောင့် အခုမှ မြင်ဖူး၊ ကြားဖူး၊ အထူးအဆန်းရုပ်ပွားတော် ကြည်ညိုဖူးမြော်–ာ ကျေးဇူးကြီးလိုက်တာ – အဘိုးရယ်"

မောင်မောင်ဦးမှာ တကယ်ပင် အထူးအဆန်း တအံ့တဩ ဖြစ်သွား–ည်၊ စိတ်ထဲကလည်း ဒီလိုရုပ်ပွားတော်မျိုး တစ်လက်မသာသာ သေးသေး–ွားလေးသာဆိုရင် ဘယ်နေရာမှာပဲ ဝှက်ယူ၊ ဝှက်ယူ ပြဿနာမရှိ၊–ည်းသေးပေမယ့် ငွေကြေးက များများရနိုင်သည်၊ မောင်မောင်ဦးမှာ မြင်

www.burmeseclassic.com

တွေ့ရသော ရုပ်ပွားတော်အားလုံးမှာ တစ်မျိုးထက်တစ်မျိုး တန်ဖိုးက မြင့်နေကြသဖြင့် လောဘက အတောမသတ်နိုင် ဖြစ်နေသည်၊ နောက်ဆုံးတော့ ကြေးနက်ဘုရားလေးကိုပင် ပစ်မှတ်အဖြစ် ရသည့်နည်းနဲ့ ယူသွားရန် ဆုံးဖြတ်လိုက်ရသည်။ ထိုစဉ်မှာ –

"ရှေးဟောင်းရုပ်ပွားတော်အားလုံးဟာ လှူဒါန်းသူက သူ့အလှူကို ဖျက်လို ဖျက်ဆီးလုပ်သူအတွက် ကျိန်စာတိုက်ထားခဲ့တာ ရှိတယ်ကွယ့်"

"ဗျာ"

"ကျိန်စာဆိုတာ – ဘယ်လိုဟာမျိုးကို ခေါ်တာလဲ – အဘိုး"

"ကျိန်စာဆိုတာ အလှူရှင်က လှူဒါန်းထားခဲ့တဲ့ မြေကျောင်း၊ ဇရပ်တန်ဆောင်းနဲ့ စေတီပုထိုးရုပ်ပွားတော်အမျိုးမျိုးအပြင် ဘုရားတန်ဆောင်းနဲ့သက်ဆိုင်တဲ့ အရုပ်အားလုံး၊ ပန်းဆွဲတံကဲ အပါအဝင် ဖျက်လိုဖျက်ဆီးလုပ်သူများအတွက် တိုက်ထားခဲ့တဲ့ကျိန်စာပေါ့၊ အဘိုးတစ်ခု ပြောပြမယ်။ "ငါလှူသောမြေကိုအစိုးရသတည်း။ ဖျက်ဆီးသောမင်းသည်လည်းကောင်း အခြားလူသည်လည်းကောင်း၊ စားလို၍ယူသော်လည်းကောင်း။ ဖျက်လိုဖျက်ဆီးလုပ်လို၍လည်းကောင်း ထိုသူလက်ထက် အပြစ်ရစ်ပါ၊ ရောက်စေသတည်း ဆိုတဲ့ ကျိန်စာမျိုးအပြင် ကျိန်စာအပေါင်း များစွာရှိသေးတယ်။ တချို့ သွေးအန်လို့ သေပါစေ၊ ကျားကိုက်လို့၊ မြွေကိုက်လို့ သေပါစေ၊ မင်းပြစ်မင်းဒဏ် သင့်ပါစေဆိုတဲ့ ကျိန်စာတွေကလည်း အများကြီးရှိခဲ့ကြတာ။ ဟောဒီက ရုပ်ပွားတော်တွေနဲ့ ရှေးဟောင်းအရုပ်အပေါင်းစုံမှာလည်း လှူဒါန်းသူက ကျိန်စာတိုက်ထားခဲ့မှာ သေချာတယ် – မောင်ရင်ရဲ့"

"ဟာ – ကြောက်စရာကြီးတွေပါလား – အဘိုးရယ်၊ ကြားရရုံနဲ့တောင် ကျွန်တော် ကြက်သီးထလာပြီ၊ အဘိုး မကြောက်ဘူးလား ဟင်"

"ဘာကြောက်စရာလိုလဲ – မောင်ရင်၊ အဘိုးက လှူဒါန်းသူရဲ့ ကုသိုလ်ကောင်းမှုကို ဖျက်လိုဖျက်ဆီးလည်း မလုပ်ဘူး၊ အလှူဒါယိကာအရင်းလို ပူဇော်ကိုးကွယ်ထားတာပဲ ရှိတယ်လေ ..."



မောင်မောင်ဦးမှာ ကျိန်စာဆိုသည်ကို အမှန်တကယ်ပင် ကြောက်ရွံ့ခဲ့ရန်မိသော်လည်း အရင်တုန်းကလည်း အကြိမ်ပေါင်းများစွာ ရှေးဟောင်းရုပ်ပွားတော်များအား ဖျက်ယူဖြတ်တောက် ထုပ်ပိုးပြီး ရောင်းစားခဲ့ဖူးသည်၊ ဘယ်ကျိန်စာမှလည်း ယခုအချိန်ထိ မတွေ့ရသေး။ ကျိန်စာဆိုတာ တစ်ဇာတ်ဆူ ထိတ်လန့်ကြောက်ရွံ့ပြီး မတို့မထိရဲအောင် ခြောက်လှန့်ထားခြင်းသာ ဖြစ်ကြောင်း၊ မိမိကိုယ်ကို အားတင်းပြီး ဤကြေးနက်ဘုရားလေးအား သည့်နည်းနဲ့ယူရန်သာ ဆုံးဖြတ်ပြီး ဖြစ်သည်။

"အဘိုး – ဒီလိုထူးဆန်းအံ့ဩဖွယ်ရာ ကြေးနက်မျိုးကို ဘယ်က ဘယ်လို ရကြတာလဲ ဟင်"

"အင်း – ဒီလို ကြေးနက်အစစ်ရဖြစ်ဖို့ဆိုတာ တော်တော်လေး ခက်ခဲတယ်ကွယ့်၊ တချို့က မဟာပထဝီမြေကြီးရဲ့ ထူးခြားသော ပေါင်းစည်းမှုကြောင့် ပေါ်ထွန်းပြီးဖြစ်ပေါ်လာတာကို အမြဲတေ မှကြေးနက်လို့ခေါ်တယ်၊ နောက်တစ်ခုက လူလုပ်၊ ဖိုထိုးယူရတဲ့ကြေးနက်ကို မာတ်သားကြေးနက်၊ ကြေးနက်မာတ်လုံး ဒီလိုခေါ်ကြတယ်၊ ဒီကြေးနက်မာတ်လုံး၊ မာတ်သားကြေးနက်အကြောင်းပြောရရင် ဇောဇောကပြောခဲ့တဲ့ ပုဂံခေတ်ဦးမှာ ရောက်ရှိလာတဲ့ တန္တရဂိုဏ်းသားတွေပဲ၊ သူတို့က အဂ္ဂိရတ်ပညာကို ရွှေဖြစ်၊ ငွေဖြစ် အင်မကာဘူး။ မာတ်လုံး၊ မာတ်သား အနီး၊ အနက် ရရှိအောင် လုပ်နိုင်တယ်၊ ထင်ကြွယ်ပြီး မာတ်သားအနက်၊ မာတ်လုံးအနက်ကို ကြေးနက်လို့ အစုခေတ်သူတွေခေါ်ကြတာ ဖြစ်တယ်ကွယ့်"

"ဟာ – ဒီလိုဆိုရင် – အဂ္ဂိရတ်သမားတွေ ကြေးနက် ရနိုင်တာပေါ့နော် အဘိုး"

"ရနိုင်တာပေါ့၊ မောင်ရင် လိုချင်လို့လား၊ ဝါသနာပါလို့ လိုချင်တယ်ဆိုရင် မာတ်လုံးအနက်လို့ခေါ်တဲ့ ကြေးနက်ရအောင် ဖိုထိုးတဲ့နည်းကို အဘိုး ပေးလိုက်မယ်လေ ..."

"ကျေးဇူးပဲ၊ ကျွန်တော်လည်း ပညာရတာပေါ့ – အဘိုး"





www.burmeseclassic.com

www.burmeseclassic.com

"ကဲ - မောင်ရင် - လိုက်မှတ်ပေတော့၊ ကြေးနီ (၃)ကျပ်သား၊ ခေါ် (၂) ပဲသား၊ ဘင် (၂)ပဲသား၊ ပြဒါး (၂)ပဲ၊ နာ (၂)ပဲ၊ သွပ် (၂)ပဲ၊ ရွှေ (၂)ပဲ၊ ဒီစာတု ပေအဓာတ်ခုနစ်ပါးကို လုံမှာထည့် ... ဖော်မဲ့ပြီး အုပ်ထိုးဖာပြီးလျှင် အအေးခံ ကြည့်၊ နို့ချဉ် ဒွယ် (၁)ပဲနှင့် ဆေးခါးမှုန့် (၄)ပဲ ထပ်ကျွေးပါ အရည် ကောင်းသော ရွှေကို ရမည်။ ငရဲမီး အစားခံနိုင်လျှင် အဲဒါကို သုဒ္ဓိစင်ကြယ် ဖို့အတွက် ဝက်ဆီ (၉)ကြိမ်၊ ထောပတ် (၉)ကြိမ်၊ ပျားရည် (၉)ကြိမ် လောင်း ပါ။ အလွန်သုဒ္ဓိစင်ကြယ်သောဓာတ်လုံးကို ရ၏။ ထိုဓာတ်လုံးကို အခေါက် ရွှေ (၅)ကျပ်သားထည့်ပြီး လုံပိတ်ထိုးပါ။ ရွှေအဆင်းပျောက်ပြီး ဓာတ်လုံးမှာ ပိုးပိတုန်းတစ်ကောင်၏အရောင်ကဲ့သို့ နက်မှောင်ပြောင်လက်နေမည်ကို တွေ့ရ၏။ ဓာတ်အားလုံး သေပြီဟူ၍ မှတ်လေ၊ ကဲ - မောင်ရင် - မယုံရင် ရန်ကုန်ရောက်တဲ့အခါ စမ်းသပ်ထိုးကြည့်ပေတော့။ အခု ကျောင်းဆောင် ပေါ်က ကြေးနက်ရုပ်ပွားတော်ကို ယူပြီး ဓာတ်သား ဟုတ်,မဟုတ်၊ စစ်,မစစ် သေသေချာချာ ကြည့်လိုက်ပါဦး"

မောင်မောင်ဦးမှာ အဘိုး ဦးစိတ္တ၏စကားကြောင့် အလျင်အမြန်ထသွား ပြီး ဘုရားကျောင်းဆောင်ပေါ်က ကြေးနက်ရုပ်ပွားတော်လေးကို ကောက်ယူ ကြည့်လိုက်သည်။ ထိလိုက်ရုံနှင့်ပင် လက်ချောင်းများ ကျဉ်တက်မတတ် အေးစက်သွားသည်ဟု ခံစားလိုက်ရသည်။ ရင်ထဲသို့လည်း တဒိန်းဒိန်းလာ ဆောင့်၏။ တုန်တုန်ရီရီဖြင့် ရုပ်ပွားတော်လေးအား ကောက်ကိုင်ကာ သေ သေချာချာကြည့်မိသည်။ နက်မှောင်ပြောင်လက်ပြီး ဖန်သားကဲ့သို့ ကျစ် လစ်ချောမွတ်နေသည်။ သိပ်သည်းမှုအဆက မည်မျှရှိသည်ကိုမခန့်မှန်းနိုင်၊ ချိန်ဆကြည့်သောအခါ ရုပ်ပွားတော်မှာ ငယ်ပင်ငယ်သော်လည်း နှစ်ဆယ် ကျပ်သားခန့် အလေးချိန် စီးနေကြောင်း တွေ့လိုက်ရသဖြင့် မောင်မောင်ဦး ၏ရင်မှာ ဝမ်းသာပီတိများ တအိအိ မြူးကြွသွားလေ၏။ ထိုစဉ် အဘိုး ဦးစိတ္တ မှာ ရေနွေးကြမ်းတစ်ခွက်အား ကောက်သောက်ရင်း -



"မောင်ရင် - ယုံကြည်သွားရင် သူ့နေရာသူ ပြန်ထားလိုက်တော့"

အဘိုးကြီးက ထိုသို့ပြောလိုက်သဖြင့် မောင်မောင်ဦးမှာ ထိုအခွင့်အရေး ကို တွတ်တမ်းအရယူလိုက်သည်။ ကြေးနက်ရုပ်ပွားတော်လေးကို ကျောင်း ဆောင်တွင်း နောက်ဘက်ခြမ်း ရှောင်ကျသောနေရာသို့ ချထားရန် မောင် မောင်ဦး ကိုယ်ကို တစောင်းအနေအထား ပြင်လိုက်သည်။ အမှန်တော့ အဘိုးကြီး မမြင်နိုင်အောင် ခန္ဓာကိုယ်ဖြင့် ကွယ်ထားခြင်း ဖြစ်သည်။ ရုပ်ပွား တော်အား သူ့နေရာ ပြန်ထားသလို ပြုလိုက်ပြီးမှ ဝတ်ထားသော ဂျာကင် အိတ်အတွင်း ဆတ်ခနဲ ထည့်ထားလိုက်သည်။ သူ့မျက်နှာ မလုံမလဲဖြစ် သွားသော်လည်း ကံကောင်းချင်တော့ အဘိုးကြီး ရေနွေးကုန်းသောက်နေ ချိန်ဖြစ်သဖြင့် လုံးဝ မသိမမြင်လိုက်။ မောင်မောင်ဦး ဝမ်းသာသွားပြီး အဘိုး ကြီးနားသို့ သွားရောက်ထိုင်ချလိုက်သည်။

"ကဲ - နေလည်း အတော်စောင်းသွားပြီ၊ မမှောင်ခင် အချိန်မီ ပုတီးစိပ် နိုင်အောင် သွားပေတော့၊ ရန်ကုန်မပြန်ခင် အဘိုးအိမ် ခဏခဏလာလည် ဦးနော်၊ နောက် ပြောစရာ၊ ပြစရာ အထူးအဆန်းတွေ့ရင်လည်း ပြောရတာ ပေါ့ ..."

"ဟုတ်ကဲ့ - အဘိုး၊ မပြန်ခင် လာလည်ဦးမှာပါ ခင်ဗျား"

ဦးညွှတ်အရိုအသေပြုရင်း ရင်ထဲတစ်ခုလုံး ကုလားဘုရားလှည့်တာ ပြီး လာခဲ့လေသည်။

မနက် ဝေလီဝေလင်းချိန် နှင်းမှုန်များ ထူပိတ်စွာ ကျဆင်းနေသော် လည်း ဆူပါရုပ်ဖ်ကားလေးတစ်စီးမှာ လားရှိုးမြို့၊ စစ်ဆေးရေးဂိတ်ကို ဖြတ် ကျော်ပြီး သီပေါဘက်သို့ ခပ်မြန်မြန်မောင်းနှင်လျက် ရှိသည်။ ထူပိန်းမှာ ကျ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းနေသော နှင်းထုကြောင့် ထင်တိုင်းမောင်း၍ မဖြစ်။ ဤလားရှိုးမန္တလေး လမ်းပေါ်တွင် ကုန်တင်ကားကြီးများ နေ့ညမပြတ် သွားလာနေကြသည်။ မတော်လို့ ထိုကားကြီးများနှင့် တွေ့ဆုံတိုက်မိမည်ဆိုပါက မောင်မောင်ဦး အတွက် အစီအစဉ်ပျက်ယွင်းပြီး ကိုယ်ကျိုးနည်းသွားမည်က သေချာသည်။ သို့ကြောင့် ဒရိုင်ဘာအား ဖြည်းဖြည်းနဲ့ မှန်မှန်မောင်းရန်ကို သတိပေး ပြောကြားထားလိုက်၏။

အမှန်တော့ – ဤကားလေးကို မန္တလေးထိ စီးလုံးငှား ခေါ်ယူလာခြင်းမှာ ခိုးယူလာသော ရုပ်ပွားတော်၏ပိုင်ရှင် အဘိုးကြီး ဦးစိတ္တ မသိအောင် လားရှိုးမှ အမြန်ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ မောင်မောင်ဦး အစီအစဉ်မှာ ယနေ့ ညနေပိုင်းတွင် မန္တလေးသို့ ရောက်ရှိပြီး ညရထား သို့မဟုတ် ကြုံရာကားဖြင့် ရန်ကုန်သို့ဆင်းမည်။ ရရှိလာသောပစ္စည်းမှာ အနည်းဆုံး သိန်းပေါင်းသောင်း ကျော်ရမည်ဟု ခန့်မှန်းရင်း စိတ်ကူးဖြင့် တစ်လမ်းလုံး ပျော်ရွှင်လာခဲ့လေသည်။

ကားလေးမှာ တရိပ်ရိပ် ပြေးလွှားရင်း သီပေါမြို့ကို ကျော်လွန်ပြီး ကျောက်မဲသို့ ရောက်ရှိလာခဲ့သည်။ ကျောက်မဲတွင် ခေတ္တနားပြီး အဆာပြေ စားသောက်ကြသည်။ မနက်စာကိုတော့ ပြင်ဦးလွင်ရောက်မှ ဆိုင်ကောင်းကောင်းရှာပြီး စားသောက်ရန် စိတ်ကူးထားသည်။ အဆာပြေစားသောက်ပြီး ကျောက်မဲမှ ခပ်မြန်မြန် ထွက်လာခဲ့ကြသည်။ ပြီးတော့ – ဂုတ်တွင်း အဆင်းလမ်းအတိုင်း ဆင်းလာကာ ဂုတ်တွင်းချောင်းတံတားကိုဖြတ်ကျော်ပြီး နောင်ချိုဘက်သို့ အတက်၊ ဂုတ်တွင်းစစ်ဆေးနေသော ဌာနဆိုင်ရာများနှင့် ရဲတပ်ဖွဲ့ဝင်များအား မြင်တွေ့လိုက်ရလေသည်။ မောင်မောင်ဦးရင်မှာ တဒိန်းဒိန်း ဆောင့်ခုန်လာပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေစဉ်မှာ ကားနားသို့ ဌာနဆိုင်ရာ တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ရောက်ရှိလာသည်။



ကားနှင့် ပစ္စည်းများ စစ်ဆေးခံရန် ယဉ်ကျေးစွာ ခွင့်တောင်းလာသဖြင့် မောင်မောင်ဦးမှာ တုန်လှုပ်ချောက်ချားနေသောစိတ်ကို သတိဖြင့် ထိန်းချုပ်ပြီး –

"ရှာပါ ခင်ဗျား – ရှာကြပါ။ ကျွန်တော်က ရှေးဟောင်းဘုရားတွေမှာ ဆည်းလည်ပုတီးစိပ်ရင်း လားရှိုးက ပြန်လာတာပါ။ တရားမဝင်ပစ္စည်းဆိုလို့ ဘာမှမပါပါဘူး – ဆရာတို့ရယ်"

ဟု ပြောပြီး သူ့တွင် ပါလာသော အဝတ်ထည့်အိတ်ကြီးကို ဖွင့်ပြသည်။ သည်လောက်တော့ မောင်မောင်ဦး အကင်းပါးသည်။ တကယ်ခိုးယူလာခဲ့သောအဖိုးတန်ပစ္စည်းမှာ လက်ကိုင်ပုဝါဖြင့် ပတ်ပြီး ဂျာကင်အင်္ကျီအိတ်ထဲ ထည့်လ...ကွက်လာစဉ်ကပင် ကြိုတင်ပြင်ဆင်မှုလုပ်ပြီးသား။ ဒါ့အပြင် ယုံရမည့်ရ ခလုတ်ပါ မောင်းချားတစ်ချောင်းကိုလည်း ဂျာကင်အိတ်တွင် ထည့်ယူလာခဲ့သေးသည်။ ခရီးဆောင်အိတ်အတွင်းမှ အဝတ်အစားများ တစ်စုချင်း ထုတ်ပြနေစဉ်မှာ ရုပ်ပွားတော် ထည့်ထားသော ဘယ်ဘက် ဂျာကင်အိတ်အတွင်းမှ တစ်စုစု ဆွဲချလိုက်သလို အိစနဲ လေးလံသွားပြီး လက်လိုလိုတစ်ခုက ဘူးခွံနေရာသို့ ပြင်းထန်စွာ တစ်ချက်ဆွဲလိမ်ခံလိုက်ရသည်။

"အောင်မယ်လေးဗျ" ဟု ထိတ်လန့်စွာ ကြုံးအော်လိုက်သည်။ မောင်မောင်ဦး လန့်အော်သံကြောင့် ရှာဖွေရေးလုပ်နေသော ရဲအရာရှိက သူ့ဘက်သို့ လှည့်ကြည့်ကာ –

"ဘာဖြစ်တာလဲဗျ"

ဟု မေးရင်း ဥပဒေဘက်တော်သား၏အကြည့်နှင့် သူ့မိုးမျက်လုံးတို့ ဆုံမိကြရာ မောင်မောင်ဦးမှာ ဘာဖြေရမှန်းမသိအောင် ကြောင်တောင်တောင်၊ အူတူတူဖြင့် မျက်လုံးကြီး ပြူးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲဗျ-ဒီလူက"

ဟု ရဲအရာရှိက မှတ်ချက်ပြုကာ မောင်မောင်ဦးအား သေချာစွာ စိုက်ကြည့်လိုက်စဉ်မှာ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်ကျလာကာ တဆတ်ဆတ်တုန်နေသော မောင်မောင်ဦးကို တွေ့လိုက်ရသည်။ မသင်္ကာစိတ်နှင့် အတူ ရဲဘော်လေးအား ရုံးခန်းသို့ ခေါ်လာခဲ့ရန် မှာကြားပြီး ရဲအရာရှိနှင့် ဌာနဆိုင်ရာတို့ ထွက်သွားကြသည်။ ထိုအခါမှ မောင်မောင်ဦးမှာ သတိပြန်ဝင်လာသလို ဖြစ်လာပြီး ဘေးဘယ်ညာသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။ မိမိတို့မှာ နောက်ဆုံးကားဖြစ်နေသဖြင့် နောက်ပိုင်းတွင် မည်သူမျှ မရှိ။ အခွင့်အရေးဆိုသည်မှာ နှစ်ခါမရှိနိုင်၊ စိတ်ဆုံးဖြတ်ပြီး ဂုတ်တွင်းအဆင်းလမ်းအတိုင်း လေအလျင်ကဲ့သို့ ပြေးချလာခဲ့သည်။ နောက်ပိုင်းမှ "ပြေးပြီ-ပြေးပြီ လိုက်ဟ-လိုက်ဟ" ဆိုသော အသံများ ဆူညံကျန်ခဲ့သည်။

ကံဆိုးချင်တော့ ဂုတ်တွင်းချောင်းထဲမှ နောင်ချိုဘက်သို့ တက်လာသော ခရီးသည်တင် မှန်လုံကားကြီးတစ်စီးနှင့် ဆုံမိသည်။ ကားပေါ်က ခရီးသည်များကလည်း စစ်ဆေးရေးဂိတ်မှ ဆူညံသံကြောင့် တစ်ခုခုတော့ ဖြစ်နေပြီအထင်ဖြင့် ကားရပ်ကာ ခရီးသည်များ ကားပေါ်မှ ဆင်းပြီး ကားလမ်းအတိုင်း ဖြည်းဖြည်းချင်း လမ်းလျှောက်တက်လာကြသည်။ ထိုအချိန်တွင် -

"လိုက်ဟ - လိုက်ဟ - ပြေးပြီ - ပြေးပြီ၊ ချောင်းဘက်ကို ဆင်းပြေးလာတယ်ဟယ်၊ မိအောင်ဖမ်း - မိအောင်ဖမ်း" အသံများနှင့်အတူ လူတစ်ယောက် ကားလမ်းအတိုင်း အသက်လုပြေးဆင်းလာသဖြင့် ခရီးသည်များက ဝိုင်းဖမ်းလိုက်ကြသည်။ မောင်မောင်ဦးမှာလည်း ပါလာသောပစ္စည်း၏လောဘကြောင့် ပစ္စည်းကို အဆုံးမခံနိုင်၊ လူသေရင် သေပါစေ၊ ချက်ချင်းဂျာကင်အကျီအိတ်အတွင်းမှ မောင်းချဓားကိုထုတ်ကာ ဝင်လုံးလာသော လူငယ်၏ ရင်ဘတ်သို့ တအားထိုးချလိုက်သည်။ ဓားကို တန်းလန်းထားခဲ့ပြီး ဆက်ပြေးသည်။ လူအုပ်က များတော့ မလွတ်နိုင်၊ တစ်ယောက်တစ်ချက်ဝိုင်းပြီး



သလိုက်သဖြင့် မောင်မောင်ဦး ခွေလဲကျသွားကာ ရဲတပ်ဖွဲ့ဝင်များက လာဆောက် ဖမ်းဆီးပြီး လူသတ်မှုဖြင့် ထောင်ခုနစ်နှစ် ကျခံခဲ့ရသည်။

"ထက်လမ်းက အဲဒါပဲ - သူငယ်ချင်း။ ငါဆိုတဲ့ကောင်ကလည်း ငယ်ငယ်ညီးကပင် ခြေမြန် လက်မြန်လုပ်တတ်တဲ့ကောင်၊ လက်နက်တလည်း ပါသိုတော့ ပစ္စည်းလည်း မပေးနိုင်ဘူး။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဖွတ်လုပ်လိုက်ာ ထောင်ထဲ တန်းရောက်သွားတာပဲ"

"ဒါဆို - မင်းခိုးထုတ်လာတဲ့ ကြေးနက်ရုပ်ပွားတော်ကကော"

"ဘယ်ကျန်မလဲကွာ။ ရဲဆီရောက်တော့ အကျီရော၊ ပုဆိုးပါမကျန် ာ့နှံလှန်လှောရှာဖွေတော့ တွေ့သွားတာပေါ့၊ အဲဒါကြောင့် အမှုတွဲမှာ ခိုးပောင်းပစ္စည်း ခိုးထုတ်မှုနှင့် လူသတ်မှု တွဲတင်ထားတယ်ကွ။ စိတ်ကူး ခဲ့သလို သိန်းပေါင်းသောင်းချီရပြီး လင်ခရူဆာကားဝယ်စီးမယ်ဆိုတာ ခုတော့ ကားဝယ်မစီးခဲ့ရပဲ ထောင်နန်းစံခဲ့ရတဲ့ ငါ့ဘဝ၊ အမှန်တော့ လောကကြီးမှာ မရှိသင့်တော့ဘူး။ စိတ်အလိုကိုလိုက်၊ ရှေးဟောင်းပစ္စည်း ညီ၊ လောဟာတို့၊ ကြေးနက်တို့ဆိုတာတွေ လောဘတက်ပြီး သမုဒ္ဒရာထဲ ပါလာတဲ့ ဆင်သေကောင်ပေါ်က ကျီးကန်းမိုက်လိုပါပဲ။ အခုတော့ - အခု တော့ - ငါပစ်ထားခဲ့တဲ့ ငါ့ဇနီးနဲ့ ငါ့သား ဘယ်လိုများ ရှန်းကန်နေကြသလဲ တာ ငါတွေးမိလာပြီး ရင်ထဲက ပူလောင်နေခဲ့ရပြီ - သူငယ်ချင်း"

မောင်မောင်ဦးတစ်ယောက် ပြောပြနေရင်း ကျွန်တော့်ရှေ့တွင်ပင် မျက်ရည်များ စီးကျလာနေသည်။

"လူ့ဘဝဆိုတာ ဒီလိုပါပဲ - သူငယ်ချင်းရယ်၊ ပြီးခဲ့တာတွေက ပြီးခဲ့ပြီလေ ကောင်းတာလုပ်ခဲ့လို့ မကောင်းမှုကို ခံစားခဲ့ရသလို နောက်ပိုင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတာလုပ်ခဲ့ရင် ကောင်းကျိုးကိုတော့ မလွဲမသွေ ခံစားလာရမှာပါ-သူငယ်ချင်း"

မောင်မောင်ဦးနဲ့ ကျွန်တော် လမ်းခွဲလာခဲ့တော့ သူငယ်ချင်းဆိုသော သံယောဇဉ်နဲ့အတူ စိတ်ထဲက မကောင်းမိ၊ သို့ပင်သော်ငြား ရိုးသားစွာ လုပ်ကိုင်စားသောက်ခြင်း မရှိပဲ တိုင်းပြည်နှင့် လူမျိုးတို့၏ ကြီးမားသော ယဉ်ကျေးမှုအမွေအနှစ်တွေကို ခိုးယူပြီး တစ်ဖက်နိုင်ငံသို့ ရောင်းစားနေခြင်းကိုတော့ ကျွန်တော် ရွံရှာမုန်းတီးနေမိသည်ကတော့ အမှန်ပင်ဖြစ်ပါသည်၊

သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု

➢ **ကောင်းခံမိန်း (စန်နေမင်း)**

စာမူမူပိုင်ခွင့်
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊




www.burmeseclassic.com

www.burmeseclassic.com

**ပြန်ပေးလက်သို့ ပါသွားရာမှ**
**လိုက်လံရှေးယူရင်း တိုက်ပွဲဖြစ်သဖြင့်**
**လွတ်မြောက်လာခဲ့သော်လည်း အမှန်တကယ်**
**ပြန်ပေးဆွဲသူကို သိရှိလိုက်ရသောအခါ ..**

**ငှက်ခေတ်သမား** လေ့ကာ ပြောတော့မှ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကြရတော့သည်။ ပန်းထိမ်သည်ကြီး ဦးဖုန်းစွယ်သည် လွန်ခဲ့သော တစ်ရက်ခြားလောက်က ရွာဦးဘက် လမ်းလျှောက်ထွက်ရာက ပြန်မလာတော့သော အခါက ကံဖြူရွာတွင်တည်နေသော ဇမ္ဗူတန်ဆောင်ဂူဘုရားကြီးဆီသို့ သွားရောက်နေဟန်တူသည်ဟု တွေး၍စိတ်အေးနေကြရသည်။

ကံဖြူရွာသည် ညံသာရွာကြီးမှ တော်တော်ကလေး လှမ်းသော်လည်း ထိုကံဖြူရွာမှာ ဇမ္ဗူတန်ဆောင်ဂူဘုရားကြီး တည်နေရာကို ညံသာရွာမှ ကလန်ကြီး ဦးခေတ်ကိုယ်တိုင် ကုသိုလ်ပါဝင်ရှုံသာမက အာရုံလည်း စူးစိုက်လှသည်။ သံပျင်ကြီးကိုယ်တိုင်ပင် တစ်သီတင်းတွင် တစ်ကြိမ်ခန့်သွားရောက်ကြည့်ရှုတတ်ပေသည်။ သို့ဖြစ်၍ ထိုဘုရားကြီးတည်ဆောက်မှုသည် ညံသာရွာကြီးတွင်ပင် ဟိုးလေးတကျော် ဖြစ်နေ၏။

သို့သော် ဦးဖုန်းစွယ်ကတော့ ကံဖြူရွာသို့ ရောက်နေခြင်းမဟုတ်ဘဲ မလိုလားအပ်သော အခြင်းအရာတစ်ခု ဖြစ်နေပြီဟုဆို၏။ သမပြောတောအုပ်



ပြန်လာသော ငှက်ခေတ်သမားလေ့ကို ဦးဖုန်းစွယ်၏ဇနီး ဒေါ်မယ်က မိမိ၏ ...ကို မိမိ မယုံနိုင်သလို ထပ်၍မေးမြန်းသည်။

"လေ့ငယ် - ပြတ်ပြတ်ထင်ထင်ဟုပါဘိ၊ ကိုရင်ဖုန်းစွယ်ကို မောင်မင်း ...တ်ဝါးထင်ထင် မြင်ခဲ့ပါစ့"

လေ့က ခေါင်းယမ်းပြသည်။

"ဝရီးကိုတော့ မတွေ့မကြိမ်ခဲ့လတ်သေး၊ မျက်နှာကို ပုဆိုးအိတ်ထောင့် ...ထားတဲ့လူနှစ်ဦးနှင့် ကြိမ်ခဲ့ရတယ်၊ သင်းတို့က ဟုလတ်တာ"

"သင်းတို့ ဘယ်သို့ဟုပါစံ့၊ တစ်ဖန်ဟုပါဦး၊ ငါထပ်၍ကြားလိုသေးတယ် ...တော"

လေ့က စိတ်ရှည်သူဖြစ်၏၊ ပြောပြီးသားအကြောင်းအရာကို ထပ်၍ ...ပြောပြပါသည်၊ မိသားစု၏ သောကကို သူ ကိုယ်ချင်းစာဟန်တူ၏။

"သည်လိုဟုလတ်တယ် - ဝရီး၊ ညံသာရွာက ပန်းထိမ်သည် ဦးဖုန်းစွယ် ...ာ သင်းတို့ လက်ဝယ် ရှိလတ်တယ်၊ လကွယ်နေ့ညနေဝင်ရီတရောမှာ ...ချောင်တန်းတောနယ်က ညောင်ညီနောင်ခြေရင်းကို ရွှေတစ်ပိသာ၊ ငွေငါး ...သာအကွန့် လာခဲ့ဘိ၊ ရွှေ၊ ငွေနဲ့ ဝရီး ဖုန်းစွယ်ကို လဲလှယ်အံ့တူတယ်၊ ...တွယ်နေ့မှာလည်း မလာ၊ သံပျင်ကလန် မင်းနားထံသို့ ပေါက်လျှင်လည်း ...ဖုန်းစွယ်ကို သုတ်သင်ရစ်ပြီး သင်းတို့ တော်ရာကို တိမ်းရှောင်အံ့တူ ...တယ်"

ဒေါ်မယ်သည် မျက်ရည်တွေ ဝိုင်းလာပြီး ဘေးနားက သမီးဖြစ်သူ အို ...ည်ညီဘက်သို့ လှည့်၍ ပြော၏။

"ရော - ဘယ်လိုကြံရပံ့ သမီးငယ်၊ သင်းတို့က အဓမ္မတွေဖြစ်လတ် ...သည်၊ မောသောအဓမ္မတွေဟာ ကတိတည်လတ်တာမဟုတ်၊ ငွေကိုလည်း ... လူကိုလည်း သုတ်သင်ရင် ဘယ်လိုလုပ်ပံ့"

အသက်(၂၂)နှစ် ရှိပြီဖြစ်သော အိုပြည့်ညီက မိခင်ကို ဖက်လိုက်၏

"အမိ - ကြံသေးတာပ၊ မောင်ငယ် လာပါစေဦး"



www.burmeseclassic.com

www.burmeseclassic.com

"အိုပြည့်ညီက မောင်ဖြစ်သူ ပေါ့လယ်ကိုလည်း တိုင်ပင်ချင်သေးသည် ဆို၏။ သဘာဝကျပါတယ်။ သူသည်လည်း သားဖြစ်သည် မဟုတ်ပါလော။ သို့သော် အသက်(၁၈)နှစ်ရှိပြီဖြစ်သော ပေါ့လယ်သည် အိမ်ကပ်သည်မရှိ။ ရှာရှိးကိုးပေါက်လျှောက်သွားနေသူဖြစ်သည်။ ပြီးတော့ - ငွေကိုသာ ဖြုန်းတတ်သူဖြစ်၍အကြံဉာဏ်ကောင်း ထွက်တတ်သူတော့မဟုတ်ပါ။ သို့သော် ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ တိုင်ပင်ရဦးမည်သာ ဖြစ်သည်။

လှေလည်း နှုတ်ဆက်၍ ပြန်သွား၏။ စကားပို့ပေးရန် ပါးလိုက်သဖြင့် သူက ပို့ခြင်းသာဖြစ်၍ သူ့ဝတ္တရားကုန်ပြီဆိုသော် သူပြန်ရပေမည်။ သူပြန်ခါနီးတွင် ဒေါ်မယ်က ဤကိစ္စနှုတ်လုံစေရန် မှာကြား၏။ လှေကလည်း သိပါသည်။ ဤသတင်း ပျံ့နှံ့သွားလျှင် လူဆိုးများက ဦးဖုန်းစွယ်ကို သတ်ပစ်လိုက်မှာစိုးရ၏။ တစ်ရွာတည်းသားချင်း၏ အသက်အန္တရာယ်ကို သူသည်လည်း ကာကွယ်ရပါမည်။ ထို့ကြောင့် သူ့အတွက် စိတ်ချပါဆို၍ ပြန်သွားသည်။

"လက္ကွယ်နေ့ဆိုတော့ သန်ဘက်ခါပဲ။ နက်ဖြန်တစ်ရက်တော့ အချိန်ရလတ်သေး"

ဒေါ်မယ်သည် စိတ်က တွက်ချက်ရင်း နှုတ်က တဖွဖွ ရွတ်နေသည်။

အသက်(၂၀)ကျော်တွင် လှချင်တိုင်း လှနေသော ညံ့သာရွာ၏ အလှမယ်များထဲတွင် အိုပြည့်ညီကား လှကသာ မိခင်နားတွင် ရှိနေသည်။ စိတ်ကမူ အိုးကုန်သည် ချေစ်ရထံသို့ အပြေးအလွှား ရောက်ရှိနေ၏။ လုံမသည် ထုံးစံအတိုင်းအရေးဆိုလျှင် ချစ်ဦးသူကို အားကိုးချင်သည်။ ချေစ်ရသည် လက်အောက်ငယ်သားလေးဦးနှင့်အတူ အိုးဖုတ်လုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်၏။ အသက်အစိတ်လောက်ရှိသေးသော်လည်း လုပ်ငန်းလုပ်ရာတွင် လူလတ်ပိုင်းက လူတွေလောက် ကျွမ်းကျင်သည်။

အရောင်းအဝယ် ကျွမ်းကျင်ပါသလား။ မဟုတ်သေးပါ။ သူ့ဖခင်ဆုံးတော့ သူ (၁၆)နှစ်သားသာ ရှိသေးသည်။ သို့သော် ဆယ်နှစ်သားမှစ၍ ဖခင်၏မားရေး လှံရေး အတတ်များကို ခြောက်နှစ်လုံးလုံး နေ့ရော ညပါ ဆည်းပူးခဲ့သူဖြစ်၏။ ညံ့သာရွာသံပျင်ကြီး၏ လုလင်ကျော်နေတတ်သည်ပင်လျှင် ချေစ်ရထံတွင် မားရေး အရောက်ကိုင် သင်ယူခဲ့ရ၏။ သည်တော့လည်း အိုပြည့်ညီ သနအချိန်တွင် သတိရလိုက်မိသည်မှာ လွဲမှားသောကိစ္စရပ် မဟုတ်ဟု၍ ဆိုရပေတော့မည်။

ထိုအခိုက်တွင် ပေါ့လယ်သည် ကိုးကုန်းကိုးကျင်း လမ်းလျှောက်နေရာမှ ပြန်ရောက်လာလေသည်။ ရောက်လျှင်ရောက်ချင်းပင် မိခင်ဖြစ်သူတအနားသို့ ခေါ်ငင်၍ ငှက်ဖမ်းသမားလှေထံမှ ကြားသိရသမျှကို ပြန်ပြောပြသည်။ ထို့နောက် ဒေါ်မယ်က "သည်တော့ လက္ကွယ်နေ့ညနေမှာ မောင်မင်းညောင်ညီနောင်ကို ရွှေငွေတွေ ယူသွားဘိ။ မားရေးကျွမ်းသူ အဖော်တစ်ဦးကို ခေါ်သွားပ" ဟု ဆက်ပြောသည်။

ပေါ့လယ်သည် မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် အကြောက်အကန် ငြင်းဆော့၏။

"ရော - မဝံ့ပြီ။ သင်းတို့က မောသောအကံတွေ။ အတို့ကျွန် သေသွားမှာပ။ အနို့ပြီ၊ သူစိမ်းပါလာရင် သင်းတို့က သင်္ကာရှိပြီး အဖကို သုတ်သင်ပိုက်ကြမှာပ"

"သည်သို့ဖြစ်ရင် မားမပါပဲ မောင်မင်း ကိုယ်တည်းသွားပါဘိ"

"အမိငယ် - အတို့ကျွန် မဝံ့ပြီပဲ့ပြီပါတကား။ အနို့ပြီး လက္ကွယ်နေ့နံနက်ဘာစပြီး မိုးချုပ်အထိ ကံဖြူရွာက ဖမ္မတန်ဆောင်ဝှဘုရားကြီးအမှုကို ထမ်းဖြစ်ဖို့ အဖော်ရောင်းရင်းတွေနဲ့ သဘောတူညီလတ်ပြီးပြီ"

သားငယ်က ဤမျှငြင်းဆန်နေသဖြင့် မိခင်က လက်လျှော့လိုက်သည်။

"ရှိစေ - သို့တပြီး မောင်မင်းဝရီး ပေ့ကို ငင်ခဲ့ပါဘိ"

ဖခင်၏ညီဖြစ်သူ ဦးပုကို သွားခေါ်လေဖို့တော့ ပေါ့လယ်က သဘောတူသည်။ ဆယ့်လေးငါးအိမ်လောက် ခြားသည့် ဦးပု၏နေအိမ်သို့ သူကိုယ်တိုင်သွား၍ ဦးပုကို ခေါ်ဆောင်လာ၏။

ဆွေမျိုးတွေ ခေါင်းချင်းရိုက်ကြသည်။

နောက်ဆုံးတွင် လက္ကွယ်နေ့ညစောင်းတွင် ဦးပုက ရွှေနှင့် ငွေများကို ယူ၍သွားမည်။ ဘေးနားက ရပ်ဖျက်၍ လက်နက်ကိုဝှက်ကာ လုလင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

နေတ်က လိုက်ခဲ့မည်ဖြစ်၏။ နေတ်သည် ဦးပု၏ဖနီး၏တူမနှင့် အကြောင်းပါသူဖြစ်သည်။ နေတ်သည် လုလင်ကျော်ဖြစ်နေသဖြင့် သံပုံကြီးနားသို့ပေါက်သွားလျှင် ဖခင်ဖြစ်၏ အသက်သည် အန္တရာယ်သင့်နိုင်ကြောင်းဖြင့် ပေလယ်က ကန့်ကွက်သေး၏။ အိုပြည့်ညီကလည်း ဤသို့ပင် သဘောရသည်။ သူတို့သည် ဖခင်ကြီး အသက်အန္တရာယ် ကျရောက်မှာ လွန်စွာစိုးရိမ်လျက် ရှိကြ၏။

ဦးပုကမူ တစ်မျိုးမြင်သည်။

"နောက်က ရှပ်ဖျက်ထားမှာပ။ ငါ့အမူ ကျွန်ပုံပမာ လိုက်လာမှာ ဖြစ်လတ်တယ်။ သင်းတို့ကိုလည်း လက်ရမိ တန်မိအောင် ကြံရတာပကွယ်"

ဦးပုက စိတ်ထက်သန်နေသဖြင့် သားအမိတွေအားလုံးက လျှော့ကာသဘောတူလိုက်ရသည်။

သို့ဖြစ်သောကြောင့်လကွယ်နေ့ညနေစောင်းတွင် ဦးပုနှင့်ရှပ်ဖျက်ထားသော နေတ်တို့သည် သပြေတန်းတောအုပ်ထဲမှ ညောင်ညီနောင်စခန်းသို့ရောက်လာကြလေတော့သည်။

နေမဝင်မီ ပေလယ်သည် အိမ်ပြန်ရောက်လာ၍ မိခင်၊ အစ်မတို့နှင့်အတူ ရင်တမမနှင့် ဦးပုတို့ ပြန်အလာကို စောင့်မျှော်နေ၏။ ဒေါ်မယ်ကမူ မျက်ရည်ကလေးစမ်းစမ်းနှင့် နှုတ်မှ တဖွဖွရွတ်နေ၏။

"သမ္မာဒေဝနတ်မြတ်နတ်ကောင်းများ မှိုင်းမတော်မူပါဘိ၊ ကိုရင်ဖုန်းစွယ် ဘေးမသီ ရန်မခ ပြန်ရပါစေသား"

ငယ်ပေါင်းမို့ အကြင်နာပိုရသည်မှာ အပြစ်မဆိုသာပါ။ အိုပြည့်ညီသည် မိခင်ကိုကြည့်၍ စိတ်ထဲတွင် တွေးနေမိသည်။ အကယ်၍ မိမိနှင့် ချစ်ရတို့အကြောင်းဆက်၍ ပေါင်းဖက်ရသည်ရှိသော် ထိုအသက်အရွယ်အထိ ယှဉ်တွဲနေနိုင်ပါမည်လား။ မိမိဘက်ကတော့ သေချာပါသည်။ ကြင်နာမြဲ ကြင်နာနေမည်သာဖြစ်၏။ ယောက်ျားတွေကား ချစ်ခဲမတ္တာကို အမျော်တမ်းကာစားစရာ ထင်နေကြ၏။



နေလုံးသည် အနောက်ဘက်မြေစပ်မိုးစွန်းအောက်သို့ လျှိုဝင်သွားသည်နှင့်တစ်ပြိုင်နက် ကျေးငှက်တို့ အိပ်တန်းလုရှ ဆူညံလာတော့သည်။

ဒေါ်မယ်သည် ရင်တမမနှင့် လာလမ်းဆီသို့ မှန်းမျှော်နေ၏။ အိုပြည့်ညီတို့မောင်နှမသည်လည်း စကားမပြောနိုင်၊ မိခင်နည်းတူ မျှော်ရင်းက အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေကြ၏။

"ရော - လာကြလတ်ပြီ၊ ဟင် - သူမပါတကား၊ သူမပါတကား"

အိုပြည့်ညီ၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၍ လာလမ်းကို မှန်းမျှော်ကြည့်မိတော့သည်။

ဒေါ်မယ်၏စကားသည် အမှန်ဖြစ်၏။ ဦးပုနှင့် နေတ်တို့သည် ခပ်သွက်သွက် လျှောက်လှမ်းလာခဲ့ကြသော်လည်း ခေါင်းငိုက်စိုက်ချထားကြသည်။ အိမ်တွင်းသို့ ရောက်သောအခါတွင် ဦးပုသည် မရီး၏မျက်နှာကို ကြည့်ကာစကားပြော၏။

"မရီးငယ် - သင်းတို့ မလာကြပြီ၊ အရိပ်အယောင်ပင် မတွေ့ရ"

ဒေါ်မယ်၏မျက်ဝန်းတွင် မျက်ရည်စများ စိုတွယ်လာကြ၏။

"ဘုရား - ဘုရား - သင်းတို့ လက်လွန်ကြလေပြီဖြစ်ပါစေ့"

"သည်လိုတော့ ဟုတ်အံ့မထင်ပြီ၊ ရွှေ၊ ငွေ ရစရာအကြောင်း မရှိတ်သေး၊ သင်းတို့ကိုလည်း ဖမ်းနိုင်စရာ အကြောင်းမဲ့သေး၊ သင်းတို့ လက်လွန်ဦးမည် မထင်နိုးပါ"

သို့သော် ဘာကိုဆက်လုပ်ကြမည်နည်း။

ဤကိစ္စကို ဦးပုက စောင့်ကြည့်ချင်သေးသည်။ သူတို့ဘက်က ဆက်သွယ်ပြောကြားလာမည်ဟု သူ ထင်နေသောကြောင့် ဖြစ်၏။

တကယ်တော့လည်း စောင့်ကြည့်ရုံကလွဲ၍ အခြားဘာကိုမျှ တတ်နိုင်ကြမည် မဟုတ်ပါ။ ဦးဖုန်းစွယ်သည် သူတို့၏လက်တွဲတွင် ရှိနေသည်။ ဖြီးတော့ ဘယ်နေရာမှာ ထားမှန်းမသိနိုင်ကြ။ နောက်နေ့နံနက်လင်းသောအခါတွင် ဒေါ်မယ်မှာ နေမကောင်းချင်တော့၊ ညက ကောင်းကောင်းအိပ်နိုင်၊



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကထောင်းသဖြင့် ကိုယ်က ကြေချင်လာသည်၊ ရင်ကျပ်ချင်သလိုလို၊ ဖျားချင်သလိုလို ဖြစ်နေ၏၊ တကယ်တော့ ခင်ပွန်းသည်၏ ဇောဖြင့် နေမကောင်းဖြစ်ရခြင်းတည်း၊ ဤသည်ကို သမီးကြီးအိုပြည့်ညီ ရိပ်စားမိပါသည်။

"အမိ – ယာဂု သောက်လှည့်ဦး"

"မသောက်လိုပြီ – အိုပြည့်ညီငယ်"

"အမိ – သည်လိုအားမလျှော့ပါလင့်၊ အဖအတွက် လုပ်စရာ နေးတာတွေ ရှိလတ်သေး၊ မောင်ငယ်ကလည်း အားမကိုးသာ၊ မိုးသောက်ကတည်းက ရွာလည်ထွက်၊ ပြီးတော့ – အမိ – အတို့ကျွန်သမားဆီလည်း သွားရဦးအံ့"

သမီးက ညည်းပြမှ ဒေါ်မယ်သည်လည်း သမီးကို အားနာပါးနာဖြင့် ဆန်ပြုတ်ကလေးကို သောက်သည်၊ အမဲခြောက်ဖုတ်ကလေးက သင်းလှ၏၊ ဒေါ်မယ်သည် အမဲခြောက်ဖုတ်ကို လွန်မင်းစွာ ကြိုက်လှသူဖြစ်၏၊ သို့သော် ယနေ့နံနက်တွင်မူ သမီးကို အားနာ၍လည်းကောင်း၊ သနား၍လည်းကောင်း ပါးစပ်ထဲထည့်၍ မျိုချနေရသည်၊ အရသာတွေ့လှခြင်းတော့မရှိပါ၊ စိတ်သည် မမြင်ရသော်လည်း နိုင်မာကျစ်လျစ်ပါသည်ဆိုသောရုပ်ကို နှိပ်စက်ချင်သလို နှိပ်စက်နိုင်ချေ၏။

မိခင်ကြီး၏ ဝေယျာဝစ္စပြီးသောအခါ အိုပြည့်ညီသည် ရွာထိပ်ပိုင်းက သမားကြီးဆီသို့ ခပ်သုတ်သုတ် ရောက်ခဲ့ရပြန်သည်။ သမားပေးသောဆေးများကို မှတ်သား၍ယူပြီး ပြန်ထွက်လာသည်ကား ဆွမ်းခံပြန်ချိန်လောက် ဖြစ်နေပေပြီ၊

"အိုပြည့်ညီ – အခန့်သင့်လှသေး"

မိမိကို ခေါ်သံကြားသဖြင့် အိုပြည့်ညီသည် ရှာခနဲ လှည့်ကြည့်ရာ မျှားဖွပ်ခြင်းဖြင့် အသက်မွေးသူ ပေတိုကို တွေ့ရသည်၊

"ရော – ကိုရင်ပုတိုပါတကား၊ ဘာဖြစ်ကြောင့် အခန့်သင့်တယ်ဟုပါစံ့"

ပေတုက အိုပြည့်ညီကို လမ်းဘေးနားက မကျည်းပင်အောက်သို့ ခေါ်သွားပြီး ခပ်အုပ်အုပ်ပြောပြ၏၊



သူသည် မျှားဖွပ်နေစိုက် သမြေတန်းတောအုပ်တစ်နေရာတွင် လူနှစ်ယောက်နှင့် တွေ့ရတော့သည်၊ ထိုသူနှစ်ယောက်မှာ ဦးခေါင်းကို အဝတ်အိတ်များ စွပ်ထားကြပြီး မျက်လုံးနေရာများတွင်သာ အပေါက်ဖောက်ထားရာ မည်သူမည်ဝါ သိရန် မဖြစ်နိုင်ပါချေ၊ သူတို့က ပေပုကို ညံသာရွာကလားဟု မေးသည်ဆို၏၊ ပေပုက ဟုတ်ကြောင်းနှင့် ဝန်ခံသောအခါ သူတို့ထဲက တစ်ယောက်က ဦးဖုန်းစွယ်၏ ဇနီးဒေါ်မယ်ကို သိသလားဟု ထပ်မေးသည်၊ သူတား သိကြောင်းပြောသောအခါတွင်ကား –



"ခက်ကပြီ။ နှမ–ကံဖြူရွာဂူကြီးက ဆိမ်းခွက်တစ်သောင်းနဲ့ တလယာအိုးငါးရာကို အမြန်လိုလတ်တယ်ဟူတယ်။ ကျူပ်မှာ အင်နုံးတာတွေ ဖိစီးနေလတ်ပြီ။ သည်တော့ သင်းတို့မြဲဗွာနီးတဲ့ လဆုတ်(၂)ရက်ဟူသော နက်ဖြန်ပ–ကောင်းပြီ။ နက်ဖြန် နေလွဲသုံးဖပါးအရောက် မယ်မင်းနဲ့ ဝရီး အိုမယ်နှစ်ဦးသားသွားဘိ။"



www.burmeseclassic.com

www.burmeseclassic.com

"လဆုတ်(၂)ရက်၊ နေလွဲသုံးဖဝါးမှာ သရက်ယိုင်စခန်းကို ယခင်ကြား မှာထားတဲ့ ပစ္စည်းများနဲ့အတူ လာကြဖို့ဟုဘိ၊ ယခင်ကဲ့သို့ မာယာဉာဏ် မသုံးလင့်၊ သည်ဟာ နောက်ဆုံးအကြိမ်ဖြစ်လတ်တယ်၊ နှစ်ဖန်မရှိတော့ပြီ"

ဟု ပြောကြားသည်။ ဤစကားများကို ဒေါ်မယ်ထုံ ပို့လာဖို့ ဖြစ်၏။

"အခန့်သင့်တာပ - အိုပြည့်ညီ၊ မယ်မင်းကို ကျုပ်ဟုလတ်ပြီးရင် ကိစ္စ ငြိမ်းပြီးကော၊ ကိုင်း - ကျုပ်သွားပုံ၊ ပျားရည် အရောင်းထွက်ရဦးအံ့"

သားရေဖြင့် ပြုလုပ်ထားသော ရေသယ်အိတ်မျိုးကို ကျောတွင် ပိုးထား သော ပေတိုသည် ထွက်ခွာသွားတော့၏။

အိုပြည့်ညီသည် ခဏတော့ တွေနေသည်။ ပြီးတော့ တစ်စုံတစ်ခုကို ပြတ်သားစွာ ဆုံးဖြတ်လိုက်သည့်အသွင်ဖြင့် ချစ်ဦးသူ ချေစ်ရ၏ အိမ်ဆီသို့ ခြေဦးလှည့်၍ ခပ်သုတ်သုတ် လှမ်းလေတော့၏။

"ရော - အစ်မ - ဘဇာသွားပုံ"

"ကိုချစ်ရ - အထံသွားအံ့ကြံလတ်တယ်"

လှမ်း၍မေးလာသူမှာ မောင်ဖြစ်သူ ပေလယ် ဖြစ်နေသဖြင့် အိုပြည့်ညီ သည် မှန်မှန်ပင် ဖြေလိုက်သည်။

"ဘာအခင်းရှိပါစ်၊ ငါလည်း လိုက်လိုတယ်"

"ဟိုကျသိမှာပ - လိုက်လိုကလည်း လိုက်ခဲ့ဘိ"

ချစ်ရေးကိစ္စနှင့် သွားခြင်းမဟုတ်၊ သေရေးရှင်ရေး ဖြစ်သည်။ ထို့ကြောင့် မောင်ငယ်လိုက်လိုကလည်း လိုက်ခဲ့စေဟု အိုပြည့်ညီက ခွင့်ပြုလိုက်ခြင်း ဖြစ်ပေ၏။

အိုပြည့်ညီတို့သည် ချေစ်ရနှင့် ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ကြသည်။ သို့သော် ချေစ်ရသည် အလုပ်တွေ များနေပုံရ၏။ သူ၏အလုပ်သမားများ အား ဖိဖိစီးစီး ညွှန်ကြားပြောဆိုနေသည်။

"ရော - အိုပြည့်တို့ပါတကား - အရေးရှိပါစ့်"

"ဩ - အရေးအနည်းငယ် ကြီးလတ်တယ်"



ချေစ်ရသည် အလုပ်သမားများအား ပြောလက်စ,စကားကို ဖြတ်ခဲ့၍ နောက်ချင်းပင် အိုပြည့်ညီတို့မောင်နှမကို အိမ်တွင်းသို့ ခေါ်ဆောင်လာသည်။ အိမ်တွင်းက ကွပ်ပျစ်တွင် ထိုင်မိခါမှ စကားစ,၏။

"ဟုဘိ - ဘဇာအရေးအခင်း ဖြစ်ပါစ့်"

အိုပြည့်ညီကအလုံးစုံပြောပြသည်။ ဦးလေးတော်သူအားမိခင်ကစေခိုင်း ခဲ့သည်ဖြစ်၍ ထိုစဉ်က ချေစ်ရအား မပြောကြားခဲ့ရပုံ၊ ဓားရေးကျင်လည်လှ သော ချေစ်ရကို အားကိုးရပုံများကို လုံမသည် ပြည့်ပြည့်စုံစုံ ပြောပြ၏။

ချေစ်ရသည် သက်ပြင်းချမိသည်။ ပေလယ်ကို တစ်ချက်ကြည့်ပြီး အို ပြည့်ညီ၏ စိုက်ကြည့်နေသောအကြည့်ကို ရင်ဆိုင်သည်။

"ခက်ကာပြီ၊ နှမ - ကံမြူရွာဝှကြီးက ဆီမီးခွက်တစ်သောင်းနဲ့ ကလသာ အိုးရာကို အမြန်လိုလတ်တယ်ဟုတယ်၊ ကျုပ်မှာ အငန်းတာတွေ ဖိစီးနေ သတ်ပြီ၊ သည်တော့ သင်းတို့ပြဌာန်းတဲ့ လဆုတ်(၂)ရက်ဟုသော နက်ဖြန် - တောင်းပြီ၊ နက်ဖြန် နေလွဲသုံးဖဝါးအရောက် မယ်မင်းနဲ့ ဝရီး အိုမယ်နှစ် ဦးသားသွားဘိ၊ သည်က ပေလယ်ပင် မလိုက်လင့်၊ ဝရီးဖုန်းစွယ် အန္တရာယ် ကြီးလတ်တယ်"

အိုပြည့်ညီက မျက်လုံးဝိုင်းကြီးများဖြင့် ချေစ်ရကို မော်ကြည့်လိုက် သည်။

"အတို့ကျွန်တို့နှစ်ဦးသားသာ သွားရအံ့ - ဟုတ်စုံ"

"အိမ်း - သည်အတိုင်းပဲပ၊ မောသောတွေ့ ဆင်ခြင်ရတာ ကတိတည် အံ့နီးတယ်၊ သာသာကြည်ကြည်သွားရင် ဝရီးဖုန်းစွယ်လည်း အန္တရာယ်တင်း အံ့ဟု ထင်တယ်"

"နို့ပေမဲ့ - သင်းတို့ကို လက်ရမဖမ်းမိဘူးပ"

ချေစ်ရသည် ချစ်သူကို စိုက်ကြည့်သည်။

"နှမငယ် - သူယုတ်မာတွေကို ရန်မလုပ်ချင်ပါဘိ၊ ဖခင် လွတ်မြောက် ခင်တို့စွာပြီးသင့်ပြီကော"



www.burmeseclassic.com

www.burmeseclassic.com

အိုပြည့်ညီတို့လည်း ပြန်လာခဲ့ကြပြီး မိခင် ဒေါ်မယ်အား ပြောပြ၏၊ မတတ်သာပြီ၊ အခြားနည်းလမ်းလည်း မရှိသဖြင့် ချေစ်ရ၏စကားအတိုင်းသာ လိုက်နာရတော့မည်ဟု ဒေါ်မယ်က မျက်ရည်ကလေးစမ်းစမ်းဖြင့် ပြော၏၊

ထိုနေ့ညတွင် ဒေါ်မယ်မှာ ဘုရားတွေချည်း ဖိ၍ရှိခိုးကာ ဆုတောင်းသည်၊

အိုပြည့်ညီကမူ ချေစ်ရကိုတွေးကာ စိမ်းကားသလိုထင်မိသည်၊ တကယ့်အရေးရောက်သော ချစ်ရသူသည် အားမကိုးရပါတကား၊ ချစ်သူ၏မေတ္တာသည် တရားဘက်က မရပ်တည်နိုင်၊ သူတတ်ကျွမ်းထားသည့်စာရေးသည် "ငါ လူတော်တကား" ဟု ကြွားဝင့်စရာကလွဲ၍ ဘာအသုံးကျပါသေးသနည်း၊ အိုပြည့်ညီသည် နှုတ်ခမ်းကလေးမဲ့၍ စိတ်နာချင်သလို ခံစားရသည်၊

ချေစ်ရကား အတွေးနက်နေ၏၊

ပထမအကြိမ် ချိန်းချက်စဉ်က ညောင်ညီနောင်ကို ချိန်းသည်၊ ဓားသမား ပါလာသဖြင့် အချိန်ကို ဖျက်၏၊ ရုပ်ဖျက်လာသည့် နေတတ်ကို သင်းတို့သိသည်၊ မှတ်မိခြင်းဖြစ်ပုံမရ၊ ကြိုသိခြင်းသာဖြစ်ရမည်၊ ယခုတစ်ဖန် သရက်ယိုင်ကို ချိန်းသည်၊ သရက်ပင်ကြီး ယိမ်းယိုင်ပေါက်ရောက်နေသောနေရာဖြစ်၏၊ ဤတောကို ချေစ်ရ ကောင်းစွာကျွမ်းကျင်ပါသည်၊

ဤအတိုင်းဆိုလျှင် လူဆိုးများသည် အတွင်းပိုင်းရှိ ရွာဆိုးကုန်းဝှမ်းထဲတွင် စခန်းချခြင်းဖြစ်ရမည်၊ ဝှမ်းဟုသာဆိုရသည်၊ ကုန်းပေါ်တွင် ရောက်နေသဖြင့် စင်စစ်ဝှမ်းမဟုတ်ပါ၊ ရှေးဟောင်းအဆောက်အအုံပျက်တစ်ခုဖြစ်၍ နောက်ဘက်က မြေများပို့နေခြင်းသာ ဖြစ်သည်၊

သူတို့၏အသံကို ဝလူနှင့် ပေမှတို့ မှတ်မိခြင်း မရှိကြသဖြင့် သူတို့သည် ဤရွာသားထဲကတော့ ဟုတ်ဟန်မတူ၊ သို့သော် နေတတ်ပါလာသည်ကို ကြိုသိဟန်တူသဖြင့် ရွာထဲကလူနှင့်တွေ့တော့ အဆက်အသွယ်ရှိပုံ ရ၏၊ ဤသို့တွေ့မိသဖြင့် ချေစ်ရသည် သူ၏အစီအစဉ်ကို လွန်စွာ လျှို့ဝှက်ရကား ချစ်သူကိုပင် မသိအောင် ပြုလိုက်ခြင်း ဖြစ်သည်၊

အချိန်တန်ပြီဟု တွေးမိနိုက်တွင် တစ်စုံတစ်ယောက်သည် ဝင်းဝမှ မှောင်ခိုး၍ဝင်လာသဖြင့် ချေစ်ရသည် ဆီမီးခွက်ကို ငြိမ်းလိုက်၏၊

"အသူနည်း"

"မိုးဒေဝါ လူ့ရွာ ဆင်းသတော"

သိပါပြီ၊ လုလင်ကျော်နေတတ်သည် ချိန်းထားသည့်အတိုင်း ရောက်လာခြင်းဖြစ်၏၊ နှစ်ယောက်သားသည် ဓားလွယ်ကိုယ်စီနှင့် မြင်းတွေကို လမ်းရှောင်သည့်နေရာတွေမှ ကွေ့ပတ်၍ဆွဲကာ ရွာပြင်သို့ရောက်မှ မြင်းတွေပေါ်တက်ကာ သပြေတန်းတောအုပ်ဆီသို့ နှင်ခဲ့ကြ၏၊

မြင်းများကို တောအုပ်ထဲတွင် သင့်တော်ရာ နေရာတွင် ဝှက်၍ ချုပ်နှောင်ထားခဲ့ကြပြီးသော် ရွာဆိုးကုန်းဆီသို့ လျှောက်ခဲ့ကြ၏၊ ကုန်းခြေရင်းသို့ ရောက်၍ လှမ်းကြည့်သောအခါ ကုန်းထိပ်တွင် မီးပုံကိုမြင်ရသည်၊ ဤနေရာတွင် စခန်းချနေကြသည်ကား သေချာပေပြီ၊

ချေစ်ရနှင့် နေတတ်တို့သည် ကုန်းစောင်းကိုဝပ်၍ တက်ရောက်ကာ အနီးရှိ ချုံပုတ်ငယ်ငယ်တစ်ခုနောက်မှ ခို၍အကဲခတ်၏၊ မီးပုံရှေ့တွင် လူတစ်ယောက်သည် လက်တစ်ဖက် သေခွက်ကိုကိုင်ကာ မီးပုံထဲသို့ ထင်းပစ်ထည့်သည်၊ သူ့တွင် အင်္ကျီမပါသော်လည်း ပုဆိုးအောက်ပိုင်းကျိုက်နှင့် ဓားကို လွယ်ထားသည်ဖြစ်ရာ ရန်သူအတွက် အဆင်သင့် ရှိနေပုံရသည်၊

ထိုခဏတွင် အတွင်းဘက်က လူတစ်ယောက် ထွက်လာ၏၊ သူသည်လည်း အင်္ကျီချွတ်ပုဆိုးအောက်ပိုင်း ကျိုက်နှင့်ဖြစ်ကာ ဓားလွယ်ကို လွယ်ထားသည်၊ သူသည် မီးပုံဘေးသို့ ရောက်လာသောအခါတွင် ပထမလူ့ဘေးချင်း ဝင်ထိုင်၍ စကားပြော၏၊

"လေုတ်ကယ် – မောင်မင်း သွားအိပ်ချေတော့၊ မိုးသောက်အထိ ငါ စောင့်မယ်"

www.burmeseclassic.com

"ကောင်းစွဟုတ်တာ - ရော - ဆေးသင်၊ သည်မှာ သေခွက်"

လေုတ်ဆိုသူသည် သေခွက်ကို ဆေးသင်အား လှမ်းပေးပြီးနောက် မတ်တတ်ရပ်ကာ ဟိုသည်သို့ ဓဏကြည့်နေ၏။

သူတို့နှစ်ယောက် တည်ရှိနေသည်မှာ သေရွာ၏၊ ထို့ကြောင့် တစ်ယောက်တစ်လှည့် အိပ်ဖန်ယူနေကြခြင်းဖြစ်သည်။ ချစ်ရနှင့် နေတ်သည် တစ်ယောက်ကိုတစ်ယောက် လက်ကုတ်၍အချက်ပေးကာဖြေးသံပေးကာ ပြေးတက်ကြ၏။

ထိုအခါ ဆေးသင်တို့သည်လည်း အလန့်တကြားဖြစ်ကာ ဓားတွေကို ဆွဲထုတ်ရင်း ပြေးဝင်လာသော ရန်သူများကို ခုခံကြရတော့သည်။

မီးပုံသေားတွင် နှစ်ယောက်တစ်တွဲ ဓားပွဲတွေကို နွှဲနေကြ၏၊ လက်ရည်တွေကလည်း ကောင်းသင့်သလောက်ကောင်းသည်ဖြစ်ရာ လူဆိုးများသည် ကြေးစားဓားသမားတွေဖြစ်မည်မှာ မလွဲဟု၍ ချစ်ရက တွက်မိ၏၊ ထို့ကြောင့် သာမန်နည်းများကို ကျော်လွန်၍ တင်ကျည်းလုလင်တို့၏ နည်းကျော်များ ဖြစ်သော လေကျွမ်း၊ မြေလျှပ်ကျွမ်း စသော အစွန်းအဖျားများတွင် ဓားချက်ပေါင်း များစွာထွက်သော ဒေဝစတ္တ ဓားတွတ်နည်းတို့ကိုပါ သုံး၍ တိုက်ခိုက်သည်တွင် ဆေး သင်မှာ လက်ယာလက်မောင်းနှင့် လက်ျာနံထောင့်တို့တွင် ဓားချက်ဝင်၍ ဓားလွတ်ကျကာ မြေပေါ်လဲရတော့သည်။

ချစ်ရသည် ပါလာသောကြိုးဖြင့် ဆေးသင်ကို တုပ်၏၊ ထို့နောက် နေတ်တို့ဆီ လှမ်းကြည့်ရာ နေတ်သည်လည်း မြေပေါ်တွင် ပုံကျသွားသော လေုတ်ကို သျှောင်ကို ဆွဲ၍ထူ၏၊ လေုတ်၏လက်မှ ဒဏ်ရာမှာလည်း မသေးလှချေ။

ဤသို့ဖြင့် ချစ်ရနှင့် နေတ်တို့သည် လူဆိုးများကို ကြိုးဖြင့်ချည်နှောင်ကြပြီး ဖါးစပ်ထဲတွင်လည်း အဝတ်တွေ ဆို့ပေးကြ၏၊ သို့သော် ဓားဒဏ်ရာကိုမူ ခါးပိုက်တွင် ပါလာသောဆေးများဖြင့် ချည်နှောင်ပေးကြ၏၊ ထို့နောက် လူဆိုးများကို ဂူတွင်းသို့ ဆွဲသွင်းကြသည်။

ဂူတွင်းဝယ် ဆီမီးရောင် ရှိ၏၊ ဆီမီးရောင်ဖြင့် ဂူထောင့်တွင် တစ်စုံတစ်ခုကို ခွေခွေလေး တွေ့ရသည်၊ နှစ်ယောက်သား ပြေးသွားကြည့်သည်တွင် ဦးဖုန်းစွယ် ဖြစ်နေကြောင်း သိရသည်။

"ဝရီး - ဝရီး - ကျွန်ုပ်ပါစ့်"

ချစ်ရက လှုပ်နိုး၍ မေးသည်၊ ဦးဖုန်းစွယ်သည် လူးလဲ၍ထ,ထိုင်ကာ ... လုံးတွေကို ပွတ်ကြည့်သည်။

"ရော - အသူတွေ ဖြစ်ပါစ့်"

"ဝရီး - အတို့ကျွန် ချစ်ရ - ဟိုဟာက နလင်ကျော် နေတ်ပ"

"တယ် - အားလွန်းပါဘိ"

ဦးဖုန်းစွယ်သည် ချစ်ရကို အားရပါးရဖက်၏။

ထို့နောက် အကျိုးအကြောင်းတွေ ပြောပြသည်၊ လေုတ်နှင့် ဆေးသင် ... တစ်ရွာသားတွေ ဖြစ်ကြ၏၊ မိမိကို ဖမ်းဆီးကြသူမှာ သူတို့ဖြစ်သော်... ခေါင်းဆောင်မှာ သူတို့မဟုတ်၊ သည်မှာ မအိပ်ဘဲ ရိက္ခာအပို့သော်... ကောင်း အခြားကိစ္စရှိမှသော်လည်းကောင်း တုန်းအောက်မှ ငှက်လို... ၍ အချက်ပေးခေါ်တတ်ကြောင်း၊ ထိုအခါ သူတို့သည် အဝတ်အိတ်... ကို ခေါင်းစွပ်၍ ရုပ်ဖျက်ဆင်းသွားတတ်ကြောင်း သူတို့မရှိလျှင် မိမိကို ... ထားခဲ့ပါကြောင်းနှင့် ပြောပြသည်။

"တိုင်း - ဝရီး - မိုးမသောက်သေး၊ အိပ်လိုက်ပါဦး"

ဟု ချစ်ရက ပြောလိုက်လေ၏။

...ဆုတ်(၂)ရက်နေ့လွဲ၊ နှစ်ဖဝါးကျော်ကျော်ခန့်တွင် ကုန်းအောက်မှ ...တွင် အဝတ်ဖြူအိတ် စွပ်ထားသည့် လူတစ်ယောက်က ငှက်လိုအော်... ချက်ပေး၏၊ ကုန်းပေါ်တွင် လူနှစ်ယောက် ပေါ်လာ၏၊ သူတို့သည်လည်း ...ဖြူအိတ်များ စွပ်ကာ အကျီချွတ်ဓားလွယ်ကိုယ်စီနှင့် ဖြစ်ကြသည်။

အောက်ကလူ လက်ဟန်ခြေဟန်ပြ၍ ဂူတွင်းကလူကို ထုတ်ခဲ့ရန် အချက်ပြ ရာ အပေါ်က လူနှစ်ယောက် ပျောက်သွား၏။ ခဏအကြာတွင် သူတို့သည် ဦးဖုန်းစွယ်ကို ခေါ်ထုတ်လာကြကာ ကုန်းအောက်သို့ ဆင်းခဲ့ကြသည်။

သူတို့ရောက်လာသည်တွင် အောက်က လူက ဘာမျှမပြောတော့ဘဲ ရှေ့က ဦးဆောင်၍ သွားတော့သည်။ နောက်က လူများလည်း ဘာမှမပြော ပဲ လိုက်ကြ၏။

သရက်ပင်ကြီး ယိမ်းယိုင်၍ ပေါက်နေသော နေရာသို့ ရောက်သော အခါ အထုပ်တစ်ထုပ်ကို ရှေ့တွင်ချ၍ ရပ်နေကြသော ဒေါ်မယ်နှင့် အိုပြည့်ညီကို တွေ့ရ၏။ ဒေါ်မယ်သည် ဦးဖုန်းစွယ်ကို တွေ့သည်နှင့်တစ်ပြိုင်နက် "ကိုရင် ဖုန်းစွယ်" ဟု အော်ကာ ပြေးထွက်လာ၏။ ရှေ့ကလူက ရင်ဘတ်ကို ဆီး၍ တွန်းသည်။ ပြီးတော့ အထုပ်ကို ယူခဲ့ရန် လက်ဟန်ပြ၏။ ဒေါ်မယ်နှင့် အိုပြည့် ညီတို့သည် အထုပ်ကို ယူခဲ့ရသည်။

အဝတ်အိတ်ထောင့်နှင့် လူသည် အိတ်တွင်းမှ ရွှေခွက်၊ ငွေခွက်များကို သွန်ချ၍စစ်ဆေးသည်။ ထိုအခိုက်တွင် နောက်နားကပ်နေသောသူက ခေါင်း ဆောင်၏အဝတ်အိတ်ကို ဆွဲ၍ချွတ်လိုက်သည်။ လွှတ်ခနဲ အသံထွက်သွား ကား အိုပြည့်ညီပင်တည်း။

"ဟယ် - ပေုလယ်"

နောက်ကလူများကလည်း အိတ်ထောင့်တွေကို ချွတ်လိုက်ရာ မျက်နှာ များကိုပါ ချွတ်ကာ ပေုလယ်ကို ဖမ်းသည်။ ဤတွင် ပေုလယ်က ဝန်ခံ ကြွေအလောင်းကစား ကြွေးများလာသဖြင့် လုပ်မိလုပ်ရာ လုပ်ရပါသည် ၏။ ကံဖြူရွာမှာ ကြွေးစားမားသမားနှစ်ယောက်ကို ငှားရမ်းကာ ကြံစည် ခြင်း ဖြစ်ပါသည်ဆို၏။

နေတ်က ရွာသားအချို့ပြန်ခေါ်ပြီး ဂူတွင်းက မားသမားတွေကို ဖမ်းစေ ရန် သွားသည်။

အိမ်ပြန်ရောက်ကြသော ဦးဖုန်းစွယ်၊ ဒေါ်မယ်တို့က ရွှေခွက်နှင့် ငွေခွက် တို့ကို သားအား ပေးကာ နေအိမ်မှ နှင်ထုတ်လိုက်ကြတော့သည်။


အိုပြည့်ညီက "ဘဇာကြောင့် အတို့ကျွန်ကို မဟူခင်ပါစ့်" ဟု မတော့မနပ် ဖြင့်ပြောရာ ဇချစ်ရက "လျှို့ဝှက်ရမည့်အရေးမှာ မိမိကိုယ်ကလွဲရင် မည် သူ့ကိုမျှ မဟူနိုင်" ဟု ပြန်ဖြေရာ အိုပြည့်ညီက လိုက်လိုက်လဲလဲ ရယ်ပြခြင်း ဖြင့် လျှင် ချစ်သူအပေါ် ဉာသုံခွင့်လွှတ်ကြောင်း ဖော်ပြခြင်းဖြစ်ပေတော့ သတည်း။


## စာရှုသူများသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း

www.burmeseclassic.com




**အလောင်းအစား ဝါသနာပါသည့်**
**ဘာမထီအောင် ဆိုးသွမ်းသည့် လူတစ်ယောက်သည်**
**မိုက်မိုက်ကန်းကန်း တစ်ဇွတ်ထိုး**
**လုပ်ကိုင်မှုကြောင့် နောက်ဆုံးတွင် ..**

**လောကမှာ** လူဆိုတဲ့ သတ္တဝါဟာ ဘယ်အရာကိုမဆို ကြုံဖူးမှ ယုံဘယ်ဆိုတာ အမှန်ပဲ၊ မကြုံဘူးသေးသမျှ မယုံရေးချ မယုံလို့ မျက်စိစုံမှိတ်နံ့တို ခြေစုံကန်ပြီး နင်းကန် ကြုံးအော်နေတဲ့သူတွေလည်း တွေ့ဖူးတယ်၊ ဒီမျိုးတွေက လောကမှာ အများကြီး။ အဲဒီ အများကြီးဆိုတဲ့အထဲမှာမှ ဘာမထီစိန်ကြီးဆိုတဲ့ကောင်လည်း ပါတယ်၊ ဘာမထီစိန်ကြီးဆိုတဲ့ကောင်က နုသယ်နုယ်ရရတော့ မဟုတ်ဘူး၊ စိန်ကြီးဆိုတဲ့ မှတ်ပုံတင်ထဲက နာမည်ရဲ့ရှေ့မှာ ဘာမထီဆိုတဲ့ဘွဲ့တပ်ထားတာကိုပဲကြည့်တော့၊ ဘာမထီဆိုတဲ့ဘွဲ့ကညည်းနည်းဖနောနောဘွဲ့လား၊ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးလို့ လုပ်တိုင်တော့ ဘယ်ဆိုရင် မကြောက်မရွံ့ နောက်မတွန့်စတမ်း၊ အရိုးကြေကြေ၊ အရေခဲခန်းခန်း လုပ်ရဲကိုင်ရဲတဲ့သူတွေမှသာလျှင်တပ်တဲ့နာမဝိသေသနမျိုး၊ သာမန်သမ်းနံ့ဘေးကစကားလုံးတော့ မဟုတ်ဘူး၊ ဒီထက်ပိုပြီး အမွှန်းတင်ရရင် ဘိုင်းပြည်အတွက်၊ လူမျိုးဘာသာအတွက် အသက်ခန္ဓာကို ပဓာနမထားဘဲ ခုံတွံစွန့်လွှတ်စွန့်စားရဲတဲ့၊ ပေးဆပ်ရင်းနှီးရဲတဲ့သူတွေနဲ့သာ ထိုက်တန်

www.burmeseclassic.com

တဲ့ဘွဲ့၊ သာမင်ဉာဉ်ညမဟုတ်ဘူး။ သာမင်ဉာဉ်ညကောင်တွေနဲ့လည်း မသက်ဆိုင်ဘူး။ အဲ - ဒါပေမဲ့ - ဒီဘွဲ့ကို ဘာမထီစိန်ကြီးဆိုတဲ့ကောင်က သူ ဘာသာသူ မူးကြောင်ရူးကြောင်နဲ့ တပ်ခဲ့တာတော့ မဟုတ်ပါဘူး။

သူ့ရဲ့သောက်ဖော်စားဖက်၊ တေဖော်တေဖက်တွေက မူးမူးရူးရူးနဲ့ သောက်ရင်း၊ စားရင်း မြှောက်ပင့်ကြ၊ ခေါ်ကြရင်းကနေ တွင်သွားတဲ့ဘွဲ့။ အမှန် ပြောပြရရင် အဲဒီဘာမထီဆိုတဲ့ဘွဲ့နဲ့ ထိုက်တန်အောင်၊ ကိုက်ညီအောင် ဘာမထီစိန်ကြီးဆိုတဲ့ကောင်က တိုင်းပြည်တို့၊ လူမျိုး၊ ဘာသာတို့ဆိုတာ ဝေလာဝေး၊ ရပ်ကွက်ထဲ၊ လမ်းထဲ လမ်းပြင်မြေဖို့မြက်ရှင်းရင်တောင် အားနာ ပါးနာနဲ့ ပေါက်တူးတစ်ချက်၊ ဓားတစ်ချက်တောင်မှ ဟန်ဆောင် ပန်ဆောင် ယမ်းဖူး၊ လုပ်ခဲ့ဖူးတာ မဟုတ်ဘူး။ အဲဒီ ဘာမထီဆိုတဲ့ဘွဲ့ဟာ ပြောရရင် စိန်ကြီးတို့လူပေလူတေ၊ ကဖော်သမား၊ အရက်သမားနဲ့ လားလားမှ မထိုက် တန်တဲ့ဘွဲ့၊ နာမည်။

ကြားဖူးကြရဲ့မဟုတ်လား။ ရပ်ထဲ ရွာထဲမယ် လူတွေ ပြောဆိုသုံးနှုန်းနေကြတဲ့ လက်သုံးစကားဟာလေ၊ ဘာတဲ့၊ လောကမှာ လူပီလို့သေတဲ့ မသာရယ်လို့ မရှိဘူး၊ သစ်ပင်ပိပြီး သေတဲ့ မသာပဲ ရှိတယ်ဆိုတဲ့ စကားရယ်။ ကြားလည်း ကြားဖူး မြင်လည်း မြင်ဖူးကြမှာပဲ၊ ဒါပေမဲ့ - အဲဒီစကားက ခုပြောင်းရတော့ မယ်၊ လောကမှာ သစ်ပင်ပိ သေတတ်သလိုလုပ်ရင်လည်း သေတယ်၊

အဲသလိုပဲ နာမည်ပိရင်လည်း သေတတ်တယ်ဆိုတဲ့ အဖြစ်မျိုး။ ခု ဘာမထီစိန်ကြီးရဲ့အဖြစ်ကလည်း အဲသလိုကိုး။ လောကမှာ ပညာတ်သွားရာ ဓာတ်သက်ပါဆိုတဲ့စကား ကြားဖူးကြရဲ့မဟုတ်လား၊ ဆိုရရင် ဂမ္ဘီရနယ်ပယ် ထဲမှာတော့ လူမစီး နာမည်စီးတာတို့၊ နက္ခတ်စီး၊ ဂြိုဟ်စီးတို့၊ နာမည်တစ်လုံး ကြောင့် နာမကျွဆန်းပျက်လို့ လူပျက်၊ စီးပွားပျက်၊ ဘဝပျက်ရတဲ့အဖြစ်တွေ မြင်နေ၊ တွေ့နေကြရတာပဲ။ နို့မို့ အမိဝမ်းကကျွတ်၊ မွေးကတည်းက ဘယ်သူ တွေက ငွေကုန်ကြေးကျခံပြီး ဗေဒင်တွေ၊ ယတြာတွေနဲ့ အမြစ်၊ အညွန့် မတွန့် စေရတို့၊ ဆပွတ်တို့၊ ပဋ္ဌပွတ်တို့နဲ့ နာမည်တွေ ဘာတွေပေးပြီး ကင်ပွန်းတပ်



ဘာတို့၊ မွေးနေ့တို့၊ အသက်တစ်ရာနှစ်ဆယ်ကျော်စေသော်တို့ ပြုလုပ်ကြ မှာလဲ။ တကူးတက ငွေကုန်၊ အချိန်ကုန်ခံ အလုပ်ပိုတွေ လုပ်ကြမှာလဲ၊ လွယ်ကူစွာပဲ၊ မေ၊ တွေတို့၊ ဝက်မ၊ ပိန်တာမ၊ အရိုးတို့ပဲ မှည့်ကြမှာပေါ့။ နာမည်ဆိုတာ သိပ်ဆန်းကြယ်တယ်။ ယတြာကောင်းရင်မင်းလောင်းတောင် ပျောက်သလို၊ ဓာတ်သက်၊ ပညာတ်သက်တွေကလည်း သိပ်ဆန်းကြယ် တယ်၊ ဂမ္ဘီရဆန်တယ်၊ လောကီနယ်ထဲမှာ ပြောတာပါ၊ ကြားဖူးကြမှာပါ၊

ရွှေဆိုင်ဖွင့်မယ့်သူက ဆိုင်နာမည်ကို အောင်ချမ်းသာတို့၊ ရွှေပြည့်စုံတို့ မှည့်ဘဲ မုန်တိုင်းဖြူလို့ မှည့်မိလို့ ဆိုင်ဖွင့်ပြီး သိပ်မကြာခင် မိသားစုရော၊ ဘဝရော စီးပွားရေး မုန်တိုင်းမွှေသလို ကပြောင်းကပြန် ဖြစ်သွားကြရတာ တွေ၊ ပြုတ်ပြုတ်ပြုန်း ဘဝပျက်ရတာတွေ။ တောသူမလေး ရွှေပွင့်ကနေ ကာက်အလုပ်လုပ်ရင်း မမျှော်လင့်ဘဲ ဗိုင်ကော်လို့ ချူပေါ်ရောက်ရသလို သူဌေးနဲ့ညားပြီး သူဌေးမယားဖြစ်သွားရတာတွေ၊ ရွှေတွေ တစ်ကိုယ်လုံး ဆီးနေ ပွင့်နေအောင် ကျိုကျိုတက် ကြွယ်ဝချမ်းသာသွားတာမျိုး။ အမည် တွေ၊ နာမကျွတွေ၊ ဇာတ်ပွတ်တို့ ပညာတ်တို့အကြောင်းပြောပါတယ်။ ခုလည်း စိန်ကြီးရဲ့အဖြစ်က အဲသလို ...၊ နာမည်ကြောင့်၊ ဘာမထီဆိုတဲ့ဘွဲ့ကြောင့် သေရတာ၊ မရဲဘဲ ကျွဲပြစီးတယ်ဆိုတာ စိန်ကြီးရဲ့အဖြစ်၊

အမှန်က စိန်ကြီးက ဒီထားဝယ်ချောင်ရွာသား မဟုတ်သလို ရက်မြုပ် သည်းမဟုတ်ဘူး။ ပြောရရင် တိုးကြောင်ကြီးသားလိုလို၊ သိမ်ချောင်း၊ ကြည်စု သားလိုလို၊ အောက်မြစ်ဝကျွန်းပေါ်ဘက်ကလိုလို၊ စိန်ကြီးကို ဘယ်ရွာသား၊ ဘယ်ဇာတိမှန်း ဘယ်သူမှ မသိကြဘူး။ သူ့ဇာတိချက်မြှုပ်ကို ဘယ်လောက် သူများတွေကိုသာ အတ္တကျွေးလို့ရမယ်။ စိန်ကြီးကိုတော့ မရဘူးဆိုတာ လွှတ်မပြောဘူး။ ဘယ်သူမေးမေး ဝေ့လည်ကြောင်ပတ်၊ ဆင်ဝှေ့ရန် ချောင်သလို ဟိုရွာနာမည်ပြော၊ ဒီရွာနာမည် လီးလွဲနဲ့၊ ကြာလာတော့လည်း ဘယ်သူမှ မမေးကြ၊ စိတ်မဝင်စားကြတော့ဘူး။ ထားဝယ်ချောင်ရွာသားလို ဖြစ်လာတယ်၊ ဒီထားဝယ်ချောင်ရွာကနေ ဘယ်မြို့ ဘယ်ရွာကိုမှလည်း ခြေတစ်ဖဝါး မခွာဘူးကိုး။ ဘာမထီစိန်ကြီး မြမေနဲ့ညားပြီး ဒီထားဝယ်ချောင်

www.burmeseclassic.com

ရွာမှာ နေခဲ့တာပဲ။ သူ့ကလေးနှစ်ယောက်တောင် အပျို၊ လူပျိုပေါက် ဖြစ်လာပြီ။ တွက်သာကြည့်တော့။

ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်ကတည်းက ထားဝယ်ချောင်ရွာသား၊ မိုက်ခဲနဲ့ အရက်လည်သောက်ရင်း ဒီရွာမှာ ဓသောင်မတင်၊ ရေမကူ ဘဝကနေ မိုက်ခဲရဲ့ ညီမဝမ်းကွဲ မြမေနဲ့ ညားပြီး ရွာသားတစ်ပိုင်း ဖြစ်လာတယ်ဆိုရမှာပဲ။ ကြည့်တော့ – လူပုံက ပျော့တိ ပျော့ဖတ်၊ ခပ်နွဲ့နွဲ့ရယ်။ လေတိုက်ရင်တောင် ယိမ်းမယ့် ယိုင်မယ့်သဘော။ မြမေက ဘာကိုသဘောကျလို့ ယူသလဲတော့ မသိဘူး။ ဘယ်အလုပ်ကိုမှလည်း လက်ကြော၊ ခြေကြော နားထင်ကြော တင်းအောင်လည်း လုပ်စားနိုင်တဲ့ပုံစံ မပေါက်ဘူး။ အမြဲတမ်း နွံ့းနဲ့ မိုးနဲ့ ကော့နေတာပဲ။ မျက်နှာပေါက်ကတော့ အဲဒီအချိန်တုန်းက နာမည်ကြီး ဇာတ်မင်းသားတစ်ယောက်ရဲ့မျက်နှာပေါက်နဲ့တူတယ်။ စိန်ကြီး ပြောဖူးတာတော့ သူလည်း တစ်ချိန်က ဇာတ်အဖွဲ့တစ်ခုထဲ လိုက်ခဲ့ဖူးတယ်ဆိုတာပဲ၊ ဒါနဲ့ပဲ မြမေလည်း လှတာမက်တော့ ညစာစက်တဲ့ အခြေမျိုး ရောက်ခဲ့ရတာပဲ၊ ဘာပြုလဲဆို ဘာမထီစိန်ကြီးရယ်လို့ ဖြစ်လာမယ့် စိန်ကြီးနဲ့ညားပြီးကတည်းက အခု ကလေးတွေ လူပျိုပေါက်၊ အပျိုပေါက်ရောက်လာကြတဲ့အထိ ဘာအလုပ်ကိုမှ စိန်ကြီးက ဟုတ်တိ ပတ်တိ၊ လုပ်ကိုင်ကျွေးတယ်ရယ်လို့မရှိဘဲ၊ မြမေကသာ ဓအိုင်းတိ မောင်းတိနဲ့ ငါးရှာ၊ ဖားရှာ၊ သပြေရိုး ရောင်းခဲ့ရတာပဲ၊ ကြုံရာကျပန်း လုပ်ခဲ့ရတာပဲရယ်၊

ဘာမထီစိန်ကြီးကိုတော့ မယားကံကောင်းတယ်လို့ပဲ ချီးမွမ်းထောပနာပြုရမလား။ မိန်းမရဲ့ထမီနား စိုစားတဲ့ ယောကျာ်းဖျင်း၊ ယောကျာ်းညံ့ရယ်လို့ပဲ နှစ်နှစ်နာနာ ကဲ့ရဲ့ သရော်ရမလား မပြောတတ်ဘူး။ ဘာမထီစိန်ကြီးကတော့ မြမေအကျီထဲ ထည့်ပေးတဲ့ ပိုက်ဆံနဲ့ အရက်ဆိုင်ဓာကာ လှည့်ပြီး အပေါင်းအသင်း၊ ရောင်းရင်းနဲ့ သောက်စားနေလာခဲ့တာ၊ ခုချိန်ထိ ဆိုပါတော့၊

ရေးက ထားဝယ်ချောင်ဆိုတဲ့ ရွာကြီးကနေပဲ၊ အခု ဒဂုံမြို့သစ်မြောက်ပိုင်းဖြစ်လာပြီ၊ လမ်းတွေ၊ အိမ်တွေ၊ အပေါင်ဆိုင်၊ စတိုးဆိုင်တွေ၊ မီနီမားဘတ်တွေနဲ့ ကတ္တရာလမ်းဆိုင်ကယ် တဝီဝီနဲ့ ဖြစ်လာပြီ။ ကြို့းတံတား ဈေးနယ်လို့ဖြစ်လာပြီ၊ စိန်ကြီးကတော့ ချောင်းနံ့ဘေး နေတုန်းပဲ၊ သောက်စားနေတုန်းပဲရယ်၊ အဲ – သူ့လက်ထဲ ငွေပြတ်လို့စိတ်ပါလက်ပါရင်တော့ကြို့းတံတားဈေးထိပ်မှာ ဆိုက်ကား နင်းတတ်တယ်၊ ညကြီးပိုင်း အဖမ်းအဆီးမရှိတဲ့ အချိန်ပေါ့၊ ဘီးက လိုင်စင်မဲ့ဘီးကိုး၊ ဒါကလည်း သူနဲ့ရင်းနှီးတဲ့ သောက်ဖော်တဲ့ဖက်တွေက ညကြီးပိုင်း ပေးနင်းကြတဲ့သဘောပါ။

ဓနာက် – ရံဖန်ရံခါလည်း မြမေကို သပြေပန်း ကူရောင်းပေးရင်း၊ ကြို့းတံတားဈေးထဲမှာ ဟိုဆိုင်ဒီဆိုင်က တောက်တိုမည်ရ၊ အလုပ်ကလေးဘာလေး ကူလုပ်ပေး ကူထမ်းပေးပေါ့လေ။ ခပ်တွေတွေနဲ့ပေါ့၊ ရသမျှငါးရာ တစ်ထောင် မြမေကိုလည်းပေး၊ ကျန်တာ ခါးကြားလိပ်ပြီး တံတားထိပ်ကဆိုင်ကို တန်းပြေးတာပဲ၊ အရည်ဖျော်ပစ်တာပဲ၊ ဒီကြို့းတံတားဈေးတစ်ဝိုက်ရွာနေပြည်ထိုင် လူကြီးတွေ မပြောနဲ့ ဘာမထီစိန်ကြီးဆိုရင် ခွေးရော၊ ကလေးရော သိကြတယ်ဆိုရမယ်၊ တံငါစု၊ သပြေစု၊ တဲစုတွေပါမကျန် သိကြရဲ့၊

ဘာပြုလို့လည်းလည်းဆိုတော့ ညဘက် ဘာမထီစိန်ကြီး ဈေးတန်းထိပ်ကနေ တဲဆီကိုပြန်လာပြီဆိုရင် ချောင်းကမ်းနံဘေးက တဲစုတွေ၊ တံငါစုတွေ၊ သပြေတဲတွေက ခွေးတွေက အူကြ၊ ဟောင်ကြတာကိုး။ အဲဒါဆို ဘယ်လောက်ပဲ ညဉ့်နက်နက် မိုးချုပ်ချုပ် ဘာမထီစိန်ကြီး ပြန်လာပြီပဲ၊ ဒါကြောင့်ခွေးကအစ သိတယ်လို့ပြောတာ၊ တစ်ခုတော့ ရှိပါရဲ့၊ ဘာမထီစိန်ကြီးတသူ ဘယ်လောက်ပဲမူးမူး၊ ရေချိန်လွန်နေပါစေ၊ မိုးချုပ်ညဉ့်နက်ပါစေ၊ လမ်းသဲ ရုပ်ထဲ ဟိုအော်၊ ဒီဆဲ ဟိုစောင်း ဒီချိတ်၊ ဆဲဆိုတာတို့၊ ပြဿနာရှာတာတို့ တစ်ကြိမ်မျှ မရှိခဲ့ဖူးဘူး၊ တဲရောက်လို့ မြမေနဲ့ စကားများရင်တောင် မယားကိုနင်ပဲငဆ ဆဲဆိုတာတို့၊ ရိုက်နက်ကန်ကျောက်တာတို့ မရှိဘူး။

တစ်ခါတစ်ရံတော့ မြမေနဲ့ ကတောက်ကဆ စကားများကြတာတော့ ရှိတာပေါ့၊ လင်မယားကိုး၊ အဲဒီအခါတိုင်း မြမေရဲ့ဒေါသဆူပွက်သံကိုသာ အဲဝန်းကျင်က ကြားချင် ကြားနေရမယ်၊ ဘာမထီစိန်ကြီးရဲ့အသံက “မြမေကလည်းကွာ” ဆိုတဲ့အသံက လွဲပြီး ဘာသံမှ ပေါ်ထွက်မလာဘူး။ မြမေ





www.burmeseclassic.com

www.burmeseclassic.com

ရဲ့အသံကသာ နောက်ဆုံးကျယ်ရာကနေ တိုးသတက် တိုးလာပြီး နောက်ဆုံးမောပြီးတိတ်သွားတော့ရဲ့၊ အဲဒါ ဘာမထီစိန်ကြီး အိပ်ပျော်သွားလားဆိုတော့ မဟုတ်ဘူး။ တဲရှေ့အပြင်မှာ ဆေးပေါ့လိပ် မီးတဖွာဖွာနဲ့ ထိုင်နေတာရယ်။

ဘာမထီစိန်ကြီးက သူ ဘယ်လောက်ပဲ မူးမူး၊ ပြန်လာလာ တဲကိုရောက်ရင် မြမေ အသင့်ခူးပြီးပြင်ထားပေးတဲ့ ထမင်းနဲ့ဟင်း ပန်းကန်ကို စားချင်စား မစားချင်လည်း တဲရှေ့ ဘုရားကျောင်းဆောင်အောက် ဖားတစ်ကောင်လို ဖားပေါင်စင်းပြီး တခေါခေါနဲ့ အိပ်တော့ရဲ့၊ တစ်ခါခါ ဗွက်၊ ရွှံ့တွေ ပေရေနေတဲ့ ခြေကိုတောင် မဆေးနိုင်ဘူး။ အဲသလောက်ထိ၊ ဘာမထီစိန်ကြီးတပဲ မိန်းမတွေရဲ့အထာကို နပ်တာလား၊ သူ့နဂိုဗီဇလားတော့ မသိဘူး၊ ဘယ်လောက် မူးမူး၊ မူးလေပြီမ်လေဆိုတဲ့ လူစားမျိုး။ အဲဒါကြောင့်လည်း မြမေက အိမ်ထောင်သက်တစ်လျှောက် ဘာမထီစိန်ကြီး နေချင်သလိုနေ၊ သောက်ချင်သလိုသောက်နေတာကို လင်ဆိုးမယား တဖားဖားဆိုပေမယ့် ဘာလုပ်လုပ် ခွင့်လွှတ်နိုင်တာပေါ့၊ အများတကာလို ရပ်ကျော် ရွာကျော် ရုံးရောက် ဂတ်ရောက် ရန်မဖြစ်တာပေါ့၊ ဘာမထီစိန်ကြီးကို ချစ်တာလည်း ပါမှာပေါ့လေ၊ ဘာမထီစိန်ကြီးကလည်း အရက်က အရက်၊ အသက်က အသက်ဆိုသလို မြမေကိုချစ်ပုံရပါတယ်၊ ဘာပြုလို့လည်းဆိုရင် တစ်ခါတစ်ရံ နေ့လယ်၊ နေ့ခင်း မြမေသပြေရိုးသွားရင် သူတို့တဲရဲ့ဝါးတံတားထိပ်မှာ မြမေရဲ့အကျီ၊ ဘော်လီကစလို့ သားသမီးတွေရဲ့အဝတ်အစားတွေကိုပါ စိတ်လိုလက်ရလျှော်တတ်ရဲ့၊ အဲဒီအခါ တဲနားနီးချင်း မိန်းမတွေက ရယ်သလို မောသလို၊

"ကိုစိန်ကြီးရေ - ဒီနေ့ မိုးရွာမလား မသိဘူးနော်"

"ဟ - ဘာလို့ရွာရမှာလဲ၊ ဒီလောက် နေ့ခေါင်ခေါင်ကြီးကို၊ တောက်တီးတောက်တဲ့ ..."

"ခစ် - ကိုစိန်ကြီးက အစ်မမြမေရဲ့ထမီတွေ၊ ဘော်လီတွေပါ လျှော်နေတာကိုး။ အိမ်က ကိုတာတီးတို့နဲ့များ ကွာပ၊ ညားကတည်းက ကျွန်မ အဝတ်အစား လျှော်ပေးဖို့နေနေသာ - သူ့ရေလဲပုဆိုးပိုင်းတောင် မညှစ်ဖူးဘူး"

"ဟ - ဒါက ဘယ်တူမှာလဲ - မိညိုရ"

"အလိုတော် - ဘာလို့မတူရမှာလဲ၊ သူလည်း အတောင်နှစ်ဆယ်ဝတ်၊ ကိုစိန်ကြီးလဲ အဲ ..."

"ဟဲ့ - မိညို၊ နင့်စကားကြီးက မရှင်းမလင်းနဲ့ ဘာတုံးအေ့ ..."

တခြားတဲက ခင်ကြွေ ဝင်ပြောတော့ မိညိုက ရယ်ကျဲကျဲနဲ့ -

"ဟို ... အဲ၊ ကျွန်မပြောတာက အတောင်နှစ်ဆယ်ဝတ်တဲ့ ယောက်ျားချင်း အတူတူလို့ ပြောတာပါ"

"ပြောပြီးပြီ - မိညို၊ ငါက မတူဘူးနော်"

"ကိုစိန်ကြီးနော် - ဒါက ဘာစကားလဲ"

"ဟ - တစ်မျိုးမထင်နဲ့၊ နင့်ယောက်ျားက ဆိုက်ကားသမား တာတီး၊ ငါက ဘာမထီစိန်ကြီးလေ၊ ဘာမထီစိန်ကြီး ..."

ဘာမထီစိန်ကြီးက အဲသလို၊ တဲနားနီးချင်းတွေကတော့ မြင်ပါများလို့ နေပြီ ဆိုလို့ရတယ်၊ အချို့လည်း လူ့သဘာဝအတိုင်း ကွယ်ရာမှာ မေးငေါ့ ကြေး ကဲ့ရဲ့ သရော်ပြုံးချင်း၊ သရော်ပြုံးကျမှာပေါ့လေ၊ ဘာမထီစိန်ကြီးတစ်တော့ ဂရုမစိုက်ပါဘူး။ ထမီပဲဖြစ်ဖြစ်၊ ဘော်လီပဲဖြစ်ဖြစ် သူ စိတ်လို လက်ရရှိရင် လျှော်ဖွပ်တာပဲ၊ တစ်ခုတော့ ရှိရဲ့၊ ဘာမထီစိန်ကြီးက သူမှန်တယ်ထင်ခြင်းလုပ်ချင်ရင် ဘယ်သူမှ ဂရုမစိုက်ဘဲ လုပ်တတ်တဲ့ဉာဉ်ရှိတယ်၊ တစ်ဖွတ်ဆိုး တစ်ဖောက်ကန်းလည်း လုပ်ချင်လုပ်တာ၊ အဲဒီအကြောင်းတွေသိတဲ့ သောက်ဖော်စားဖက်တွေက အရက်ဆိုင်မှာ မူးလာရင် -

"စိန်ကြီး - မင်း မနေ့က မြမေရဲ့ထဘီတွေ လျှော်တယ်ဆို - အေ့"

"အေးလေ - ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒါ - မင်းက ငါတို့ကို သိက္ခာချတာပဲကွ - စိန်ကြီးရ"

"ဟာ - မဆီမဆိုင်ကွာ၊ ငါ့မိန်းမရဲ့ထဘီတွေ အဝတ်တွေ လျှော်တာနဲ့ မင်းရဲ့သိက္ခာနဲ့ ဘာဆိုင်လဲကွ - ချစ်ဖေရ"

"ဟာ - ဘာလို့ မဆိုင်ရမှာလဲ၊ မင်းလုပ်ပုံက ငါတို့ တဲစုတင်းကုပ်ယောက်ျားတွေအားလုံး မြောင်းထဲ ရောက်ကုန်မှာပေါ့ကွ - အေးရာဖဝင်

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းမှာ ငါတို့ယောကျ်ားတွေက အိမ်ထောင်ဦးစီးကွ၊ ကိုယ်က မယားကို ရှာဖွေကျွေးမွေးနေတာ၊ သူတို့က ယောကျ်ား ဘယ်အချိန် မှုးပြီးပြန်လာလာ ထမင်းခူးခပ်၊ ပြင်ဆင်ပေး ခြေထောက်ဆေးပေးရတာကွ၊ ငါဆို မိကြွက် အိပ်နေရင်တောင် ခြေထောက်နဲ့ ကန်နှိုးတာ၊ ထမင်း ခူးခိုင်းတာ – အေ့"

"ချစ်ဖေရာ – အဲဒါကြောင့်လည်း မိကြွက် တစ်ခါက ထင်းချောင်းနဲ့ ရိုက်လို့ မင်းချိုစောင်းမှာ သုံးချက်ချုပ်လိုက်ရတယ်မို့လား၊ ကြွားမနေနဲ့၊ အတွင်းသိ၊ အစင်းသိတွေပါကွာ၊ စိန်ကြီးက မြမေကို ချစ်လို့ခနမှာပေ့၊ မဟုတ်ဘူးလား – အဟီး၊ ငါတို့ မသိလို့ ညဘက်တွေ မြမေကို နှင်းနှိပ်ပေးသလားတောင် မသိဘူး – အဟီး၊ အဲဒါကြောင့်လည်း ဒီကောင် ဘာမှမလုပ်ဘဲ အရက်ဆိုင်တကာလှည့်နေတာ၊ မြမေက မောင်ကြီးကို အငွေ့မပြယ်နိုင်ဖြစ်နေတာနေမှာပဲ – ဟား – ဟား"

"ဟေ့ကောင်တွေ – တော်ကွာ – တော်"

အဲသလို သောက်ဖော်တွေက ခနဲ့ပဲဆိုဆို၊ ရွဲ့ပဲဆိုဆို ဘာမထီစိန်ကြီးက မပြုံးမရယ်နဲ့ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေတော့တာပဲ၊ ပြီး – အမြည်းဖြစ်တဲ့ ရှောက်သီးစိတ်ပါးပါးလေးကို ဆားနဲ့ တို့ပြီး မြုံနေတာပါပဲ၊ မှုးလာရင် ရေချိန်လွန်လာရင် အဲသလိုပဲ တစ်ဦးရဲ့ယယ်ကျိုးငယ်နာ တစ်ဦးက ဖော်ပြီး ထိကပါး ရိကပါးနဲ့ အတို့အချွန်းလေးတွေနဲ့ ပြောနေကြကိုး၊ တစ်ဝိုင်းထဲ ဆုံမိကြရင်လည်း သူ့ခွက်ကိုယ့်ခွက်ရယ် မဟုတ်ပါဘူး၊ အဲဒီမှာ ဘာမထီစိန်ကြီးတို့ရဲ့ တစ်ဖက်စားပွဲက ဖဲထိန်မောင်က ဘာမထီစိန်ကြီးကို –

"စိန်ကြီး – မင်းကို မေးရဦးမယ်"

"ဘာလဲ – ထိန်မောင်"

ဖဲသမားထိန်မောင်ရဲ့ပုံစံက အတော်ကလေး မှုးနေတဲ့ပုံစံပါ၊ ပြောရရင် ဖက်တောင် ကျိုးလှလှ၊ ထိန်မောင်က လမုတန်းထိပ်မှာနေတာ၊ သူတို့နဲ့ သိပ်ရင်းနှီးပတ်သက်လှတယ်ရယ်လို့တော့ မဟုတ်ဘူး၊ မေးထူးခေါ်ပြောတော့ ရှိတာပေါ့လေ၊ တစ်ဆိုင်တည်း သောက်နေကြတာကိုး၊ ဖဲထိန်မောင်ဆို လမုတန်းဈေးဘက်မှာ နာမည်ကြီးတယ်၊ ပြောရရင် ဖဲဝိုင်းတွေတကာမှာ



ည်း လူမိုက်လိုလို လက်စလက်န ရှိတယ်လို့လည်း သတင်းကြီးရဲ့၊ ငွေ ကြေးပြည့်စုံပြီး လမုတန်းဈေးထိပ်မှာ တိုက်နဲ့နေသလို မှုးရင်လည်း သွေးဆိုး တတ်တယ်၊ ခုလည်း အရင်းမရှိ၊ အဖျားမရှိနဲ့ အရက်ဖန်ခွက်ဆပြီး မျက်လုံး ဝေမှုးမှုးနဲ့ –

"မင်းကို ဘာမထီ၊ ဘာမထီနဲ့ ဘာကြောင့်ခေါ်ကြတာလဲကွ – အေ့"

"အလကားပါ – ထိန်မောင်ရာ၊ ဟိုကောင် ဒီကောင်က စရင်း ခေါ်ရင်းနဲ့ ငင်သွားတာ၊ ခုတောင် ဒီကောင်က မြမေရဲ့ ထ – ထမီကို လျှော်လို့၊ ဘာ – ထမီ"

"ဟေ့ကောင် – ချစ်ဖေ၊ မင်းပါးစပ် ပိတ်စမ်း"

အရမ်းမှုးနေတဲ့ချစ်ဖေက ဘာမထီစိန်ကြီးကို တအံ့တဩနဲ့ လှမ်းကြည့် ယ်၊ ဘာမထီစိန်ကြီးရဲ့မျက်နှာက နီမြန်းနေလေရဲ့၊ တကယ်ဆိုရင် ဘာမထီ ကြီးက စိတ်ဆိုးခဲတဲ့သူ၊ ဘယ်သူ ဘယ်လောက်မှုးမှုး၊ ဘာပြောပြော၊ မျက် တစ်ချက် မပျက်ဘဲ ခပ်ပြုံးပြုံးနဲ့ အသောက်မပျက်တဲ့သူပါ၊ ခုဟာက သူတို့ တတ်နေကျ ချစ်ဖေ၊ ကြွက်၊ လှဘုန်းတင်မကဘူး၊ ဖဲထိန်မောင်ရဲ့မေး ဆိုတော့ ဘာမထီစိန်ကြီးရဲ့မျက်နှာက ရဲနေတာပေ့၊ ချစ်ဖေနဲ့ ဖဲထိန်မောင် ဘာမထီစိန်ကြီးထက် ပိုပြီး ရဲနေကြသည်၊ အဲဒီမှာ မှုးနေတဲ့ ဖဲထိန်မောင် –

"အဟဲ – ငါက ဘာမထီစိန်ကြီးကို၊ တကယ့် ဘာမထီလို့ ထင်နေခဲ့တာ တော့ – အဟီး"

စကားမဆုံးခင် ဘာမထီစိန်ကြီးက ဖဲထိန်မောင်ရဲ့မျက်နှာကို စေ့စေ့ ကြည့်ရင်း –

"ထိန်မောင် – မင်းကြည့်ရတာ ငါ့ကို ဘာမထီဘွဲ့နဲ့ မထိုက်တန်ဘူး ထင် နေပုံရတယ်"

"ဟာ – စိန်ကြီးကလည်း မင်းက တည့်ပဲ၊ တွတ်တောင် မဟုတ်ဘူး တဲ၊ ခုပဲ – သူတို့ပြောနေကြတာ ကြည့်လေ၊ ယောကျ်ားမှန်ရင် မယားထမီ ဘယ်သူလျှော်မလဲကွ၊ မင်းက ဘာမထီဆိုတဲ့ဘွဲ့နဲ့ ထိုက်ရင် လောင်းခွဲလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု လုပ်လိုက်ချင်ရဲ့။ အဲဒီလောင်းပွဲမှာ မင်းနိုင်ရင် ငါက မင်းရှေ့မှာ ဘာမထီ ကိုစိန်ကြီးလို့ ကျေကျေနပ်နပ်ခေါ်ပြီး ငါပိုင်တဲ့ ဆိုက်ကားတစ်စီးပါ ပေးမယ်။ ကဲ - ဘယ်နယ့်လဲ - လောင်းမှာလား"

"မင်းရဲ့လောင်းကြေးက - ဘာလဲ"

"စဉ်းစားဦးနော် - စိန်ကြီး။ တော်ကြာ - ဘာမထီနိုင်ပဲ - ထမိ"

"တိတ်စမ်း - ထိန်မောင်၊ မင်း ဘာပဲလောင်းလောင်း ငါလက်ခံတယ်။ တစ်ခုတော့ရှိတယ်၊ ငါလောင်းပွဲမှာနိုင်ရင်မင်းဆိုက်ကားမယူဘူး။ ဒီအရက်ဆိုင်ထဲက လူတွေရှေ့မှာ မင်း ငါ့ကို ထိုင်ကန်တော့ရမယ်"

"စိန်လိုက်ဗျာ - စိန်လိုက်"

စကားတွေက အရက်ရှိန်နဲ့ မခံချင်စိတ်နဲ့ ကျုံကုန်ကြပြီ။ အပျက်အပျက်နဲ့ နှာခေါင်းသွေးလျှံတဲ့ကိန်း။ ဖဲထိန်မောင်ကလည်း လမုတန်းဘက်မှာကြွက်တိုက်၊ ဖဲရိုက်၊ အလောင်းအစားနဲ့ သတင်းကြီးသူ။ ဘာမထီစိန်ကြီး အရက်ခွက်ကို ဂွပ်ခနဲမော့ပြီး ဆောင့်ချလိုက်တယ်။ မျက်နှာကတော့ နီမြန်းမြန်း။ အမှန်က ဘာမထီစိန်ကြီးက တစ်သက်လုံး အရက်သောက်ရင်း တစ်ငုံချင်း တစ်ခွက်ချင်း မျှဉ်းပြီးသောက်တတ်တဲ့သူ။ ခွက်လှည့်မကြမ်းသလို၊ ဘယ်တုံးကမှလည်း ခုလို အရက်ခွက်ကို ခပ်ကြမ်းကြမ်း မမော့တတ်ဘူး။ ကြွက်တို့၊ လုဘုန်းတို့က ဘာမထီစိန်ကြီး ခံပြင်းစိတ်ဆိုးနေမှန်း ရိပ်စားမိကြတယ်။ သူတို့သောက်နေကြတာကြီးတံတားဒီဘက်ထိပ်ကဆိုင်မှာပါ။ ညနေစောင်း ဈေးခင်းစအချိန်ဆိုတော့ လူတွေ၊ ဈေးဝယ်တွေက စည်ကားရှုပ်ထွေးစပြုနေတဲ့အချိန်။

"ကဲ - အားလုံးကြားကြတယ်နော်၊ ကဲ - စိန်ကြီး - ငါတို့ သဲပုံဆိပ်ထိပ် သွားကြမယ်။ အဲဒီမှာ ထပ်သောက်ကြစို့။ ဒီအချိန်ဆို ရေပြည့်နေပြီ။ မင်း - ရေကူးကျွမ်းတယ်လို့ ငါကြားဖူးတယ်။ တကယ် ကျွမ်း၊ မကျွမ်း သိရအောင်ရယ်၊ ဘာမထီစိန်ကြီးဆိုတဲ့ ဘွဲ့နဲ့ ညီ၊ မညီ သိရအောင်ရယ်၊ လမုတန်း သဲပုံဆိပ်ထိပ်ကနေ ဟိုဘက်ကမ်း ဒီဘက်ကမ်း လက်ပစ်ကူးပြရုံပဲ။ ကဲ - စိန်မလား"



"ငါ့နာမည် စိန်ကြီးပါကွ။ လာ - ခုသွားစို့"

"ဟာ - ဟော့ကောင်စိန်ကြီး၊ ဖြစ် - ဖြစ်ပါ့မလား"

"ထိန်မောင် - မင်းတို့ကလောင်းတာ တခြားကိစ္စ လောင်းလည်းရတာပဲကွာ၊ ရေက ပြည့်နေတာ၊ နောက် - အဲဒီနေရာက ဝဲကြမ်းတဲ့နေရာ"

"ဟ - သူက ဘာမထီစိန်ကြီးဆိုကွ၊ သူ မလောင်းရင် ဘာထမီလို့ ခေါ်ရတော့ - အဟဲ"

ဘာမထီစိန်ကြီးကမူ အရက်ဆိုင် အပြင်ထွက်သွားလေပြီ။ ဘာမထီစိန်ကြီးရဲ့တစ်ဇွတ်ထိုးစိတ်ကို သိထားကြတဲ့ ကြွက်တို့၊ လုဘုန်းတို့နဲ့ တခြားသူတွေပါ ဝိုင်းတားကြတာတောင် ဘာမထီစိန်ကြီးက လှည့်မကြည့်ဘူး။ သူ့ခြေလှမ်းတွေက သဲပုံဆိပ်ထိပ်ကို ဦးတည်နေတယ်။ ဖဲထိန်မောင်ရော ကျန်တဲ့သူတွေပါ အရက်ပုလင်းနဲ့ အမြည်းထုပ်တွေနဲ့ ဘာမထီစိန်ကြီးရဲ့နောက်က မလှမ်းမကမ်းလိုက်ကြတာပေါ့။ ဘာမထီစိန်ကြီးကို အားပေးမယ့်သူ အချို့လည်း ပါလာတယ်။ သဲပုံဆိပ်ဆိုတာ ဒီဒဂုံမြို့သစ်တည်ခါစက သဲလှေ

"အဲဒီနေရာက ဖိုးရိုပ်ချောင်းကွေ့ ဖြစ်လို့ ရေပြင်ကျယ်ပြီး ရေစီးသန်တယ်။ ဝဲရှိတယ်လို့ သတင်းကြီးတဲ့နေရာပါ။ ထူးခြားတာက နှစ်စဉ်နှစ်တိုင်း အဲဒီသဲပုံဆိပ်ကမ်းမှာရော၊ မြောက်ဥက္ကလာပဘက်ခြမ်းမှာပါ လူတစ်ယောက်မဟုတ် တစ်ယောက် ရေနစ်သေဆုံးရတာပဲ။ အများစုကတော့ သိုက်ရှိတယ်။ လူစားတယ်လို့တော့ ဆိုကြတာပါပဲ။"





www.burmeseclassic.com

www.burmeseclassic.com

တွေ ဆိုက်ကပ်ပြီး ဒဂုံမြို့သစ်ဘက်ကို မြောက်ဥက္ကလာပအစွန်းကနေ သမ္မန်နဲ့ ဖက်နဲ့ ကူးရတဲ့နေရာ၊ မြောက်ဥက္ကလာပ၊ အမှတ်(၄၃) ကားဂိတ်ဟောင်း ရှိပြီး ရေဆင်းတံတားလည်း ရှိတယ်။ အဲဒီနေရာက ငမိုးရိပ်ချောင်းကွေ့ဖြစ်လို့ ရေပြင်ကျယ်ပြီး ရေစီးသန်တယ်။ ဝဲရှိတယ်လို့ သတင်းကြီးတဲ့နေရာပါ။ ထူးခြားတာက နှစ်စဉ်နှစ်တိုင်း အဲဒီသဲပုံဆိပ်ကမ်းမှာရော၊ မြောက်ဥက္ကလာပဘက်ခြမ်းမှာပါ လူတစ်ယောက်မဟုတ်၊ တစ်ယောက် ရေနစ်သေဆုံးရတာပဲ။ အများစုကတော့ သိုက်ရှိတယ်၊ လူစားတယ်လို့တော့ ဆိုကြတာပါပဲ။

အမှန်တော့ ဘာမထီစိန်ကြီးက ဟိုတုန်းက ဒီငမိုးရိပ်ချောင်း ကမ်းနိုးတစ်လျှောက်ကနေ ပုဇွန်တောင်ချောင်းမြစ်ဝအထိ ငါးရှာ၊ ဖားရှာ လုပ်ဖူးသလို သဲလေ့တွေ၊ ဘာတွေလည်း လိုက်ခဲ့ဖူးပါတယ်။ ရေနဲ့ မစိမ်းလှသလို ရေကူးလည်း ကျင်လည်ပါတယ်။ သိပ်မကြာခင်မှာပဲ သဲပုံဆိပ်ကူးတို့ဆိပ်ထိပ်ကို ဘာမထီစိန်ကြီးတို့လူသိုက် မူးမူးနဲ့ ရောက်လာကြတယ်။ သဲပုံဆိပ်ကမ်းထိပ်ရောက်တော့ ရေက ပြည့်နေတယ်။ အဲဒီမှာ ဖဲထိန်မောင်က ပါလာတဲ့ အရက်ပုလင်းကို ကမ်းပါးတာရိုးပေါ် ချရင်း –

"စိန်ကြီး – မင်း ဒီလောင်းပွဲကို မလောင်းဘဲ နောက်ဆုတ်လို့လည်း ရတယ်နော်၊ ရေကတော့အပြည့်ပဲ၊ ဒီနေရာက သိုက်လည်းရှိသလို၊ လူလည်း စားတတ်တဲ့နေရာ။ မင်း မကူးရဲရင် မကူးနဲ့၊ ငါက မင်းနာမည် ဘာမထီကို ဘာထမီလို့ ပေးရုံတင် – ရော့ – ဒီမှာ ငွေတစ်သောင်း။ မင်း ဟိုဘက်ကမ်း ရောက်ရင် ရပြီ – အဟဲ"

"မင်းငွေက ဘာလုပ်ရမှာလဲ – ထိန်မောင်၊ စိန်ကြီးက စကားကို နှစ်ခါ မပြောဘူး။ သတ္တိရှိတယ်၊ ကတိတည်တယ်၊ မင်း ငါ့ကို နာမည်ခေါ်ပြီး ထိုင်ကန်တော့ရင် ကျေနပ်ပြီ"

"စိတ်ချ – စိတ်ချ၊ အားလုံးကြားကြတယ်နော် – ဟား – ဟား"

"ဘာမထီ – မင်းဘက်က ငါတို့ ရှိတယ်ဟေ့"

"ဟုတ်တယ် – ဘာမထီ၊ သတ္တိပြလိုက်စမ်း"

မူးနေကြတဲ့ ဘာမထီစိန်ကြီးရဲ့ သောက်ဖော်စားဖက်တချို့ကလည်း မူးမူးနဲ့ ဝိုင်းအားပေး မြှောက်ပင့်အော်ဟစ်ကြလေရဲ့။ ကြွက်နဲ့ဖဲထိန်မောင်တို့ကတော့ ပါလာတဲ့ အရက်ပုလင်းကို ဖွင့်ပြီး ခွက်ထဲ လောင်းထည့်လို့ ဘာမထီစိန်ကြီးကို မထီတရီ အပြုံးနဲ့ လှမ်းကြည့်တယ်၊ ဘာမထီစိန်ကြီးက သူ့မိန်းမ မြမေ မနေ့တစ်နေ့ကမှ ကြို့တံတားဈေးထိပ် အကျီဆိုင်က နေ့ပြန်တိုးနဲ့ ဝယ်ပေးတဲ့ ရှပ်အကျီသစ်လေးကို ချွတ်လိုက်ပြီး လှဘုန်းထံ ပစ်ပေးလိုက်တယ်၊ နောက် ပုဆိုးကွက်စိပ်၊ နက်ပြာရောင်အဟောင်းလေးကို ခါးတောင်းကျိုက်လိုက်ရဲ့။

မှတ်မှတ်ရရ အဲသည့်နေ့ ညနေခင်း သုံးနာရီလောက်က စပြီး ဘာမထီစိန်ကြီးကို ကြို့တံတား ဈေးတန်းလေးတစ်ဝိုက်မှာ ဘယ်သူမှ မမြင်ကြတော့ မတွေ့ကြရတော့ဘူး။ သူ့ရဲ့အသံဝါကြီးနဲ့ ညဘက် တစ်ခါတစ်ရံ ရေချိန်လွန်လာရင် ဆိုနေကျ၊ လူမွဲတွေက မနေ့ခဓတ်မီ ... သူဌေးဖြစ်တော့မည်ဆိုတဲ့ ဒေါ်နီသီချင်းဆိုသံကိုလည်း ချောင်းကမ်းနား၊ ကျူးကျော်တဲစုတွေ၊ တံငါရပ်ကွက် အပြေတဲစုတွေ ဝန်းကျင်မှာ မကြားကြရတော့ဘူး။ တချို့ကလည်း တီးတိုးတိုးတိုးနဲ့ ဘာမထီစိန်ကြီးက သူ့ရဲ့ ဘာမထီဘွဲ့ကို အသက်နဲ့ လဲပြသွားတာတဲ့၊ တချို့တွေကတော့ ဘာမထီစိန်ကြီးက အသက်ကို အရှက်နဲ့ လဲသွားတာတဲ့။

အမျိုးမျိုးပေါ့လေ။

တချို့ကလည်း ဘာမထီစိန်ကြီးက ဒီလောက် ရေကူးကျင်လည်တာ၊ ချောင်းရေပြင်ထဲ ဆင်းဆင်းချင်း စုပ်စ မြုပ်စပဲတဲ့။ မိန်းမသားတွေကတော့ ဘာမထီစိန်ကြီးကို အဲဒီသဲပုံဆိပ်မှာ ရှိကြတဲ့ ရေသိုက်က ပြန်ခေါ်သွားတာလို့လည်း ပြောကြတာပဲ၊ လူအမျိုးမျိုး၊ စကားတွေက တစ်ဖုံဖုံရယ်ပါ။

သေချာတာကတော့ ဘာမထီစိန်ကြီး လောကကြီးထဲမှာ မရှိတော့တာပဲ။

သုံးရက်ကြာတဲ့နေ့မှ ကြို့တံတားနဲ့ မလှမ်းမကမ်းက ထုံးစေတီလေးနားက လမုပင်ကြီးရဲ့အမြစ်ဆုံနားမှာ ပုပ်ပွနေတဲ့ ဘာမထီစိန်ကြီးရဲ့အလောင်းကို ပြန်တွေ့တဲ့နေ့က မြမေဆိုတာ ချောင်းကမ်းစပ်မှာ ပဏ္ဍာမြေလူးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"**အစွယ် ဆိုသူ** မိဖုရား အသွားစေခိုင်းသူ မင်း့ကေရာဇ်၊ လေးပစ်သူ ဘုရား ကျွန်တော်၊ ကြံဖော်ကြံဖက်သုံးယောက်သားအနက်တွင်မှ ကံကွက်ကြား၍ ငမိုက်သား မုဆိုးလေ ...၊ နင့်ချည်းပင် သေပေတော့"

ဆိုတဲ့ ဆဒ္ဒန်ဆင်မင်းဇာတ်ထဲက မုဆိုးကြီး လုဒ္ဒကိရဲ့စကားမန္တလေးသိန်းဖော်ဖာတ် တောင်ငူမြို့မှာကတုန်းက ကျွန်တော် ကြည့်ခဲ့ဖူးတာ မှတ်မိပါသေးရဲ့...။

ခုဖြစ်ပွားတဲ့ပြဿနာက ကြံဖော်ကြံဖက်သုံးယောက် ဘယ်ကပ်ုမလဲ။

ခြောက်ယောက်တီတီ စိတ်တူကိုယ်တူ ကျူးလွန်ခဲ့ကြပါလျက်နဲ့ ကျွန်တော့်တစ်ယောက်ထဲအပေါ် ကွက်ပြီးအပြစ်ပုံချတာမျိုးကတော့ ဘယ်လိုမှလက်မခံနိုင်တာအမှန်။



မင်းရွှေသိန်း (ဓင်းကျိုက်)




www.burmeseclassic.com

www.burmeseclassic.com

ကြည့်လေဗျာ၊ ဆင်စွယ်တွေ ဈေးကောင်းပေမယ့် ကုန်သည်နဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး မက်လုံးပေးစကားနဲ့ ဆွယ်လာသူက ဦးကျင်စက်၊ သည်ရက်ပိုင်းထဲမှာ အပေါင်ရှုံးတော့မယ့် ကျွန်တော့်ခြံဝင်းလေး ရွေးဖို့ ငွေကြေးလိုနေပေမယ့် ဆင်သတ်ပြီး အစွယ်ဖြတ်ဖို့ကိစ္စ တစ်ယောက်တည်း လုပ်လို့ ဖြစ်တာမှ မဟုတ်တော့ နီးစပ်ရာ အဖော်တွေနဲ့ တိုင်ပင်ရတော့တာပေါ့၊ အဲသည်မှာမှ စိတ်အချရဆုံးဖြစ်တဲ့ ကျွန်တော့်ညီအရင်း မောင်ဝင်း၊ အပြင် တစ်ရွာတည်းသားချင်းတွေဖြစ်တဲ့ မောင်မောင်တင်၊ မောင်ညို၊ ခင်ဦး၊ ပြီးတော့ - သမြေဝရွာက ခင်အေးပါ ပေါင်းလိုက်တော့ အားလုံး (၆) ယောက်တိတိ မဟုတ်လားလို့၊

•• ••

ဟုတ်ကဲ့ ...၊ တောဆင်ရိုင်းဆိုမှတော့ ကျေးရွာလူသူတွေနဲ့ နီးတဲ့ဆီ ဘယ်နေပါ့မလဲ၊ ပဲခူးရိုးမတောင်ပေါ် တောနက်ထဲမှာ အုပ်စုဖွဲ့နေကြတာလေ၊ တော်ရုံတန်ရုံတောလောက်ကတော့ ထောင်းလမောင်းကြဲအောင် မွှေနိုင်တဲ့ ခွန်အားကလည်း အပြည့်၊ ထက်မြည့်နေတဲ့ အစွယ်အားကိုးနဲ့ ကျားဆိုးသတ္တဝါတွေရင်တောင် မရှောင်ပဲ သဲကြီးမဲကြီး တိုက်ခိုက်တဲ့အထိ သတ္တိကောင်းတဲ့သတ္တဝါဗျ၊ သည်တော့ - သူတို့ကို အပိုင်လုံ့နိုင်မယ့်လက်နက်ရှိမှ ဖြစ်မှာမဟုတ်လား၊ ဘယ်ခက်ပါ့မလဲ၊ ကျွန်တော်တို့ထဲမှာ ပဲခူးရိုးမကျွန်းစိုက်ခင်းလုပ်ငန်းခွင်ထဲ လုပ်ဖူးတဲ့သူတွေပါသလို၊ မီးသွေးဖုတ်၊ ဝါးခုတ်၊ ဟင်းစားရှာ၊ ထင်းရှာတဲ့သူတွေလည်းပါသေးတာဆိုတော့ အလုပ်လုပ်ကြရင်းကကြုံတဲ့အခါ ရိုးမတောတစ်လျှောက် မုဆိုးအလုပ်နဲ့ တောကောင်ပစ် ရှာစားနေကြတဲ့ ကျွန်တော်တို့အတွက် လက်နက်ဆိုတာ ဘယ်ဆန်းပါ့မလဲ၊ အဆင်သင့်ရှိပြီးသားပါ၊



ကြံဖော်ကြံဖက် (၆) ယောက်လုံးက စိတ်တူကိုယ်တူ လုပ်ကြပါလျှက်နဲ့ စုတော့ ကြည့်စမ်း ...၊ တောဆင်ရိုင်းသတ် အစွယ်ဖြတ်တာကို ပြည်သူပိုင်အစည်း နိုးယူမှုတဲ့ ...၊ တစ်ဆက်တည်းမှာပဲ တရားမဝင် လက်နက်ကိုင်ဆောင်မှု၊ လူသတ်မှုတွေနဲ့ အချုပ်ထဲ ရောက်မှ ကျွန်တော် အောင်သင်းတစ်ယောက်တည်းခံဟ ဆိုပြီးဝိုင်းဝန်းပုံချထွက်ဆိုကြတာတော့ဘယ်တရားဖြုမလဲ၊ ဘာဖြစ်ဖြစ် - မနက်ဖြန် တရားသူကြီးရှေ့မှောက်ရောက်ရင်တော့ အမှန်ကန်ဆုံး ဖြောင့်ချက်ပေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာမှ ရဲရဲဝံ့ဝံ့ပါဗျာ ...၊

•• ••

ဖြောင့်ချက်(၁)

ကျွန်တော့်နာမည် အောင်သင်း၊ အဘနာမည်က ဦးစန်းမောင်ပါ၊ အုတ်တွင်းမြို့နယ်၊ လက်ပံခုံကျေးရွာမှာ နေထိုင်ပြီး ပဲခူးရိုးမတောင်ခြေမှာပဲ မီးသွေးဖုတ်၊ ဝါးခုတ်၊ သစ်ဆွဲတဲ့လုပ်ငန်းတွေနဲ့ သားမယားကို လုပ်ကျွေးလာတာ နှစ်ကြာလှပါပြီ၊ တစ်ခါတစ်ရံ အလုပ်ပါးတဲ့အခါ တောကောင်ပစ်တဲ့မုဆိုးအလုပ်ကိုပါ လုပ်ကိုင်နေတာဖြစ်လို့ ကျွန်တော် လိုင်စင်မဲ့ကိုင်ဆောင်တဲ့ နှစ်လုံးပြူးသေနတ်တစ်လက်နဲ့ ရှေ့ထိုးလုပ် သေနတ်နှစ်လက်ကိုတော့ လူသူမသိအောင် တောင်ပေါ်က တောင်ယာတဲမှာပဲ ဝှက်ထားတာ မှန်ပါတယ်၊

ဟုတ်ကဲ့ ...၊ နှစ်လုံးပြူးသေနတ်ဆိုပေမယ့် စိတ်မချရတဲ့ ကျည်ဆန်တစ်တောင့်သာ ရှိပြီး ယမ်းနဲ့ ခဲသီးထည့်ပြီး ပြန်ပြုပြင်ထားတဲ့ လုပ်ကျည်ဆန်က (၄) တောင့် ရှိပါတယ်၊ ယမ်းအား ပြင်းပြင်းနဲ့ ခဲသီးအလုံးကြီးထည့်ထားတဲ့ ရှေ့ထိုးလုပ်သေနတ်နှစ်လက်ကိုတော့ အမဲကောင်ကြီးတွေ ပစ်ဖို့နေရာမှာ သုံးဖို့ အဲထူးစပယ်ရှယ် လုပ်ထားတာပါ၊



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့နှစ် – တန်ဆောင်မုန်းလ မိုးမကုန်တစ်ကုန် အချိန်မှာ နတ်တလင်းမြို့နယ်ထဲ ပါဝင်တဲ့ ပဲခူးရိုးမ အနောက်ဘက်ခြမ်း တောင်ပေါ်မှာ တောဆင်ရိုင်း (၄)ကောင်ကို ပစ်သတ်ပြီး အစွယ်(၇)ချောင်း ဖြတ်ခိုးယူခဲ့ကြတာ ကျွန်တော်အပါအဝင် ကျွန်တော့်ညီ မောင်ဝင်းရယ်၊ တစ်ရွာတည်းသားတွေဖြစ်တဲ့ မောင်မောင်တင်၊ မောင်ညိုနဲ့ ခင်ဦးရယ် ...၊ နောက်တစ်ယောက်က သပြေဝရွာသား ခင်အေးရယ် ...၊ အားလုံးပူးပေါင်း ပါဝင်ကျူးလွန်ခဲ့တာ မှန်ပါတယ်။ ဆင်ရိုင်းလေးကောင် သတ်ပေမယ့် အစွယ်(၇)ချောင်းပဲ ရတယ်ဆိုတာက သည်လိုပါ။ ဆင်ရိုင်းလေးကောင်ထဲမှာ အစွယ်တစ်ချောင်းသာ ပါတဲ့ ဟိုင်းဆင်ကြီးတစ်ကောင် ပါနေလို့ပဲ ဖြစ်ပါတယ်။ သည်ဖြစ်စဉ်မှာ ကျွန်တော်နိုင်းလို့၊ ကျွန်တော့်ကို ကြောက်လို့ ဆန္ဒမပါဘဲ သူတို့လုပ်ခဲ့ရတာပါဆိုတဲ့ ထွက်ဆိုချက်အားလုံးကို ကျွန်တော် ကန့်ကွက်ပါတယ်။ အမှန်တကယ်က ခြောက်ယောက်လုံးက စိတ်တူကိုယ်တူ တိုင်ပင်ပြီးမှ အစီအစဉ်တကျ ကျူးလွန်ခဲ့ကြတယ်ပြောရင် ပိုပြီးမှန်ကန်လိမ့်မယ် ထင်ပါတယ်။ တောဆင်ရိုင်းအုပ်တွေ စားကျက်ပြောင်းတဲ့သတင်းကို စတင်ပြီး ယူလာတာက မောင်ညိုနဲ့ ခင်အေးပါ။

ကျွန်တော်တို့အားလုံးဟာ ပဲခူးရိုးမ အရှေ့ခြမ်းကို မှီခိုပြီး စိမ့်ချောင်းယျာဉ်ဆွဲလဲချောင်း၊ မြယာပင်ချောင်း၊ ဖြူးချောင်း၊ ဝါးတစ်လုံးချောင်း၊ ကွမ်းချောင်း တစ်ဝိုက်တွေမှာ မီးသွေးဖုတ်၊ ဝါးခုတ်၊ ကျွန်းစိုက်ခင်းအစောင့်လုပ်ငန်း လုပ်နေကြရာက မိုးရာသီဆိုရင် ရွာမှာ ပြန်နားကြတာ အတူတူပါပဲ။ မနှစ်က တန်ဆောင်မုန်းလဆန်းရက်ထဲမှာ မောင်ညိုနဲ့ ခင်အေး ကျွန်တော့်ဆီ ရောက်လာကြပါတယ်။ သူတို့ ဝါးခုတ်မယ့်နေရာ လိုက်ကြည့်ရာက တောဆင်ရိုင်းတစ်အုပ် အကြီးအသေး (၂၀)တောင်လောက်ဟာ ဖြူးချောင်းဖျားကတစ်ဆင့် ရိုးမအနောက်ဘက်ခြမ်းဆီ ဦးတည်သွားတဲ့လမ်းကြောင်းမှာ ခြေရာတွေ ... ဆင်ချေးပုံ လတ်လတ်ဆတ်ဆတ်တွေ တွေ့လာရတဲ့အကြောင်း၊ နောက်သုံးလေးရက်ဆို နတ်တလင်းနယ်ထဲ ရောက်သွားနိုင်



တဲ့အကြောင်း သတင်းပို့လာတာ အမှန်ပါ။ သည်လိုသတင်းပို့တာကလည်း ဆင်ရိုင်းလိုအကောင်ကြီး သတ္တဝါမျိုးကို ပစ်ခတ်နိုင်တဲ့ သေနတ်တွေ ကျွန်တော့်မှာရှိတာ သူတို့သိထားပြီးသားဖြစ်လို့ဆိုတာ ရှင်းနေပါတယ်။ ခါတိုင်းအမဲပစ်၊ တောမောင်းတဲ့အခါတိုင်းမှာ သူတို့ အမြဲတမ်းလိုက်ပါ ဝေစုယူနေကျမို့ သိတာပါ။


ဟုတ်ကဲ့ ... အမှန်ကန်ဆုံး ပြောပါ့မယ်။ လောလောဆယ် ကျွန်တော်ကိုယ်တိုင်ကလည်း စားဝတ်နေရေး ကျပ်တည်းပြီး ပေါင်နှံထားတဲ့ ခြံဝင်းလေး ပြန်ရွေးဖို့ ငွေကြေးလိုအပ်နေတဲ့အချိန်။ မိုးဦးကျတုန်းက ဖနီးသည်သားလျှောရောဂါနဲ့ တောင်ငူဆေးရုံ တက်ကုရတုန်းက ပေါင်နှံထားတဲ့ အိမ်ခြံဝင်းလေးက ဆုံးတော့မှာလေ ...၊ သည်လိုအခက်အခဲတွေနဲ့ မွန်းကျပ်နေတဲ့အချိန်မှာ သူတို့ သယ်ဆောင်လာတဲ့ တောဆင်ရိုင်းအုပ်ကြီးသတင်းဟာ ကျွန်တော့်အတွက်တော့ မင်္ဂလာသတင်းပါ။ ပြောရင် မှားမှာမဟုတ်ပါဘူး၊ တန်ဆောင်မုန်းလွန် မိုးကုန်တာနဲ့ သစ်လုပ်ငန်း၊ မီးသွေးဖုတ်၊ ဝါးခုတ်လုပ်ငန်းနဲ့ ပဲခူးရိုးမ အရှေ့ခြမ်းပေါ် လူတွေရောက်လာကြတော့မှာကို သိနေကြတဲ့ ဆင်ရိုင်းအုပ်ကြီးဟာ ရိုးမအနောက်ခြမ်းဘက် စားကျက်ပြောင်းတဲ့ ခုလိုအချိန်မှာ ထက်ကြပ်မကွာ လိုက်ပြီး ပိုင်းနိုင်လို့ကတော့ ဆင်စွယ်တထောကြီး ရနိုင်မယ်ဆိုတာ ကျွန်တော် အလိုလို သဘောပေါက်သွားတာ အမှန်ပါပဲ။ ဒါကြောင့်လည်း ခါတိုင်း အမဲလိုက်၊ တောပစ်တဲ့နေရာမှာ အတူတူ ပါနေကျလူတွေနဲ့ တိုင်ပင်ကြည့်လိုက်တော့ ဘယ်သူမှ ကန့်ကွက်တာနဲ့ မလုပ်ပဲ ဆင်မုဆိုးလုပ်ဖို့ သဘောတူကြတာ တစ်သံတည်းဆိုပါတော့။

“ဟုတ်ပြီ – ခင်ဦးနဲ့ မောင်ညိုက ခင်အေးနဲ့လိုက်ပြီး ဖြူးချောင်းဖျားမှာ ရှိတဲ့ ကျောက်မကျွပ်စခန်းကို လဆုတ်ငါးရက်နေ့ မနက်စောစောရောက်အောင် သွားကြကွာ – ကြားလား၊ ဆန်၊ ဆား၊ ငါးပိ ရိက္ခာ အလုံအလောက်ယူသွားကြဖို့လည်း မမေ့နဲ့နော်၊ အရေးကြီးတာက ငါးမန်းလွှထက်တော်တစ်ချောင်း ပါမှ ဖြစ်မှာကွ၊ မောင်ဝင်းနဲ့ မောင်မောင်တင်တို့ကငါနဲ့အတူ

www.burmeseclassic.com

မြယာပင်ချောင်းအတိုင်း တက်ပြီး ငါ့အစ်ကိုတောင်ယာမှာ ဂုက်ထားတဲ့ သေနတ်တွေ ယူမယ် - သိလား၊ ပြီးတာနဲ့ - မိုးမလင်းခင်မှာ မင်းတို့ရှိတဲ့ ကျောက်မကျွှပ်စခန်း ရောက်အောင် လာခဲ့မယ်ကွား စခန်းရောက်မှ ဆင်လမ်းကြောင်းအခြေအနေ ကြည့်ပြီး ဆက်လုပ်ကြတာပေါ့၊ သတိထားရမှာက ရွာကထွက်တဲ့အချိန် ညဘက်ဆိုပေမယ့် လူသူတွေ မရိပ်မိအောင် တစ်ယောက်တစ်လမ်း လူခွဲထွက်တာ ပိုကောင်းမယ် ထင်တယ်နော်"

လုပ်ငန်း မစခင် တစ်ည၊ ကျွန်တော်တို့အဖွဲ့ ခြောက်ယောက်သား မောင်မောင်တင်အိမ်မှာ အရက်ဝိုင်းဖွဲ့ရင်း ဆွေးနွေးတဲ့နေရာမှာ ကျွန်တော် ဆွေးနွေးတဲ့ အစီအစဉ်အတိုင်း အားလုံးသဘောတူ လက်ခံခဲ့ကြတာ အမှန်



“ကြည့်စမ်း ... မောင်မောင်တင် လက်ဖဝါးပေါ်က ကြက်ဥအနှစ်ထဲမှာ အစက်အပြောက် ခြောက်ခုက ထင်းနေရောပဲဆိုတော့ ... တောင်ပိုင် တောပိုင် ဘိုးဘိုးကြီးတွေ ကျွန်တော်တို့ မ,စမယ့်သားကောင် ခြောက်ကောင် နိမိတ်လို့ပဲ ရိုးရာအရ ယုံကြည်လိုက်ကြတာ ဘယ်ဆန်းပါ့မလဲ။”



ပါ။ မောင်မောင်တင်တောင်မှ လုပ်ငန်းစတော့မယ့်အခါ တောင်ပိုင်၊ တောင်ပိုင်ဘိုးဘိုးကြီးတွေကို တင်မြှောက်ပသဖို့တိစ္စ သတိပေးသေးတာ လူတိုင်းသိပါတယ်၊ ကျွန်တော်ရဲ့ ပဏာမဖြောင့်ချက်မှာ အမိကပြောချင်တာတရှင်းဖြစ်ရပ်အကြောင်းအရာအားလုံးကို ကျွန်တော်တစ်ဦးတည်း ခေါင်းဆောင်ပြီး တိုက်တွန်းတာမျိုး၊ ဖိအားပေးတာမျိုးမဟုတ်ပဲ ခြောက်ယောက်လုံးတို့က စိတ်တူ ကိုယ်တူ ပူးပေါင်းပါဝင်ခဲ့ကြတယ်ဆိုတာ ပေါ်လွင်ချင်လို့ပါခင်ဗျား ...။

## ဖြောင့်ချက်(၂)

တန်ဆောင်မုန်းလဆုတ် (၅)ရက်နေ့ မိုးမလင်းခင်မှာပဲ ကျွန်တော်တို့ ဆင်မုဆိုးအဖွဲ့ ခြောက်ယောက်လုံး ဖြူးချောင်းဖျား ကျောက်မကျွှပ်စခန်းမှာ ဆုံကြရပါတယ်၊ လက်နက်ရိက္ခာတွေလည်း စုံပြီး လောလောဆယ်မိုးတစိမ့်စိမ့်ရွာပြီး တောင်နီးတွေ မှောင်နေတာကြောင့် ဆင်ရိုင်းအုပ်စုရဲ့ခြေရာခံမယ့်အိစ္စ မလွယ်သေး၊ ကျောက်ဖျာကြီးအောက်မှာ မနက်စာချက်ပြုတ်ရင်းတောင်ပိုင် တောပိုင် ဘိုးဘိုးကြီးတွေကို တင်မြှောက်ပသဖို့ ဦးစွာစီစဉ်ကြရပါတယ်။

“တောင်ပိုင် တောပိုင် ဘိုးဘိုးကြီးများ ခင်ဗျား - တောအရက်နဲ့ ကြက်ဥပြုတ်၊ ကွမ်း၊ ဆေး၊ လက်ဖက်တို့နဲ့ပါ ကျွန်တော်မျိုးတို့ ဦးဦးဖျားဖျား တင်မြှောက်ပသတာကိုကြွရောက်သုံးဆောင်ဖို့ဖိတ်ခေါ်ပါတယ် ခင်ဗျား ...။ တောထဲ တောင်ထဲမှာ ကျွန်တော်မျိုးတို့ အမှားတစ်စုံ ပြုမိခဲ့လို့ရှိရင်လည်း မသိနားမလည် မိုက်မဲတဲ့ သားမြေးတွေဖြစ်တဲ့အတွက် အပြစ်မယူဘဲ ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com

ပေးပါ – ဘိုးဘိုးကြီးများ ခင်ဗျား၊ စားဝတ်နေရေး အင်မတန် ကျပ်တည်းတဲ့ ကျွန်တော်မျိုးတို့ဒုက္ခကို စာနာပြီး သားကောင် ကြီးကြီးမားမားတွေနဲ့ ပြန်လည် မ,စဖို့ တောင်းခံအပ်ပါတယ် ခင်ဗျား၊ ဘိုးဘိုးကြီးတို့ မ,စ ပေးကမ်းမယ့် သားကောင်ကြီးတွေရဲ့ အနေအထား သဏ္ဍာန်တွေကို ကြက်ဥအနှစ် မှာပဲ နိမိတ်ပြပေးပါ – ဘိုးဘိုးကြီးများ ခင်ဗျား”

အမှန်တော့ … သည်လိုတင်မြှောက်ပသတဲ့ပွဲမျိုးက ခါတိုင်း အမဲပစ်ထွက်တိုင်းလည်း ကျွန်တော်တို့ လုပ်နေကျ ရိုးရာယုံကြည်မှုတစ်ခုပါ။ သည်မနက်မှာတော့ မောင်မောင်တင်က သူ့မှီးမေ့သွားဖုတ်တဲ့ ဇရိယာဖြစ်တာမို့ တောင်ပိုင် တောပိုင် ဘိုးဘိုးကြီးတွေကို သူကပဲ ဦးဆောင်လုပ်ခဲ့တာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ပါလာတဲ့ သေနတ်တွေ၊ ဓား၊ လှံတွေကို သစ်ပင်အရင်းမှာ ညီညီညာညာထောင်၊ စားဖွယ်ရာ၊ သောက်ဖွယ်ရာတွေ တင်ထားတဲ့ ဝါးစင်ကလေးရှေ့မှာ ကျွန်တော်တို့ ဆောင့်ကြောင့်ထိုင်၊ လက်အုပ်ချီပြီး မောင်မောင်တင် တိုင်ပေးတဲ့အတိုင်း လိုက်ဆိုကြတာ တစ်ညီတစ်ညာ၊ ပြီးတာနဲ့ မောင်မောင်တင်ကပဲ စင်ပေါ်က ကြက်ဥကို ယူပြီး သူ့လက်ဖဝါးပေါ် ခွဲချလိုက်တာ ကျွန်တော်တို့အဖွဲ့ဝမ်းသာအားရဝေးဝါးနဲ့ အော်လိုက်ကြတာ ဆူညံသွားရောဆိုပါတော့ …။ ကြည့်စမ်း … မောင်မောင်တင် လက်ဖဝါးပေါ်က ကြက်ဥအနှစ်ထဲမှာ အစက်အပြောက် ခြောက်ခုက ထင်းနေရောပဲဆိုတော့ … တောင်ပိုင် တောပိုင် ဘိုးဘိုးကြီးတွေ ကျွန်တော်တို့ မ,စမယ့်သားကောင် ခြောက်ကောင် နိမိတ်လို့ပဲ ရိုးရာအရ ယုံကြည်လိုက်ကြတာ ဘယ်ဆန်းပါ့မလဲ။

ကျွန်တော်တို့ ဆင်မုဆိုးအဖွဲ့ဟာ တင်မြှောက်ပသထားတဲ့ တောအရက်ပုလင်းကို သစ်ပင်ရင်းမှာပဲထောင်ထားပြီး ကျန်တဲ့အစားအသောက်တွေကိုတော့ မနက်စာအဖြစ် ဖြေရှင်းလိုက်ကြပြီးတာနဲ့ တောတိုး တောင်တက်တဲ့လုပ်ငန်း စ,တော့တာပါပဲ၊ မိုးတဖြောက်ဖြောက်နဲ့ လမ်းကလည်း



ချွတ်ထချော်နေတဲ့အပြင် ကြိမ်ဆူးတွေ ရှောင်ရတာကြောင့် ခရီးက သိပ်တွင်၊ စမ်းချောင်းဘေး ကုန်းအမြင့်ကနေ ဆင်ခြေရာနဲ့ ဆင်ချေးပုံ ရှာဖို့ ရှေ့အတော်လှမ်းလှမ်းက သွားနေတဲ့ မောင်ညို ဘယ်လိုအချက်ပြလာမလဲ ဆိုတာပါ သတိထားနေရသေးတာလေ …။ သိပ်မကြာပါဘူး … လမ်းလျှောက်ချိန် တစ်နာရီကျော်လောက်မှာ မောင်ညို လက်ပြခေါ်တာ တွေ့ရင်ပဲ ကျွန်တော် သူ့ဆီ ပြေးတက်သွားလိုက်ပါတယ်၊ သူ့လက်ညှိုးထိုးပြတဲ့ အနိမ့်ပိုင်းစမ်းချောင်းလေး လျှိုထဲက ထောင်းလမောင်းထအောင် ကြေမွနေတဲ့ တောငှက်ပျောပင်တွေကြားထဲမှ စွယ်စုံဆင်ကြီးတစ်ကောင်ရဲ့ပုံရိပ်က မည်းခနဲ၊ ဆင်ရိုင်းကြီးကို ကြည့်ရတာ ဘယ်လိုအန္တရာယ် အငွေ့အသက်မျိုးကိုမှ မရှိတဲ့ပုံနဲ့ ငှက်ပျောပင်ဖတ်တွေကို နှာမောင်းနဲ့ ပွေ့ယူစားနေလိုက်တာမှ အေးအေးဆေးဆေး၊

“ဘယ်လိုလဲ – ဆင်ထီးကြီးတစ်ကောင်ထဲပါလား – ကိုအောင်သင်း၊ ဒီကောင်တွေ အုပ်စုနဲ့ နေတတ်ကြတာ၊ ခုတော့ – တစ်ကောင်တည်း ထီးထီးကြီး – ဆန်းတယ်ဗျနော်”

“မဆန်းပါဘူး – မောင်ညိုရာ၊ ရှေ့ကသွားတဲ့ အုပ်စုမှာ ဇကန္တ ဗိုလ်လုပ်တဲ့ ဆင်ပြောင်အထီးကြီး ပါသွားတာ အသေအချာပဲကွ၊ ဒီကောင်က ဆင်ပြောင်ကြီးကို ကြောက်ပြီး နောက်လှမ်းလှမ်းက ထက်ကြပ်မကွာလိုက်ရင်း သစ်တာနဲ့ ဆင်ပြောင်ကြီးကို တိုက်ခိုက်ပြီး ဗိုလ်တက်လုပ်ဖို့ ချောင်းနေတာ ဖြစ်မှာပေါ့ – မောင်ညိုရာ၊ ကဲ – အခွင့်အရေးရတုန်း လုပ်ငန်းစ,ရအောင်ကွာ၊ တောင်ကျစမ်းချောင်းအသံကြောင့် ဒီကောင် ငါတို့ လှုပ်ရှားတဲ့အသံ တော်ရုံနဲ့ ကြားမှာ မဟုတ်ဘူးဆိုတော့ သူနဲ့ အနီးဆုံး ကျောက်တုံးဘေးအထိ ငါ ချဉ်းကပ်သွားမယ်၊ ကျန်တဲ့သေနတ်နှစ်လက်က လျှိုထိပ်မှာရှိတဲ့ ကျွန်းပင်အကွယ်မှာ နေရာယူပြီး ငါပစ်လိုက်လို့ တစ်ချက်တည်းနဲ့ လဲမသွားဘူးဆိုတာနဲ့ ချက်ကောင်းနေရာ ဝိုင်းပစ်ကြကွာ – ကြားလား”



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ထိုးသေနတ် အသင့်ကိုင်ပြီး ချုံကြိုချုံကြား အကွယ်အတိုင်း လျှိုကြားထဲ ကျွန်တော် ဆင်းနေရိန်မှာ သေနတ်သမားနှစ်ယောက်နဲ့ ဓားကိုင်ထားတဲ့လူတွေပါ လျှိုထိပ်ဘက် တက်သွားကြတာ တစ်ပြိုင်ထဲပဲ ဖြစ်ပါတယ်။ ကျွန်တော် ရွေးချယ်မှု မှန်တယ်လို့ပဲ ပြောရပါလိမ့်မယ်။ ကျောက်တုံးဘေး ကျွန်တော်ရောက်မှ သစ်ရွက်တွေ အသာဖယ်ပြီး ကြည့်လိုက်တော့ ဆင်ကြီးနဲ့ အကွာအဝေးက တစ်ဆယ့်ငါးကိုက်ထက် မပိုတော့၊ စမ်းချောင်းရေကို နှာမောင်းနဲ့ စုပ်ယူလိုက်၊ မိုးပေါ် ထောင် မှုတ်ထုတ်ဖိုက်လုပ်နေတာ တကယ့်မှဆိုးကြိုက်အနေအထားပါ။ ဟုတ်ကဲ့ … အချိန်ယူပြီး ပစ်ရှာစရာတောင် မလိုပါဘူး။ ကျွန်တော့်သေနတ်ရှိန်သီးကို ဆင်ကြီးရဲ့လက်ပြင်နလုံးသားနေရာဆီ တည့်မတ်အောင် ထား၊ အသက်ကို ဝလင်အောင် တစ်ချက် ရှူလိုက်ပြီးတာနဲ့ ခလုတ်ကို အသာလေးဆွဲညှစ်လိုက်တာ … "ဒိုင်း" ခနဲ ပေါက်ကွဲသံနဲ့အတူ ပွဲတင်သံကြီးပါ ဝေတာလည်သလို လှိုင်းအထပ်ထပ်မြည်သွားလိုက်တာ တော်ရုံနဲ့ မစဲတော့၊ ယမ်းအားက ပြင်း၊ ခဲသီးကလည်းကြီးတဲ့အပြင် ထိချက်ကပါ ချက်ကောင်းဆိုတော့ ဆင်ရိုင်းကြီးခမျာ ရှေ့တစ်လှမ်းတောင် မလှမ်းနိုင်ပဲ ခေါက်ခနဲ ဒူးထောက်လျက်သား ထိုင်ကျသွားရာက မြေပေါ် ပစ်လဲကျပြီး အတော်ကြာတဲ့အထိ တဆတ်ဆတ်နဲ့ အကြောဆွဲနေပါသေးတယ်။ လူတွေကို ဘယ်လိုမှ အန္တရာယ်မပေးနိုင်တော့မှန်းသိတာနဲ့ အစွယ်နှစ်ချောင်းကို ခက်ခက်ခဲခဲဖြတ်ယူကြတာ စမ်းချောင်းရေတွေတောင် သွေးချင်းချင်းနီနေရောပဲ ဆိုပါတော့။

ကျွန်တော်တို့ဆီက သေနတ်သံကြောင့် ရှေ့က သွားတဲ့ ဆင်အုပ်ကြီး ဝရုန်းသုန်းကားဖြစ်ပြီး အုပ်စုကွဲ ပြေးသွားလို့ကတော့ ဘယ်ခြေရာနောက်လိုက်ရမှန်းမသိနဲ့ တောနက်ထဲ ကျွန်တော်တို့အဖွဲ့ ရှာလည်နေမှာကိုလည်း စိုးရိမ်မိတာ အမှန်။ နေမဝင်မီ အလင်းရောင်ရှိတုန်း ခရီးဆက်မှ ဖြစ်မယ်ဆိုတော့ မောင်မောင်တင်နဲ့ ခစ်အေးတို့နှစ်ယောက်ကို ဆင်စွယ်နှစ်ချောင်းနဲ့



အတူ စမ်းချောင်းအတိုင်း လိုက်တက်လာဖို့မှာပြီး ကျွန်တော်တို့အဖွဲ့ တောင်ကြောဖြတ်လမ်းအတိုင်း တောတိုးလာကြတာ နှစ်နာရီလောက်ပဲ ကြာလိမ့်မယ်ထင်တယ်၊ ဆည်းဆာမှောင်ရိပ် လွှမ်းလာပြီးဖြစ်လို့ ကျွန်းပင်အုပ်အုပ်အောက်က ကျောက်တုံးကြီးတွေ ဘေးမှာပဲ စခန်းချဖို့ ဆုံးဖြတ်လိုက်ရတော့တာပေါ့။ ပလတ်စတစ်တဲထိုးတဲ့သူကထိုး၊ ချက်ပြုတ်ဖို့ မီးဖိုတဲ့သူက ဖိုနဲ့ အလုပ်ရှုပ်နေကြရိန်မှာပဲ ဆင်စွယ်သယ်လာတဲ့ကောင်တွေ ရောက်လာကြပါတယ်။

"နှစ်လုံးပြူးနဲ့ ရှေ့ထိုးသေနတ် တစ်လက်ယူပြီး ကျွန်တော်နဲ့ခင်ဦး ဆင်အုပ်ကြီးခြေရာလိုက်ကြည့်မယ် – အစ်ကို၊ ဆင်ခြေရာလမ်းကြောင်းသိမှ နောက်တစ်နေ့မနက်စောစောကျရင် ကျွန်တော်တို့ဖြတ်လမ်းက လိုက်နိုင်မှာ မဟုတ်လား၊ ကံကောင်းရင် ဟင်းချက်စရာ အကောင်ပလောင်လေးတောင် ရချင်ရဦးမှာ –"

ကျွန်တော့်ညီ မောင်ဝင်းပြောတာ ကန့်ကွက်စရာ မရှိပါဘူး။ စိတ်မှန်းနဲ့ ခန့်မှန်းလိုက်မယ့်အစား … ဆင်လမ်းကြောင်း အတိအကျ သိလို့လိုက်တာက အချိန်ကုန်လူပန်း မဖြစ်မှာ ကျွန်တော်လည်း သဘောပေါက်ပြီးသားပါ။ အရေးကြီးတာက ဆင်ကလွဲလို့ ဘယ်လိုအမဲကောင်ပဲ တွေ့ပါစေ သေနတ်သုံးဖို့တော့မှာ ဖြစ်အောင်မှာလိုက်ပါသေးတယ်။ မှဆိုးစည်းဖောက်လို့ ဒုက္ခရောက်ခဲ့ကြတဲ့ သာဓကတွေရှိတာကိုး …။ အဲသည်ညဦးမှာ ရေစိုအဝတ်တွေ ချွတ် မီးကင်ကြ၊ ကိုယ်ပေါ် တွယ်ထားတဲ့ သွေးစုပ်ကောင် ကျွတ်တွေ ခြွေပြီး မီးဖိုထဲ ပစ်ထည့်နဲ့ ညှော်နံ့တွေ သင်းနေလိုက်တာ ညဥ့်အတော်နက်သည်အထိ အိပ်မပျော်နိုင်ဘဲ သမင်းစားကြရပါတယ်။

"ဟော့ – နားတောင်စမ်း၊ မောင်ဝင်းတို့ဆီက သေနတ်သံပဲကွ၊ ဒီတောင်ကြောမှာ၊ ဆင်ကလွဲပြီး ဘယ်အမဲကောင်ကိုမှ သေနတ်မသုံးနဲ့ဆိုတာ …၊ ဟာတ် – ချေလား၊ တောဝက်ပစ်တာလား မသိပါဘူးကွာ"

www.burmeseclassic.com

မိုးသက်လေ တဖြောဖြော တိုက်နေပေမယ့် သေနတ်သံက တစ်ချက်ထဲဆိုတာ အားလုံး ကြားပြီးသားပါ။ သည်သေနတ်သံတစ်ချက်ကြောင့် မုဆိုးစည်းပျက်မယ်ဆိုရင်တော့ ... ဘာပြောပြော မိုးလင်းတာနဲ့ အစီအစဉ်တွေရပ်ပြီး ရွာပြန်ကြရုံပဲ ရှိတော့တာပေါ့။ စိတ်ဂနာမငြိမ်သလိုဖြစ်နေတဲ့ ကျွန်တော် လုံးဝအိပ်လို့မရတော့ပါ။ ဆေးလိပ်ဖွာလိုက်၊ ရေနွေးကြမ်းသောက်လိုက်နဲ့ အချိန်ဖြုန်းနေမိတာ ... အရုဏ်တက်ချိန်အထိ၊ မကြာဘူး၊ အလင်းရောင်လည်းပေါ်ရော မောင်ဝင်းတို့နှစ်ယောက် ပေါက်ချလာတာတွေ့မှ စိတ်အေးသလို ဖြစ်သွားရပါတော့တယ်။

"စွယ်စုံကြီးတစ်ကောင်တော့ ပစ်ခဲ့ပြီ – အစ်ကိုရေ၊ အစ်ကိုတို့ရောက်သွားမှ အစွယ်ဖြတ်ရအောင်ဆိုပြီး အပြေးအလွှား လာပြောတာဗျ"

"ဟုတ်လား – မောင်ဝင်းရ၊ ညဥ့်နက်မှောင်ကြီးကျနေတဲ့အထဲ စွယ်စုံဆင်ကြီးကိုမှ ပစ်ခဲ့တယ်ဆိုတာ မယုံချင်စရာကြီးကွာ – လုပ်ပါဦး"

"ဒီလို – အစ်ကိုရေ၊ ညဥ့်ဦးက ကျွန်တော်တို့ ဒီနေရာက ထွက်သွားကြတစ်နာရီခွဲသာသာလောက်မှာ ချောင်းဖျားလျှိုအနက်ပိုင်းထဲမှာ ဖြောင်းခနဲဝုန်းခနဲ သစ်ကိုင်းချိုးသံတွေ ...၊ တကျိုကျိုနဲ့ ဒေါသတကြီး ဆင်အော်သံတွေကြားရတော့ ... ဘာဖြစ်ဖြစ် အနားကပ်နိုင်သလောက် ကပ်သွားရအောင်ဆိုပြီး ကျွန်တော်တို့နှစ်ယောက် လျှိုစောင်းအတိုင်း သစ်ပင် သစ်ကိုင်းတွေတွယ်ကုပ်ဆင်းကြတာပေါ့။ ဟာ – ချောင်းဖျားရေတိမ်ပိုင်းအိုင်ထဲမှာ အစ်ကိုရေ၊ ဆင်ထီးကြီးနှစ်ကောင် တိုက်နေလိုက်ကြတာ ဝုန်းဒိုင်းကြဲပဲဗျ၊ အားသန်တဲ့ ဆင်ဟိုင်းကြီးက စွယ်စုံဆင်ကို နှာမောင်းနဲ့ရိုက်၊ အစွယ်နဲ့ ထိုးရုံမကဘဲ ဦးကင်းနဲ့ တွန်းပစ်လိုက်တာ ကျောက်တုံးကွဲကြီးကြားမှာ ညှပ်သွားရော ပွဲက ပြီးသွားတာလေ ...၊ ဟိုင်းကောင်ကြီး ဦးဆောင်ပြီး ဆင်အုပ်ကြီးက ချောင်းဖျားအတိုင်း ဝရုန်းသုန်းကား ပြေးတက်သွားကြလို့ တစ်နာရီလောက်ကြာမှ ကျွန်တော်တို့လည်း တောင်သဖန်းပင်အကွယ်မှာ နေရာယူပြီးကြည့်လိုက်တော့ ကျောက်ကွဲကြား ညှပ်နေတဲ့ စွယ်စုံကြီးဟာ အားကုန်ရုန်းထွက်လိုက်ရင်းက မောပန်းနေတဲ့အထဲ ဒဏ်ရာဒဏ်ချက်တွေ ရထားတာ ဖြစ်မှာပေါ့။ မာန်လျှော့လိုက်ပုံနဲ့ ရေအိုင်ထဲ ဒူးတုပ်ထိုင်ချတာတောင် ခပ်ပျော့ပျော့ပဲ – အစ်ကိုရေ၊ ချောင်းဖျားရေအိုင်ကျယ်ဖြစ်လို့ သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတာ မဟုတ်တော့ ... အလင်းရောင် အနည်းအကျဉ်းရှိတဲ့အပြင် လျှပ်စီးတလည်း ဆက်တိုက်လက်နေတာ မြင်ကွင်းအားလုံးရှင်းတာကြောင့် ကျွန်တော်တို့ သေသေချာချာ မြင်ရတာပါ"

"ဟုတ်ပါပြီ – ဒါနဲ့ – အဲဒီစွယ်စုံကြီးကို မင်းတို့ ဘယ်လိုပစ်တာလဲကွ"

"ကျွန်တော်က အစ်ကိုတို့ကို ပြန်ခေါ်မယ်ဆိုပြီး ပြောပါသေးတယ်၊ ဆင်ဦးကပဲ ဒီကောင်ကြီး အမောပြေပြီး ထလစ်လို့ကတော့ မျက်ခြေပြတ်သွားမှာကွ ဆိုရင်းက သူကိုယ်တိုင် ကျောက်တုံးတွေ ဘေးအကွယ်က ချွင်းသစ်သွားပြီး ဆင်ကြီးရဲ့ဦးကင်းကို အနီးကပ်ပစ်ထည့်လိုက်တာ တစ်ချက်ထဲပဲ – အစ်ကိုရေ၊ ရေအိုင်ထဲ လဲနေတဲ့ ဆင်ကြီးကို နာရီဝက်နီးပါး အကဲခတ်ပြီးမှ စိတ်ချရမယ်ဆိုတာနဲ့ ကျွန်တော်တို့ ပြန်လာကြတာလေ ..."

ကျွန်တော့်ညီ မောင်ဝင်းဆီက ဖြစ်ကြောင်းကုန်စင်ကြားပြီးတာနဲ့ အားလုံး ဝမ်းသာအားရနဲ့ ပစ္စည်းတွေ သိမ်း၊ ဆင်သေအထီးကြီးရှိရာ ချောင်းဖျားရေအိုင်ဆီ ဆက်လက်ချီတက်ကြရတာပေါ့ဗျာ ...၊

• • • •

ဖြောင့်ချက်(၃)

မိုးတွင်းကာလတစ်လျှောက်လုံး တောင်ပေါ်အလုပ်တွေ နားထားတာကြာတော့ ... လူသွားလမ်းမှန်သမျှ မြက်ရိုင်းနဲ့ ချုံနွယ်တွေ ဖုံးပြီး နေရာတိုင်းမှာ ကြိမ်ဆူးတွေ ရှုပ်ယှက်ခတ်နေတာကြောင့် စိတ်သွားတိုင်းကိုယ်မပါ၊

www.burmeseclassic.com

မောင်ဝင်းနဲ့ ခင်ဦးတို့ နောက်လိုက်လာကြတဲ့ ကျွန်တော်တို့အဖွဲ့ဟာ ချော်တက်နေတဲ့ ကျောက်ဖျားပေါ် လျှောက်နေရတာ ခက်ခက်ခဲခဲ။ ဒါကြောင့်လည်း မောင်ဝင်းတို့ စွယ်စုံဆင်ကြီး ပစ်သတ်ထားတဲ့ ချောင်းဖျားရေအိုင်ရောက်တော့ မိုးစင်စင်လင်းနေပါပြီ။ ပင်ပန်းနေကြတဲ့ကြားမှာပဲ ဆင်သေကြီးအစွယ်တွေ ဖြတ်သူက ဖြတ်၊ ထမင်းချက်သူ ချက်နဲ့ အကွက်ကျကျ လုပ်နေကြပေမယ့် လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး။

ရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်း နေရာမှာ သေနေတဲ့ ဆင်ကြီးရဲ့ဦးခေါင်းပိုင်းက ကျောက်ကွဲအောက်စိုက်နေတာဖြစ်လို့ အစွယ်ဖြတ်ရ လွယ်အောင် သစ်ကိုင်းချောင်းတွေနဲ့ ကလော်ကန့်လန့် မတင်နေရတာမဲ တစ်မနက်လုံး အချိန်ကုန်သွားရပါတယ်။ ကိစ္စဝိစ္စ ပြီးလို့ စားသောက်ကြတော့ မွန်းလွဲချိန်ရောက်ပြီးဟာ သည်နေရာမှာပဲ ညအိပ်စခန်းချဖို့ ကျွန်တော် ဆွေးနွေးတာကို အကြောက်အကန် ငြင်းဆန်လာသူက ကျွန်တော့်ညီ မောင်ဝင်းပါပဲ။

"ဟာ – ညအိပ်လို့ ဘယ်ဖြစ်ပါ့မလဲ – အစ်ကိုရာ။ ဆင်အုပ်နဲ့ တအားဝေးသွားရင် လိုက်ဖို့ ဘယ်လွယ်ပါ့မလဲ။ ဒီလို အုပ်စုလိုက် စားကျက်ပြောင်းတဲ့နေရာမှာ ဆင်မကြီးတွေ၊ ဆင်သားလေးတွေ အကောင်နှစ်ဆယ်လောက်ထိပါတာ၊ ဘာပြောပြော – ကျွန်တော်တို့ တွေ့တဲ့ ဟိုင်းဆင်ကြီးတစ်ကောင်တည်းမကပဲ ဗိုလ်လုပ်ဖို့ ချောင်းနေတဲ့ တခြားစွယ်စုံဆင်ထီးကြီးတွေ ပါဦးမှာ။ ခုချိန်ဆက်လိုက်လို့ မိုးချုပ်သွားရင်တောင် နောက်တစ်နေ့မနက်ပိုင်း ရောက်တဲ့အခါ ပတ္တလားတောင်မှာပဲ ဆင်အုပ်စုနဲ့ ဆုံမှာ သေချာတယ် အစ်ကိုရယ်။ ဆက်လိုက်ရအောင်ဗျာ ..."

အများကလည်း မောင်ဝင်းပြောတာ လက်ခံနေပြီးဟာ ကျွန်တော် ဘာတတ်နိုင်တော့မှာလဲ။ မောင်ဝင်းပြောသလိုပါပဲ။ ဆင်အုပ်စုနဲ့အတူ စွယ်စုံဆင်ထီးတွေပါ သည်လို စုစုရုံးရုံးရုံး တွေ့နိုင်တဲ့ အခွင့်အရေးဆိုတာ လေးငါးနှစ်မှာ တစ်ကြိမ်ရဖို့ မလွယ်မှန်း ကျွန်တော်လည်း နားလည်ပြီးသားပါ။



ဒါကြောင့် – ဘာမှ တွေဝေမနေတော့ပဲ ခရီးဆက်ဖို့ ပြင်ကြရတော့တာပေါ့။ မိုးမရွာတော့ဘူးဆိုပေမယ့် ရာသီဥတုက အုံ့မှိုင်းမှိုင်း။ ကျွန်တော်တို့ ဆင်မှဆိုးအဖွဲ့ တောင်ကြောတစ်ခုကို ဖြတ်သန်းနေတဲ့အချိန် ရှေ့ဆုံးက လမ်းရှာသွားတဲ့ မောင်ညီုအချက်ပြတာတွေ့ရတော့ သူ့ဆီ ကျွန်တော် ပြေးတတ်ပြီး သူ လက်ညှိုးညွှန်ရာ ကြည့်လိုက်တာ သက်ကယ်တောထိပ်ဖျားပိုင်းတွေ တလှုပ်လှုပ်နဲ့ တောင်ကြောပေါ် ရွေ့လာတဲ့ ပုံသဏ္ဌာန်က အနီးကလေး။

"ဆင်အုပ်ထဲက ဟိုင်းဆင်ကြီး ဘာဖြစ်လို့ ခွဲထွက်လာသလဲ မသိဘူးနော် – ကိုအောင်သင်း။ ကြေနွ – တခြားစွယ်စုံတစ်ကောင်က တိုက်ထုတ်လိုက်လို့ ပြေးလာတာ ထင်တယ်"

မောင်ညီု ခန့်မှန်းသလို ဟိုင်းဆင် မဟုတ်မှန်း ကျွန်တော်တို့ သိလိုက်တဲ့အချိန်မှာ သက်ကယ်တောထဲက ချုံတွေကြား ဘွားခနဲတိုးထွက်လာတဲ့ လူနှစ်ယောက်ဟာ ကျွန်တော်တို့မျက်မှောက် စပ်ဖြဲဖြဲနဲ့ ရောက်လာတာတွေ့ရတော့တာကိုး ...။ ဟုတ်တာပေါ့။ ကျွန်တော်တို့ လက်ပံရုံရွာသားတွေဖြစ်တဲ့ အုန်းမြင့်နဲ့ ကုလားပု၊ နှစ်ယောက်လုံး အရက်နံ့ ထောင်းထောင်းထနေရုံမကပဲ ကုလားပုဆိုတဲ့ကောင် ကြည့်ရတာ နဂိုက နာတာရှည် ငှက်ဖျားရောဂါကြောင့် ပိန်ပါးပါးနဲ့ အားကလည်း မရှိ။ အရက်အရှိန်ပါ ပေါင်းလိုက်တော့ ... ဒယီးဒယိုင်နဲ့ ချက်ချင်းလဲပြိုတော့မယ့်အတိုင်း တွေ့နေရပါတယ်။

"မနေ့က သေနတ်သံကြားရုံနဲ့ မင်းတို့လက်ချက်ပဲဆိုတာ ငါရိပ်မိလိုက်တယ်ကွ – အောင်သင်းကြီးရ။ ဟင်းစား ဝေစုရတော့မယ်ဟာဆိုပြီး ငါနဲ့ ကုလားပု လိုက်လာကြတော့ ကျောက်မကျွှပ်မှာ မင်းတို့ မရှိတော့ဘူးကွ။ တော်သေးတာပေါ့။ တောင်ပိုင် တောပိုင်တွေကို မင်းတို့ ပသထားတဲ့နေရာမှာ တောအရက်တစ်ပုလင်းရလိုက်မှ တို့နှစ်ယောက်အတွက် အဆင်ပြေသွားတာ ကျေးဇူးပဲဟေ့ – ဟီး – ဟီး။ တို့နှစ်ယောက်လုံး ငှက်ဖျားထနေတာ။ မင်းတို့အရက်ကြောင့် ခုလို နာလန်ထူအားရှိလာတာ တွေ့လား – ဟီး – ဟီး"

www.burmeseclassic.com

သည်ကောင်နှစ်ကောင်က တစ်ရွာတည်းသား ပြောမနာ၊ ဆိုမနာတွေပါ။ ဒါပေမဲ့ - သူတို့က မိုးရာသီရောက်ရင် သားမယားတွေကို ရွာပြန်ပို့ထားပြီး ကျွန်းစိုက်ခင်းစောင့်တဲ့အလုပ်နဲ့ တောင်ပေါ် အမြဲနေကြတဲ့သူတွေလေ။ မိုးရာသီကုန်တာနဲ့ သားမယားတွေ ပြန်ခေါ်ပြီး မီးသွေးဖုတ်၊ ဝါးခုတ်၊ တောပစ်လုပ်ကြတာ ပုံမှန်ပါပဲ။ တစ်ခါတလေ ကျွန်တော် တောပစ်ထွက်တဲ့အခါတွေမှာ သတင်းကြားတဲ့ဆီက လိုက်လာကြပြီး ဝိုင်းလုပ်ဝိုင်းကူနဲ့ ရတဲ့ တောကောင် ဝေစုတစ်ပုံစီ ယူနေကျဖြစ်လို့ ခုလည်း တောကောင်ပစ်တယ် အထင်နဲ့ လိုက်လာကြတာ ဖြစ်မှာပေါ့။

"အေးကွာ - မင်းတို့မြင်တဲ့အတိုင်းပဲ၊ ငါတို့အမဲပစ်ထွက်ကြတာ မဟုတ်ဘူး - အုန်းမြင့်ရ၊ အပြန်ကျမှ တောကောင်ပစ်လို့ရရင် မင်းတို့ဟဲ ဝင်ပြီးဝေစုပေးပါ့မယ်ကွာ၊ ခုဟာက မင်းတို့လည်း အရက်သောက်ထားကြတာ၊ မှုဆိုးစည်းကမ်း မင်းတို့နားလည်ပြီးသားပဲဟာ - ပြန်ကြကွာနော်၊ ကုလားပုကိုတော့ မင်းတွဲသွားမှဖြစ်မယ်ထင်တယ် - အုန်းမြင့်ရ"

"ဟောကောင် အောင်သင်းကြီး - ခုမှတော့ မင်းအတင်းပြန်နိုင်းလို့ ဘယ်ဖြစ်မလဲကွ၊ ဆင်ပစ်တာလည်း အမဲပစ်တာပဲလေကွာ၊ ဒီတော့ - ထုံးစံအတိုင်း တို့နှစ်ယောက်လည်း ဝေစုတစ်ပုံစီပါ ရမှာပေါ့၊ မုဆိုးထုံးစံပဲ မဟုတ်လား - အောင်သင်းကြီးရ"

"တော်လိုက်ကွာ - အုန်းမြင့်၊ လုပ်ငန်းအစီအစဉ်ချကတည်းက မင်းတို့နှစ်ယောက် ပါတာမှမဟုတ်ပဲ၊ ပြီးတော့ - မုဆိုးအလုပ်နဲ့ မအပ်စပ်တဲ့အရက်လည်း သောက်ထားကြသေးတာ မဖြစ်ဘူးကွာ၊ သိပ်ရစ်မနေနဲ့ - အုန်းမြင့်ရ၊ တို့လည်း ရှေ့ဆက်သွားဖို့ ရှိသေးတယ်၊ ကဲ - ကဲ - ပြန်ကြကွာ"

"ဘာလဲ - မင်းက တို့ကို မောင်းထုတ်တာပေါ့ - ဟုတ်လား - အောင်သင်းကြီး၊ ရတယ် - သိပ်ရတာပေါ့ကွာ၊ အေး - တောဆင်ရိုင်းပစ်ရင် ထောင်ဒဏ်နှစ် အတော်များများ ခံရမှာ၊ မင်းမပူလည်း ရပါတယ် - အောင်သင်းကြီး



ရာ၊ မင်းတို့ ရွာပြန်ရောက်တာနဲ့ လက်ထိတ်နဲ့ အသင့်စောင့်နေမယ့်ရဲတွေနဲ့ ရှင်းဖို့သာ ပြင်ထားကြကွ၊ ဟော့ - ကုလားပု - လာ - ပြန်ကြမယ်ကွာ"

ကုလားပုကြည့်ရတာ နဂိုက ငှက်ဖျားကြောင့် ဝိန်ညောင်ညောင်၊ အားဟ ပြတ်နဲ့ ဟိုကောင် အုန်းမြင့်ခေါ်တဲ့နောက် လိုက်ပြန်ချင်ပုံ မရပဲ သစ်မြစ်ဆုံဘေး ကုပ်နေတာ တုတ်တုတ်လေးတောင် မလှုပ်၊ ဒါကိုပဲ အုန်းမြင့်တအရက်ရှိန်နဲ့ ဒေါသပေါင်းပြီး ကုလားပုကို ထိုးမယ် ကန်မယ်လုပ်လာတော့ ကျွန်တော် ရပ်ကြည့်နေလို့ ဘယ်ဖြစ်မှာလဲ၊ လက်ထဲက နှစ်လုံးပြူးသေနတ်ပြောင်းဖျားနဲ့ အုန်းမြင့်ကို ထွန်းဖယ်လိုက်တာ ဘယ်လိုကဘယ်လို ခလုတ်ဆွဲမိမှန်းမသိပါဘူး၊ ဒိုင်းခနဲ မြည်သွားတဲ့ ပေါက်ကွဲသံနဲ့အတူ အုန်းမြင့်တစ်ယောက် ခွေခေါက်လဲကျသွားလိုက်တာ ရင်ဘတ်နဲ့ မျက်နှာတစ်ခြမ်းလုံး သွေးအလူးလူး။

မျှော်လင့်မထားတဲ့ မတော်တဆ ဖြစ်ရပ်ဆိုဖေမယ့် အုန်းမြင့်အတွက်တော့ ကျွန်တော် စိတ်မကောင်းဖြစ်မိတာ အမှန်ပါ၊ ရုပ်ပျက် ဆင်းပျက် သေဆုံးနေပြီးဖြစ်တဲ့ သူ့အလောင်းကို မြေမြှုပ်ဖို့ဆိုတာကလည်း ကျောက်ခဲတွေနဲ့ပြည့်နှက်နေတဲ့ တောင်ပေါ်မြေမှာ ကျင်းတူးစရာ ပေါက်တူး ဂေါ်ပြား ပါတာမဟုတ်၊ ပြီးတော့ - ကျွန်တော့်အဖွဲ့သားတွေရဲ့ဆန္ဒက "သူ့သချိုင်း သူလာရှာတာပဲ၊ ဒီအတိုင်းထားခဲ့လည်း တစ်ညာ၊ နှစ်ညထဲနဲ့ တောခွေးတွေ၊ မြေခွေးတွေ ဝိုင်းစားပစ်တာနဲ့ အရိုးပဲ ကျန်တော့မှာ၊ အရေးကြီးတာက ဆင်အစ်ကြီး လွတ်မထွက်သွားအောင် လိုက်ဖို့လိုတယ်ဗျ" တဲ့၊ တစ်သံတည်းထွက်လာတဲ့စကား၊ ကျွန်တော် လွန်ဆန်လို့ရတာမှ မဟုတ်ပဲ၊ ရှေ့ခရီးဆက်နှိုမြင်ရတော့တာပေါ့၊ သည်တော့ ... ကျန်နေတဲ့ ကုလားပုအတွက် ဘယ်လိုစဉ်းစားကြမလဲ၊ သည်နေရာမှာ ထားခဲ့လို့ရော သူနေရဲမလား၊ ကဲ - မြင်လွှတ်မယ်ဆိုရင်ကော၊

www.burmeseclassic.com

“
လူရိပ်မည်းမည်းမှာ
မြေကြီးပေါ် ဘိုင်းခနဲ လဲကျသွားရုံမကပဲ
ဆင်ကြီးရဲ့ ရှေ့ခြေထောက်နားထိ
လိမ့်လာရင်းက ငြိမ်သက်သွားတာ
တွေ့ရပါတယ်။ အဲသည့်လူ့အပေါ်
ဆင်ကြီးရဲ့ ရှေ့ခြေတစ်ချောင်းက
နင်းခြေဖို့ မြှောက်တင်လိုက်ချိန်နဲ့
တစ်ပြိုင်တည်း ကျွန်တော့်
ရှေ့ထိုးသေနတ်ကလည်း
မောင်းဖြုတ်ပြီးသား ...။
”



“ပြန်လွှတ်လို့ မဖြစ်ဘူးလေ - ကိုအောင်သင်း။ အုန်းမြင့်က ကုလားပု ရဲ့နမပေးယောက်ဖ မဟုတ်လား။ ဒီကောင် - ရွာပြန်ရောက်သွားလို့က ကျွန် တော်တို့လည်း ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားကြမှာဗျ။ ကျွန်တော် တို့လုပ်ငန်း လက်စ,သတ်တဲ့အချိန်ထိ ဖြစ်သလို ခေါ်သွားရမှာပဲ။ နောက်ကိစ္စ နောက်မှရှင်းလည်း အချိန်ရှိသေးတာပဲဗျာ ...”

နောက်ဆုံးတော့ မောင်မောင်တင် အကြံပေးတဲ့အတိုင်း ကုလားပုကို ဆက်ခေါ်သွားမယ့်ကိစ္စနဲ့ပတ်သက်လို့ ဘယ်သူမှ ကန့်ကွက်တာ မတွေ့ရ။ ကျွန်တော်တို့ရဲ့ ဆင်မုဆိုးပြဇာတ်က နဂိုဇာတ်တိုက်ထားသလို ကခဲ့တာ ချောမွေ့နေရောဆိုပေမယ့် မမျှော်လင့်တဲ့ ထိုးဇာတ်တစ်ခန်းကို ဖြတ်လမ်း က ရုတ်တရက် ကလိုက်ရတာဆိုတော့ ... စိတ်တွေ ကသောင်းကနင်း



ဖြစ်ပြီး ရှေ့ခရီးအတွက် ရင်လေးနေကြတာတော့ အမှန်လို့ပဲ ပြောရပါတော့ မယ်။

• • • •

ဖြောင့်ချက်(၄)

အုန်းမြင့် ဆိုတဲ့ကောင်နဲ့ အခြေအတင် ဖြစ်ခဲ့အချိန်က နည်းတာမှ ဟုတ်ပဲ။ ခရီးဆက်ထွက်လာကြလို့ တစ်နာရီကျော်လောက်မှာပဲ မှောင်စ ပျိုးလာပါပြီ။ ကြိုးဝိုင်းအမှတ်အသားအရ နတ်တလင်းရေိုယာ သားတောင်အစ နေရာရောက်နေတဲ့အကြောင်း နယ်မြေကျွမ်းကျင်တဲ့ အားပြောလို့ သိကြရပါတယ်။ ဆင်စွယ်လောဘက ကျွန်တော်တို့အပေါ် မိုးထားတာ ဖြစ်မှာပေါ့။ ဘယ်သူမှ ခြေပစ်လက်ပစ် အနားယူလိုက်ဖို့ စားကြပဲ ကျွန်တော့်ညီ မောင်ဝင်းနဲ့ ခင်ဖုအေးတို့နှစ်ယောက်က ဆင် သွားလမ်းရှာမယ်ဆိုပြီး နစ်လုံးပြူးနဲ့ ရှေ့ထိုးသေနတ်တစ်လက်ပါ ယူ ထွက်သွားကြတာ မြန်မှမြန်။ ကျန်ခဲ့တဲ့လူတွေထဲက ကျွန်တော်တို့လေး ယောက်က တဲထိုးကြ၊ ချက်ပြုတ်ဖို့ လုပ်ကြတဲ့အချိန်မှာ ငှက်များသမား လားပုကတော့ ကျောက်တုံးမှီပြီး ဘေးစောင်းခွေလျက်၊ မျက်လုံးကလယ် လယ်နဲ့ တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသလို သက်ပြင်းရှည်ကိုပါ ဆက် တိုက်ကြားနေရပါသေးတယ်။

“ဝူး - ကျီ - ကျီ - ဝူး - ဖြောင်း - ဗုန်း - ဝူး”

မိုးသက်လေနဲ့အတူ သစ်ကိုင်းပွတ်တိုက်သံတွေ သစ်ရွက်ခတ်သံတွေ ညံနေတဲ့ကြားမှာ ကျွန်တော်တို့ ပြတ်ပြတ်သားသား ကြားလိုက်တဲ့အသံ က ဆင်ရိုင်းတစ်ကောင်ရဲ့ နာကြည်းဒေါသနဲ့ အော်သံ၊ သစ်ကိုင်းတွေကို ချိုးနင်းချေသံ၊ သေသေချာချာ နားထောင်ကြည့်လိုက်မှ ကျွန်တော်တို့

www.burmeseclassic.com

ဘယ်ဘက်လျှိုထဲက လာတဲ့အသံ အနီးကလေး၊ တဲမှာ ကုလားဗုတ ယောက်ထဲ ချန်ခဲ့ပြီး ကျွန်တော်တို့လေးယောက် ရှေ့ထိုးသေနတ်ရှော၊ ဓား ခုတ်ဓားတွေပါ ကိုင်ပြီး အမှောင်ထဲ စမ်းတဝါးဝါးနဲ့ လျှိုထိပ်ရောက်အော တောတိုးသွားခဲ့ကြတာ ခက်ခက်ခဲခဲပါပဲ၊ မှန်ပါတယ်၊ လျှိုထိပ်ကနေ အ ပိုင်းဘက်ကြည့်လိုက်တော့ တောင်ယာပျက် လဟာပြင်လို သစ်ပင်ငေ ကျိုးတိုးကျဲတဲပဲရှိတဲ့ မြေပြန့်ကွင်းလေးတစ်ကွင်း၊ သစ်ပင်ကြီးတွေ အု ဆိုင်းနေတာမျိုး မဟုတ်လို့ အလင်းရောင် အနည်းအပါး ရဖို့အပြင် လှ တပါ ဆက်တိုက်လက်နေတာကြောင့် မြင်ကွင်းက လင်းတစ်ခါ မှုန်ထ လှည့်၊

"ရှူး – ဆင် – ဆင်ကြီးပဲကွ၊ အုပ်စုနဲ့ ပါမသွားပဲ ဘာဖြစ်လို့ တစ်ကော ထဲ ကျန်ခဲ့သလဲ မသိဘူးဟေ့"

ကျွန်တော့်လူတွေကို တိုးတိုးလေး သတိပေးပြီး ခြေသံလုံ့လုံ့နဲ့ ဆ တိုးသွားကြရာက တောင်ယာပျက်အစပ်ရောက်မှ ကျောက်တုံးအကွယ် နေ မည်းခနဲ မည်းခနဲ တစ်နေရာထဲမှာ ဆောက်တည်ရာမရသလို လှုပ်ရှ နေတဲ့ ဆင်ကြီးရဲ့ ပုံရိပ်ကို တစ်ဆယ့်ငါးကိုက်အကွာက တွေ့လိုက်ရ အသည်းထိတ်စရာ၊ နီးရာချုံပုတ် သစ်ကိုင်းတွေကို နှာမောင်းနဲ့ တဖြော ဖြောင်း ရိုက်ရင်းက သစ်ငုတ်တွေကို ဦးကင်းနဲ့တိုက်၊ ခြေထောက်နဲ့ ဆော နင်း၊ တကျိုကျိုအော်သံကလည်း ဒေါသငွေ့အပြည့်၊ တော်သေးတယ် ရမှာက ဆင်ကြီးဟာ ဒေါသမွှန်နေတာကြောင့် သူ့အနားမှာ ရန်သူရော နေတာတောင် ရိပ်စားမိပုံမရပဲ တစ်ကောင်ထဲ သောင်းကျန်းနေလိုက်တာ အနီးအနားရှိသမျှ သစ်ပင်ငယ်၊ ချုံပုတ်တွေ ထောင်းလမောင်းကြေနေ ဆိုပါတော့၊

သေနတ်ပြောင်းကို ကျောက်တုံးပေါ်တင်ပြီး ဆင်ကြီးရဲ့ နှလုံးသား မှတ်ဖြစ်တဲ့ လက်ပြင်၊ နောက်တစ်ခါ ဦးခေါင်းပိုင်း နေရာနှစ်ခုဆီ တည့်မ



ောင် လိုက်ရှိန်နေရတာ လွယ်တော့ မလွယ်လှ၊ တစ်ချက်ကလေးမှ ငြိမ် တာ မရှိပဲ ပရမ်းပတာ လှုပ်ရှားနေတဲ့ဆင်ကြီးဆီ ဖြစ်သလို ပစ်ထည့် တ်မယ်ဆိုရင်တော့ ချက်ကောင်းမှန်လို့ လဲသွားရင် တော်သေးရဲ့…၊ မထိ ဆိုဒဏ်ရာလောက်သာ ရကြည့်ပါလား၊ ဆင်ကြီးရဲ့ဒေါသတွေ ကျွန်တော့် အပေါ် စုပြုံကျရောက်လာမှာ အသေအချာပဲလေ …၊ သည်အချိန်မှာပဲ စ်နေရာထဲ သောင်းကျန်းနေတဲ့ဆင်ကြီးဟာ ဘယ်လိုအန္တရာယ်အငွေ့ သတ်မျိုး ရလိုက်မှန်းမသိ၊ နောက်ကို အားယူပြီး ကျိုးခနဲ အော်လိုက်တဲ့ သံက တစ်တောလုံး ညံနေရောဗျ၊ မှန်တာပေါ့၊ တောင်ယာပျက်တစ်ဖက် ဖေ ချုံတောထဲကနေ ဘွားခနဲ ပေါ်လာတဲ့ လူရိပ်ဆီ ဆင်ကြီးက ဦးတည် တာကို …၊

လျှပ်စီးရောင်ထဲမြင်လိုက်ရတာ ဟိုစမ်း သည့်စမ်းနဲ့ ဆင်းလာတဲ့လူရိပ် ဘ ဆင်ကြီးနဲ့လည်း ထိပ်တိုက်ဆုံရော နောက်လှည့်ပြေးဖို့ ခြေလှမ်းပြင် တ်တဲ့အချိန်မှာပဲ … ဟုတ်ကဲ့ … အဖြစ်အပျက်က စက္ကန့်ပိုင်းလေးပဲ ဖြစ်မယ် ပါတယ်၊ လေထဲ မြှောက်နေတဲ့ ဆင်ကြီးရဲ့နှာမောင်းဟာ လျှပ်ခြက်သလို ရိုက်ချလိုက်တာ လူရိပ်မည်းမည်းမှာ မြေကြီးပေါ် ဘိုင်းခနဲ လဲကျသွားရုံ တာပဲ ဆင်ကြီးရဲ့ ရှေ့ခြေထောက်နားထိ လိမ့်လာရင်းက ငြိမ်သက်သွားတာ တွေ့ရပါတယ်၊ အဲသည်လူ့အပေါ် ဆင်ကြီးရဲ့ ရှေ့ခြေတစ်ချောင်းက နင်းခြေ ့ မြှောက်တင်လိုက်ချိန်နဲ့ တစ်ပြိုင်တည်း ကျွန်တော့် ရှေ့ထိုးသေနတ်က သည်း မောင်းဖြုတ်ပြီးသား …၊ ပေါက်ကွဲသံနဲ့အတူ ယမ်းငွေ့တွေ မှောင်နေ နှုန်းဖြစ်လို့ ရှေ့မြင်ကွင်းက တော်ရုံနဲ့ မရှင်းသေး၊ ဒါပေမဲ့ – လုံးဝလှုပ်ရှားသံ ကြားရတော့တာ ကြည့်ရင်ပဲ လက်ပြင်ချက်ကောင်းနေရာ ကျည်ဆန်မှန် သွားတဲ့ ဆင်ကြီးတုံးလုံးလဲသွားပြီဆိုတာ ကျွန်တော်တို့အားလုံး သဘော ပေါက်လိုက်ကြတာ အမှန်ပါ၊

www.burmeseclassic.com

ယမ်းငွေ့တွေ မပြယ့်တပြယ်ရှိန်မှာ သေနတ်ကို ကျည်အသစ်ထိုးပြီ ကျွန်တော်တို့ ရှေ့တိုးသွားကြတော့ မြေကြီးပေါ် ဘေးစောင်းအနေအထား ဆင်ကြီးဟာ ခြေထောက်တွေ အကြောဆွဲသလိုတစ်ချက်၊ နှစ်ချက် ဖြစ်ပြီး ငြိမ်သွားတာ တွေ့ရပါတော့တယ်၊ တကယ့်အံ့သြစရာပြောရင်တော့ မှာ မယ် မထင်ပါဘူး။ ဆင်က ဟိုင်းဆင်ကြီး အစွယ်တစ်ချောင်းတည်း၊ ခေါင် ပိုင်းနဲ့ နံစောင်းတွေမှာ စုတ်ပြတ်နေတဲ့ဒဏ်ရာဝလပွ၊ ကော္က... တခြားစွယ် ဆင်ထီးတစ်ကောင်က တိုက်ခိုက်လိုက်တာကြောင့် ဒဏ်ရာတွေနဲ့ ထွက်ပြေ လာရင်း တောင်ယာပျက်ထဲမှာ ဒေါသတွေ ဖောက်ခွဲနေတဲ့ ဟိုင်းဆင်ကြီ ဆိုတာ အလွန်သေချာနေပြီပဲ၊ ကြည့်စမ်း ... ဆင်ကြီးနှာမောင်းနဲ့ ရိုက်လို လဲကျနေတဲ့ သူကလည်း တခြားမဟုတ်၊ ကုလားပုမှ ကုလားပုအစစ်၊ ငှက် ဖျားရောဂါနဲ့ အရိုးပေါ် အရေတင် ပိန်ညှောင်ညှောင်သာဖြစ်တဲ့ ကုလား ဟာ ဆင်နှာမောင်း ရိုက်ချက်လောက်နဲ့ အသက်ထွက်သွားတာ ဘယ်ဆန် ပါ့မလဲ၊

စခန်းချတဲ့နေရာမှာ တမင်ချန်ထားပါလျက်နဲ့ တောင်ယာပျက်ဆီ ကုလားပု ဘယ်လိုရောက်လာရတာလဲ၊ အမှောင်တောနက်ထဲ တစ်ယောက် တည်း မနေရဲလို့ ကျွန်တော်တို့နောက် လာတာလား၊ ဒါမှမဟုတ် အုန်းမြင့် တစ်ယောက် သူ့ရှေ့မှာ သေနတ်မှန် သေဆုံးသွားတာတွေ့ပြီး သူ့ကိုလည်း ကျွန်တော်တို့ နှုတ်ပိတ်ပစ်လိမ့်မယ်ဆိုတာ တွေးကြောက်ရင်း ခြေဦးတည့် ရာ ထွက်ပြေးတာလား၊ ဖြစ်လာမှတော့ ... ဘာတတ်နိုင်တော့မှာလဲ၊ ကုလားပုအလောင်းကိုလည်း အုန်းမြင့်လိုပဲ သည်အတိုင်း ထားခဲ့ရုံသာ ရှိ တော့တာပေါ့၊

အဲသည့်ညက တောင်ယာပျက်မှာ ကျွန်တော်တို့ ပစ်တဲ့ ဟိုင်းဆင်ဆီ က အစွယ်တစ်ချောင်းတည်း ရပေမယ့် အကုသိုလ်အကျိုးပေးချင်တော့ ဆင် ခြေရာခံဖို့ ညဦးကတည်းက ထွက်သွားကြတဲ့ မောင်ဝင်းနဲ့ ခင်အေးတို့က



လည်း စွယ်စုံဆင်ထီးတစ်ကောင် စမ်းရေအိုင်ထဲ ရေစိမ်နေတုန်း သေနတ် နှစ်လက်လုံး သုံးပြီး ပစ်ခဲ့လို့ အစွယ်နှစ်ချောင်း ထပ်ရခဲ့ပါသေးတယ်၊ ဆင် စွယ်ခုနစ်ချောင်းရပြီဆိုတော့ ကျွန်တော်တို့အဖွဲ့ ဆင်မုဆိုးအလုပ် နားပြီး ရွာပြန်ကြဖို့ ဆုံးဖြတ်လိုက်ကြတာ အေးဆေးပဲ ဆိုပါတော့ ...။

ကျွန်တော့်ဖြောင့်ချက်ကတော့ အပိုင်း(၄)ပိုင်း ခွဲထားတဲ့အထဲက အတို ချုံးကောက်နုတ်လိုက်ရင် သည်လောက်ပဲ ရှိပါတယ်၊ ဆင်ရိုင်းလေးကောင် ဝစ်သတ်ပြီး အစွယ်ဖြတ်ခိုးတဲ့ ကိစ္စရော၊ အုန်းမြင့်နဲ့ ကုလားပုတို့ သေဆုံး တဲ့ဖြစ်ရပ်ကိုပါ ကျွန်တော် တစ်ညီတစ်ညာထဲ နှုတ်လုံကြတာမို့ ရွာက ဘယ် သူမှ ရိပ်စားမိကြပုံ မရပါ၊ ဆင်စွယ် (၇)ချောင်းကတော့ လမ်းမသာသေးလို့ မြို့က ပွဲစားတွေ လာဖို့ ခက်ခဲသေးတာကြောင့် ဦးကျင်စက်ဆီ အပ်နှံထား တာ စိတ်ချလက်ချ၊ တစ်ချိန်ကျ ဈေးကောင်းကောင်းနဲ့ရောင်းပြီး ငွေကြေး အရှက်ကြီးကြီးတွေရဖို့ စောင့်မျှော်နေကြရုံပဲ ရှိတော့တာ မဟုတ်လားလို့၊

ကဲ - ဖြစ်ချင်တော့ ကြည့်ပါဦး၊ မနှစ် တန်ဆောင်မုန်းလတုန်းက ကျွ လွန်ခဲ့တဲ့ကိစ္စ (၈)လလောက်ကြာလို့ သည်နှစ် ဝါဆိုလထဲရောက်မှ အုတ် တွင်းမြို့ရဲတပ်ဖွဲ့စခန်းက အလစ်အငိုက်မှာ တစ်ညထဲ လာဖမ်းကြတာ ကျွန် တော်အပါအဝင် (၆)ယောက်လုံးပျာ၊ တစ်ယောက်စီ ခွဲစစ်ဆေးတဲ့နေရာ မှာ ဖော်တဲ့သူဖော်၊ ဖုံးတဲ့သူဖုံးနဲ့ နောက်ဆုံးတော့ ကျွန်တော်မိုင်းလို့၊ ကျွန် တော့်ကို ကြောက်လို့ လိုက်ပါကျူးလွန်ရတာဆိုပြီး အပြစ်ပုံချတာ ဘယ်ခံ ချင်ပါ့မလဲ၊ ဖြောင့်ချက် အမှန်အကန်ပေးဖို့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက် တာ မှားတယ်လို့ ပြောကြဦးမှာလား။

www.burmeseclassic.com

ရှင်းရှင်းပြောရရင် ကျွန်တော် ဖြောင့်ချက်မပေးလည်း ရာဇဝတ်သေး ပြေးလွတ်ဖို့ဆိုတာ ဘယ်ဖြစ်လာပါ့မလဲ။ ကျွန်တော်တို့ကို မသင်္ကာစ ဖြစ်လာတဲ့သူတွေက အုန်းမြင့်နဲ့ ကုလားပုတို့ရဲ့ သားမယားတွေဆိုတာ နောက်မှ သိရတာပါ။ မိုးရာသီကုန်တဲ့အချိန်မှာ နှစ်တိုင်း သားမယားတွေကို ပြန်ခေါ်နေကျဖြစ်တဲ့ လင်သားတွေ ရွာပြန်မရောက်တာ ကြာတော့ သူတို့ စိတ်ပူပြီး ဟိုစုံစမ်း၊ သည်မေးမြန်းလုပ်ရင်းက တန်ဆောင်မုန်းလတုန်းက ကျွန်တော်တို့အဖွဲ့ပဲ ရှူးရိုးမပေါ်မြေရှပ်တဲ့သတင်း စတင်ရခဲ့တယ်ဆိုပဲ ...။ သည့်သတင်းကို ကျွန်တော်တို့အဖွဲ့က လူတစ်ယောက်ယောက် တွေ့ပြီး မေးမြန်းဖို့ကလည်း ကြောက်ရွံ့စိတ်ကြောင့် ငြိမ်နေကြတာလို့ ပြောပါတယ်။ သည်နှစ်မိုးကျလို့ ဝါဆိုလရောက်မှ တအားစိုးရိမ်လာပြီး ပေါက်တောကျေးရွာဥက္ကဋ္ဌထံ တီးတိုးတိုင်လိုက်မှ ဥက္ကဋ္ဌကတစ်ဆင့် အုတ်တွင်းမြို့ရဲတပ်ဖွဲ့စခန်းကို သည်သတင်း ရောက်သွားတာပဲ ဖြစ်ပါတယ်။

ထုံးစံအတိုင်းပဲ ဆိုပါတော့၊ ကျွန်တော့်ဆီက ငြင်းမရတဲ့ ဖြောင့်ချက်ကြောင့် ကျွန်တော့်ညီ မောင်ဝင်းအပါအဝင် အဖွဲ့ဝင်အားလုံး ဝန်ခံကြပြီးဆိုတော့ ရဲတပ်ဖွဲ့က အမှုတည်ဆောက်ပြီး ခရိုင်တရားသူကြီးရုံးကို ပုဒ်မတွေ တစ်သီကြီးနဲ့ တရားစွဲတင်ဖို့ လုပ်တော့တာပေါ့။ မိုးထဲ ရေထဲမှာ ကျွန်တော်တို့ လိုက်ပြလို့ ကျူးလွန်ရာမှာ အသုံးပြုတဲ့သေနတ် (၃)လက်၊ ယမ်းမှုန့်နဲ့ လုပ် ကျည်ဆန်တွေ သိမ်းဆည်း။ ရိုးမပေါ် လိုက်ပြတော့ အုန်းမြင့်နဲ့ ကုလားပုအလောင်းတို့ကလည်း ဦးခေါင်းနဲ့ လက်ဖျံရိုးလောက်ပဲ ကျန်တော့တာ ရဲတပ်ဖွဲ့ဝင်တွေ ဓာတ်ပုံရိုက်၊ သိမ်းဆည်းပြီးတာနဲ့ ဦးကျင်စက် ကိုယ်တိုင်က ကျွန်တော်တို့ အပ်ထားတဲ့ ဆင်စွယ် (၇)ချောင်းကို ရဲတပ်ဖွဲ့စခန်းထိ လာရောက်အပ်နှံလိုက်ပြီးဆိုတော့ ... သည့်ထက်ခိုင်လုံတဲ့အမှု ဘယ်ရှိတော့မှာလဲ။

ပြစ်ဒဏ်ကျခံရမယ့်ရက်ကို စောင့်ရင်းက အချုပ်ခန်းထဲမှာ ကျွန်တော် မကျေနပ်သလို ဖြစ်နေမိတာက တောင်ပိုင် တောပိုင် ဘိုးဘိုးကြီးတွေကိုပါ။



ဘယ့်နှယ်ဗျာ ... သူတို့ကို တင်မြှောက်ပသတဲ့နေ့က ကြက်ဥအနှစ်မှာ ပေးမယ့် သားကောင်အရေအတွက်ပြတဲ့ နိမိတ်က အမည်းစက် (၆)စက်တိတိ မဟုတ်လား၊ မှန်တယ်ဆိုရပေမယ့် ... သားကောင်ဖြစ်တဲ့ ဆင်ရိုင်းလေးကောင်ထဲမှာ အုန်းမြင့်နဲ့ ကုလားပုတို့ကိုပါ ထည့်ပေါင်းလိုက်တော့ ဂုဒ်မခေါင်း သုံးလေးခုနဲ့ အမှုက ပိုကြီးကျယ်သွားပြီးဟာ ...၊ သေဖြိုဗျာလို့ပဲ အသားကုန် အော်ပစ်လိုက်ချင်ပါတော့တယ် ခင်ဗျား ...။

(မှတ်ချက်။ စာရေးသူ မှုခင်းသတင်းထောက် လုပ်ကိုင်စဉ်ကာလက အုတ်တွင်းမြို့ရဲတပ်ဖွဲ့စခန်းမှ ၂၀၀၄ - ခုနှစ်၊ ဇူလိုင်လတွင် ဖော်ထုတ်အရေးယူခဲ့သော (ပ)၄၁၂/၂၀၀၄ ပြစ်မှုပုဒ်မ - ၆(၁)။ (ပ)၄၃၈/၂၀၀၄ လက်နက်ဥပဒေပုဒ်မ ၁၉(စ)။ (ပ)၄၃၉/၂၀၀၄ ပြစ်မှုပုဒ်မ ၃၀၂ တို့ကို ကျူးလွန်ခဲ့သော တရားခံ (၆)ဦးတို့၏ ဖြစ်ရပ်အား အမည်နာမများ ပြောင်း၍ ပြန်လည်ရေးသားခြင်းဖြစ်ပါသည်။


➢ **မင်းရွှေသိန်း (ဗင်းဘကျိမ်)**

www.burmeseclassic.com

www.burmeseclassic.com

# ပုံတင်သံ

သိဟကျော်ဝတီ



**လွတ်လပ်ရေး ရပြီးစ ရောင်စုံသူပုန်**
**သူတစ်လူ ငါတစ်မင်း နိုင်ငံရေးအခြေအနေ…**
**တောနေလူတန်းစားတို့၏ဘဝ အခြေအနေကို**
**ရှုမြင်ရမည့် ..**

**ပီပီကိုယ်တိုင်**ဇရာပိုင်းသို့ ရောက်နေပြီဖြစ်သည်။ အသက်အားဖြင့်သည်း (၆၀)ကျော် ရှိနေပြီ၊ ကလေးဘဝက အတွေ့အကြုံတို့သည် ယခုတိုင်အောင်ပင် ရင်ခုန်နေသေးသည်ဟု ထင်ရပါသည်၊ ထိုစဉ် ကလေးဘဝဆိုသည်မှာ ရွာမှာနေစဉ်ကဖြစ်သည်၊ ရွာကို ဓားပြအတိုက်ခံရပေါင်းလည်း များလှပြီ၊ အော်ကြဟစ်ကြ၊ ပြေးကြလွှားကြနှင့်၊ သေနတ်သံများကလည်း ဆူညံသွားသည်၊ ခွေးများက တိုနေရာက အူလိုက်၊ သည်နေရာက ဟောင်လိုက်နှင့်၊ အချိန်မှာ ညသန်းခေါင်ယံအချိန်ကြီး ဖြစ်သည်၊ ကလေးပီပီ ကြောက်လိုက်သည်မှ သောင်းဘီမှာလည်း တစ်ကိုယ်လုံး တဆတ်ဆတ်တုန် သေးစိုကာနေပြီ၊ အမေက မကြောက်နဲ့သားဆိုမှ ပိုကြောက်လာသည်၊ တရှိုက်ရှိုက်ငိုသည်၊

ကျွန်တော်တို့မိသားစု(၄)ယောက် ပုန်းနေသောနေရာမှာ ကိုင်းတောကြီး ဖြစ်သည်၊ မှောင်မည်းကြီးထဲ ကြောက်အား လန့်အားနှင့်သာ ပြေးရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဘယ်နေရာက ကိုင်းတောမှန်းပင် မသိနိုင်ပါ။ အမေရယ်၊ မမရယ် ကျွန်တော်နှင့် (၃)ယောက်ဖြစ်သည်။ မမက ကျွန်တော့်ကို ခါးတစ်ခွင်ပြီး ပြေးလာရသည့်အတွက် မောနေပါသည်။ ကျွန်တော် (၅)နှစ်ခန့်ပင် ရှိပါလိမ့်မည်။ ကိုင်းတောကြီးထဲတွင် အမှိုက်ပုံနှင့် ထင်းစများ မီးရှို့ထားသော ပြာပုံများကိုလည်း မှုန်ဝါးဝါး လရောင်လေးနှင့် တွေ့မြင်ရသည်၊ တိမ်တိုက်ထဲမှ ထွက်လာသည်နှင့် တူပါသည်။ လကွေးကွေးလေးကို တွေ့လိုက်ရမှ အနည်းငယ်စိတ်သက်သာရာရပါသည်။ ခဏအကြာတွင် ကိုင်းပင်များ၌ လှုပ်၍ကြက်သီးမွေးညင်းထသွားသည်။ အိမ်နီးချင်းလင်မယားနှစ်ယောက်နှင့် တွေ့လိုက်ရ၍ အားတက်သွားသည်။

"ပြန်လာခဲ့ကြတော့ဟေ့။ ဓားပြတွေ ထွက်သွားကြပြီ – ထွက်ခဲ့ကြတော့"

ကျယ်လောင်စွာ ထွက်ပေါ်လာသော ရွာထဲက ဘကြီးလှဖေ၏အသံဖြစ်သည်။

"ဟဲ့ – အဲ့ဒါ အစ်ကိုကြီးအသံမို့လား"

"ဟုတ်တယ် – ဟုတ်တယ်"

ကျွန်တော်တို့တစ်တွေ ကိုင်းတောကြီးထဲမှ တိုးထွက်လာကြသည်။ တဖြည်းဖြည်းနှင့် လှည်းလမ်းကြောင်းပေါ်ကို ရောက်လာကြသည်။ အနည်းငယ်လျှောက်မိကြသောအခါ ခဏနားလိုက်ကြသည်။ စောစောက ကြောက်လန့်ပြီး သွေးပူနေသောကြောင့် ဘယ်နေရာရောက်မှန်းမသိသော်လည်း ပုန်းအောင်းခဲ့သောနေရာမှာ ရွာ၏သုသာန်ဖြစ်နေကြောင်း လူကြီးတွေ တိုးတိုးပြောနေသောအသံကို နားစွင့်မိလိုက်သည်၊ ရွာထဲပြန်အဝင်မှာလည်း မမကပင် ကျွန်တော့်ကို ချီရသည်၊

တချို့လူများက နီးရာငှက်ပျောတောထဲမှာ ပုန်းနေသည်ဟု သိရသည်၊ တချို့က ကြံခင်းထဲက ပြန်ထွက်လာသည်၊ တချို့က ပြောင်းခင်းထဲက ထွက်



လာကြသည်။ အသီးသီး ကိုယ့်အိမ်တို့ပြန်ရောက်နေကြလိမ့်မည်၊ အမေတို့ပြောနေသံကြားရသည်မှာ ရွာအရှေ့ပိုင်းက မသိန်းရှင်တစ်ယောက် သေနတ်ထိ၍ ဆုံးသွားပြီတဲ့၊ မသိန်းရှင်ကလည်း ဗိုက်ကြီးသည်ဆိုတော့ ကလေးပါ သေတာပေါ့လို့ အမေတို့ပြောနေကြသည်။ ထိုအချိန်အခါက ဓားပြများသည် ချတ်စက်သေလောက်၊ ရမ်းကားသလောက် အင်မတန်ကြောက်စရာ ကောင်းပါသည်၊

ထိုအချိန်က အလံနီများက တစ်စ တစ်စ ရောက်လာကြသည်၊ သူတို့ တနေ့ဘက်မလာဘဲ ညဘက်မှ လာတတ်သည်။ အလံနီများရောက်၊ ရောက်လာသောအခါ ဓားပြတိုက်ခြင်း မရှိတော့ပါ။ တဖြည်းဖြည်းနှင့် အလံနီများလာသည်ဟု ပြောသံ ဆိုသံလည်း မကြားရတော့ပါ။ အေးအေးချမ်းချမ်းဖြစ်လာသည်။ တချို့နေရာများတွင် တစ်ကိုယ်တော်လူမိုက်များကို ကြောက်နေရသည်ဟု လူကြီးတွေ ပြောဆိုနေကြသည်၊

♠ ♠ ♠

ရွာတွင်မတရားလုပ်လျှင်မခံတတ်သောညီအစ်ကိုနှစ်ယောက်ရှိသည်။ ကျော်သိန်းနှင့်ကျော်ငြိမ်းပင်ဖြစ်သည်။ သူတို့ညီအစ်ကိုနှစ်ယောက်တလည်း အနည်းငယ် နာမည်ထွက်နေသည်၊ တစ်နေ့တွင် အိမ်က မိသားစုများက ဘယ်သွားမှန်းမသိဘဲ ကျော်သိန်းတစ်ယောက်ထဲ တစ်နေကုန်ပျောက်နေခြင်းမှာ စဉ်းစားစရာဖြစ်နေသည်၊

သောင်ထန်းရွာတွင် လူမိုက်တစ်ယောက်ကို နေ့ခင်းဘက်ကြီး ဝင်ရိုက်သွားသည်၊ ရိုက်ပြီးထွက်ပြေးသွားသည်ဟု သတင်းများ ထွက်နေသည်။ ရွာတဝိုင်းလိုက်သော်လည်း လိုက်ရင်းနှင့် ပျောက်သွား၍ရွာသူရွာသားများတွေ့ဘဲ နေလိုက်ကြရသည်ဟု ရွာမှာ သတင်းစကားတွေ ရောက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

နွေဘက်ဖြစ်၍ သောင်တန်းနှင့် ရွာသာညွန့်တို့၏ ကမ်းနဖူးများက မတ်စောက်သည်။ ဧရာဝတီမြစ်၏ ကမ်းနံဘေးရွာများဖြစ်၍ မိုးတွင်းဘက်တရေတိုက်စားပြီး ကမ်းပြိုထားသည်။ ထို့ကြောင့် မြင့်မားသော ကမ်းနဖူးများ ဖြစ်နေသည်။ ကမ်းနဖူးတွင် ကိုင်းပင်၊ ချုံပုတ်များရှိသည်။ ကမ်းခြေရေစပ်တွင်လည်း ပြို၍ထားသော မြေစိုင်ခဲကြီးများနှင့် ကိုင်းပင်၊ ချုံတောများ ရှိကြသည်။

"ဟေ့ - ခင်ထွေး - တံခါးဖွင့်ပါဦး"

အပြင်မှ ကိုကျော်သိန်းအသံကို ကြားလိုက်ရ၏။ ဖနီးဖြစ်သူ ဝမ်းသာသွားသည်။ ဝါးကပ်တံခါးကို ထဖွင့်ပေးလိုက်သည်၊ ခင်ပွန်းကိုမြင်၍ အံ့ဩသွားသည်။

"အို - ဘယ်လိုဖြစ်လာတာလဲ။ တစ်ကိုယ်လုံးစိုရွှဲလို့၊ ခြေထောက်တွေလက်တွေမှာ ပဲကြီးရေတွန့်တောင်ဖြစ်နေပြီ။ လာ - လာ - ရော့ - ရော့ - ပုဆိုးအကျီအမြန်လဲလိုက်၊ ရော့ - ဒီစောင်နဲ့ ပတ်ထား။ ထမင်းခူးလိုက်ဦးမယ်"

"အေး - အေး"

ထမင်းစားပြီး ဖနီးဖြစ်သူကမေး၍ ကိုကျော်သိန်းက ဖာတ်ကြောင်းပြန်ပြလိုက်သည်၊ တခြားတစ်နယ်ကလာပြီး သောင်တန်းရွာမှာ လူမိုက်လုပ်နေတဲ့ ငပွဆိုသောလူမိုက်ကို ဝင်ရိုက်လာသူမှာ ကိုကျော်သိန်းပင် ဖြစ်သည်၊ ပြေးရင်းနဲ့ တောချုံပုတ်အကွယ်ရသည်နှင့်တစ်ပြိုင်နက် ကမ်းနဖူးမှ ရေစပ်သို့ လျှောချပြီး ရေထဲမှာ စိမ်နေလိုက်သည်၊ သူ့ကိုရိုက်ဖို့ လိုက်လာသူမှာ မျက်ခြေပြတ်သွားကြသည်။ ကိုကျော်သိန်း အိမ်ပြန်ရောက်တော့ ည(၈)နာရီခန့်ပင် ရှိနေပြီ။ ညနေမှ စက်ရေထဲမှာ စိမ်ပြီး ပုန်းနေခဲ့ရသည်၊ မသေကောင်း၊ မပျောက်ကောင်း။ တွေ့လျှင် မလွယ်။

♠ ♠ ♠



"ခင်ထွေး - အဝတ်ခင်းလေ"

"အင်း - အင်း"

ဖနီးဖြစ်သူ မခင်ထွေးက ဘုရားကျောင်းဆောင်ရှေ့တွင် အဝတ်ခင်းပေးလိုက်သည်၊ ကိုကျော်သိန်းမှာ စွဲမြဲသော အလေ့အကျင့်တစ်ခု ရှိသည်။ ညဦးပိုင်း ပင်ပန်းပြီး ပြန်လာသည်ဖြစ်စေ၊ မူးနေသည်ဖြစ်စေ ဘုရားဝတ်ပြုပြီးမှ အိပ်ရာဝင်လေ့ရှိသည်။ သိပ်မူးနေလျှင် ဖနီးဖြစ်သူက ထိန်းပေးထားရသည်။ ညည်သူ့ကိုမှ မတရားမလုပ်ပေ၊ မတရားလုပ်သူများကိုလည်း ဗိုလ်မထား။ သနလည်း သေဘေးမှ လက်မတင်ကလေး လွတ်လာပေသည်။ ဖနီးဖြစ်သူဘာ စုတ်တသပ်သပ်နှင့် ဖြစ်နေသည်။

"ရှင် သတိထားနေဦးနော်၊ ရှင်ရိုက်ခဲ့တဲ့လူက ထွေးမောင်ရဲ့တပည့်လို့ကြားတယ်"

"ငါ့ကို မပူပါနဲ့၊ ငါ အားလုံးသိပြီးသားပါ"

♠ ♠ ♠

ကိုကျော်သိန်းတစ်ယောက် ငါးသလောက်ပိုက်ချရာမှ ပြန်ရောက်လာသည်၊ သူ၏အလုပ်က ငါးသလောက်ပိုက်ချခြင်းနှင့် မိုးတွင်းရောက်လျှင် ငါးများတန်းချခြင်း၊ မြုံးထောင်ခြင်း စသော ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ ကိုကျော်သိန်းသည် ပခုံးပေါ်တွင် ထမ်းယူလာသော မှုတ်လီပ်နှင့် လော့တက်ကို အိမ်ရှေ့တွင် ထရံကိုကပ်လျက် ထောင်ထားလိုက်သည်။

"ခင်ထွေးရေ - လှေထဲက ကပ်အောက်မှာ ငါးနစ်ကောင်သွားယူလိုက်ဦး"

www.burmeseclassic.com

သူတို့မှာ ကလေးနှစ်ယောက် ရှိသည်။ အကြီးကောင်လေးက (၇)နှစ်၊ အငယ်မလေးက (၅)နှစ်။ အကြီးက အငယ်လေးကိုထိမ်းရင်း အနီးအနားကို သွားနေကြသည်။ သူတို့မိသားစုက ရလာသော ငါးသလောက်နှစ်ကောင်ကို ရောင်းလိုက်သည်။ ညနေစာအတွက် ကြက်သားဟင်း ရှိသည်။ အိမ်မှာ ကြက်တွေလည်း မွေးထားကြသည်။

ကလေးနှစ်ယောက်လည်း အိမ်ပြန်ရောက်လာကြသည်။ ကိုကျော်သိန်းတို့မိသားစု ညနေစာကို ကြက်သားဟင်းနှင့် ပျော်ပျော်ပါးပါး စားလိုက်ကြသည်။ ရွာသာညွန့်ရွာလေးသည် တစ်နေ့တာ ပင်ပန်းနွမ်းနယ်သမျှ အနားယူလျက် ငြိမ်သက်တိတ်ဆိတ်သွားပါသည်။ ညဘက်တွင် မီးခွက်ငြိမ်းလျက် အိပ်လေ့ ရှိကြသည်။ အလံနီတို့သည် တစ်ခါတလေတော့ လာတတ်ကြသည်။ သူတို့လာလျှင် ညဘက်တွင်သာ လာလေ့ရှိပါသည်။ မားပြတိုက်ခြင်း မရှိတော့သည့်အတွက် ရွာသူရွာသားများ စိတ်ချမ်းသာလျက် ရှိကြသည်။

ရွာတွင် ကာကွယ်ရေးကို အလေးထားလျက် ဆောင်ရွက်လာကြပါသည်။ ရွာသူရွာသားတို့သည် ဘဝပေးသင်ခန်းစာများကို ယူ၍ အသိစိတ်များ ပွင့်လင်းလာကြပြီဖြစ်သည်။ သို့ဖြစ်၍ ရွာသာညွန့်ရွာကလေး တဖြည်းဖြည်း အေးချမ်းလျက် ရှိလာပါသည်။ မားပြရန် အေးသွားသော်လည်း တစ်ယောက်စ နှစ်ယောက်စ လူမိုက်များက တစ်ခါတစ်ရံ ရန်ရှာတတ်ပါသည်။ ရွာတိုင်းတော့ လူမိုက် မရှိပါ။ တစ်ရွာတလေသာ လူမိုက်ရှိသည်။ လူမိုက်လက်ကျန်မျှသာ ဖြစ်သည်။

ရွာသာညွန့်ရွာလေးအိပ်စက်စပြုနေပြီဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ တစ်ခါတလေ ဝေးလံသော ကိုင်းတောကြီးများဆီမှ တောခွေးအုပ်မှ ခွေးအအူသံကို ကြားရပါသည်။ ခွေးအအူသံက စိတ်ကို ချောက်ချားစေတတ်ပါသည်။ ရွာကလေး၏သဘာဝအတိုင်း ညအမှောင်က လွှမ်းစပြုလာပါသည်။ ရွာသူရွာသားတို့သည် စောစီးစွာ အိပ်ရာဝင်လေ့ရှိသည်။ ကိုကျော်သိန်းတို့မိသားစုလည်း အိပ်ရာဝင်ကြပြီ ဖြစ်သည်။



ကိုကျော်သိန်းက အရက်သောက်လေ့ သောက်ထ ရှိသည်။ တစ်ခါတစ်လေ ရေချိန်များတတ်သည်။ ကိုကျော်သိန်းသည် ဘုရားကို ကြည်ညိုသည်။ ကိုင်းရှိုင်းသည်။ အရက်ကိုတော့ မဖြတ်နိုင်ပေ။ မူးသည့်အခါပင်ဖြစ်စေ သတိရှိသည်။ လျှင်သည်။ အကင်းပါးသည်။ သူလုပ်ထားသောအလုပ်အတွက် အမြဲစဉ်းစားသည်။ မေ့မေ့လျော့လျော့မနေတတ်ပေ။ ငွေကြီးကို သူ ရိုက်ထားသည်။ ငွေကြီးက ဇ,ရှိသည်။ ငွေကြီး၏ဆရာ ထွေးမောင်တထက်သည်။ ရဲတင်းသည်။ အငိုက်မှာ အပိုင်ကွက်နင်းတတ်သူဖြစ်သည်။ ဘွတ်ကျော်ရိုက်တတ်သည်။

ရွာမှာလည်း ကျော်သိန်းနှင့် ကျော်ငြိမ်းတို့က ခေသူများ မဟုတ်ပေ။ ကျော်သိန်း၊ ကျော်ငြိမ်းတို့ကြောင့်ပင် မည်သူမျှ မတရား မလုပ်ဝံ့ကြပေ။ သူတို့ညီအစ်ကိုသတင်းက အနီးပတ်ဝန်းကျင်ရွာများသို့ပင် ပျံ့နှံ့နေပါသည်။ ကိုကျော်သိန်းသည် အိပ်ခန်းထဲမှထွက်လာပြီး ဘုရားကျောင်းဆောင်ရှေ့တွင် အိပ်မည်ပြုသည်။ နွေကာလ၏ညဖြစ်သောကြောင့် အနည်းငယ် ပူအိုက်သည်။ ကိုကျော်သိန်းက အရက်၏အရှိန်နှင့်ဖြစ်၍ အိပ်ခန်းတွင်းမှာ သူ မအိပ်နိုင်ပါ။ လှဲပြီး မှိန်းနေပါသည်။ ရုတ်တရက် အိပ်မပျော်သေးပါ။

ည(၉)နာရီခန့် ရှိလိမ့်မည်။ ကိုကျော်သိန်းတို့အိမ်က ဝါးပိုးခြမ်းများကို ခြံ၍ခင်းထားသည်။ နင်းလျှင် အသံမြည်သည်။ ကျူထရံကာ သက်ငယ်မိုးဖြစ်သည်။ ကိုယ့်ဇာတိရွာကလေးနှင့် ပျော်မွေ့နေကြလေသည်။

ထိုအချိန်တွင် လှုပ်ရှားမှုတစ်ခု ပေါ်လာသည်။ ကိုကျော်သိန်းသည် မှိန်းနေရာက ကြမ်းခင်းမြည်သံကြား၍ နားစွင့်နေလိုက်သည်။ အသံက ဆက်မမြည်ပါ။ ကိုကျော်သိန်းက အခန်းထဲက ခြင်ထောင်ကို မ,ကြည့်လိုက်သည်။ မိန်းမနှင့် ကလေးနှစ်ယောက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

ဟိုဟိုသည်သည် နားစွင့်အကဲခတ်ရင်း ဘုရားကျောင်းဆောင်ရှေ့မှာ အိပ်မည်ပြု၍ လှဲနေလိုက်သည်။ နာရီဝက်ခန့်အကြာတွင် ကိုကျော်သိန်း အိပ်ပျော်သလိုလို ဖြစ်သွားသည်။ တိတ်ဆိတ်ငြိမ်သက်နေခြင်းကို "ဝုန်း" ခနဲ အသံတစ်ခုက ဖြိုခွင်းလိုက်ပါသည်။ ထိုအသံနှင့်အတူ ကိုကျော်သိန်းခေါင်းမှာ ပူရှိန်းသွားပါသည်။

ကိုကျော်သိန်း ကံကောင်းသွားသည်။ လူတစ်ယောက်က လျှို့ဝှက်ဝင်လာပြီး ဓားနှင့် ခုတ်လိုက်ခြင်း ဖြစ်သည်။ ခုတ်သူက ချော်လဲပြီး ထိချက်လွဲသွားသည်။ ကိုကျော်သိန်းကလည်း ဘေးမှာ အဆင်သင့်ချထားသော ကိုင်းခုတ်ဓားနှင့် တအားလွှဲ၍ လျင်မြန်စွာ လှမ်းခုတ်လိုက်ပါသည်။ ကိုကျော်သိန်းကို ဓားနှင့် တက်ခုတ်သူသည် အပိုင်ဟု၍ တစ်ချက်တည်းခုတ်ပြီး ဆင်းပြေးသွားသည်။ ကိုကျော်သိန်း၏လက်စလက်နကို သိထားသောကြောင့် ဖြစ်သည်။

အိမ်နီးနားချင်းက တစ်အိမ်သာ ရှိသည်။ ကျန်သောအိမ်များက အနည်းငယ်အလှမ်းဝေး၍ မသိနိုင်ပေ။ အိမ်ချင်းနီး ကိုမြမောင် ရောက်လာသည်။ ကလေးနှစ်ယောက်က မနိုးကြပေ။ မခင်ထွေး နိုးလာသည်။ ကိုကျော်သိန်း၏ နားထင်စောင်းတွင် အပေါ်ယံရှပ်၍ ဓားထိသွားသည်။

"ဘယ်က ဘယ်လိုဖြစ်ကြတာလဲ။ ငါ့အိမ်ရှေ့က လူတစ်ယောက်ဖြတ်ပြေးသွားတယ်။ ငါလည်း ကမန်းကတန်း ထွက်ပြီးလိုက်ကြည့်လိုက်သေးတယ်။ ဘယ်ပြေးသွားမှန်းကို မတွေ့လိုက်ပါဘူး။ တော်သေးတာပေါ့။ အပေါ်ယံရှပ်ထိသွားလို့"

"မြမောင်ရာ - ဘုရားကယ်တာပဲ။ ခုတ်တဲ့လူက ချော်လဲသွားလို့ နည်းနည်းပဲထိသွားတာ။ သူလည်း ကြောက်ကြောက်နဲ့ခုတ်တာဖြစ်မယ်။ ခုတ်ပြေး၊ ပြေးသွားတာ။ ငါလည်း အသင့်ချထားတဲ့ ကိုင်းခုတ်ဓားနဲ့ လှမ်းခုတ်လိုက်တာ။ ထိတော့ ထိသွားတယ်"



ကိုကျော်သိန်း၏ညာဘက်နားထင်အထက်နားတွင် သွေးများထွက်နေသည်။ မိန်းမဖြစ်သူက အဝတ်စဖြင့် သုတ်လိမ်းပေးနေသည်။

"မသေကောင်း၊ မပျောက်ကောင်းတော်။ ဟိုကောင် ထွေးမောင်ပဲနေမှာ ..."

"ဖြစ်နိုင်တာပေါ့ - ခင်ထွေးရာ"

"နည်းနည်းလေးပါကွာ။ ကျော်သိန်း - မင်း တော်တော်ကံကောင်းသွားတာ။ ဒဏ်ရာက နည်းပါတယ်။ အဝတ်နဲ့ပတ်ပြီး စီးထားလိုက်။ မိုးလင်းတော့ ဘုတ်ပွဲရွက်ကို ထောင်းပြီး အုံပေးလိုက်ပါ။ သုံးရက်လောက်ဆို ကျက်သွားမှာပါ။ ကဲ - ကဲ - သတိဝီရိယနဲ့ အိပ်ကြတော့ - ပြန်အိပ်တော့မယ်"

"အေးပါကွာ - အခုလို ဂရုစိုက်တာ ဝမ်းသာပါတယ်"

ကိုကျော်သိန်းက ဘုရားကျောင်းဆောင်ရှေ့တွင် အိပ်မည်ပြုသည်။ ခင်ထွေးက ပေးမအိပ်ပေ။

"ကဲ - ကိုကျော်သိန်း - အထဲမှာပဲ ဝင်အိပ်ပါ။ မအိုက်တော့ပါဘူး"

ကိုကျော်သိန်း၏အနာမှသွေးများကို သုတ်ပေးပြီး အဝတ်ဖြင့် စည်းပေးထားပါသည်။ သူတို့နှစ်ဦး ရင်တထိတ်ထိတ်ဖြင့် အိပ်ရာဝင်သွားကြပါသည်။

❀ ❀ ❀

ရွာသာညွန့်ရွာလေး အိပ်ရာက နိုးလာပါပြီ။ သွားလာလှုပ်ရှားစ ပြုလာပြီဖြစ်သည်။ ကိုင်းထဲ ဆင်းသူဆင်း၊ ဈေးဝယ်ရန် မြို့သို့ လိုက်သူတလိုက်နှင့် အရှက်ဦး၏ ကြည်နူးစရာ အလှနံနက်ခင်းလေးကို တွေ့မြင်ရပြီဖြစ်သည်။ ကိုကျော်သိန်းတို့မိသားစု အကြော်နှင့် ရေနွေးကြမ်း ဝိုင်းဖွဲ့နေကြပါသည်။ မြမောင်လည်း ရောက်လာသည်။

"ဘယ့်နယ်လဲကွ - အနာသက်သာတယ်မို့လား"

www.burmeseclassic.com

"သက်သာပါတယ်ကွာ ..."

ကျော်သိန်းတို့ ရေနွေးကြမ်းသောက်နေခိုက်တွင် ကျော်ငြိမ်း ရောက်လာသည်၊

"ငါ မိုးလင်းမှ သိတာကွ၊ မင်း ဘာဖြစ်သွားသေးလဲ"

"မပြောပလောက်ပါဘူးကွာ၊ နားထင်ကို နည်းနည်းရှပ်ထိသွားတယ်"

ကိုကျော်သိန်းက ပြောပြောဆိုဆို ဒဏ်ရာကို ပြလိုက်ပါသည်၊ မခင်ထွေးကလည်း ရှင်းပြလိုက်သည်၊

"ငါ - ရွာလယ်ပိုင်းက သတင်းကြားလာတာတော့ ထွေးမောင်လို့ ပြောတယ်၊ သူလည်း ဒဏ်ရာပြင်းလို့ ညောင်တုန်းဆေးရုံကို တင်လိုက်ရတယ်လို့ ပြောတယ်"

"ငါ - ကမန်းကတန်း လှမ်းခုတ်လိုက်တာကွ"


"ဒီတစ်ခါ - ထွေးမောင်ကံဆိုးသွားတာပေါ့ကွာ၊ အမြဲတမ်း အနိုင်ယူခဲ့တဲ့ကောင် အခုလိုခံရတာ နည်းတောင် နည်းသေးတယ်"

မြမောင်က ဝင်ထောက်လိုက်ပါသည်၊ ဟုတ်ပါသည်၊ ထွေးမောင်က ရွာစဉ်လှည့်နေသူဖြစ်သည်၊ သူဦးလျှင်တော့ တစ်ဖက်လူ ခံရပေမည်၊ သူ၏ နယ်က တော်တော်ကျယ်သည်၊ သူ့ကိုသိသူ များသည်၊ ကြောက်လည်း ကြောက်ကြသည်၊ သူ့ကို ဝေးဝေးက ရှောင်ကြသည်၊

ကိုကျော်သိန်း လျှပ်တစ်ပြက် ခုတ်လိုက်သောဓားချက်က ထွေးမောင် ပါးတစ်ခြမ်း လန်သွားသဖြင့် ဆေးရုံသို့ပို့၍ ကုသနေရပေသည်၊ ကျော်သိန်း ကျော်ငြိမ်းတို့သည် အရက်သောက်သော်လည်း မတရား မလုပ်ပေ၊ သူများက မတရားလုပ်လျှင်လည်း နေရာမရွေး၊ လူမရွေးသူများ ဖြစ်ကြသည်၊

ကိုကျော်သိန်းမှာ မုန်မုန်ပြုကျင့်တဲ့အလေ့အကျင့်ကောင်းတစ်ခု ရှိသည်၊ ဘုရားဝတ်ပြုပြီးမှသာ အိပ်ရာဝင်လေ့ရှိခြင်းပင် ဖြစ်သည်၊ ထိုကြောင့်ပင် ဖြစ်မည်၊ သေဘေးက လွတ်မြောက်လာခဲ့သည်မှာ နှစ်ကြိမ်တိုင်တိုင် ရှိပြီ၊ ကိုကျော်သိန်း၏ အလေ့အထကောင်းတစ်ခုကို သူ၏မိန်းမဖြစ်သူ မခင်ထွေးတစ်ယောက်သာ သိသည်၊ တစ်ရွာလုံးက အရက်သမားဟုသာ အသိအမှတ်ပြုထားကြသည်၊

ကိုဘလွင်၊ ကိုသံချောင်းတို့က ကိုကျော်သိန်းတို့နှင့် သောက်ဖော်သောက်ဖက်များ ဖြစ်ကြပါသည်၊ ကိုမြမောင်လည်း ပါဝင်လေသည်၊ အရက်သမားဆိုပေမယ့် စိတ်ရင်းစေတနာကောင်းသည်၊ လူတစ်ဖက်သားကို ကွေး



အသံလာရာဆီသို့ ပိုက်လေ့များ သူ့ထက်ငါ လော်ခတ်လာကြသည်။ အနီးသို့ရောက်လျှင် လေ့ကိုသာ တွေ့ရပြီး လူကို မတွေ့ရပါ။ လေ့ကလည်း ဘယ်ညာလူးလိမ့်နေသည်။ လော်တက်ကလည်း လေ့လှုပ်ခါသဖြင့် ဟိုလိမ့်သည်လိမ့်ဖြင့် အသံများ ထွက်ပေါ်နေသည်။ ပိုက်လက်နားကြိုးက လေ့ပဲ့ကို ပတ်ချီထားလျက် တွေ့လိုက်ကြရသည်။

www.burmeseclassic.com

ချစ်တဲ့စိတ်၊ ကူညီချင်တဲ့စိတ် ရှိသည်။ ထိုစိတ်ထားများက ကိုကျော်သိန်းကို ကံကောင်းစေခဲ့သည်။

ကိုကျော်သိန်းတစ်ယောက် ပိုက်မဆင်းဘဲ သုံးရက်လောက် အိမ်တွင် နားနေလိုက်ပါသည်။ ထွေးမောင်၏သတင်းကတော့ မကောင်းပါပေ။ ဆေးရုံက ဆင်းပြီး တစ်လလောက်အကြာတွင် ရွာတစ်ရွာမှာ ဝိုင်းပြီးအရိုက်ခံရသည်ဟု သတင်းကြားရပါသည်။ ဆေးရုံကို ထပ်တက်ရလေသည်။ နောက်ဆုံးကြားရသောသတင်းက ထွေးမောင်ခြေထောက်တစ်ဖက် မသန်တော့ခြင်းပင် ဖြစ်သည်။

* * *

"မြမောင်ရေ - တို့ - ဒီနေ့ည သောင်တန်းပိုက်ချက်ကပဲ မျှောကြတာပေါ့"

"ကောင်းသားပဲ - နီးနီးနားနားပေါ့ကွာ"

သောင်တန်းပိုက်ချက်မှ မြမောင်က အရင်ထွက်၍ ပိုက်မျှောထားလိုက်သည်။ (၁၀)မိနစ်ခန့်အကြာတွင် ကိုကျော်သိန်း ပိုက်မျှောသည်။ ပိုက်ချက်ဆိုသည်မှာ ပိုက်သမားတို့၏ စုရပ်တစ်ခု ဖြစ်သည်။ အလှည့်ဖြင့် ထွက်ရသည်။ မြို့တွင် ဆိုက်ကားဂိတ်၊ ကားဂိတ်များလိုပင် ဖြစ်သည်။ မြမောင်နှင့် ကျော်သိန်းတို့သည် ပိုက်ချက်တွင် ဘလွင်တို့နှင့် ဝိုင်းကျလျက် သောက်ဖြစ်ကြသေးသည်။ အသောက်ဝိုင်းဖွဲ့ပြီးမှ ပိုက်ထွက်ချကြသည်။ ပိုက်မျှောသည်ဟုလည်း ပြောဆိုကြသည်။ နွေရေဖြစ်၍ ရေစီးနှေးသည်။ တစ်ဦးနှင့် တစ်ဦး တစ်ခေါ်ကြားနိုင်လောက်သည့်အကွာအဝေးမှာ ရှိကြသည်။

ပိုက်သမားများတွင် စည်းကမ်းရေးများ သတ်မှတ်ထားကြသည်။ ပိုက်မျှောထားစဉ် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်လိုလျှင် လှေနံကို လှော်တက်ရိုးဖြင့် နှစ်ချက်ခေါက်ရသည်။ ကြားရသူကလည်း နှစ်ချက်ခေါက်၍ အသံပေးရသည်။ တစ်ယောက်နှင့်တစ်ယောက် အဖော်ပြုခြင်းပင် ဖြစ်သည်။ အရေး



အကြောင်းရှိလျှင် လှော်တက်ရိုးနှင့် လှေနံကို အချက်များစွာ ခေါက်ရသည်။ ထိုသို့ အချက်များစွာခေါက်ခြင်းမှာ အကူအညီတောင်းခြင်းဟု သူတို့အချင်းချင်း သိထားကြလေသည်။

ကိုကျော်သိန်းက ပိုက်တန်းဖော့များကို လိုက်ကြည့်လိုက်သည်။ ငါးတိုးနေလျှင် (မိနေလျှင်) ပိုက်ဖော့က မြုပ်လိုက်၊ ပေါ်လိုက် ဖြစ်နေသည်။ ထိုသို့ ဖြစ်နေလျှင် ပိုက်ကို ဆွဲမလိုက်လျှင် ငါးပါလာမြဲ ဖြစ်သည်။ မြစ်ထဲတွင် ရေသေရက်ဖြစ်၍ တရွေ့ရွေ့ဖြင့် မျောနေကြသည်။ တစ်ဦးနှစ်တစ်ဦးလည်း အချက်ပေးဆက်သွယ်ခြင်းများ မလုပ်ကြသေးပေ။ ကိုကျော်သိန်းက ပိုက်လက်နားကြိုးကို လှေပဲ့မှာ ချည်ထားပြီး လှော်တက်ကို လှေနံနှစ်ဖက်ပေါ်မှာ တန့်လန့်တင်ထားလိုက်သည်။ ပြီးလျှင် - လှေပဲ့ထိုင်ခုံကို ခေါင်းတင်ပြီး လှေ ဝမ်းပေါ်တွင် လှဲအိပ်လိုက်သည်။

လေက ငြိမ်သက်နေသည်။ ရေမျက်နှာပြင်က သင်ဖြူးလို ပြန့်ခင်းလျက်ရှိသည်။ အချိန်နာရီတို့သည် ကုန်မှန်းမသိ ကုန်လွန်သွားကြသည်။ တဖြည်းဖြည်းနှင့် အမှောင်ဘက်သို့ ကူးပြောင်းလျက် ရှိသည်။ ပိုက်သမားတို့လည်း တစ်ယောက်နှင့်တစ်ယောက် အချက်ပေး၍ မဆက်သွယ်ကြသေးပေ။ အမှောင်ထုက ပိုက်လာသည်။ ကြယ်ရောင်များ၏ ပြိုးပြက်သော မှုန်ဝါးသောအလင်းရောင်မျှသာ ရှိသည်။ ရွာဆီမှ သက်ကြီးခေါင်းချကြက်တွန်သံများပင် ကြားလိုက်ရပေပြီ။ ထိုအချိန်တွင် ပိုက်သမားတို့၏ မြစ်ပြင်မှ အချက်ပေးသံများ အဆက်မပြတ် ပေါ်ထွက်လာသည်။ တစ်စုံတစ်ရာ အရေးကြီးပေပြီတကား။

အသံလာရာဆီသို့ ပိုက်လှေများ သူထက်ငါ လှော်ခတ်လာကြသည်။ အနီးသို့ရောက်လျှင် လှေကိုသာ တွေ့ရပြီး လူကို မတွေ့ရပါ။ လှေကလည်း ဘယ်ညာလူးလိမ့်နေသည်။ လှော်တက်ကလည်း လှေလှုပ်ခါသဖြင့် ဟိုလိမ့် သည်လိမ့်ဖြင့် အသံများ ထွက်ပေါ်နေသည်။ ပိုက်လက်နားကြိုးက လှေပဲ့ကို ဝတ်ရှိထားလျက် တွေ့လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ – ကျော်သိန်းလေ့ပဲ"

"အေးကွ – ငါးတိုးတာ မဖြစ်နိုင်ဘူး"

"ပိုက်ကို ဆွဲတင်ကြမယ်ကွာ"

မြမောင်က ပိုက်လက်နားကြိုးကို ဖြုတ်၍ ဆွဲမ,ယူလိုက်သည်။

"ဟာ – အလေးကြီးပဲကွ၊ ဘာမှန်းကို မသိတော့ဘူး"

ဘလွင်နဲ့ သံချောင်းတို့လည်း လှေကို အနီးအနားတိုးလာပြီး ဝိုင်းဆွဲကြသည်။ သုံးယောက်မျှ တော်တော်ဆွဲယူရပါသည်၊ သုံးယောက်ဆွဲမ၍ ရေပေါ်ပေါ်လာသည်မှာ ငါးမဟုတ်ဘဲ လူဖြစ်နေပါသည်၊ ကျော်သိန်းဖြစ်နေသည်၊ ပိုက်နှင့်လူနှင့် လုံးထွေးရစ်ပတ်နေခြင်း ဖြစ်ပါသည်၊ ရေထဲ လိမ့်ကျခါစ ဖြစ်လိမ့်မည်၊ ပိုက်ရှုမထွက်ခင်က ပိုက်ချက်မှာ သောက်ကြရာ ရေရှိန်များသွားပုံရသည်။

ကိုကျော်သိန်းသည် အရက်အရှိန်ဖြင့် ရေထဲသို့ ထိုးကျသွားခြင်း ဖြစ်နိုင်သည်၊ အံ့ဩစရာကောင်းသည်မှာ တခြားကို ကျမသွားဘဲ ပိုက်ထဲကို ကျပြီး လုံးထွေးနေခြင်းပင် ဖြစ်သည်၊ သူက ရှန်းလိုက်၊ လှေက လှူးလိုက်နှင့် အချက်ပေးသလို ဖြစ်သွား၍ ကိုကျော်သိန်းအဖို့ ကံကောင်းသွားခြင်းသာ ဖြစ်သည်၊ သူ့အတွက် ပို၍ကံကောင်းသွားသည်မှာ လှေနံနစ်ဖက်ပေါ်သို့ လှော်တက်ကို ကန့်လန့်တင်ထားခြင်း ဖြစ်သည်၊ လှေက လှူးတိုင်း လှော်တက်က ဟိုသည်လိမ့်၍ လှေနံဖြင့် ရိုက်မိပြီး ထွက်ပေါ်လာသောအသံများက ကိုကျော်သိန်းကို ကံကောင်းစေပါသည်၊ လှုပ်ရှားသံက လှေကိုခေါက်၍ အချက်ပေးသလို ဖြစ်နေသည်။

ဘလွင်၊ မြမောင်နှင့် သံချောင်းတို့သည် ကိုကျော်သိန်းကို လှေပေါ် မ,တင်ပြီး ကိုယ်မှာ ရစ်ပတ်နေသော ပိုက်များ ဓားဖြင့် ဖြတ်၍ ခွဲထုတ်ကြသည်၊ ကိုကျော်သိန်းက သတိမေ့နေသည်။

"ဟေ့ – မင်းတို့ပါ လိုက်ခဲ့မှဖြစ်မယ်၊ ပိုက်တွေကို နောက်မှလာသိမ်းကြတာပေါ့၊ ရွာဆိပ်ကို အချိန်မီရောက်မှဖြစ်မယ်"



ကိုကျော်သိန်း၏လှေကို သူ့ပိုက်မှာ ပြန်ချိတ်ထားခဲ့သည်၊ မြမောင်လှေပေါ်ကိုတင်ပြီး ရွာဆိပ်သို့ ထိတ်ထိတ်ပျာပျာဖြင့် အားကုန်လှော်ခတ်လာခဲ့ကြပါသည်၊ ရွာဆိပ်ကို ထိုးဆိုက်လိုက်သည်နှင့် မြမောင်က အသံကျယ်လောင်စွာ အော်ခေါ်လိုက်ပါသည်။

"ဟေ့ – လာကြပါဦးဟေ့၊ ကျော်သိန်း ရေထဲကျပြီး သတိမေ့နေလို့၊ လာကြပါဦးဟေ့"

ကိုမြမောင်က ထပ်ခါ ထပ်ခါ အော်လိုက်ပါသည်၊ ကုန်းပေါ်မှ မီးအိမ်မီးခွက်များနှင့် ဆင်းလာကြသည်၊ သံချောင်းက ဗလကောင်းတောင်းနှင့် ကိုကျော်သိန်းကို ပခုံးပေါ် မှောက်လျက် ထမ်းပြီး ရေစပ်တွင် ခေါက်တုံ့ခေါက်ပြန် ပြေးလိုက်သည်၊ မြမောင်ကလည်း တစ်လှည့်ထမ်းပြေးသည်၊ ပြီးလျှင် ကျော်သိန်းကို ထိုင်ထားပြီး နောက်ကတစ်ယောက်က ဒူးနှစ်လုံးဖြင့် ထောက်လျက် မေးထားလိုက်သည်။

ကိုကျော်သိန်း ဟော့ခနဲ အန်ချလိုက်ပါသည်၊ သူ သတိရစ ပြုလာပါသည်၊ ပုဆိုးပေးသူကပေး၊ အင်္ကျီပေးသူကပေးနှင့် ကိုကျော်သိန်း၏ ရေစိုနေသော ပုဆိုးအင်္ကျီများကို လဲပေးလိုက်ကြသည်၊ မခင်ထွေးလည်း ရောက်လာသည်၊ ကိုကျော်သိန်းကို အိမ်ရောက်သည်အထိ တစ်လှည့်စီ ထမ်းပိုး၍ ပို့လိုက်ကြပါသည်။

ကိုကျော်သိန်းတစ်ယောက် သုံးကြိမ်မြောက် အသက်ဘေးက လွတ်မြောက်ခြင်း ဖြစ်ပါသည်၊ သူ၏အဖြစ်အပျက်မှာ ယုံနိုင်စရာ မရှိပါပေ၊ တစ်ရွာလုံးက တအံ့တဩ ပြောဆိုနေကြသည်၊ မူးရူးပြီး ရေထဲကျတာတောင် မသေနိုင်ဘူး၊ တော်တော်အသက်ပြင်းတဲ့လူပဲ၊ တစ်ရွာလုံးက ပြော၍မဆုံးနိုင်တော့ပေ၊ ကိုကျော်သိန်းက ရေလုပ်သား၊ အရက်သမား၊ တစ်ဖက်သားအပေါ်မှာတော့ စိတ်ကောင်းထားသူ ဖြစ်သည်။

www.burmeseclassic.com

ဘုရား၊ တရား၊ သံဃာ ရတနာ (၃) ပါးကို မမေ့သော ကိုကျော်သိန်းလို့သာ ရွာသူရွာသားတွေ သိစေချင်ပါသည်၊ ဘုရားကို မမေ့သော ကိုကျော်သိန်းလို့သာ သိကြရင်ဖြင့် ...၊

➤ [illegible]

**စာမူရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင်
ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည်
ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊
ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့်
စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ
စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု
ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

# ဖိုးကျော့

## ကပိုင်တောက ချေဟောက်သံ



…သစ်ဖောင်၊ အင်းလျား

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော စပါးကြီးမြွေ၏
လျှို့ဝှက်ချက်များကို ဗဟုသုတရဖွယ်အဖြစ်
လေ့လာဖတ်ရှုရမည် ...

"ကျော်ဝရေ - ဝေး - ကျော်ဝ"

"ဗျို့ - ဘကြီး"

"ငါ့လခွေး - ဘကြီး လုပ်မနေနဲ့၊ ရေကျနေပြီဟ"

"ဟုတ်ကဲ့ - ဟုတ်ကဲ့ပါ"

"အေး - မင်းမြန်မြန်လှော်ဆိပ်သွားလိုက်...၊ လမ်းကြုံတာပဲ - ဟိုကောင် - ကြီးစိန်ကိုလည်း ခေါ်နှိုးသွားဦးဟ၊ သာအောင်ကြီးကိုတော့ ... ငါပဲ ခေါ်လာလိုက်မယ်။ ကပိုင်တောကို ထင်းခုတ်လိုက်မယ်ဆိုတဲ့ကောင်တွေလည်း ဝီရိယနည်းလိုက်ကြတာ...၊ တစ်ယောက်ပြီးတစ်ယောက် လိုက်နှိုးလိုက်ခေါ်နေရတယ်၊ ငါ့ခွေးမပဲ"

ဗျစ်တောက် ဗျစ်တောက်ပြောပြီး ဦးအောင်တိုက် အိမ်ရှေ့က ထွက်သွားသံကြားလိုက်ရ၏။

ကျော်ဝသည် ချက်ချင်း အိပ်ရာက လူးလဲထပြီး လှော်တက်နှင့် ညဦးကပင် အသင့်ဖြင်ထားသော အဝတ်ထုပ်ကို ကောက်ဆွဲကာ အိမ်မှ မပြေးရုံတစ်မည် ထွက်လာ၏။



ကြီးစိန်တို့အိမ်ရှေ့အရောက်မှာ ကြီးစိန်ကို ခေါ်ကြည့်၏၊ သူမိန်းမတသွားနှင့်ပြီး ပြော၏၊ ကြီးစိန်ကို ရွာပြင်၌မီရန် အမြေးလှမ်းရပြန်၏။

ရွာပြင်ရောက်တော့မိုးပေါ်တစ်ချက် မော့ကြည့်လိုက်၏၊ ခုနစ်စင်ကြယ်အအမြီးထောင်နေသည်၊ မနက်သုံးနာရီကျော်ပြီဟု သိလိုက်၏။

ပြာတောချောင်းကမ်းပါးရှိ သူတို့လှေနားအရောက်မှာ လှေထဲက လူသံတွေကို ကြားရသည်၊ ကြီးစိန်နှင့် သာအောင်တို့ကား သူ့ထက်စော၍ လှေပေါ်ရောက်နှင့်နေကြပြီ၊

"ဟော့ကောင် - ဒီရေကျစပြုနေပြီကွ၊ အဘအောင်ကော ..."

"ဘကြီးက ငါ့လာနှိုးပြီး သာအောင်ကြီးကို သွားခေါ်မယ်ဆိုပြီး ထွက်သွားတာပဲ ...၊ ခု - သာအောင်ကြီး ရောက်နေပြီဆိုတော့ လာပါလိမ့်မယ်၊ ငါ့ကိုတောင် ဝီရိယနည်းရလားလို့ ဆူသွားသေးတယ်"

"ဟား - ဟား"

"ဟား - ဟား"

ကျော်ဝ၏စကားကို ကြီးစိန်နှင့် သာအောင်ကြီးတို့က ရယ်လိုက်ကြသည်၊

"ဒီလူကြီးက စိတ်မြန်ကိုယ်မြန်သမားနော်၊ သူနဲ့လိုက်ရင် ဝီရိယရှိမှကြီးစားနိုင်မှကွ၊ အဲဒါကြောင့် - ငါတော့ ညက အိပ်တောင် ကောင်းကောင်းမပျော်ခဲ့ဘူး၊ တစ်ရေးနိုးကတည်းက လှေပေါ်ဦးဆုံးရောက်နေတာ ..."

သာအောင်ကြီး စကားအဆုံးမှာပင် ဦးအောင်တိုက် ရောက်ရှိလာ၏။

"ကဲ - လုပ်ကြ၊ တို့ - ဒီရေကျစနဲ့ လိုက်သွားရင် နောက်တစ်ရေမတက်ခင် သံသမားကြီးကို ရောက်မှာပဲ ..."

ဦးအောင်တိုက်မှာ နှစ်စဉ်နှစ်တိုင်း သွားနေ၊ လာနေကျဖြစ်သဖြင့် ဒီရေအတက်အကျ အချိန်ကာလကိုလည်း နှောနေကျနေသူ ဖြစ်၏၊ ခရီးအကွာအဝေးနှင့် ထွက်ချိန်၊ ရောက်ချိန်ကိုလည်း အတတ်သိသူ ဖြစ်၏။ ထို့ကြောင့်သာ သံသမားကြီးဘက် ကပိုင်ထင်းခုတ်ရန် အသွားအပြန်ကို ဦးအောင်တိုက်ကသာ ဦးဆောင်သည်၊

www.burmeseclassic.com

ကပိုင်ထင်းတွေမှာ မြို့ကြီးကြီးများ၌ ယခုအခါ ဈေးကောင်းရသည်။ ထို့ကြောင့်လည်း သူတို့သည် အနောက်ရိုးမ တောင်ခြေရှိဒီရေရောက် ကပိုင်ဖျိုက်တောထဲတွင် ကပိုင်သား ထင်းခုတ်ရန် ရွာအောက်ရှိ ခနိချောင်းမှ လှေကြီးတစ်စင်းနှင့် သံဗိုင်းမြစ်ပေါက်ဘက် လှော်ထွက်လာကြသည်။

ဦးအောင်တိုက်တို့အဖွဲ့ ကပိုင်တောထဲ ကပိုင်ထင်းလာခုတ်နေကြသည်မှာ ရက်သတ္တနှစ်ပတ် ကျော်လာခဲ့ပြီ၊ ကပိုင်ထင်းများမှာလည်း သူတို့တွက်ခြေနှင့် သူတို့ ရနေကြပြီ၊ နောက်ထပ် တစ်ပတ်ကျော် ခုတ်လိုက်ကြလျှင် လှေကြီးတစ်စင်းအပြည့် ကပိုင်ထင်းများရ၍ ရွာပြန်ကြရုံသာ ...။

ထို့ကြောင့် ဤနေ့၌လည်း သူတို့သည် ကပိုင်ထင်းများကို တက်ညီလက်ညီ ကြိုးစားပန်းစား ခုတ်နေကြ၏။ ထိုစဉ် သူတို့ ယာယီတဲ အထက်နားရှိ တောထဲမှ ဈေးတစ်ကောင် ဟောက်နေသံကို စ,ကြားကြရသည်။ အချိန်မှာ သူတို့ နေ့လယ်စာ စားပြီး ထင်းစတင်ခုတ်ကြချိန်မှာပင် ဖြစ်သည်။

အမှန်က ယခုလို သူတို့တဲနှင့် နီးနီးကပ်ကပ်သာ မဟုတ်သော်လည်း အဲတော်ဝေး၊ အတော်လှမ်းသော တောတောင်တစ်နေရာရာကမှ ဈေဟောက်သံများကို ရက်ဆက်၊ ရက်ခြားလည်း ကြားကြားနေကြရသည်။ ထို့ကြောင့်လည်း ပထမကြား စ,က ဂရုမထားဘဲ ရွာပြန်၊ အိမ်ပြန်စိတ်နှင့် ကပိုင်ထင်း မြန်မြန်ရရေးကိုသာ ကြိုးစားခုတ်နေကြ၏။

သို့သော် နောက်တော့ သူတို့ သတိမထား၍မရတော့ ...။ ဈေဟောက်သံက ထူးခြားသည် ဈေဟောက်သံမှာ အတော်ဝေးဝေးရောက်သွားလိုက်၊ သူတို့တဲနားဘက် ပြန်ရောက်လာလိုက်နှင့် အကြိမ်ကြိမ် အခါခါ မနည်းတော့ ...။ ပြီး - ယခု သူတို့ကြားနေရသော ဈေဟောက်သံမှာ သာမန်လန့်၍ အော်ဟောက်ပြေးသံနှင့်လည်းမတူဘဲ မကြုံမကြားဘူးသော ဈေဟောက်သံမျိုး ဖြစ်နေသည်။ ဈေဟူသည် တိရစ္ဆာန်မှာ အလွန်ကြောက်တတ်သော တိရစ္ဆာန်ဖြစ်၏။ ထို့ကြောင့် အချို့က "ဈေအီး ဈေလန့်" ဟုပင် တင်စားပြောကြသည်။ ဈေများသည် တစ်ခါတစ်ခါ မိမိလေလည်ပေါက်သည်ကိုပင် လန့်ပြီး အော်ဟစ်ထွက်ပြေးတတ်သည်ဆို၏။



ယခုမူ ထိုသို့မဟုတ်၊ ဈေဟောက်သံမှာ ဝေးသွားလိုက်၊ နီးလာလိုက်၊ ဝေးသွားပြန်လိုက်၊ နီးလာပြန်လိုက်နှင့် သူတို့တဲ ပတ်ဝန်းကျင်တွင် တဝဲလည်လည် ဖြစ်နေသည်၊ ထို့ကြောင့် ဦးအောင်တိုက်က -

"မင်းတို့ - ဒီဈေတစ်ကောင် တို့တဲနားလာပြီး ဟောက်နေသံ သတိထားမိကြလား"

ဟု မေးလိုက်၏။ အားလုံးက -

"ကြားနေတာပဲလေ ...။ ဘာဖြစ်လို့လဲ"

ဟု ပြန်ပြောကြသည်၊

"တို့တဲနားလာပြီး တစ်ခါမဟုတ်၊ နှစ်ခါမဟုတ် လာလိုက်၊ ပြန်ပြေးသွားလိုက်၊ ပြန်လာလိုက်နဲ့ ဟောက်နေတာ မထူးဘူးလား။ သွားကြည့်ကြမှထင်တယ်"

"ဟုတ်တယ် - ဘကြီး။ ဒီဈေ - ကျွတ်တမ်းဝင်ချင်လို့ ကျွန်တော်တို့ကို လာချွတ်လှည့်ပါလို့ အော်ခေါ်နေပြီနဲ့တူတယ်၊ သွားကြည့်ကြရအောင် ..."

စကားပြောလျှင် တောမှာ၊ တောင်မှာ မဆင်ခြင်၊ အမြဲအပြောင်အပြွတ်နှင့် ပြောတတ်သော ကြီးစိန်ကို ဦးအောင်တိုက်က မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်သည်။

"မင်းတို့ကြားတဲ့အတိုင်းပဲ၊ စောစောက တစ်ခါ ဝေးဝေးပြေးသွားပြီး ခုတစ်ခါငါတို့တဲနားမှာ လာဟောက်နေပြန်ပြီ။ လာ - သွားကြည့်ကြရအောင်၊ သတိဝီရိယနဲ့တော့ သွားကြရမယ်"

ကပိုင်ထင်းခုတ်နေကြသော ဒီရေရောက်သစ်တောမှ ဦးအောင်တိုက်တို့သည် သူတို့တဲရှိရာဘက် တက်လာ၏၊ ကျော်ဝ၊ ကြီးစိန်နှင့် သာအောင်ကြီးတို့ကလည်း နောက်က တန်းစီး၍ လိုက်ပါလာကြ၏။

သူတို့တဲနား ရောက်လာကြ၏။ ဤတစ်ခါတော့ ဈေဟောက်သံသခင်ကလိုအသံ မဟုတ်တော့ဘဲ တစ်မျိုးကြီး ဖြစ်သွား၏၊ လေးသောတ်

www.burmeseclassic.com

စလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ သူတို့အား နာနာဘာဝတစ်ကောင်ကောင်ကများ ခြောက်လှန့်သောအသံများလားဟု လည်း စိတ်ထဲက ထင်လိုက်ကြ၏။

ခဏရပ်၍ နားစွင့်လိုက်ကြရာ အသံမှာ သူတို့တဲအထက်နားလောက်က အော်ညည်းနေသံ၊ ယခင်ကလိုလဲ့ညီး ဝေးဝေးလံလံရောက်မသွားတော့ ဘာပဲဖြစ်ဖြစ်၊ အသံကြားရာသို့ သွားကြည့်ကြမည်ဟု တဲထဲဝင်ပြီး ဒူးလေးနှင့် မြားပြောင်းလုံ့ကို ဝင်ယူပြီး လိုက်လာကြ၏။

ထိုသို့ လိုက်လာကြရာ သူတို့ရှေ့ သုံးလေးလံအကွာ ချုံစပ်နားတစ်ခု အရောက်တွင် "ရှူး" ခနဲ လေမှုတ်သံကြီးတစ်ခုလိုလိုကို ကြားလိုက်ကြရ၏။ ချေတစ်ကောင်ကလည်း အော်ဟောက် ထွက်ပြေးသွားသည်။ ရှဲခနဲ လေမှုတ်သံနှင့် ဤတစ်ခါ ချေဟောက်အော်မြည် ထွက်ပြေးသွားသံမှာ ယခင်က ကြားခဲ့ကြရသောအသံနှင့်စာလျှင် ပို၍အထိတ်တလန့် ခြောက်ရှို့သွားသံ လို ကြားကြရ၏။ အသံမှာ ဆက်တိုက်မြည်သွားသော်လည်း ပကတိချေ ဟောက်နေသံ မပီသတော့ ...။

ရှူးခနဲအသံနှင့် ချေဟောက်ထွက်ပြေးသွားသံကိုသာ ကြားလိုက်ကြရ သော်လည်း ဦးအောင်တိုက်တို့က ချေ၏အကောင်အထည်ကို မည်သူမျှ မမြင်လိုက်ကြရ။ ထို့ကြောင့် သူတို့သည် "ရှူး" ခနဲ လေမှုတ်သံလိုလို ကြား လိုက်ရသော ချုံနားကို တစ်ယောက်နှင့်တစ်ယောက် လက်ညှိုးညွှန်ပြပြီး ခြေသံလုံလုံနှင့် တစ်လှမ်းချင်း ချဉ်းကပ်လာကြ၏။


ထိုအချိန်မှာပင် စောစောက အော်ဟောက်ထွက်ပြေးသွားသော ချေ ဟောက်သံမှာ ဝေးနေရာမှ သူတို့လက်ရှိ ရောက်နေရာနှင့် နီးလာပြန်၏။ သူတို့လေးယောက်သည် ယခု ချေဟောက်သံထက် လေမှုတ်သံ ကြားရာ ဘက် ချုံထဲကိုသာ အလေးထား ကြည့်လာကြ၏။

"ရှဲ ..."

သာအောင်ကြီး၏ပါးစပ်မှ အချက်ပေးသံကြောင့် အားလုံးခြေလှမ်းရပ် သွားကြ၏။ သာအောင်ကြီးက သူကိုင်လာသော နှစ်လံနီးပါးရှည် ဝါးပြောင်း



"ထိုအချိန်မှာပင် စောစောက မြွေကြီးခေါင်းနှင့် ဆောင့်ထိုးလိုက်၍ လဲပြိုထွက်ပြေးသွားသောချေက မြွေကြီးပါးစပ်နား ဦးခေါင်းရှေ့သို့ ပြန်ရောက်လာပြန်၏။ ချေမှာ ပြေးသွားလိုက်၊ မြွေခေါင်းနှင့် အထိုးခံလိုက်၊ ပြန်ပြေးလာလိုက် လုပ်နေရ၍လားမသိ။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာ၏။"



နှင့် ချုံထဲသို့ ရွယ်ပြလိုက်၏။ သုံးယောက်စလုံး မှင်တက်မိသွားကြသည်။ ချုံထဲ၌ ခွေနေသောမြွေကြီးမှာ နည်းနည်းနောနောအကောင်ကြီး မဟုတ်၊ ခွေထားသောအပုံကြီးမှာ လူကြီးနှစ်တောင်နီးပါး မြင့်၏။

လူလေးယောက် ခြေလှမ်းတုံ့သွားပြီး အံ့ အားသင့် သွားကြစဉ် ချေဟောက်သံက သူတို့အနား ရောက်လာ၏။ ထိုအခါမှ အော်ဟောက်နေ သော ချေကို ဤမြွေကြီး ညှို့ထားမှန်း သိလိုက်ကြ၏။ ထို့ကြောင့် ဦးအောင် တိုက်က ဟုတ်၊ မဟုတ် သိရအောင် သူ့လူများကို နီးစပ်ရာ သစ်ပင်များ၌ ချော်ချင်းကပ်၍နေရာယူ စောင့်ကြည့်နေကြရန် လက်ညှိုးညွှန်ပြလိုက်သည်။ ပြီး - သူတို့အားလုံး ပုန်းကြည့်နေကြသည်။

www.burmeseclassic.com

စောစောက ဟောက်ပြီးထွက်ပြေးသွားသော ချေသည် ဟောက်သံပေးရင်းက မြွေကြီး၏ဦးခေါင်းနား ရောက်လာ၏။ ထိုအခါ မြွေကြီးသည် သူ့ခေါင်းကို နောက်က ဆုတ်အားယူ၍ ချေကို ခေါင်းနှင့် ထိုးဆောင့်ပစ်လိုက်၏။ ချေမှာ တစ်ပြန်နှစ်ပြန် လိမ့်ထွက်သွားကာ သံစဉ်ပျက် အော်ဟောက်ပြီး ထွက်ပြေးသွားသည်။

ထိုအချိန်မှာ မြွေကြီး၏ ခွေနေတဲ့အပုံလည်း ပျက်သွား၏။ ကရွတ်ခွေလို အပုံလိုက် ခွေနေရာမှ တစ်ကိုယ်လုံး စင်းစင်းကြီး ပြေထွက်လာသည်။ အမြီးဖျားကိုလည်း အားယူနေသလို၊ မြေပြင်တွင် တဖုတ်ဖုတ်ရိုက်ခတ်နေ၏။ ထိုအချိန်မှာပင် စောစောက မြွေကြီးခေါင်းနှင့် ဆောင့်ထိုးလိုက်၍ လဲပြီး ထွက်ပြေးသွားသောချေက မြွေကြီးပါးစပ်နား ဦးခေါင်းရှေ့သို့ ပြန်ရောက်လာပြန်၏။ ချေမှာ ပြေးသွားလိုက်၊ မြွေခေါင်းနှင့် အထိုးခံလိုက်၊ ပြန်ပြေးလာလိုက် လုပ်နေရ၍လားမသိ၊ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာ၏။

ဤတစ်ခါ စင်းစင်းကြီးလုပ်နေသောမြွေကြီးသည် သူ့ကိုယ်လုံးကို အားယူမာန်သွင်းလိုက်ပုံရ၏။ မြွေကြီးအလယ်ပိုင်းရှိ အကြေးခွံ၊ အပြင်လွှာက အရေခွံများ ကြွရွအရောင်ထ,ကာ ခေါင်းပိုင်းသို့ ထိုအရောင်များ လှိုင်းတွန့်ပမာ တက်လာ၏။ သူ့ပါးစပ်နား ရောက်နေသော ချေငယ်ကို ထိုးဆောင့်ဖွပစ်လိုက်သည်မှာလည်း ချေငယ်က သုံးလေးပတ် လိမ့်ထွက်သွား၏။ ချက်ချင်း လန့်ဖျပ်ထ,ပြေးသော်လည်း ထ၍မရတော့၊ အသံလည်း မထွက်နိုင်တော့။

မြွေကြီးပါးစပ်နားတွင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ပြေးထ,ရန် ကြိုးစားနေသော ချေငယ်ကို နောက်ကလှံနှင့် ပြေးထိုးရန် လှံရွယ်လိုက်သော ကြီးစိန်ကို ဦးအောင်တိုက်က လက်ပြဟန့်တားလိုက်၏။ တောမှာ တောင်မှာ သူတစ်ပါးအစားအစာကို မနှောင့်ယှက်ကောင်းဟူ၍လား၊ သို့မဟုတ် မြွေညို့ခံထားရသော ချေသားမှာ အပင်းပိတ်သား၊ သရဲ သဘက်ပိုင်အသားလား ဆိုသည်ကို မသိသဖြင့် ကြီးစိန်က အသာငြိမ်ကြည့်နေလိုက်ရ၏။

"ဘကြီး – ဘကြီး – ဒီစပါးကြီးမြွေကို မြန်မြန်သတ်လိုက်ရအောင်လေ။ ဒါမှ – ချေသားလည်း စားရ၊ စပါးကြီးသည်းခြေလည်း ရတာမပေါ့"



သာအောင်ကြီးက ပြောသည်ကို ဦးအောင်တိုက်ကတော့ –

"ချေသားကတော့ မစားကောင်း – မစားရတော့ပါဘူး။ မင်းတို့ နေကြဦး – ဒီလိုမျိုး ငါ့တစ်သက် တစ်ခါမှ မကြုံဘူးလို့ပါ။ မင်းတို့လည်း ဒီအဖြစ်မျိုး ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရဖို့ လွယ်တာမှမဟုတ်တာ။ ချေကလည်း သေပြီ။ အသားကလည်း မစားကောင်းတဲ့အသားဆိုတော့ ကြည့်နေကြပါဦး"

ဦးအောင်တိုက်က လေသံကြားရုံမျှပြော၍ သူ့လူများကို ထိန်းထား၏။

မကြာပါချေ။ မြွေကြီးသည် ညက်ညက်ကျေသွားအောင် လုံးထွေးလိမ်ချုပ်ပစ်ကာ ချေကို စ၍မျိုတော့၏။ မြွေကြီး လုံးထွေးရင်းက ဘယ်လို ဘယ်လို စ,မျိုပစ်လိုက်မှန်းပင် မသိလိုက်ကြ။ တဖြည်းဖြည်းနှင့် နောက်ဆုံး မြွေခံတွင်း အပြင်ဘက်၌ ချေခြေနှစ်ချောင်း တန်းလန်းကြီးဖြစ်နေတော့မှ ကြီးစိန် သာသာမပြော၊ ညာမပြောနှင့် မြွေကြီးကုတ်ဆက်ကို လှံနှင့် ပြေးထိုးလိုက်၏။ ဤတစ်ခါတော့ ဦးအောင်တိုက်လည်း တားချိန်မရလိုက်တော့ပေ။ သို့သော် မြွေကြီး၏အမြီးဖျားအရိုက်မှာတော့ ကြီးစိန် လွင့်စဉ်ထွက်သွား၏။ သူ့လှံ ရှည်ကြီးကမူ မြွေကြီး၏ကုတ်ဆက်တွင် တန်းလန်းကြီး။ ကြီးစိန် လွင့်ထွက်သွားစဉ် သူ့လှံကြီးကိုပါ အမြီးနှင့် မြွေကြီး တဲစ်ပတ်လိမ်ချိုးထည့်လိုက်ရာ ဤတစ်ခါတော့ ကျော်ဝနှင့် သာအောင်ကြီးတို့ကလည်း ပြေးဝင်ခုတ်သတ်ကြရတော့သည်။

မြွေကြီးမှာ နည်းနည်းနောနောအကောင်ကြီး မဟုတ်။ လူကြီးပေါင်ရင်း သတ်ဝင် ကြီး၏။ ချေကို ဖြည်းဖြည်းချင်း မျိုခဲ့သော်လည်း ကြီးစိန်လှံချက်နှင့် ဆော့ဝ၊ သာအောင်ကြီးတို့ ထိုးခုတ်ပိုင်းရိုက်လိုက်ကြသောအခါ ချေသေကောင်ကို ဗွက်ခနဲ အန်ထုတ်ပစ်လိုက်၏။ ပြီး – အမြီးတယမ်းယမ်းနှင့် လူတွေကို လိုက်ရိုက်နေသေး၏။ မြွေကြီး အမြီးရိုက်ချတာနှင့် လဲကျသွားသော ကြီးစိန်မှာ ခါးကို လက်နှင့် နှိပ်နေချိန် ဦးအောင်တိုက်က သူ့လှံနှင့် မြွေကြီးကို မြေစိုက်ထိုးနှစ်ထားလိုက်၏။

ထိုအချိန်ထိ စပါးကြီးမြွေမြီးဖျားလှုပ်ရိုက်၊ ယမ်းရိုက်နေတုန်း။ သို့သော် လူတွေနှင့် မြေစိုက်ထိုးနှစ်ထားသောလှံကို အကြိမ်ကြိမ် လာထိသော်လည်း အားမရှိတော့။ ဦးအောင်တိုက် တအားဖိထိုးထားသောလှံ မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

မြွေကိုယ်လုံးကြီးကို ကျုံပြီး မြေ၌စိုက်ထားရာ မြွေကြီးမှာ များစွာမလှုပ်နိုင်တော့ပေ။

မြွေပါးစပ်ထဲက အန်ထုတ်ပစ်လိုက်သော ရေသေကောင်ကြီးကို သာအောင်ကြီးက ပြေးပြီး ခြေထောက်ကကိုင်၍ မြှောက်ကြည့်လိုက်သော သာအောင်ကြီးက -

"ဟာ - ဘယ်လိုမှ စားဖို့မကောင်းတော့ဘူးဗျ၊ အတွင်းသားတွေ ညက်ညက်ကျေပြီး ဖွဲ့အိတ်လို ဖြစ်သွားပြီ"


ဟု ပြောပြီး မြေပြင်ကို ပစ်ချလိုက်၏။

သာအောင်ကြီး ပြောသည်မှာ မှန်၏။ ရေတစ်ကိုယ်လုံးမှာ သရက်သီးအမှည့်ကို အခွံမနွှာဘဲ လုံးထွေးချေညှစ်ထားသလို ခြေထောက်နှစ်ချောင်းကလွဲပြီး ရေတစ်ကိုယ်လုံး ညက်ညက်ကျေနေလေပြီ။

ဦးအောင်တိုက်တို့အဖွဲ့မှာ ရေသား မစားလိုက်ရသော်လည်း စပါးကြီးသည်းခြေက ရေသားထက် တန်ဖိုးကြီးသဖြင့် ဝမ်းသာအားရနှင့် စပါးကြီးသည်းခြေကို ခွဲယူကြလေသည်။

မှတ်ချက်။ ။ စပါးကြီးကိုယ်ပေါ်ရှိ သည်းခြေသည် တစ်နေ့ သုံးနေရာ ပြောင်းနေသည်ဆို၏။ မနက်တွင် ခေါင်းဘက်ပိုင်းတွင်ရှိပြီး နေ့လယ်ပိုင်းတွင် ကိုယ်၏အလယ်ပိုင်း၌နေသည်၊ ညနေစောင်းသည်နှင့် အမြီးဘက်ပိုင်းကို ပြောင်းသွားသည်ဆို၏။ ဘယ်နေရာ၌ သည်းခြေရှိနေသည်ကို စပါးကြီးကိုယ်ပေါ်က အကွက်ကို ကြည့်ရ၏။ သည်းခြေရောက်၍ တိန်းနေသောနေရာသည် အကွက်ပျက်နေသည်ဆို၏။ စပါးကြီးသည်းခြေ ခွဲယူသူများက အကွက်ပျက်ထဲ၌ သည်းခြေရှိနေသည်ကို အတတ်သိကြသည်ဟု ဆိုလေသည်။

➤ ပြီး




www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ဦးတည်း
အိပ်ခန်းထဲတွင် ရှိနေခိုက် အမျိုးသားတစ်ယောက်
ကျူးကျော်ဝင်ရောက်လာရမှ ..

**တစ်ဦးတစ်ယောက်**သောသူ၏လက်ရှိမှ ထိုသူ သဘောမတူဘဲ မည်သူမဆို ထိုသို့ယူရန်ကိစ္စအလို့ငှာ ထိုပစ္စည်းကို ရွှေ့စေလျှင် ထိုသူသည် ခိုးမှုကျူးလွန်သည် မည်၏။

ကလျာသည် ခိုးမှုအဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖတ်ရှုတွေးတောနေမိသည်။ ဥပဒေကြောင်းအရ သုံးနှုန်းသောစာသားများဖြစ်သဖြင့် ကလျာက ဝေဝေဝါးဝါးသာ နားလည်သည်။ လုံးစေ့ ပတ်စေ့ အဓိပ္ပာယ်ကောက်နိုင်ရန် ကြိုးစားခြင်းမပြုမိ ကိုကိုခရီးသွားမည့်ကိစ္စ ပြင်ဆင်ပေးရန် ရှိနေသည်။

ကလျာက ကိုကိုခရီးသွားမည့် နှစ်ရက်နှင့် သင့်လျော်သောဝတ်စုံ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆေးနှင့် အခြားလိုအပ်သည်များကို ခရီးဆောင်အိတ်တွင် စနစ်တကျထည့်သည်။ လိုအပ်သော စာရွက်စာတမ်းများကိုမူ ကိုကိုက ကိုယ်တိုင်ထည့်လေ့ရှိသည်။ သည်ကြားထဲက မကြာခဏ ဟိုဟာကျန်၊ သည်ဟာကျန်က ဖြစ်သေးသည်။ တော်တော်မေ့တတ်သည့်ကိုကို ပင်။



"ဒီစာချုပ်က အရေးကြီးတယ် – ကလျာရဲ့၊ မေ့မှာစိုးလို့ ကြိုပြီးယူထားတာ"

ကိုကိုက အိမ်ရှေ့ခန်းမှ ထလာပြီး ပြောပြောဆိုဆို ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသောစာချုပ်ကို ကလျာ့ထံသို့ ယူလာသည်။ ကလျာ ပစ္စည်းထည့်ထားသော အိတ်၏ဘေးတွင် ချပြီး ကလျာဖတ်နေသောစာအုပ်ဖြင့် ဖိထားသည်။ အခြားအသုံးလိုမည့်ခြေအိတ်၊ ခေါင်းစွပ်၊ လက်အိတ်တို့ကို ဗီရိုမှထုတ်ယူပြီး အိတ်၏အနီးတွင် စီထားလိုက်သည်။

"ထမင်းပြင်လိုက်မယ်နော် – ကိုကို"

"အေး – ကောင်းသားပဲ"

ကိုကိုက ရေချိုး၊ အဝတ်အစားလဲသည်။ နာရီကြည့်တော့ ညနေ လေးနာရီကျော်ပေပြီ။ အရိုန်လင့်ပြီဖြစ်သဖြင့် ကမန်းကတန်း တန်းစီထားသော ပစ္စည်းများကို ထည့်ရသည်။ ပစ္စည်းထည့်အိတ်ကိုဆွဲပြီး ကသောကမျော ထမင်းဝိုင်းသို့ ချဉ်းကပ်လာသည်။

"အသင့်ပဲ – ကိုကို၊ ဒါက ကကတစ်ဆီပြန်၊ ဒါက ချဉ်ရည်ဟင်း၊ ဒီဘက်က ကိုကိုကြိုက်တဲ့ မရန်းသီးသုတ်၊ ငါးပိရည်၊ တို့စရာ ထည့်ပေးမယ်နော် ကိုကို"

"အေးပါ – မိန်းမရယ်၊ ဟင်းအနံ့ရတာနဲ့ စားချင်နေတာ – အတော်ပဲ"

ကိုကိုက ကလျာထည့်ပေးသောဟင်းတို့မြိန်ရည်ယှက်ရည် စားသည်။ ဆိုစဉ် တိုင်ကပ်နာရီက ငါးနာရီထိုးပြီဖြစ်ကြောင်း ညွှန်ပြနေသည်။ ကိုကိုသည် လက်သုတ်ပြီး ရေတစ်ခွက်ကောက်မော့လိုက်သည်။

"ကလျာတစ်ယောက်တည်း အိပ်ရမည်ဆိုတော့ မင်းတုပ်တွေ သေချာချ သော့ပိတ်နော်၊ တိုက်ခန်းဆိုတော့ လုံခြုံပါတယ်၊ ပထမထပ်ဆိုတော့ သေးကင်းတာပေါ့၊ အရေးထဲ နန့က မရှိဘူး၊ မနက်ဖြန်မှ ပြန်လာမယ် ထင်တယ်"

"စိတ်ချပါ – ကိုကိုရယ်၊ အိပ်ရဲပါတယ်၊ အဆန်းမှမဟုတ်တာ၊ နန့က မနက်ဖြန်ဆို ရောက်မှာမို့ အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်သက်နှစ်နှစ်အတွင်း ယခုလိုဖြစ်စဉ်က အဆန်းမဟုတ်ချေ။ ထိုစဉ် အိမ်ရှေ့လမ်းမပေါ်မှ ကားဟွန်းသံ ကြားရသည်။ ကိုကိုက သူ့ကို လှမ်းခေါ်နေပြီဖြစ်၏။ အိတ်ဆွဲပြီး ထသွားသည်။ တံခါးဝနားတွင် ကလျာ၏နဖူးကို မွှေးမွှေးပေးပြီး နှုတ်ဆက်သွားလေသည်။

၂၃

ကလျာသည် ကိုကိုသွားသည်ကို မျက်စိတစ်ဆုံး ကြည့်ပြီးနောက် အခန်းတွင်းသို့ပြန်လှည့်လာသည်။ အခြားကိစ္စမရှိသည်မို့ ကိုကိုစားသောက်ပြီးသွားသော ပန်းကန်ခွက်ယောက်များကို ဆေးကြောသိမ်းဆည်းသည်။ စားချင်စိတ်မရှိသော်လည်း ညစာကို စားဖြစ်အောင် အနည်းငယ်စားလိုက်သည်။ ပြီးနောက် – အိမ်တံခါးများကို လုံခြုံအောင် လိုက်လံပိတ်သည်။ အိမ်ခန်းရှေ့တံခါးမကြီးကို သော့ချ၊ မင်းတုပ်ချပြီး ပိတ်လိုက်သည်။ စိတ်ချရပြီဟု ယူဆမှ တီဗွီရှေ့တွင်ထိုင်ရင်း အေးဆေးစွာ မြန်မာပိုင်းအစီအစဉ်များကို ကြည့်လေသည်။

အချိန်တို့သည် တရွေ့ရွေ့ ကုန်လွန်သွားသည်။ ညဆယ်နာရီထိုးလေပြီ။ အိပ်ရန်အချိန်ပြီဟု ယူဆ၏။ တီဗွီပိတ်လိုက်သည်။ စောစောက ဖတ်လက်စစာအုပ်မှာ ကိုကို၏ပစ္စည်းထည့်စဉ်က စားပွဲပေါ်တွင် ရှိနေသည်။ စာဖတ်ရင်း အိပ်မည်ဟု တွေးပြီး စားပွဲပေါ်မှစာအုပ်ကို ယူလိုက်သည်။

"အလို – ဘုရားရေ" ဟု အာမေဋိတ်ပြုမိသည်။ ကိုကိုက အရေးကြီးသည်ဟုဆိုသော စာချုပ်မှာ သည်အတိုင်း ကျန်ရစ်ခဲ့ပါရောလား။ ကလျာက စိုးရိမ်တကြီးဖြင့် ကိုကို၏လက်ကိုင်ဖုန်းကို ခေါ်လိုက်သည်။ နာရီဝက်ခန့်ခေါ်သည်အထိ အဆက်အသွယ်မရချေ။ ကိုကို၏အကျင့်တစ်ခုရှိသည်။ ခရီးသွားလျှင် သူပြောစရာရှိက ဖုန်းဖွင့်ပြီးပြောသည်။ ပြောစရာမရှိလျှင် ပိတ်ထားတတ်သည်။ အခြားသူဆက်သွယ်လာမည်ကို စိုးရွံ့၏ဟုဆိုသည်။ ကလျာတလက်လျှော့လိုက်ရသည်။ စာချုပ်ကို မိမိအိပ်ရာအောက်တွင် သေချာစွာသိမ်းဆည်းထားလိုက်သည်။



ညဆယ့်တစ်နာရီ ထိုးတော့မည်။ ကလျာက နောက်ဆုံးအကြိမ်အဖြစ် အိမ်တံခါးအားလုံးကို စစ်ဆေးသည်။ အခန်းရှေ့တံခါးမကြီးကို မင်းတုပ်နှင့် သော့များဖွင့်ပြီး အပြင်သို့ကြည့်သည်။ စင်္ကြံထိပ်ရှိအခန်းဝတွင် ရပ်နေသော သူတစ်ဦးကို တွေ့ရသည်။ ထိုလူက တံခါးဖွင့်ရာသို့ လှည့်ကြည့်သဖြင့် ကလျာနှင့် ဆုံသွားသည်။ ကလျာက တံခါးကို အမြန်ပိတ်ပြီး သော့ချလိုက်သည်။ ထိုလူ၏ စူးစမ်းသလိုအကြည့်ကို ရင်တုန် ပန်းတုန်ရှိသည်နှင့် တံခါးမကြီးမှ ခွာခဲ့သည်။

အိမ်ခန်းမီးအားလုံးကို ပိတ်လိုက်သည်။ အိပ်ခန်းသို့ဝင်ပြီး ပြာလဲ့လဲ့ မီးသီးလေးကို ဖွင့်သည်။ အိပ်ခန်းတံခါးကို ပိတ်မည်ဟု ကြံစည်မိသည်။ သို့သော် တစ်ဦးတည်းဖြစ်၍ ဧည့်ခန်းနှင့် အခြားလှုပ်ရှားမှုများကို မမြင်မတွေ့မှာ စိုးရိမ်မိသည်။ ထို့ကြောင့် အိပ်ခန်းတံခါးကိုဖွင့်ပြီး အိပ်ရာဝင်လိုက်သည်။

၂၄

"ကလျာ၏ လန့်အော်သံနှင့်အတူ ထိုလူက ဖျတ်ခနဲ ရောက်လာသည်။ ကလျာ၏ပါးစပ်ကိုပိတ်ပြီး လည်ပင်းကို ညှစ်ထားသည်။ ကလျာက မှုန်နောက်နေသည့်အကြားမှ အတင်းရုန်းသည်။ ကန်သည်။ အော်သည်။ ဗွမ်းဗွမ်းဝါးဝါးဖြစ်နေသည်။ ထိုလူက သန်မာလွန်းလှသည်။ ကလျာက နောက်ဆုံးအားထုတ်မှုအနေဖြင့် ပင့်သက်တစ်ချက်ရှိုက်ပြီး အိမ်သာလေ့ခါးနုံကိုကန်ပြီး ရုန်းလိုက်သည်။"





www.burmeseclassic.com

www.burmeseclassic.com

ကလျာသည် အိပ်ရာမှ ထထိုင်လိုက်သည်၊ အတန်ကြာ ငိုင်နေရာမှ ထရပ်လိုက်သည်၊ အိမ်ခန်းရှိ တံခါးပေါက်များကို တစ်ခုချင်း လိုက်လံစစ်ဆေးသည်၊ မည်သည့်တံခါးပေါက်မျှ အနေအထားမပျက်ချေ၊ ကလျာသည် ကျေနပ်သွားဟန်ဖြင့် အိမ်ခန်းတံခါးမကြီးကို သွားရောက်စစ်ဆေးသည်၊ မင်းတုပ်ချ သော့ချထားသည်ကို တွေ့ရသဖြင့် ကျေနပ်သည်၊ ဘာမျှမထူးသော်လည်း ပိုမိုသေချာစေရန် ချောင်းကြည့်ပေါက်မှ စကြံသို့ ကြည့်လိုက်မိသည်၊

"အမလေး"

ရင်တုန် ပန်းတုန်ဖြင့် လန့်အော်မိသည်ဟု ထင်သည်၊ လူတစ်ယောက်က ရပ်နေသည်၊ ထိုလူမှာ မအိပ်ခင်က တွေ့ရသော စကြံထောင့်မှလူ ဖြစ်သည်၊ ကလျာက "ဘုရား - ဘုရား" တပြီး တံခါးမှ ခွာလာသည်၊ ဧည့်ခန်းအလယ်သို့ ရောက်လာသည်၊ ထူးခြားသောလုပ်ဆောင်မှု ဘာတစ်ခုမျှမပြုသော်လည်း ရင်တွင်းမှ တဒိန်းဒိန်းခုန်လာသည်၊ စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်လာသည်၊

"ဒီလူ - ဒီအချိန်ကြီးမှာ ငါ့အခန်းရှေ့ကို ဘာလာလုပ်တာလဲ"

ကလျာက တွေးတောရင်း ပြန်လည်သုံးသပ်မိသည်၊ ညက စကြံသို့ မိမိထွက်ကြည့်သည်ကို ထိုလူက တစ်မျိုးတစ်မည် ထင်ဟန်တူသည်၊ "ငါက ရိုးရိုးသားသား၊ သူက ဆန်းဆန်းပြားပြားတွေးလို့ လာရပ်နေတာလား" ဟု စဉ်းစားသည်၊ ထိုအခိုက် အိမ်ခန်းတံခါးမကြီးက တဖြည်းဖြည်းပွင့်လာသည်၊ ပြေးပိတ်မည်ဟုကြံစည်သော်လည်း နောက်ကျနေချေပြီ၊ တံခါးက အတော်အတန်ပွင့်လာနေပြီ ဖြစ်သည်၊

"ဟာ - တံခါးပွင့်လာပြီ - ဒုက္ခပဲ"

ကလျာက ဆောက်တည်ရာမရဖြစ်သွားသည်၊ ခေါင်းနားပန်းကြီးသွားသည်၊ ကလျာက အိပ်ခန်းအတွင်းသို့ ပြေးဝင်ပြီး တံခါးပိတ်ထားမည်ဟု တွေးမိသည်၊ အိပ်ခန်းပြတင်းပေါက်ဖွင့်ပြီးအော်လျှင် အကူအညီရနိုင်မည်ဟု ထင်သည်၊ ထိုအခိုက် ထိုလူက ဧည့်ခန်းတွင်းသို့ ဝင်လာသည်၊ အိမ်ခန်းတံခါးမကြီးကို နောက်ပြန်ပိတ်လိုက်သည်၊

နောက်ကျသွားချေပြီ၊ အိပ်ခန်းအတွင်းသို့ ပြေးဝင်ရန် မဖြစ်နိုင်တော့ချေ၊ ထိုလူက ပိုမိုလျင်မြန်ဖျတ်လတ်သဖြင့် သူ့အကြိုက်ဖြစ်သွားနိုင်သည်



ဟု တွေးသည်၊ ကလျာသည် မီးဖိုခန်းသို့ နောက်ဆုတ် နောက်ဆုတ်ဖြင့် သွားသည်၊ နံရံမှ ဓားဦးချွန်တစ်ခုကို ယူလိုက်သည်၊ စတီးလ်ဓားဖြစ်၍ ပြောင်လက်ထက်မြပြီး ဆယ်လက်မခန့် ရှည်သည်၊ အော်မည်ဟု ကြံစည်သော်လည်း အရှုံးနိမ့်ဖြစ်မည်၊ တိုက်ခန်းဖြစ်၍ လုံခြုံလွန်းသည်၊ မသမာသူအတွက်သာမက ကိုယ့်အတွက်လည်း လုံခြုံလွန်းသဖြင့် စိတ်ပျက်ရသည်၊

ထိုလူက တဖြည်းဖြည်း ရှေ့တိုးလာသည်၊ ကလျာက ဓားဖြင့် ထိုးမည့်ဟန် ခြောက်လိုက်ပြီး အိမ်သာခန်းသို့ ပြေးဝင်သည်၊ အိမ်သာခန်းရောက်လျှင် အဲ့တွင်းမှ မင်းတုပ်ချပြီးနေလိုက်က စိတ်ချရမည်ဟု တွက်ဆထားသည်၊ အိမ်သာခန်းလှေခါးကို ခြေတစ်ဖက်က နင်းမိသည်၊ နောက်ခြေထောက်က ကန်ပြီးအကြွတွင် ရေချိုးခန်းဖြစ်သောကြောင့် နောက်ပြန်ကျသည်၊ "ခွပ်" ခနဲအသံနှင့်အတူ ခေါင်းအတော်မူးသွားသည်၊ ဓားက လွတ်ထွက်သွားသည်၊

"အမလေး"

ကလျာ၏ လန့်အော်သံနှင့်အတူ ထိုလူက ဖျတ်ခနဲ ရောက်လာသည်၊ ကလျာ၏ပါးစပ်ကိုပိတ်ပြီး လည်ပင်းကိုညှစ်ထားသည်၊ ကလျာက မှုန်နောက်နေသည့်အကြားမှ အတင်းရုန်းသည်၊ ကန်သည်၊ အော်သည်၊ ဝူးဝူးဝါးဝါးဖြစ်နေသည်၊ ထိုလူက သန်မာလွန်းလှသည်၊ ကလျာက နောက်ဆုံးအားထုတ်မှုအနေဖြင့် ပင့်သက်တစ်ချက်ရှိုက်ပြီး အိမ်သာလှေခါးခုံကိုတန်ပြီးရုန်းလိုက်သည်၊

❋

"ဒုန်း"

"အမလေး"

သည်တစ်ခါတော့ အတော်နာသည်၊ ကလျာက လန့်အော်လိုက်သည်၊ ကုတင်နှင့် ဆောင့်မိသော မိမိ၏ငယ်ထိပ်ကိုပွတ်ရင်း လန့်နိုးသွားသည်၊ "အို - အိပ်မက်မက်နေပါလား" ဟု ဆင်ခြင်မိသည်၊ ဖြစ်စဉ်တစ်ခုလုံးကို ပြန်လည်တွေးကြည့်သည်၊ "အိပ်မက်မို့ တော်ပါသေးရဲ့" ဟု တွေးပြီး ကျေနပ်သွားပြုံးလိုက်မိသည်၊ ငါစိတ်ထဲစွဲပြီး စိုးရွံ့လို့မက်တာ ဖြစ်မှာပါ" ဟု ဖြေသိမ့်လိုက်ရသည်၊



www.burmeseclassic.com

www.burmeseclassic.com

ကလျာက သေးလေးချောက်ချားသဖြင့် လျှပ်စစ်မီးများအားလုံးကို ဖွင့်ထားရန် ကြံစည်မိသည်။ စားပွဲတင်နာရီကို လှမ်းကြည့်မိသည်။ နံနက် သုံးနာရီ မိနစ်နှစ်ဆယ် ရှိပေပြီ။ ကလျာက ဖာတ်လမ်းအခွေတစ်ခုလောက် ထိုးကြည့်ပြီး မိုးလင်းမှပြန်အိပ်တော့မည်။ အိမ်ဖော်နန ပြန်လာမှ စိတ်ချလက်ချ နေတော့မည်ဟု ကြံစည်မိသည်။

ကလျာသည် မြဲထားသောစောင်ကို ခွာ၍ အိပ်ရာမှထရန် ပြင်လိုက်သည်။ နားပါးသော ကလျာက အသံတစ်ခုကို ကြားလိုက်သည်။ "ကလစ်" ခနဲ မြည်သွားသံနှင့်အတူ အိမ်ရှေ့တံခါးမကြီးဖွင့်သံ ဖြစ်လေသည်။ ကလျာမှာ ခေါင်းနားပန်းကြီးပြီး စိုးထိတ်ရင်ဖို စ ပြုလာသည်။

"ဟော..."

အာမေဋိတ်သံနှင့်အတူ စောင်ကို ပြန်ခြုံမိသည်။ အိမ်ရှေ့တံခါးပိတ်သံက ကျွီ – ကျွီ ဟု တိုးတိတ်စွာ မြည်သွားသည်။ သည်တစ်ခါက အိပ်မက် မဟုတ်ပါချေ။ အမှန်တကယ် ဖြစ်လာပြီဟု တွေးမိသည်။ "ငါ – သေရှာမင်း တုပ်ချထားတာပဲ၊ ဘယ်လိုဖြစ်ပါလိမ့်" ဟု စိုးရိမ်ပူပန်မိသည်။ ကလျာက စောင်ခြုံအကြားမှာ ချောင်းကြည့်သည်။ "ဘုရား – ဘုရား – မဟုတ်ပါစေနဲ့" ဟု ဆုတောင်းမိသည်။ ကလျာ၏ဆုတောင်းကား မပြည့်ပါလေ။

ဘောင်းဘီရှည်ဝတ်လူတစ်ဦး၏သဏ္ဍာန်က အိပ်ခန်းတံခါးဝတွင် ပေါ်လာသည်။ ထိုလူက အိပ်ရာပေါ်မှ ကလျာကို လှမ်းကြည့်သည်။ ကလျာက စောင်ခြုံကြားမှ မျက်လုံးကိုမှေး၍ ခိုးကြည့်သည်။ ထိုလူသည် အခန်းဝတွင် ရပ်နေရာမှ ခြေကိုဖော့၍ အိပ်ခန်းအတွင်းသို့ ဝင်လာသည်။ ကုတင်နှင့် မဝေးသည်မို့ အော်လျှင် သတ်ပစ်နိုင်သည်။ သို့မဟုတ် ဒုက္ခတစ်ခုခု ပေးနိုင်သည်။ ယခုမှ တကယ့်သူခိုးလာချေပြီ။

ထိုလူက ရှေ့သို့ ဆက်မတိုးချေ။ ခေတ္တရပ်နေသည်။ အဝတ်ထည့်ဘီရို၊ ပစ္စည်းထည့်အံဆွဲ၊ စားပွဲပေါ်မှပစ္စည်းများနှင့် တန်ဖိုးရှိပစ္စည်းထားသည့်နေရာတို့ကို တိုးတိတ်ညင်သာစွာ ရှာဖွေနေသည်ဟု ထင်သည်။ သိပ်ပြီးနီးကပ်လွန်းသဖြင့် ကလျာက မျက်စိမဖွင့်ရဲတော့ချေ။ ကြောက်ရွံ့မှုကြောင့် အသားများ မတုန်လှုပ်စေရန် သတိထားနေရသည်။

အိပ်ခန်းအတွင်း တိုးတိုးတိတ်တိတ် စိတ်ကြိုက်မွှေနှောက်ပြီးနောက် ကလျာ၏အနီးသို့ ကပ်လာသည်။ ကလျာက ရသမျှဘုရားစာ၊ ဂုဏ်တော်တွေကို စိတ်တွင်းမှ ရွတ်ဖတ်ပြီး မျက်စိမှိတ်ထားသည်။ ထိုလူက ခေတ္တနှစ်ဟန်ဖြင့် အနားမှ ထွက်ခွာသွားသည်။ သို့သော် အခန်းတွင်းမှ ထွက်မသွားချေ။ အခန်းဝတွင် ကျောပေး၍ ရပ်နေသည်။

ခေတ္တအကြာတွင် အခြားအိပ်ခန်း၊ ဘုရားခန်း၊ မီးဖို၊ အိမ်သာခန်းများဆီသို့ လှည့်လည်သွားလာနေဟန် ကြားရသည်။ ကလျာက အိပ်ခန်းတံခါးကို စွန့်စွန့်စားစား ပြေးပိတ်ရန် ကြံစည်သည်။ ကိုယ်ခန္ဓာကို အသာကြွပြီး ထလိုက်သည်။ မွေ့ယာစပရိန်၏အသံက ကျွိကျွိမြည်လေသည်။ ထိုလူက အခန်းရှေ့သို့ ပြန်ရောက်လာသည်။

"ဗုဒ္ဓေါ"

ကလျာက ဘုရားတပြီး မသိမသာ ကိုယ်ကို တစ်ဖက်သို့ လှည့်လိုက်သည်။ ယခုမှ ခက်ချေပြီ။ အမြင်စွမ်းအားကို အားကိုး၍မရ၊ အသံကိုသာ အားကိုးပြီး လှုပ်ရှားမှုကို ခန့်မှန်းရပေတော့မည်။ "အန္တရာယ်ကင်းပါစေ" ဟု ဆုတောင်းမိသည်။ ထိုလူသည် အခန်းဝမှ ခြေဖွထွက်သွားသော်လည်း ဝေးဝေးသွားဟန်မတူချေ။ ဧည့်ခန်းရှိ ခုံတစ်ခုတွင် ညင်သာစွာ ထိုင်နေဟန်တူသည်။ ဘာသံမှ ထပ်မကြားရချေ။

အရာခပ်သိမ်း တိတ်ဆိတ်ငြိမ်သက်နေသည်။ မည်သည့်လှုပ်ရှားမှုကိုမှ မကြားရချေ။ ကလျာက အခြေအနေကြည့်လိုသည်။ ထိုလူက ကလျာ၏ လှုပ်ရှားမှုအခြေအနေကို ကြည့်နေသည်ဟု တွေးထင်မိသည်။ မိမိလှုပ်ရှားမှု အမှားအယွင်းတစ်ခုခုကြောင့် နီးနေမှန်းသိလျှင် အန္တရာယ်ပြုနိုင်သည်။ ယခုအချိန်ထိ အန္တရာယ်မပြုသည်မှာ အန္တရာယ်ပြုရန် ရည်ရွယ်ချက်မရှိသူဟု ယူဆရသည်။ ဤအတိုင်းနေသည်က မိမိအတွက် လုံခြုံမည်ဟု တွေးဆမိသည်။ ထို့ကြောင့် ငြိမ်နေလိုက်သည်။

ထိုလူနှင့် မိမိအကြားတွင် မိမိက အားသာချက်ရှိသည်ဟု ထင်သည်။ တဖြည်းဖြည်း အချိန်ကုန်မည်။ မိုးလင်းပြီဆိုလျှင် ထိုလူ၏ သရုပ်မှန်ကို သိရမည်။ တိုက်ခန်းပေါင်းစုံ၊ လမ်းပေါင်းစုံ၊ လူပေါင်းစုံတို့အကြားတွင် ထိုလူက မည်သို့ရှောင်လွှဲသွားနိုင်မည်နည်း။ မပင်မပန်းနှင့် သူခိုးရိုက်သူ တစ်ဖြစ်သွားပေလိမ့်မည်။ ယခုအချိန်သည်ပင် လေးနာရီထိုးပြီလော၊ သို့မဟုတ် ကျော်လွန်၍နေပြီလောဟု ခန့်မှန်းနေမိသည်။ နောက်ထပ် တစ်နာရီခန့်သာ အချိန်ဖြုန်းရပေတော့မည်ဟု တွေးတောရသည်။





www.burmeseclassic.com

www.burmeseclassic.com

ကလျာက စိတ်လက်အနည်းငယ်ပေါ့ပါးသွားသဖြင့် စိတ်ကို လျှော့လိုက်မိသည်။ မည်သည့်အတိုင်းအတာအထိ တည်ငြိမ်အေးဆေးသွားသည်ကို မခန့်မှန်းနိုင်ချေ။ ကလျာက အိပ်ပျော်သွားလေသည်။

ဟွန်းသံ၊ ကားသံ၊ ကြွက်စီကြွက်စီအသံများကြောင့်ကလျာနိုးလာသည်။ နေမင်းက ထိန်လင်းလျက်ရှိသည်၊ အိပ်ခန်းအတွင်းသို့ပင် နေရောင်ခြည်က ဖြာကျလျက် ရှိလေသည်။ နာရီကို လှမ်းကြည့်မိသည်၊ နံနက် ခုနစ်နာရီ ရှိလေပြီ။

ကလျာက အိပ်ရာမှ ထမည်ကြံစည်ပြီးမှ စဉ်းစားမိသည်။ ညက အဖြစ်အပျက်များ တစ်ခုစီ ပေါ်လာသည်၊ အိပ်မက်လား၊ အမှန်တကယ်အဖြစ်အပျက်လားဟု တွေးတောမိသည်။ လူသူလှုပ်ရှားသွားလာမှုမပြတ်သဖြင့် ကြောက်ရန်မလိုဟူသော ယုံကြည်စိတ်ဖြင့် ထလာခဲ့သည်။

“ကလျာ – နိုးပြီလား။ ကိုကို – ကော်ဖီဖျော်ပြီးနေပြီ။ မျက်နှာသစ်လိုက်နော်”

“ဟင် – ကိုကို ရောက်နေတယ်။ ဘယ်က ဝင်လာတာလဲ”

ကိုကိုက ရယ်သည်။ အိမ်ရှေ့တံခါးမကြီးကို လက်ညှိုးထိုးပြသည်၊

“အိမ်ရှေ့ကပေါ့။ ကိုကို့သော့နဲ့ဖွင့်ပြီး ဝင်လာတာလေ၊ မင်းတုပ်ချမထားတော့ ကံကောင်းတယ်၊ နို့မို့ – နိုးနေရမှာ – မိန်းမရဲ့”

ကလျာက မင်းတုပ်ချထားသည်ဟု ထင်သည်။ မင်းတုပ်ချမထားဟုဆိုလျှင် ညဆယ်နာရီက နောက်ဆုံးစစ်ဆေးစဉ် သော့သာ ပိတ်မိပြီး မင်းတုပ်မချခဲ့ခြင်းဖြစ်ပေလိမ့်မည်ဟု ယူဆရသည်၊

“ဆောရီး – ကိုကိုရယ်၊ ဘယ်လိုဖြစ်ပြီး ပြန်လာတာလဲ”

“ဟိုဘက်လူကြီးမင်းက အစိုးရအဖွဲ့ဝင်တွေနဲ့ အရေးပေါ်ခရီးထွက်ရတယ်၊ နောက်တစ်ပတ်ရွှေ့လိုက်ကြောင်း၊ အကြောင်းကြားလို့ လမ်းတစ်ဝက်က ပြန်လာကြတာပါ။ အဲ – ပြန်လာရတာ ကံကောင်းတယ် – ကလျာရဲ့ အိမ်မှာ စာချုပ်ကျန်ခဲ့လို့၊ လမ်းရောက်မှ သတိရတယ်၊ ကလျာသိမ်းထားလား”

ကလျာက ကိုကို၏မေ့လျော့တတ်ပုံကို သဘောကျသဖြင့် နောက်ပြောင်မည်ဟု ကြံစည်မိသည်၊ ခက်သည်က ညက မွှေနှောက်ရှာဖွေနေသူမှာ ကိုကိုဖြစ်လျှင် ပြဿနာမဟုတ်ချေ၊ ကိုကို မဟုတ်ချေက ပြဿနာတက်ပေရော့မည်၊ ဘာမှုမဖြစ်ကြသော်လည်း မည်သို့ဖြေရှင်းရမည်နည်း။ “ကိုကို ဘယ်အချိန်ရောက်လဲ” ဟု မေးမြန်းက သံသယပါနိုင်သည်၊ ကိုကိုသည် မေ့တတ်သော်လည်း ပါးနပ်သူ မဟုတ်ပါလော၊ ထို့ကြောင့် လွယ်လွယ်ကူကူ ဖြေရှင်းလိုက်သည်၊

“သိမ်းထားတယ် – ကိုကိုရဲ့ ကလျာ့အိပ်ရာအောက်မှာ ရှိတယ်လေ”

ကလျာက ဖြေပြီးနောက် တွေနေသည်။ မိမိစကားတွင် အမှားပါ၊ မပါ စဉ်းစားနေရသည်။

“ကလျာ – ဘာတွေစဉ်းစားနေတာလဲ – ဘာဖြစ်လို့လဲ”

ကလျာက လျှင်မြန်စွာဖြေရသည်။

“ဘာမှမဟုတ်ပါဘူး – ကိုကိုရဲ့၊ ကိုကို့အကြောင်း စဉ်းစားကြည့်နေတာပါ။ ‘မေ့တတ်လို့ မှတ်စုစာအုပ်ထားတယ်။ မှတ်စုစာအုပ် မေ့ကျန်ခဲ့တယ်’ ဆိုတဲ့ လူလို ဖြစ်နေလို့ပါ။ သတိလည်း ထားပါ – ကိုကိုရယ်”

ကိုကိုက အားပါးတရ ရယ်လေသည်၊ သဘောကျစွာဖြင့် ကလျာ့ကို ထောက်ခံချက် ပေးသည်၊

“ကလျာ ပြောလည်း ပြောစရာပါကွာ၊ ကိုယ့်အဖြစ်က ဒီအတိုင်း အမှန်”

ကလျာက စိတ်လက်ပေါ့ပါးစွာဖြင့် ကိုကို့ခါးကို ဖက်လိုက်သည်၊

“ကိုကိုက ကလျာမသိအောင် အိမ်ထဲနိုးဝင်တယ်၊ ပြီးတော့ – ကလျာ စနစ်တကျထားတဲ့ပစ္စည်းတွေကိုယူပြီး ကော်ဖီဖျော်တယ်၊ ပေါင်မုန့်ကင်တယ်၊ ကြက်ဥပြုတ်တယ်၊ တစ်စုံတစ်ယောက်ရဲ့ပစ္စည်းကို ပိုင်ရှင်သဘောမတူဘဲ၊ မသိဘဲ ရွှေ့လျားစေရင် သူခိုးလို့ဆိုတယ်၊ ကလျာဖတ်ရတယ်၊ ဒီတော့ – ကိုကိုသူခိုးပေါ့ – သူခိုး”

ကိုကိုက အားပါးတရရယ်မောရင်း ကလျာ့ကို ပွေ့ချီလိုက်သည်၊ ကလျာက သဘောကျစွာ တုံ့ပြန်ရယ်မောရင်း ကိုကို့ကို ဖက်ထားလိုက်သည်။ သို့သော် ရင်တွင်းကမူ ညက ပစ္စည်းရှာသူသည် အခြားသူလော၊ ကိုကိုလော (သို့မဟုတ်) သူခိုးလော၊ ကိုကိုလော ဟု စဉ်းစားနေမိပါသတည်း။

www.burmeseclassic.com

"ဟော - ကိုကျော်ကာဒိုး ပြန်လာပြီ၊ သားကြီးရေ - မင်းအဖေ ပြန်လာပြီဟေ့"

ရုန်းအိမ်ကြား၊ ရှစ်အိမ်ကြားခေါ်သံကြောင့် ဝန်းကျင်ကို ဆူညံသွားစေသည်၊ ခေါ်သံပြုသူက မကြွက်မ၊ အစကတည်းက အသံကျယ်လွန်းသည့်အတွက် နားကြားပြင်းကတ်ရသည့်အထဲ တမင်တကာ အသံချဲ့ပြီး အော်သံကြောင့် ဘေးဝန်းကျင်ကလူတွေ ပိုပြီးခံပြင်းမိနေကြသည်က အမှန်၊

"ဟိုကောင်မ - သူ့လင် တောလည်ရာက ပြန်လာလို့၊ သားကောင်ပါလာလို့ တမင်အရွဲ့တိုက်ပြီး အော်နေတာအေ့"

"ဟုတ်ပါ့အေ့ - ပတ်ဝန်းကျင်မှ အားမနာဘူး"

# တွင်းကြီးသား တင်ဝင်းဦး







www.burmeseclassic.com

www.burmeseclassic.com

ဘေးအိမ်က မီးမပွေ့ပါးစပ်များဆီကအသံများပင် ဖြစ်သည်။ သို့သော် မကြွက်မကတော့ ထပ်ပြီးအော်ဆဲ -

"သားကြီးရေ - မင်းအဖေ ပြန်လာပြီဟေ့။ တောကြွက်တွေရော၊ ငှက်တွေရော စုံလို့ဟေ့။ အမေတို့ကတော့ အဆုံပြီဟေ့။ အကြော်တစ်မျိုး၊ အချက်တစ်မျိုး လုပ်ပစ်ရမယ်ဟေ့"

သားဖြစ်သူ ကြွက်နီကို မြင်ပါလျက်ကယ်နှင့် ဝန်းကျင်ကြားအောင် ထပ်ပြီးပြောလာသည်။ ပြောရင်းနှင့် လမ်းမပေါ်တွင် ရှိနေသေးသော ကိုကျောက်ဒိုးထံ အပြေးတစ်ပိုင်းသွားသည်။ သားဖြစ်သူကြွက်နီပါ မနေသာတော့။ အဖေ့ဆီ ပြေးရသည်။

"ပေး - ပေး - ကိုကျောက်ဒိုး။ လေးနေမှာပေါ့ - ကျုပ်ကိုပေး"

ကိုကျောက်ဒိုးလက်ထဲက တောကြွက်တွေ သီထားသည့်ကြွက်အသေတွဲကြီးကို ယူသည်။ တောကြွက်အကောင်နှစ်ဆယ်ကျော်ပြီ၊ လေးငါးပိဿာခန့် လေးသည့် အလေးအပင်မျိုး။ ဇနီးဖြစ်သူ မကြွက်မဆီ ကြွက်တွဲကြီးကို ပေးရင်း ပြုံးနေသူက ကိုကျောက်ဒိုး။ သုံးလေးမိုင်ခန့်အဝေးရှိ ဖုန်းဆိုးတောတနေ သယ်လာရသည့် အလေးအပင်မို့ အတော်ပင်ပန်းသည်။ ဒီကနေ့ တောကြွက်တွေအပြင် ငှက်တွေပါရလာသည်မို့ နေ့တွက်စီလေသည်၊ တောကြွက်တွေကိုသီးခြားသီ၊ ငှက်သေတွေကိုအိတ်ထဲထည့်ပြီး လွယ်လာရသည့် ကိုကျောက်ဒိုး။ ပြီးတော့ - လေးခွနှင့် ယောက်စာလုံး ထည့်ထားသည့် လွယ်အိတ်က တစ်ဖက်လွယ်ထားရသလို တောကိုင်းဓားရှည်က တစ်ချောင်း။ ပြီးတော့ - ခက်ရင်းက တစ်ချောင်းမို့ ပစ္စည်းက စုံသည်။ ဇနီးဖြစ်သူလက်ထဲ တောကြွက်တွဲကို ပေး၊ သားဖြစ်သူဆီကိုတော့ ဓားရှည်နှင့် ခက်ရင်းကိုပေး။

ဒီတော့မှ ပေါ့ပါးသလို ခံစားလိုက်ရသူက ကိုကျောက်ဒိုး။

အိမ်ထဲ ဝင်လာခဲ့ပေမယ့် မကြွက်မကတော့ တောကြွက်တွေကို အမွေးကျွတ်အောင် မီးမြှိုက်ဖို့ မီးမွှေးနေပြီ။ မီးတောက်လို့ မီးသွေးတွေ ရဲပြီဆိုတော့ တောကြွက်တွေကို တစ်ကောင်ချင်း မီးမြှိုက်သည်။ အမွေးတွေကို လက်နှောင့်နှင့် တွန်းချွတ်နေသည်။ အားလုံး အကောင်နှစ်ဆယ့်လေးကောင်၊ တစ်ကောင်တစ်ကောင် တစ်ဆယ်သား၊ တစ်ဆယ်သားကျော်၊ တစ်ဆယ့်ငါးကျပ်သားခန့်အထိ ကြီးသည့်အကောင်တွေ ပါနေသည်။

သားဖြစ်သူက မိခင်ကို ကူညီလုပ်ရင်း ရှိသည်။ ကိုကျောက်ဒိုးသည် ကြွက်မ ကြွက်အမွေးချွတ်ပြီးသည်နှင့် အရံသင့်မြည့်နေအောင် သွေးထားသည့် ဓားဦးချွန်တစ်ချောင်းယူပြီး အပြင်ကို လာခဲ့သည်။ ပြီးတော့ - မီးမြှိုက်ပြီး တောကြွက်များကို ရင်ခွဲ၊ ရင်ခွဲပြီး အတွင်းကလီစာများကို ထုတ်၊ ထုတ်ပြီး ကလီစာများကို ဖလုံအပေါက်ထဲထည့်၊

ကလီစာထုတ်ပြီး ကြွက်များကို မကြွက်မက ကျပ်တင်ဖို့အတွက် မီးထပ်မွှေးနေသည်။ မီးကျီးခဲတွေ ရဲရဲနီလာတော့ ရင်ခွဲပြီးသား ကြွက်တွေရဲ့ဝမ်းဗိုက်ထဲကို ကန့်လန့်ဖြတ် အရံသင့်လုပ်ထားတဲ့ ဝါးတုတ်ကလေးတွေနဲ့ ကြွက်တွေရဲ့ ရင်အုပ်သား ဟိုဘက် ဒီဘက် နှုတ်ခမ်းသားကို ထောက်နေသည်။ ကြွက်များသည် တုတ်များ၏အထောက်အပံ့ကြောင့် ခပ်ကားကားနှင့် ကျား အသေအရေခွံကို နေလှန်းထားသည်နှင့် တူနေချေသည်။

"ကဲ - ပြီးပြီ - မိကြွက်။ အား - ငါနားဦးမယ်။ မနက်ကလက်ကျန် ရှိသေးလား။ မရှိရင် - ကြွက်နီကို အဝယ်ခိုင်းဦး"

ကိုကျောက်ဒိုးက ထိုင်ရာမှ ထလိုက်ပြီး ခါးကိုဆန့်၊ လက်နှစ်ဖက်ကို မြှောက်ရင်း ပြောသည်။ မနက်ကလက်ကျန်ဆိုတာက အရက်ကိုပြောတား

"တစ်ပိုင်းတော့ ကျန်သေးတယ်။ အဲဒါအရင်သောက်၊ ကုန်မှ ထပ်ပြီး ဝယ်ပေးမယ် - သိလား"

"အင်း - အင်း"

လက်ထဲရှိ ကြွက်များကို ရင်ခွဲရသည့်ဓားတိုလေးကို ချခဲ့ပြီး အိမ်ထဲ ဝင်သည်။ ပြီးသည်နှင့် ချက်အရက်လက်ကျန်ကို သောက်ဖို့မနေ့က ရလာသည့် တောကြောင်ရဲ့ပေါင်တစ်ခြမ်းကို ချပြီး မြည်းနေမိသည့် ကိုကျောက်ဒိုး။

www.burmeseclassic.com

“ဒေါ်ဘုမက တောင်းပန်သည့်လေသံနှင့် ပြောလာသည်။
မိခင်၏စကားသံအဆုံး တောက်တစ်ချက် ခေါက်လိုက်သူက ကျောက်ဒိုး။
မိခင်ကိုယ်တိုင်က အောက်ကျို့ပြီး ဖခင်အတွက် ချိုးအသေတစ်ကောင်
လာဝယ်တာကိုပင် မသေထာသည့်ကျောက်ဒိုး။”



အိမ်အပြင် တမာပင်အောက်မှာတော့ မကြွက်မနှင့် သားဖြစ်သူတို့ တောကြွက်များကို ကျပ်တင်ဖို့တပြင်ပြင်၊ အလုပ်ရှုပ်နေကြသည်လေ၊ ဒီကနေ့အတွက်ကတော့ ကိုကျောက်ဒိုးတာဝန် ပြီးသွားပြီ၊ သူ့တာဝန်က တောလည်ဖို့၊ သားကောင်ရဖို့၊ ရလာတဲ့သားကောင်တွေကို ရောင်းချဖို့ကတော့ မကြွက်မရဲ့တာဝန်လေ၊ အခု - မကြွက်မရဲ့တာဝန်သာ ကျန်တော့သည်၊ သားဖြစ်သူက ငှက်အမွေးနုတ်၊ သူ့တာဝန်နှင့်သူ၊

သုံးလေးခါ မော့ရှုံနှင့် အရက်တစ်ပိုင်းကုန်ပြီး နောက်ထပ် သားဖြစ်သူကို အရက်တစ်ပိုင်း ထပ်ဝယ်ခိုင်းပြီး အပြီးသောက်ကာ စိတ်ချလက်ချ အိပ်ပျော်သွားသူက ကိုကျောက်ဒိုး၊ ထိုအချိန် ခံတောင်းထဲ လင်ဗန်းတစ်ချပ်သည့်၊ လင်ဗန်းထဲ တောကြွက်များကို အစီအရီထည့်ပြီး ရွာထဲ ထွက်ခဲ့သည်၊

“ဟောဒီက တောကြွက် - တောကြွက်”

“တောကြွက်တွေ ရမြို”

မကြွက်မအသံက ပိုပြီးကျယ်လောင်နေသည်၊ အော်ရင်း ဟစ်ရင်းတိုက ခေါင်း၊ ဒီက ခေါင်းနှင့် နားကိုစွင့်၊ မျက်စိကို ဖွင့်သွားနေသည့် မကြွက်မ၊ မျက်စိနှင့်နားသာမက ပါးစပ်ကလည်း တကြော်ကြော်အော်နေဆဲ၊

“ဟောဒီက တောကြွက်ကျပ်တင်တွေ”

“တောကြွက်တွေ ရမြို - အရပ်ကတို့ရေ”

မကြွက်မ ရွာထဲလည်ရောင်းဆဲ၊ သားဖြစ်သူ ကြွက်နီလည်း ငှက်များ၏ အမွေးကိုနုတ်ဆဲ၊ ကိုကျောက်ဒိုးကတော့ ပင်ပန်းလာတာရော၊ အရက်အရှိန်ကြောင့်ပါ တခူးခူးအသံပြုကာ ဟောက်ရင်း အိပ်ပျော်ဆဲ၊

“ခင်များကိုဘယ်နှခါပြောရမလဲ - အမေ၊ တောလည်ရာကအပြန် တောကောင်တွေ ရလာတဲ့အချိန်မျိုးကို မလာပါနဲ့လို့ ပြောထားရဲ့သားနဲ့ ...”

ကျောက်ဒိုးက တောကြွက်ကြီးများကို မီးမြှိုက်ရင်း ပြောသည်၊ ပြောရင်း မိခင်ဖြစ်သူ ဒေါ်ဘုမထံ မကြည့်၊ တဖျစ်ဖျစ်နှင့် မီးလောင်နေသည့် အမွေးတုံးလုလု ကြွက်များဆီကိုသာ ကြည့်ရင်း ရှိသည်၊ ဒေါ်ဘုမသည် ခပ်နွမ်းနွမ်း ထဘီကို ပြင်ဝတ်ရမလို၊ ရပ်နေရမလို၊ လှည့်ပြန်ရမလိုလို ဖြစ်နေရှာသည်၊

“ကြွက်မလာရင် ရန်တောင်ခံနေရဦးမယ်၊ တော်ပါသေးရဲ့ - ကြွက်မ ရွာထဲသွားပြီး အကြွေးတောင်းနေလို့၊ ကဲ - ပြော - ဘာလဲ - အမေ၊ ကြွက်လိုချင်တာလား၊ ငှက်သားလိုချင်တာလား”

ကျောက်ဒိုးက လမ်းမဆီသို့ သူ့မိန်းမ ကြွက်မ လာလေသလားဟုပြီး ကြည့်ရင်း ပြောသည်၊ တကယ်တော့ - ကျောက်ဒိုးသည် ဇနီးမကြွက်မကို

www.burmeseclassic.com

www.burmeseclassic.com

မကြောက်ပါ။ အခု – မကြွက်မ မရှိ။ ရွာထဲသို့ မနေ့က ရောင်းထားသည့်ကြွက်ကင်ဖိုး သွားတောင်းနေသည်။ ဒီတော့ – တောလည်ရာက ပြန်လာသည့်အခါ ရလာသည့် တောကြွက်များကို မီးမြှိုက်၊ အမွေးနုတ်နေရသည်၊ သားကြီး ကြွက်နီက အရက်ဖိုသွားပြီး အရက်ဝယ်နေသည်လေ။

ဒီအချိန် ရောက်လာသူက မိခင် ဒေါ်ဘုမ –

“ဟို – မင့်အဖေ – သိပ်နေမကောင်းလို့၊ အဲဒါ – ဟို – ချိုးသားစားချင်တယ်ဆိုလို့ လာခဲ့တာလေ။ ချိုးပစ်လို့ ရခဲ့ရင် တစ်ကောင်လောက် ရောင်းပါလား – သားရယ် – နော်”

“တောက်”

ဒေါ်ဘုမက တောင်းပန်သည့်လေသံနှင့် ပြောလာသည်၊ မိခင်၏စကားသံအဆုံး တောက်တစ်ချက် ခေါက်လိုက်သူက ကျောက်ဒိုး။ မိခင်ကိုယ်တိုင်က အောက်ကျို့ပြီး ဖခင်အတွက် ချိုးအသေတစ်ကောင် လာဝယ်တာကိုပင် မသထာသည့်ကျောက်ဒိုး။

ကျောက်ဒိုးက တောက်ခေါက်အပြီး ကြွက်တစ်ကောင်ကို အမွေးနုတ်ရင်းက ဘုတ်ခနဲ ပစ်ချပြီး အိမ်ထဲဝင်၊ ငှက်အသေတွေ ထည့်ထားသည့်အိတ်ထဲကို လက်နှင့်နှိုက်၊ ချိုးလေးကောင် ရလာသည့်အထဲမှ အသေးဆုံး အသေတစ်ကောင်ကို ဆွဲယူလိုက်သည်။ ပြီး – အပြင်ကိုထွက်လာကာ မိခင်ဖြစ်သူထံ ဒေါသနှင့် ပေးလိုက်သည်၊

“ရော့ ...”

မိခင်လက်ထဲ ချိုးအသေတစ်ကောင် ပေးပြီး ကြွက်ကို အမွေးနုတ်နေသည်၊ ထိုအချိန် သားဖြစ်သူ ကြွက်နီ ရောက်လာသည်၊ လက်ထဲမှာ အရက်ပုလင်းတစ်လုံးနှင့်၊

“ပြန်တော့လေ – အမေ၊ ကြွက်မလာရင် ခင်ဗျားကိုရော၊ ကျုပ်ကိုပါ ရန်တွေ့နေဦးမယ်”

“ဟို – ဘယ်လောက်ပေးရမလဲ – သားကြီး – ပြောလေ”



“မယူပါဘူး၊ ပြန်မှာသာ ပြန်တော့”

ကျောက်ဒိုးက လှည့်မကြည့်ဘဲ ပြောသည်၊ ချိုတုံ့ချတုံ့နှင့် ဒေါ်ဘုမက ပြန်ဖို့ပြင်သည်၊ ထိုအချိန် မြေးဖြစ်သူ ကြွက်နီ အနားလာရပ်သည်၊

“အမေကြီး ...”

“မြေးလေး ...”

ကြွက်နီက ဒေါ်ဘုမခါးကို ဖက်သည်၊ ခေါင်းမော့ကြည့်ရင်း ပြုံးနေသည်၊ ဒေါ်ဘုမက ချိုးတစ်ကောင်ရဲ့တန်ဖိုးအတိုင်း ထောင်တန်တစ်ရွက်ကို ကြွက်နီ လက်ထဲ ထည့်သည်၊

“ဟင့်အင်း – မယူချင်ဘူး”

ကြွက်နီက ငြင်းသည်၊ ပြန်ပေးသည်၊ ပေးလိုက်၊ ပြန်ပေးလိုက်နှင့် မြေးအဘွားနှစ်ယောက် အလုပ်ရှုပ်နေချိန် ပြန်ရောက်လာသူက မကြွက်မ –

“လူလေး – ဘာလုပ်နေတာလဲ၊ သွား – အဖေ့ဆီ ကူလုပ်”

ကြွက်နီက ဒေါ်ဘုမကို ပြုံးပြရင်း ကျောက်ဒိုးဆီ ပြေးလာသည်၊ ပြီးတော့ ကြွက်အမွေးကို ကူနုတ်သည်၊ မကြွက်မ၏မျက်စောင်းတစ်ချက် အခဲခံရသည့်အချိန် ဒေါ်ဘုမ ဆက်ပြီးမရပ်ရဲ၊ မနေရဲတော့။ ချိုးငှက်အသေကို ထဘီနှင့် ကွယ်ယူပြီး အပြေးပြန်ခဲ့ရသည့်အဖြစ်မျိုး၊

“တော့်အမေ – ဘာလာလုပ်တာလဲ – ကိုကျောက်ဒိုး၊ ဘာလိုချင်လို့လဲ၊ ဘာတွေပေးလိုက်သေးသလဲ”

“အလည်လာတာပါကွာ”

ဟု ပြောရင်း မကြွက်မကို ကြည့်ရင်းပြုံးပြမိသည့် ကျောက်ဒိုး၊ မကြွက်မ ဘာမှဆက်မမေးတော့၊ မယုံသင်္ကာဟန်ဖြင့် ကြည့်ပြီး အိမ်ထဲဝင်သွားပြီး ငှက်အသေအိတ်ကို ယူလာကာ ကျောက်ဒိုးအနီး ချသည်၊ ပြီးတော့ – အမွေး နုတ်သည်၊

တကယ်တော့ မကြွက်မက စွာသည်၊ စွာသည့်အထဲ ကျောက်ဒိုးမိဘကိုလည်း မသထာ၊ သူ့၏မိဘကိုလည်း မပေးချင်၊ ပေးချင်သည့်မိန်းမမျိုး၊



www.burmeseclassic.com

www.burmeseclassic.com

ဘယ်မိဘပဲလာလာ၊ မိဘသော၊ ယောက္ခမသော နားမလည်၊ ရန်တောင် လွှတ်သည့်အစားမျိုး၊ ဒီတော့ – နှစ်ဖက်မိဘတွေခမျာ ကျောက်ဒိုးတို့အိမ်ကို သိပ်ပြီးမလာရဲကြ၊ အတူအညီ မတောင်းရဲကြ၊ တောင်းဖို့ငှားဖို့ လာပြီဆိုရင်တော့ ကက်ကက်လန်အောင် ရန်ရှာနေသည်က မပြီးနိုင်၊ မပိုင်နိုင်သည်ဆိုတော့ ဘယ်မိဘတွေ အနားကပ်ရဲမည်လဲ၊

ယခုလည်း မကြွက်မမှာ ငှက်အမွေးသာ နုတ်နေရသည်၊ ဒေါ်ဘုမကို ကြွက်ကင်ပေးလိုက်သလား၊ ငှက်တွေ ပေးလိုက်လေသလားဆိုပြီး စိတ်ထဲမှာ တထင့်ထင့်၊ ငှက်အမွေးနုတ်ရင်း ကျောက်ဒိုးဆီ အကဲခတ်ကြည့်ရတာက အမော၊

ကျောက်ဒိုးကတော့ ကြွက်များကို မီးမြှိုက်လိုက်၊ အမွေးနုတ်လိုက်နှင့် တစ်ကောင်ပြီးတစ်ကောင်၊ မကြာပါ၊ အကောင်သုံးဆယ်ခန့်ကို အမွေးချွတ်ပြီးသွားပြီ၊ ဒီတော့ – ရင်ခွဲသည့်ဓားမြှောင်ကိုယူ၊ ကြွက်များကို ရင်ခွဲ၊ အတွင်း ကလီစာတွေထုတ်၊ တုတ်တစ်ချောင်းများနှင့် ကန့်လန့်ဖြတ်လုပ်၊ ပြီးသည်နှင့် အန့်တထောင်းထောင်းမွှေးနေအောင် မီးမြှိုက်၊

တောကြွက်အနံ့က ဝန်းကျင်ကို မွှေးနေသည်၊ သူတို့သားအဖသုံးဦး စလုံးဖယ်ဆက်သလို လုပ်နေကြဆဲ၊ မကြွက်မတို့သားအမိ ငှက်အမွေးနုတ်ပြီး ပြန်တော့ ငှက်တွေကို ရင်ခွဲ၊ ကလီစာထုတ်၊

အားလုံးပြီးတော့ မကြွက်မက ရွာထဲ တစ်ခေါက်ထွက်ပြီး လိုက်ရောင်းဖို့ ထွက်သွားပြီ၊ ဒီတော့ – ကျောက်ဒိုးလည်း ပစ္စည်းတွေ သိမ်းဆည်းအပြီး အိမ်ထဲဝင်၊ မနေ့က ချိုးတစ်ကောင်ချန်ထားတာကို ကြော်လိုက်ပြီး အရက်နှင့်မြည်းရင်း ဆက်ရက်မင်း စည်းစိမ်ခံနေချေပြီ၊

အပြင်မှာ ငုတ်တုတ်ထိုင်နေသူက သားဖြစ်သူ ကြွက်နီ၊



"သမီး – ကြွက်မ"

ခေါ်သံကြောင့် နောက်လှည့်ကြည့်သူက ကျောက်ဒိုး၊ ကျောက်ဒိုးကို ကြည့်ပြီး မအေးစိန်၊ အရက်ငွေသိမ်းနေသည့် ကျောက်ဒိုးမျက်လုံးရဲရဲတို့ကို ရင်ဆိုင်ရဲခြင်းမရှိ၊ မိခင်ဖြစ်သူမှန်း သိပေမယ့် နောက်ကို လုံးဝလှည့်မကြည့်သူက မကြွက်မ၊ မကြွက်မက ကြွက်များကို မီးမြှိုက်ရင်း ရှိသည်၊ ဒီကနေ့ တောကြွက်အကောင်နှစ်ဆယ်ခန့်သာ ရသည်၊ အရင်ရက်တွေကဆိုရင် သုံးလေးဆယ်ရသည်၊ ငှက်ဆိုရင်လည်း အများကြီးရသည်၊ ဒီကနေ့ ကြွက်ရော၊ ငှက်ရော နည်းခဲ့ပြီ၊

"ကြွက်မ ..."

"ဘာလဲတော့၊ ဒီမှာ အလုပ်ရှုပ်ရတဲ့အထဲ ..."

ဖျတ်ခနဲ တစ်ချက်သာ လှည့်ကြည့်ရင်း ပြောသည့်လေသံက မာကြော လွန်းနေသည်၊

"ဟို – ဆန်တစ်ပြည်လောက် ချေးချင်လို့ – အဲဒါ"

မအေးစိန်သည် ခေါင်းထက်က တဘက်ကို ပခုံးပေါ် ပြောင်းတင်ရင်း ပြောသည်၊

"တော်တို့ကလဲ – အလကားရတိုင်း လာလာပြီး ဒုက္ခပေး၊ ပေးလွန်းတယ်တော်၊ အရင်ဆန်အချေးတွေလည်း မပေးဘူး"

"အဆင်မပြေလို့ပါ – သမီးရယ်၊ ပြန်မပေးတာတွေ မှတ်ထားပေါ့၊ အမေတ နောက်ရက်အဆင်ပြေရင် အားလုံးပေါင်းပြီး ဆပ်မှာပေါ့ – နော်"

ပြောနေသည့်လေသံက အောက်ကျို့လွန်းနေသည်၊ မိဘက သားသမီးထံ အသနားခံပြီး သူတောင်းစား တောင်းသလို တောင်းနေရသည့်အဖြစ်မျိုး၊

"ပြောတော့ လွယ်လိုက်တာ၊ ဘယ်တော့မှလည်း ပြန်မပေးဘူး"

"ဟုတ်ပါတယ်အေ၊ ဟို – သမီးအဖေကလည်း အရင်ကလို မဟုတ်တော့ ဝင်ငွေက မရှိဘူးဖြစ်နေတယ်အေ၊ အဲဒါကြောင့် – အဆင်မပြေတာပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ..."

မကြွက်မက ထိုင်ရာမှ ထသည်။ မီးခင်လက်ထဲက တောင်းလေးကို ဆတ်ခနဲ ဆွဲယူပြီး အိမ်ထဲ အပြေးဝင်၊ ဆန်တစ်ခွက်ခန့် ချင့်ယူလာသည်။

"ရော့ - တစ်ပြည်မရှိဘူး။ တစ်ခွက်ယူသွား"

"အော် - အေး - အေး"

ဒေါ်အေးစိန်က တောင်းထဲရှိ ဆန်များကို လက်နှင့် ကိုင်ကြည့်ရင်း ဝမ်းသာနေရှာသည်။ မကြွက်မကတော့ ကြွက်အမွေး ဆက်ပြီးနုတ်နေဆဲပင်။ လှည့်လို့ပင် မကြည့်။ မိဘအပေါ် ဤသို့ ဤနယ် စိမ်းကားရက်စက်သည့် မိန်းမ။

"သမီး ..."

"ဟောတော် - အမေ - မပြန်သေးဘူးလား"

"ဟိုလေ - သမီးအဖေက မှာလိုက်တယ်၊ ကြွက်ကင် မစားရတာကြာပြီတဲ့၊ အဲဒါ - တစ်ကောင်လောက် ပေးလိုက်ပါဦးအေ။ သမီးအဖေက တောင်းခိုင်းတာ"

မဝံ့မရဲပြောလာသည့် ဒေါ်အေးစိန် -

"ကဲ - ကြွက်မရယ် - ပေးလိုက်စမ်း။ မပေးရင် ပြန်မှာမဟုတ်ဘူး"

ဝင်ပြောသူက ကျောက်ဒိုး။ ဒီတော့ မကြွက်မက အသေးဆုံးကြွက်တစ်ကောင်ကို ဆန်တောင်းလေးထဲ ပစ်ချပေးလိုက်သည်။

"အေး - အေး - သာဓုပါတော် - သာဓု - သာဓု။ ကဲ - အမေ ပြန်မယ် သမီး။ မြေးလေးရော ..."

"အရက် သွားဝယ်တယ်"

"အမေ ပြန်မယ်နော် - သမီး"

"ဟုတ် - ပြန်တော့"

"အေး - အေး"

လှည့်မကြည့်ဘဲ ကျောပေးပြောနေသည့်အတွက် သမီးရဲ့ကျောပြင်ကို ကြည့်ရင်း ဒေါ်အေးစိန် ပြန်ခဲ့သည်။



"ဟင်း - ခက်ပဲ ခက်ရချည့်ရဲ့ မရှိတိုင်းသာ ပေးနေရရင် - ဟင်း"

ပြောရင်း သက်ပြင်းမောချသူက မကြွက်မ။ ကိုကျောက်ဒိုးကတော့ ဘာမှဝင်မပြော၊ သူ့အလုပ် သူဆက်လုပ်နေဆဲ၊ အတော်ကြာတော့ ကြွက်နီ ပြန်လာသည်။ လက်ထဲမှာ အရက်တစ်ပုလင်း။

မကြာပါ။ ကြွက်တွေ ရင်ခွဲပြီး မီးမြှိုက်ပြီးတော့ ရွာထဲမှာ လှည့်ရောင်းဖို့ ထွက်ခဲ့သူက မကြွက်မ။

"ဟောဒီက ကြွက်ကင်တွေ - ကြွက်ကင်တွေ ရမယ်"

"ကြွက်ကင်တွေ ..."

အသံပြဲကြီးနှင့်အော်ရင်း ရောင်းနေသည့်အချိန် တစ်ဦးတည်း အရက်ထိုင်သောက်နေသူက ကျောက်ဒိုး။ အိမ်အပြင်မှာ ငုတ်တုတ်ထိုင်နေသူက သားဖြစ်သူ ကြွက်နီ။

သူတို့ဘဝကို သူတို့ပြန်တွေးကြည့်တော့ ဒီပုတ်ထဲကပဲ ဒီဝဲဆိုသလို၊ အခါးပင်က သီးတော့ အခါးသီးသာ သီးခဲ့ကြသည်ဆိုရင် မမှား။ မျိုးစေ့မမှန် အပင်မသန်ခဲ့သည့် ကျောက်ဒိုးတို့ဘဝက ဆင်းရဲတွင်းနက်ခဲ့ကြသည်။ ကျောက်ဒိုးမိဘတွေမှာ ရရာအလုပ်လုပ်ရင်း ဘဝကို ရုန်းကန်ခဲ့သလို၊ မကြွက်မမိဘတွေကလည်း ကြုံရာအလုပ်လုပ်ရင်း ဝမ်းရေးကို ဖြေရှင်းခဲ့ကြရသည်။

ပညာမရှိသူ၏ဝန်ထမ်းဆိုသလို မိဘက ပညာမဲ့ကြတော့ သူတို့နှစ်ယောက်မှာ ကျောင်းစာနှင့် မရင်းနှီးခဲ့ကြ၊ ရွာမှာရှိသည့် မူလတန်းအဆင့်ကို တောင်မှ ပြီးအောင်မသင်ခဲ့ကြရ။ တစ်တန်း မအောင်ပါဘဲနှင့် ရေးဖတ် ဖတ်ထတ်ရုံအဆင့်နှင့် အရပ်သူ အရပ်သား ဖြစ်ခဲ့ကြရသည်။

အရွယ်ရောက်လာပြန်တော့ တောလိုက်ရင်းနှင့် မေတ္တာမျှခဲ့ကြပြီး အသသစ်ကို ထူထောင်လိုက်ကြသည်၊ အိမ်ထောင်ကျပြီးသည့်နောက်ပိုင်းတော့

www.burmeseclassic.com

ဘယ်မိဘတွေဆီမှ မနေကြတော့ပဲ ရွာရဲ့အနောက်တောင်ထောင့်(စနေထောင့်)မှာခပ်ကျဉ်းကျဉ်းမြေကွက်လေးဝယ်၊ တဲသာသာအိမ်လေးဆောက်ပြီး မောင်တစ်ထမ်း မယ်တစ်ရွက်သဘောနှင့် ဘဝခရီးလှမ်းတွေ စ,ခဲ့သည်လေ။

အစတုန်းကတော့ ကျောက်ဒိုးသည် ထွန်အငှား၊ ထွန်တုံး အငှားလိုက်သေးသည်။ နောက်တော့ တောလည့်ခြင်းအလုပ်ကိုသာ ကိုယ်ပိုင်အလုပ်ဟု သတ်မှတ်လိုက်သည်။ သူများအငှားအလုပ်က စောစောထရသည်။ သူများခိုင်းတာ လုပ်ရသည်။ သူများသွားဆိုသွား၊ နားဆိုနား၊ ပြန်ဆိုပြန်ရသည့်အလုပ်။

"ငါတော့ - တောလည်အလုပ်ပဲ လုပ်တော့မယ်ဟာ၊ သူများအလုပ်က သိပ်ပင်ပန်းတာပဲ။ ဘယ် - အစောကြီးသွား၊ နေဝင်ခါနီးမှပြန်၊ မချောင်ဘူးကွက်မရဲ့၊ ဒီတော့ - တောလည်အလုပ်ပဲ လုပ်တော့မယ်"

"အင်းလေ - တော့်သဘောပဲ၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် ဝင်ငွေရဖို့သာ အရေးကြီးတာ - ဟုတ်တယ်နော်"

နောက်တွင်တော့တောလည်အလုပ်ကိုစ,လုပ်တော့သည်။ တောလည်အလုပ်က အစောကြီး မသွားရ။ အိပ်ရေးဝအောင် အိပ်ရသည်။ နေမြင့်ပြီဆိုမှ ခက်ရင်းတစ်ချောင်း၊ ဓားတစ်ချောင်း၊ လေးခွနှင့် လောက်စာလုံး လွယ်အိတ်တစ်လုံးလွယ်ပြီး ထွက်လိုက်ရုံပဲ။

ကျောက်ဒိုး ကျက်စားရာက ရွာနှင့် လေးမိုင်ဝေးသည့်ဖုန်းဆိုးတော။ ဒီဖုန်းဆိုးတောက ကျယ်သည်။ ချုံတွေ၊ သစ်ပင်တွေ၊ တောနာနတ်ပင်တွေ တောင်ပို့တွေ၊ ကြွက်တွင်းတွေ ပြည့်နှက်နေသည့် ကွင်းပြင်ကြီး၊ ကျောက်စရစ်မြေပြင်ကြီး။

ဒီဖုန်းဆိုးတောထဲမှာ တောကြွက်တွေရှိသည်။ မြွေတွေရှိသည်၊ တောကြောင်၊ ယုန်၊ ပုတတ်ရှိသည်။ ငှက်ဆိုတာကတော့ ငှက်ပေါင်းစုံနီးပါး ရှိသည့်တော။ သည်တော့ - သားကောင်ပေါနေသမျှတော့ ကျောက်ဒိုးအတွက်



အဆင်ပြေသည်။ အစုံစုံဖြစ်ခဲ့သည်။ ဝမ်းဝ၊ ခါးလှဖြစ်ခဲ့သည်လေ။ နေ့စဉ်တောလည်တိုင်း အမိကကတော့ တောကြွက်။ ပြီးတော့ ငှက်။

တောကြွက်က သန့်သည်၊ ချိုသည်။ အရသာရှိသည်။ ဒီတော့ - လူတွေစားကြသည်၊ ကြိုက်ကြသည်။ ရသမျှ ရောင်းမကုန်ဘူးဆိုတာမျိုးမရှိ။ ကြွက်တင်လည်း ရောင်းလို့တောင်း၊ ငှက်လည်း ရောင်းလို့မလောက်။ သို့ကြောင့်လည်း ဝင်ငွေက မဆိုး။ ဖုန်းဆိုးတောရဲ့ကျေးဇူးဆိုရင် မမှား။

သူတို့အဆင်ပြေသလောက် မိဘတွေအပေါ်မှာတော့ ကျောက်ဒိုးရောမကြွက်မပါ မကောင်းကြ။ သားသမီးက မိဘကို လုပ်ကျွေးရမည့်တာဝန်ရှိတယ်ဆိုတာ မသိ။ အပစ်ပယ်ခံသဘောနှင့် ပစ်ထားရမည့်သက်မဲ့အရုပ်တွေလိုမျိုး ထားရမည့်အရာလို့ ထင်နေသလား မသိ။

သားဖြစ်သူ ကြွက်နီတစ်နှစ်သားတုန်းက အဖြစ်ကို ပြန်ကြည့်စမ်း။

ကြွက်နီက အမြင်းရှား။ မကြွက်မက ဖနေမကောင်း။ ကျောက်ဒိုးမှာ ဘာလုပ်ရမည်မသိ။ စားစရာကလည်းနှစ်ရက်စာပင်မပြည့်။ ဒီတော့ - တောလည်ထွက်လိုက်၊ ရလာသည့် တောကောင်လေးတွေကို လိုက်ရောင်းလိုက်နှင့် ခြေကျင်လည်နေခဲ့သည်။ ထိုအခါ မိခင်ဖြစ်သူရော၊ မကြွက်မအမေရောတင်းတွေ ထမင်းတွေ လာပို့ပေးကြသည်လေ။ သားသမီး အခြေအနေမကောင်းတော့ တာဝန်ကျေခဲ့ကြသူက မိဘတွေ။ မိဘတွေ အခြေအနေမဟန်တော့ သားသမီးတွေက လှည့်မကြည့်ချင်တော့။ ပေးရနိုး၊ ကျွေးရနိုးနှင့် မျက်စောင်းတခဲခဲ၊

ယခု ကျောက်ဒိုးတို့မှာ အဆင်ပြေနေသည်။ ဖုန်းဆိုးတောရှိနေသမျှ တောကောင်တွေ ပေါက်နေသမျှတော့ ကျောက်ဒိုးတို့ ငွေမပြတ်၊ ထမင်း မငတ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ - ဘာလာလုပ်တာလဲ - အမေ"

မကြွက်မသံက အထက်စီးနင်းသဘောမျိုး လေသံပြင်းပြင်း။ မနီးမဝေး ရပ်နေသော မိခင်ဖြစ်သူ မဒေအးစိန်ခမျာ သမီး၏အသံ၊ သမီး၏ပြောတုလုလု မျက်စောင်းကြောင့် ရှေ့မတိုးရဲ၊ ပြောမည့်စကားပင် ဘယ်ပျောက်သွားပြီ မသိ၊ တကယ်တော့ မဒေအးစိန်လာရခြင်းသည် ယောက်ျားဖြစ်သူ အပြင်းဖျား နေလို့ ငွေလာချေးခြင်း။

"ဟို - ဟိုလေ - သ - သမီးရဲ့"

"ပြောမှာသာ ပြောစမ်းပါ၊ ဒီမှာ မအားဘူး"

မကြွက်မက မီးသင်းပြီးသား တောကြွက်များကိုကိုင်ရင်း ပြောသည်၊ အိမ်ထဲမှနေပြီး အရက်သောက်ရင်း ကြည့်နေသူက ကျောက်ဒိုး။ ဇနီးဖြစ်သူ စကားသံကို နားစွင့်ရင်း ကျေနပ်နေသည်။ အမူအရာကိုကြည့်ရင်း ဝမ်းသာ နေသည်။

"မအားပါဘူးဆို၊ ပြောပါ - အမေရဲ့၊ ကျုပ်က အချိန်နဲ့ အခါနဲ့ လုပ်ရတာ၊ ရွာထဲ ဈေးရောင်းထွက်ရဦးမှာ ..."

ထပ်ဆင့်ပြောလာသည့်စကားက မိခင်ဖြစ်သူကို အဖက်မတန်သလို သဘောထားများနှင့် မှမ်းမံထားသည့် အရက်စက်ဆုံးစကား။

"သ - သမီးဆီ အကူအညီလိုအပ်လို့"

"လာပြန်ပြီ"

ပြောရင်း မျက်နှာလွှဲသွားသူက မကြွက်မ။

"ဟုတ် - ဟုတ်ပါတယ်ကွယ်၊ ဟိုလေ - သမီးအဖေ အပြင်းဖျားလို့၊ အဲဒါ - ဗမာဆေးလေး ဝယ် - ဝယ်တိုက်ချင်တာ၊ အဲ - အဲဒါ"

"ဟင်း ..."

ဟင်းတစ်ချက်သာ အသံပြုရင်း နှုတ်ခမ်းကို ရွဲ့သည်၊

"လုပ်ပါ - သ - သမီးရယ်၊ ချေး - ချေးပါကွယ်၊ သမီးအဖေက အတော် ဖျားနေရှာတာ - နော်"

မေးကြောကြီးများ ထောင်အောင် အံကြိတ်ရင်း ပြောသူက မကြွက်မ၊

"အဖေနေမကောင်းတာ ကျုပ်နဲ့ ဘာဆိုင်လဲတော့၊ အမေ့ဘာသာ ရွာ ထဲလိုက်တောင်းပြီး ကုပေးပါလား၊ အဲသလို - လိုတိုင်းသာ ကျုပ်ဆီ လာ တောင်းနေရင် အိမ်ကတောင် ပြန်ရမှာ မဟုတ်ဘူး"

"ဒီ - ဒီလိုမပြောပါနဲ့ - သမီးရယ်၊ နေမကောင်းနေတာက သမီးအဖေ - ပါ၊ အခု - သမီးရှေ့ရပ်ပြောနေတာက သမီးရဲ့အမေပါကွယ်၊ သူစိမ်းတွေ၊ ရန်သူတွေ မဟုတ်ကြပါဘူးကွယ်"

"ဘာ ..."

"ဟုတ် - ဟုတ်ပါတယ်ကွယ်"

ဒေါ်အေးစိန် စကားအဆုံး မကျေမနပ်ဖြစ်သွားသူက မကြွက်မ၊ ဒေါ်အေးစိန်မှာ ဘာပြန်ပြောရမှန်းမသိ၊ သွေးလေဖြတ်သလို၊ လူသေလိုမျိုး ဖြစ်ကာ ကြောင်စီစီရပ်နေရင်း အသက်ပင်မရှူမိတော့၊

"ကျုပ် ပြောပြီးပြီပဲ၊ အမေ့ယောက်ျား နေမကောင်းရင် အမေ့တာဝန် လေ၊ အမေ့ဘာသာ ငွေရှာပြီး ဆေးဝယ်တိုက်ပေါ့"

ဒေါ်အေးစိန် ဘာပြောရမည်မသိ၊ ဆက်ပြောနေလည်း အဆင်ပြေ မည်မထင်၊ သမီးထံ ကြည့်နေသည့်မျက်လုံးများ လွှဲလိုက်သည်၊ ခေါင်းငုံ့ လိုက်သည်၊ မြေပြင်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်၊

"အင်းလေ - အားကိုးရမလားဆိုပြီး လာခဲ့တာပါ"

"အားကိုးလို့ လာတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ - အရင်တုန်းက ဆန် ချေးထားတာတွေ၊ ပိုက်ဆံ ချေးထားတာတွေ၊ အဲဒါတွေမှ ကျေအောင်မဆပ် ဘဲ အခုလာချေးတာ မလွန်လွန်းဘူးလား၊ ပြောပါဦး - လာချေးတဲ့လူ အပြစ် လား - မချေးတဲ့ ကျုပ်ရဲ့အပြစ်လား"

"ဟုတ်ပါတယ် - အမေ့အပြစ်ပါ"

"ကိုယ့်အပြစ်ကို ကိုယ်သိရင် ပြီးတာပဲ"

"အင်းလေ ..."

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အေးစိန် ဘာမျှမပြောတော့၊ သမီးဖြစ်သူအနီးမှ ပြန်လှည့်ခဲ့သည်။ မျက်ရည်မကျမိအောင် အတော်ထိန်းရသည်။

"အင်း – မိဘမျက်ရည်တစ်စက် သားသမီး ဆင်းရဲတစ်သက်တဲ့၊ မကျဘူး၊ ငါ – မျက်ရည်မကျစေရဘူး။ ငါ – ဒေါသမဖြစ်ဘူး။ စိတ်မဆိုးဘူး"

အားခဲရင်း စိတ်ထဲပြောနေပေမယ့် ထင်မှတ်မထားဘဲ ဒေါ်အေးစိန်မျက်လုံးအိမ်မှတစ်ဆင့် ခုန်ထွက်လာသည်က ပူနွေးနွေးမျက်ရည်တစ်စက်။

ဒေါ်အေးစိန် ဘာမျှမတတ်နိုင်။ ကျဆင်းသွားသည့်မျက်ရည်ကို ပြန်ကောက်လို့ရရင် ပြန်ကောက်ပြီး မျက်လုံးအိမ်ထဲ ပြန်ထည့်လိုက်ချင်ပါဘိတော့။ အခုကျသွားသည့်မျက်ရည်တစ်စက်ကြောင့် သမီးဖြစ်သူကို ထိခိုက်လေမလား။

"ဘုရား – ဘုရား – ဘုရား"

တွေးရင်း လန့်သွားသူက ဒေါ်အေးစိန်။

ထိုအချိန် ယောက္ခမဖြစ်သူ ပြန်သွားသည်ကိုကြည့်ရင်း ကျေနပ်နေသူက ကိုကျောက်ဒိုး။

"ဟင်း – ကောင်းတယ်၊ အဲသလိုအပြတ်ပြောလွှတ်လိုက်တာ ကောင်းတယ်။ တော်တယ် – ကြွက်မ၊ မင်း တော်တယ်"

ဇနီးဖြစ်သူကို ချီးကျူးရင်း ကျေနပ်နေသူက ကျောက်ဒိုး။ ယခုအဖြစ်ကိုမြင်ရတော့ လွန်ခဲ့သည်နှစ်ရက်က အဖြစ်ကို သတိရသွားသည်။ အဲဒီရက်က အမေဖြစ်သူ ဒေါ်ဘုမ အိမ်ကို ရောက်လာသည်၊ လာရခြင်းအကြောင်းက ဆန်လာချေးခြင်း။ ဆယ်ရက် သုံးလေးကြိမ်ခန့် လာချေးတတ်သည့်အမေ၊ အမေလာကတည်းက သိသည်။ ဆန်လာချေးတာလား၊ ငွေလာချေးတာလား။ ဟင်းစား လာတောင်းတာလား။ တစ်ခုခုတော့ တစ်ခုခု။

"သား – ဟို – မင့်မိန်းမ မရှိတုန်း ဆန်လေး နို့ဆီဘူးတစ်လုံးလောက်"

ဒေါ်ဘုမ စကားမဆုံး။

"ဘာဗျာ ..."

"ဟို – ဆန် – ဆန်တစ်လုံးလောက်"

"ဒီမယ် – အမေ – ခင်ဗျားတို့ တော်တော်တရားလွန်နေပြီ၊ အရင်အချေးတွေလည်း မပေးသေးဘူး။ နေပါဦး – ကျုပ်မပေးရင် ခင်ဗျားတို့ ဝတ်သေမှာလား။ ဝေကြီးကျတိုင်း၊ မစားရတိုင်း ကျုပ်ဆီလာချေးနေမယ်ဆိုရင် တော်ဗျား၊ သွား – သွား – စားစရာမရှိရင် တောင်းစား – တောင်းစားချေ"

"ဟင် ..."

သားဖြစ်သူစကားကြောင့် ရင်ဝကိုဖိရင်း မျက်ကလူဆန်ပြာနှင့် ဘုရားတ,လိုက်သူက ဒေါ်ဘုမ။

"အို – သားရယ် – မ – မချေးချင်၊ မပေးချင်လည်း နေပါ။ နေ – နေပါကွယ်၊ အဲ – အဲသလို မပြောရဘူး။ မပြောကောင်းဘူး – ငရဲကြီး"

"ဘာဗျာ – အဲသလိုပြောရင် ငရဲကြီးတယ် – ဟုတ်လား၊ ကြီးကြီးဗျာ၊ ငရဲကြီးတော့ ငရဲလေးတောင်နိုင်သေး"

"နေ – နေပစေ – သား၊ အမေ – အမေ – မချေးချင်တော့ဘူး"

ပြောပြောဆိုဆို အပြေးတစ်ပိုင်း ပြန်ပြေးသွားသူက ဒေါ်ဘုမ၊ တကယ်တော့ သားဖြစ်သူ ဒုက္ခရောက်မှာစိုးလို့ ဆက်မပြောချင်လို့ ပြန်ပြေးခဲ့သည့် ဒေါ်ဘုမရဲ့အချစ်တွေကို ကျောက်ဒိုး မသိ နားမလည်ခဲ့။

ထိုအဖြစ်ကို ပြန်တွေးရင်း စောစောက မကြွက်မက သူ့မိခင်ကို ပြောလွှတ်လိုက်သည့်အဖြစ်ကို တွေးရင်း ကြည်နူးနေသည်။ ထိုအချိန် မကြွက်မက မီးဖိုကျက်ပြီးသား ကြွက်များကို ရှာထဲလှည့်ပြီး ရောင်းဖို့ ထွက်သွားချေပြီ။ ကျောက်ဒိုးကတော့ အရက်ပုလင်းနှင့် တောကြွက်သားကင်နှင့် ဖိမ်ကျနေဆဲ။

ထိုအချိန် မကြွက်မအသံသြသြကို သဲ့သဲ့မျှ ကြားနေရသည်။

"ဟောဒီက တောကြွက် – တောကြွက်"

"တောကြွက်ကင်တွေ ရပြီနော်"

www.burmeseclassic.com

ဒီကနေ့ တောလည်ထွက်ရာမှာ မကြွက်မပါ လိုက်မည်တဲ့၊

"ဟုတ်တယ် - ကြွက်မရဲ့၊ ဖုန်းဆိုးတောအလယ်က သမုန်းပင်ခြေမှာ ကြွက်တွင်းတွေ အများကြီး၊ ဒါ တစ်ယောက်ထဲဆိုရင် ကြွက်တွင်းတူးရတာနဲ့ ထွက်လာတဲ့ ကြွက်ရိုက်ရတာ၊ စူးနဲ့ ထိုးရတာနဲ့ မလွယ်ဘူး၊ အဲဒီတော့ နင်ပါ လိုက်ခဲ့"

ညဦးပိုင်းက ကျောက်ဒိုးပြောခဲ့သည့်စကား၊ ဒီစကားက မကြွက်မ အကြိုက်၊

"ကျုပ် တကယ်လိုက်မှာ၊ တော်က တူး၊ ထွက်လာတဲ့ကြွက်တွေကို ကျုပ် ရိုက်ဖမ်းမယ်"

မကြွက်မက သဘောတူထားသည်၊ ဒီတော့ - မကြွက်မမှာ ကောင်းကောင်းအိပ်မပျော်ခဲ့၊ အိပ်မပျော်ခင်မှာ စိတ်ကူးတွေက တစ်သီတစ်တန်းကြီး၊ တောကြွက်တွေ အများကြီးရရင် အိမ်ကို အမြေးပြန်၊ မီးမြှိုက်၊ ရင်ခွဲ၊ ရွာထဲ လှည့်ပြီးရောင်း၊ ရောင်းမကုန်ရင် အခြားရွာတွေပါ လိုက်ပြီးရောင်း၊ ရောင်းရတဲ့ငွေတွေ တွက်ကြည့်တော့ အများကြီး၊ ဒီငွေတွေနှင့် အဝတ်အစားဝယ်မည်၊ နားကပ်တစ်ရံလည်း လုပ်ဝတ်လိုက်ဦးမည်၊

အဲ - ညအိပ်ပျော်တော့လည်း အိပ်မက်ထဲမှာ ကြွက်တွေ အများကြီးရအောင် တူးသည်၊ သတ်သည်၊ ထမ်းလို့မနိုင်၊ ဖမ်းလို့မနိုင်သည်အထိ အများကြီးရသည့် တောကြွက်တွေ၊ လင်မယားနှစ်ယောက် ပျော်မဆုံးဖြစ်သည်ဟု အိပ်မက်ထဲမှာ မက်နေသေးသည်လေ၊

မနက်မလင်းခင် ထမင်းဟင်းချက်၊ သားဖြစ်သူကို အိပ်ရာက နှိုးပြီး မှာစရာရှိတာမှာ၊ ပြီးသည်နှင့် လင်မယားနှစ်ယောက် ပစ္စည်းတွေ ယူပြီး တောထဲ ထွက်ခဲ့ကြသည်၊ မကြွက်မလက်ထဲမှာ တောကြွက်တွေ ထည့်ဖို့ အိတ်တစ်လုံး၊ ပြီးတော့ - နှစ်ခွပါသည့် ကြွက်ထိုးမိုန်းတစ်ချောင်း၊ ကျောက်ဒိုးလက်ထဲမှာတော့ တောကိုင်ဓားရှည်တစ်ချောင်း၊ ပြီးတော့ - လေးခွနှင့် ယောက်စာလုံးထည့်သည့်ဖျင်လွယ်အိတ်တစ်လုံးနှင့် တောကြွက်တူးဖို့ တူးရှင်းတစ်ချောင်း၊

တစ်လမ်းလုံး စကားတွေပြောရင်း လာခဲ့ကြသည်၊ အတော်ကြာကြာသွားမိတော့ ဖုန်းဆိုးတောစပ်ကို ဝင်ခဲ့ကြသည်၊ ရွာနှင့်ဝေးလေ၊ ဖုန်းဆိုးတောနှင့် နီးလေ၊ တောက နက်လာလေ တိတ်ဆိတ်မှုက လွှမ်းခြုံလာလေ ဖြစ်သည်၊ ဤမြေသည် ဖုန်းဆိုးမြေဆိုသည့်အတိုင်း ဘာသစ်ပင်မှ စိုက်ပျိုးလို့မရ၊ အလေ့ကျအပင်တွေသာ ကြီးပြင်းသည့်မြေ၊ တောနာနတ်ပင်တွေ၊ တောရိုင်းသနပ်ခါးပင်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ၊ တောင်ပို့တွေ လွှမ်းမိုးထားသည့်မြေ၊

ရဲဘော်ပြောက်ကျားခေတ်တုန်းက အလံနီတွေ ကြီးစိုးသည့်မြေ၊ တိုက်ပွဲဖြစ်သည့်နေရာ၊ သွေးစွန်းထားသည့်နေရာ၊ ဒီတော့ - ဒီတော ဒီနေရာကို ကြောက်ကြသည်၊ မြေကြမ်း၊ တောကြမ်းသည်၊ အခြောက်အလှန့်ပေါသည်ဟု အစွဲရှိသည့်နေရာ၊ ပြီးတော့ - မြွေဆိုး၊ ကင်းဆိုး ပေါသည်က ပိုပြီးကြောက်စရာကောင်းနေသည်လေ၊

သည်တော့ - အနီဖုန်းဆိုးတောသည် သားကောင်တွေ ခိုအောင်းလို့ အကောင်းဆုံးနေရာ၊ ကျောက်ဒိုးအတွက် စားကျက်ကောင်းတစ်ခု၊ ကျောက်ဒိုးကတော့ ဘာကိုမှမကြောက်၊ ကြောက်တဲ့စိတ် မရှိခဲ့၊ ဘဝဝမ်းရေးအတွက် အစိမ်းသရဲဆိုတာကို အိပ်မက်တစ်ခုဟုသာ အယူအဆရှိနေတဲ့သူ၊

ယခု ဖနီးဖြစ်သူကိုတောင် ဖုန်းဆိုးတောထဲ ခေါ်လာခဲ့သည်၊

ဖုန်းဆိုးတောထဲ ဝင်ခဲ့ပြီ၊

"အောက်ကြည့်လာနော်၊ ချုံတွေနား ကပ်သွားရင် သတိထား၊ မြွေဖွေးတွေက အထက်ရှုပ်၊ အောက်ရှုပ်တဲ့နေရာမှာ နေတာက များတယ်"

"အင်းပါ ..."

ရှေ့ကသွားရင်း ပြောသူက ကျောက်ဒိုး၊ သူတို့သွားနေသည်က တောနက်သည်ဟု ဆိုသည့် ဖုန်းဆိုးတောအလယ်လောက်မှာရှိသည့် သမုန်းပင်ပုလေး နေရာဆီ ...၊



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးသား ချုံတွေ၊ တောင်ပို့တွေကို ကျော်ရင်း ရှောင်ရင်း သတိနှင့်လာနေကြဆဲ၊ မကြာပါ။ တောအလယ် ရောက်ခဲ့ပြီ၊ သမုန်းပင်ပုလေးက သူတို့နှင့် မနီးမဝေးအရပ်မှာ –

"ဟိုအပင်နားမှာ ..."

"အင်း ..."

"လာ – မြန်မြန်"

နှစ်ဦးသား လာခဲ့ကြသည်။ သမုန်းပင်အနီး ရောက်ခဲ့ပြီ၊ အပင်အနီးမှာတော့ ချုံတွေ၊ တောင်ပို့တွေက အပြည့်၊ အမှိုက်သရိုက်တွေက အပြည့်၊ ဒါ့ကြောင့်မို့ တွင်းအောင်းသည့် တောကြွက်တွေအတွက် နေရာကောင်းတစ်ခု ဖြစ်နေသည်၊ တွင်းအောင်းကြွက်တွေ တူးထားသည့်အနီးရောက်တော့ ရပ်လိုက်ကြသည်၊ မြေစာတွေ ကန်ထားသည်က လောလောလတ်လတ် စိုစိုပြည်ပြည် မြေသားတွေကြည့်ရင်း သေချာပေါက် တောကြွက်တွေ ရှိနေသည်ကို အတပ်သိသူက ကျောက်ဒိုး။

"ကြည့်စမ်း – ကြွက်မ၊ မနည်းမနောပဲ"

"အင်း – ဟုတ်တယ်နော်"

ပစ္စည်းများကို ချဲ့ဘေးချရင်း တွင်းဖောက်ထားသည့် မြေခဲများကိုကြည့်ရင်းပြောသည်၊ ဝမ်းသာအယ်လဲ ဖြစ်သွားသူက မကြွက်မ၊

"ကဲ – ငါစ,တူးမယ်၊ ဒီတွင်းက စ,တူးရင် အနေတော်ပဲ၊ နင် – ကယ်ပေါက်တွေလိုက်ရှာ၊ တွေ့ရင် – မြေခဲတွေနဲ့ ပိတ်ထား"

"အင်း ..."

ကျောက်ဒိုးက တွင်းတစ်တွင်းကို စ,တူးသည်၊ မကြွက်မက အခြားနေရာများကို လိုက်ကြည့်သည်၊ ကယ်ပေါက်ဆိုတာ ကြွက်တွေရဲ့ အသက်ကယ်သည့်အပေါက်၊ ထွက်ပြေးဖို့ အရံသင့်ဖောက်ထားသည့်အပေါက်၊ မုဆိုးကို မျက်စိလည်အောင် လုပ်သည့်အပေါက်၊

ကယ်ပေါက်တွေတွေ့တော့ မြေခဲများနှင့် ပိတ်သည်၊ ပြီးသည်နှင့်



ကျောက်ဒိုး အနားလာသည်၊ စ,တူးတူးချင်း တောကြွက်ကြီးနှစ်ကောင်ရသွားပြီ၊ ပြေးထွက်လာသည့် ကြွက်နှစ်ကောင်ကို ကျောက်ဒိုးက အမြီးကိုကိုင်ပြီး မြေပြင်နှင့် ရိုက်သတ်သည်၊ ကြွက်အသေကို အိတ်ထဲ ထည့်သူက မကြွက်မ၊

ကျောက်ဒိုးက ဆက်တူးသည်၊ တောကြွက်တွေက လည်သည်၊ မြေပြင်ကို စ,ဖောက်သည်နှင့် အောက်ကို အတော်နက်နက်ရောက်သည်အထိ ဖောက်ပြီးနောက် မြေပြင်နှင့် အနီးဆုံး ဖောက်ကြသည်၊ ပြီး – အောက်ကို ထိုးဆင်းပြီး ဖောက်တက်ကြသည့်အကောင်မျိုး၊ လမ်းကြောင်းကို တစ်လမ်းထဲမဖောက်၊ ပင်မလမ်းကြောင်းမှတစ်ဆင့် အခြားလမ်းကြောင်းကို ဖောက်သည်၊ ထိုလမ်းကြောင်းမှာတော့ အစာတွေ သိုလှောင်ထားတာမျိုး၊ သားပေါက်ဖို့ သီးခြားထားတာမျိုး၊ မိသားစုအိပ်ဖို့နေရာ လုပ်တာမျိုးတွေ ရှိသည်၊

မကြာပါ၊ နောက်ထပ်သုံးကောင်၊ နောက်ထပ်နှစ်ကောင်၊ ဆက်တူးရင်းနှင့် ဆယ်ကောင်ရသွားပြီ၊ ဒါတောင်မှ ပင်မလမ်းကြောင်းတစ်ကြောင်းထဲသာ တူးရသေးသည်၊ အခြားလမ်းကြောင်းတွေ မတူးရသေး၊ အစာတွေ ဝှက်ထားသည့်နေရာ မတွေ့သေး၊ သားဖောက်ဖို့နှင့် အိပ်ကြသည့်နေရာ မတွေ့သေး၊ ဒီနေရာတွေ တွေ့ရင်တော့ အကောင်နှစ်ဆယ်ကျော်၊ သုံးဆယ်ဆိုတာ ပြေးမလွတ်၊

"အဟီး – အတော်ရပြီ – ဟင်း – ဟင်း – ဟင်း"

မကြွက်မက ရယ်ကျဲကျဲပြောလာသည်၊ ကျောက်ဒိုးက ချွေးများကို သုတ်ရင်း ဖနီးကို ပြုံးပြသည်၊ ထိုအချိန် တွင်းထဲမှနေ၍ ကြွက်တစ်ကောင် ပြေးအထွက် လက်မြန်သည့် မကြွက်မက ခဲလုံးကြီးနှင့် ထုသတ်လိုက်သည်၊ ကြွက်သေသွားတော့ အိတ်ထဲထည့်၊

ဆက်တူးလာရာက အကောင်သုံးဆယ်ခန့် ရနေပြီ၊

"နားပါဦးလားတော်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း ..."

နှစ်ဦးသား တူးလက်စ ကြွက်တွင်းကိုပိတ်ရင်း အပင်ခြေမှာ နားလိုက်ကြသည်။

ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ ငှက်သံအချို့က သူတို့နှင့် ခပ်ဝေးဝေး တစ်နေရာဆီမှ ကြားနေရသည်။ နေမင်းက ပုပြင်းခြင်းများစွာဖြင့် တာဝန်ကျေလွန်းနေပြီလား။

ထိုအချိန် အမှတ်မထင်ဘဲ သားကောင်တစ်ကောင် တွေ့လိုက်သည်။ ထိုသားကောင်က သူတို့နှင့် မနီးမဝေးရှိ ချုံအနီးမှာ။ ထိုသားကောင်က သူ၏ အစာဖြစ်သောသားကောင်ကို ချောင်းနေသည်။

"ဟိုမှာ - လင်းဝါကြီး"

မှန်သည်။ လင်းဝါကြီးတစ်ကောင် ထိုလင်းဝါကြီးက ကျောက်ဒိုးအတွက် သားကောင်ဖြစ်သည်။ လင်းဝါကြီးက သူ့အစာဖြစ်သည့် ပုတ်သင်ညိုကြီး တစ်ကောင်ကို မျိုဖို့ ချောင်းနေသည်။ ပုတ်သင်ညိုကြီးကတော့ လင်းဝါ ချောင်းနေသည်ကို မသိ။

လင်းဝါကြီး၏ ခေါင်းပိုင်းကို အမိအရ ဆုပ်ကိုင်ဖမ်းလိုက်သူက ကျောက်ဒိုး။ ကျောက်ဒိုး၏ လျင်မြန်သည့်တိုက်ကွက်အောက် လင်းဝါကြီးမှာ ဘာမျှ မတတ်နိုင်တော့ပြီ။ အသာပင် ပါလာသည်။

"ဟား - ဟား - ဟား - စားရက်ကြဲ့မှတ်ဆိတ်ပျားစွဲဆိုတာ အဲဒါခေါ်တာ ကြွက်မရ၊ တောကြွက်တွေကရ၊ လင်းမြွေလည်းရ - ဟန်ကျလိုက်တာ"

လင်းမြွေကြီးကို အမိအရဆုပ်ကိုင်ရင်း ပြောသူက ကျောက်ဒိုး။ ကျေနပ်မှုတွေနှင့် ရှိနေသူက မကြွက်မ။ မကြွက်မ စိတ်ကူးခဲ့သလို၊ အိပ်မက်မက်ခဲ့သလို ဖြစ်နေချေပြီ။ စုတ်ကော၊ လာဘ်ကော ဝင်နေပြီလား။

နှစ်ဦးသား လင်းဝါကြီးကို ကိုင်ထားရင်း အပင်ရိပ်မှာ ပြန်ထိုင်ကြသည်။ လင်းဝါကြီးက ကျောက်ဒိုးလက်ထဲမှ ရုန်းကန်ရင်း လွတ်လမ်းရှာနေဆဲ။ နောက်တော့ ငြိမ်ကျသွားသည်။ အမြီးပင် မလှုပ်တော့။ ပြုသမျှ နုပြရတော့ မည့်သဘောမျိုး။

သို့သော် လင်းဝါကြီးသည် ကျောက်ဒိုးကိုရော၊ မကြွက်မကိုပါ စိုက်ကြည့်ရင်းရှိသည်။ တစ်စုံသော လျှာက ပြူတစ် ပြူတစ်လုပ်ရင်း ရှိနေသည်။ ကျောက်ဒိုးက လင်းဝါကြီးကို ကျောတို့ သပ်ပေးလိုက်၊ ခေါင်းကို ကိုင်လိုက်၊ အမြီးကို စမ်းလိုက်လုပ်ရင်း ပြုံးနေသည်။

"ဒီကောင်ကြီးကို ရောင်းလိုက်ရင် ငွေတွေ အများကြီးရမှာ - သိလား"

မစားရဝခမန်း ပြောသူက ကျောက်ဒိုး။

"တော့်ကိုပြောရဦးမယ်။ ဒီကနေ့ရတဲ့အကောင်မှန်သမျှ အားလုံးရောင်းပြီးရင် ကျုပ်အတွက် နားကပ်တစ်ရံတော့ ဝယ်ဦးမယ်။ ကျုပ်စုထားတာလည်း ရှိတယ်တော့။ အဲဒီငွေနဲ့ ဖြည့်ပြီးဝယ်မယ် - သိလား"

"အင်းပါ - နင့်သဘော"

"အဲဒါကြောင့် တော့်မိဘလာလည်း မကြိုက်၊ ကျုပ်မိဘလာလည်း မသဒ္ဓါချင်တာတော့။ ကျုပ်ကတော့ ဘယ်မိဘကိုမှ မသဒ္ဓါပေါင်း။ ဟုတ်တယ်။ သူတို့လိုတိုင်းသာ ပေးနေရရင် ကျုပ်ကို တုန်းတောက်စရာမရှိအောင်၊ ပြာကျတဲ့အထိ မွဲပြီး ငတ်သေလို့ အသေဆိုးနဲ့ သေကြရမှာ။ ဒီတော့ - တော့်မိဘလည်း မပေး၊ မကျွေးရဘူး။ ကျုပ်မိဘကိုလည်း မပေးဘူး - ဒါပဲ"

မကြွက်မက ပြောရင်း လင်းဝါကြီး၏ခေါင်းကို မကြောက်မရွံ့ကိုင်ကြည့်သည်။ လင်းဝါကြီးက ဘာမျှပြန်မလုပ်။

"အင်းပါ - နင့်သဘောပဲ - ကြွက်မ။ နင့်သဘော - နင့်သဘော"

အကြံတူ ရန်သူဟု ဆိုပေမယ့် သူတို့နှစ်ဦးကတော့ မိဘတွေအပေါ် မပေးမကျွေးချင်သည့်ဆန္ဒတွေ တူနေကြသည်မို့ အကြံတူရန်သူတွေ ဟုတ်ကြပြီ။ အကြံတူမိတ်ဆွေတွေ ဖြစ်သွားကြချေပြီ။

www.burmeseclassic.com

အတော်ကြာကြာ အနားယူပြီးသွားပြီ၊ ထိုအချိန် ထင်မှတ်မထားဘဲ သားကောင်တစ်ကောင်ကို တွေ့လိုက်ရသည်။

"ဖွတ်ကြီး ..."

မှန်သည်၊ သုံးပေခန့်ရှည်သည့် ဖွတ်ကျားကြီးတစ်ကောင်၊ ထိုဖွတ်ကြီးက သူတို့နားရော သမုန်းပင်နှင့် ဝါး ငါးပြန်ခန့်အကွာရှိ ဆူးချုံအနီးမှ ထွက်ပြေးသွားခြင်းပင်၊ တကယ်တော့ – ကျောက်ဒိုး အဖြေတွေ့သွားပြီ၊ ဖမ်းမိထားသော လင်းဝါကြီးသည် စောစောက တောပုတ်သင်ညိုကြီးကိုရော့ ဖွတ်ကြီးကိုပါ ပြိုင်တူတွေ့သွားပုံရသည်၊ ဤတွင် ပုတ်သင်ညိုကြီးကိုသာ မြင်ရပြီး ဖွတ်ကြီးကို မမြင်သူက ကျောက်ဒိုး၊ ဖွတ်နှင့် ပုတ်သင်ညိုသည် လင်းဝါကြီးရာရော ကျောက်ဒိုးတို့ကိုရော မြင်ကြပေလိမ့်မည်။

လင်းဝါကြီးသည် ပုတ်သင်ညိုကို အရင်ဖမ်းမည်လား၊ ဖွတ်ကြီးကို အရင်ဖမ်းမည်လားဟု တွေးနေပေလိမ့်မည်၊ ပုတ်သင်ညိုက လင်းဝါကြီးနှင့် နီးနီးနားနားမှာရှိပြီး ဖွတ်ကြီးကတော့ ခပ်ဝေးဝေးမှာ ရှိနေသည်၊ ထိုအချိန် လင်းဝါကြီးကို ကျောက်ဒိုးက ဖမ်းလိုက်သည်မို့ ပုတ်သင်ညိုကြီး ပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်၊ ဖွတ်ကြီးကတော့ အန္တရာယ်ကင်းမှ ပြေးမည်ဟု တွေးစည်နေသည့်သဘော။

ယခု အန္တရာယ်လက်အတွင်းမှ လွတ်လောက်ပြီအထင်နှင့် ပြေးထွက်သွားသည့် ဖွတ်ကြီး၊ လေးငါးပိဿာခန့်ရှိမည့်ဖွတ်ကြီး၊ အထီးလား၊ အမလားတော့ မသိ။

"ရော့ – ကြွက်မ၊ ဒီလင်းဝါကြီးကို အသေအချာကိုင်ထား၊ ခေါင်းနောက်ပိုင်းကို ကိုင်ထား၊ ငါ – ဖွတ်ကြီးနောက် လိုက်ဦးမယ်"

ကျောက်ဒိုးက ပြောရင်း လက်ထဲက မြွေကြီးကို မကြွက်မလက်ထဲ ပေးလိုက်သည်၊ ကြောက်ကြောက်ဖြင့် ယူမိသူက မကြွက်မ၊ သို့သော် လောဘ – ဇောကြောင့် မကြောက်တော့။

"ပေး ..."

ပြောရင်း လင်းဝါကြီး၏ခေါင်းပိုင်းဆီ ကိုင်သည်၊ ငြိမ်သက်ရင်း ပါလာသည့် လင်းဝါကြီးကတော့ မကြွက်မကို စူးစိုက်ကြည့်နေဆဲ၊ ကျောက်ဒိုးက ခက်ရင်းနှင့် လေးခွလွယ်အိတ်ကို အမြန်ယူ၊ ဖွတ်ကြီး ပြေးထွက်ရာလမ်းကြောင်းအတိုင်း လိုက်ခဲ့သည်၊ မကြွက်မကတော့ လင်းမြွေကြီးကို ကိုင်ထားရင်း ကျောက်ဒိုးပြေးထွက်သွားရာကို ကြည့်ရင်း ရင်တထိတ်ထိတ်။

"အပေါ် – နားကပ်ပန်ရတော့မှာ"

တွေးရင်း ကျေနပ်နေသည့် မကြွက်မ၊ မကြွက်မက လက်ထဲက လင်းဝါကြီးကို ကလူရင်း မြူရင်းနှင့် ရှိသည်၊ ကျောက်ဒိုးလုပ်သလို ခေါင်းကို ပွတ်လိုက်၊ ခါးပိုင်းနှင့် အမြီးပိုင်းကို သပ်လိုက်၊ မြွေကြီးကတော့ ငြိမ်လို့၊

ထိုအချိန် ဖွတ်ကြီးနောက်လိုက်ရင်းနှင့် ပြေးလွှားနေသူက ကျောက်ဒိုး၊

ကျောက်ဒိုး ပြေးနေသည်၊ ချုံတွေ၊ ကျင်းချိုင့်တွေကို သတိမပြုနိုင်၊ တောင်ပို့တွေ၊ ကြွက်တွင်းတွေကို သတိမထားနိုင်၊ သူ့၏ရှေ့တွင်တော့ ဖွတ်ကြီးကိုမြင်နေရသည်၊ ဖွတ်ကြီးက တစ်ဟုန်ထိုးပြေးလိုက်၊ ရပ်လိုက်၊ နောက်ပြန်ကြည့်ရင်း ပြေးလိုက်၊

ဖုန်းဆိုးတောထဲမှာတော့ လူသားနှင့်သားကောင်တို့ အပြေးပြိုင်နေကြသည်၊ လူသားက မုဆိုး၊ သားကောင်ကတော့ သားကောင်အဖြစ်နှင့်သာ ရှေ့ကနေပြီး အပြေးအလွှားရှိနေသည်၊ ပြေးနိုင်မှ လွတ်မည့်သဘော၊ အသက်ချမ်းသာရာ ရမည့်အဖြစ်၊ မုဆိုးကလည်း ပြေးနိုင်မှ မိမည်၊ ပြေးနိုင်မှ သူများအသက်တစ်ချောင်း ရမည်လေ။

"တောက် – ပြေးစမ်း၊ ပြေးထား – မိရင်တော့လား"

လက်ထဲက ကြွက်ထိုးခက်ရင်းဟုခေါ်သည့် မိန်းတံကို မြှောက်ကိုင်ရင်း လိုက်နေသည့်ကျောက်ဒိုးက မကျေမနပ်ပြေးရင်း ရှိသည်၊ ရင်ထဲမှာ မွန်း

www.burmeseclassic.com

တျပ်မှုတွေနှင့် မောပိုက်နေသော်လည်း အသက်ကိုအဝရှူသွင်းရင်း ပင်ပန်းစိတ်ကို နှင်ထုတ်လိုက်သည်။

ရှေ့တွင် ဖွတ်ကြီးက သွားရည်ကျစရာအပြည့်။

ဖွတ်ကြီးသည် တောင်ပို့တွေကိုကျော်၊ ချုံတွေကို ကွေ့ပတ်ရင်း ပြေးနေသည်မို့ ကျောက်ဒိုးအတွက်တော့ အသည်းယားစရာ၊ မခံချိ၊ မခံသာဖြစ်စရာ အပြည့်။

"ပြေးစမ်း ..."

အားထည့်ရင်းပြေးကာ အသံထွက်ပြေးလိုက်သူက ကျောက်ဒိုး။

ထိုအချိန် ဖွတ်ကြီးသည် ကျောက်ဒိုးနှင့် ဝါးနှစ်ပြန်ခန့်သာ ဝေးတော့သည်။ မိုန်းနှင့် လှမ်းပစ်လျှင် မရနိုင်သေး၊ ဝေးသေးသည်။ လေးခွနှင့် ပစ်လျှင်လည်း မဖြစ်၊ ချက်ကောင်းထိအောင် ပစ်ဖို့မလွယ်၊ တစ်ချက်တည်း မှန်ရုံနှင့်မရ၊ မသေနိုင်၊ မိုန်းနှင့် ချက်ကောင်းထိအောင် ပစ်နိုင်မှ ဖွတ်ကြီး သေမည်လေ။

ဒါကို ကျောက်ဒိုး သိသည်၊ ဒီတော့ – ဖွတ်ကြီးနှင့် နီးနိုင်သမျှ နီးအောင် အပြေးနှင်ခဲ့သည်။ ကျောက်ဒိုးလည်း မော၊ ဖွတ်ကြီးလည်း မောနေပြီ။ ဖွတ်ကြီးမှာ တောင်ပို့အပေါက်ထဲလည်း မဝင်၊ ချုံတွေထဲလည်း မအောင်းရဲ၊ ကပ်ပါလာသည့် လူသားကို အကြောက်တလန့်ဖြင့် အသက်လုပွဲ ဆင်နွှဲနေဆဲ၊

"တောက် ..."

မတော့မနှပ် ပေါက်ကွဲသံက ကျောက်ဒိုးပါးစပ်မှ ခုန်ထွက်သွားသည်။ ဖွတ်ကြီးသည် ရုတ်တရက်ရပ်သည်၊ သမင်လည်ပြန်ကြည့်သည်၊ ပြီးသည်နှင့် ညာဘက်ရှိ တောနာနတ်ပင်တွေဆီ တဲ့ခနဲ့ပြေးသည်၊ တောနာနတ်ပင်တွေထဲ ဝင်သွားရင် လွတ်သွားမည်ကို သိသည့် ကျောက်ဒိုး။

ကျောက်ဒိုးက အပြေးနှုန်းကို မြှင့်သည်၊ ဖွတ်ကြီးကလည်း အပြေးနှုန်းကို မြှင့်သည်။ မကြာ၊ အရှိန်နှင့် ပြေးနေသည့် ဖွတ်ကြီးက နာနတ်တောထဲ ဝင်မည်အလုပ်၊



ကျောက်ဒိုး မျက်လုံးတွေပြာသွားသည်။ ဒါက ဖွတ်ကြီး လက်လွှတ်ဆုံးရှုံးရတော့မည်ကို သိလိုက်ရ၍ ကျောချမ်းသွားသည့်အဖြစ်။

"အား ..."

"ဟာ ..."

ရုတ်တရက် ကျောက်ဒိုးပါးစပ်က အလန့်တကြား ဆင်းသက်လာသည့် အော်သံ၊ အော်သံနှင့်အတူ သူ၏ညာဘက်ခြေဖမိုးဆီက မီးပူတိုက်သံဖြင့် အထိုးခံရသလို ခံစားလိုက်ရသည်။ ကြည့်လိုက်တော့ ဆူးခြစ်တာ၊ ခြောင့်စူးတာ မဟုတ်၊ မြွေပွေးကြီးတစ်ကောင်က သူ့ခြေဖမိုးကို အားပါးတရ ပေါက်ခဲလိုက်ခြင်းပင်၊ ကြည့်မိတော့ – ကျောက်ဒိုး၏ခြေတစ်ဖက်က မြွေပွေးအမြီး



" မကြွက်မသမျှ မျက်လုံးပြူးနေသည်။
မပြူးဘဲ ခံနိုင်ရိုးလား။ လင်းဝံကြီးက မကြွက်မလည်မျိုကို ရစ်ပတ်နေပြီ။
အမြီးများက မကြွက်မပါးစပ်ဝမှတစ်ဆင့် လည်ချောင်းဝထဲ
ထိုးသွင်းထားသည်။ "

www.burmeseclassic.com

ပိုင်းကို တက်နင်းထားမိခြင်းပင်၊ ဘယ်မြွေပဲဖြစ်ဖြစ်၊ အမြီးဖျားရဲ့အထက်နား ဆီမှာ ချက်ရှိသည်၊ ထိုနေရာကိုအထိမခံ၊ သိပ်နာတတ်သည်၊ နာတတ်သည် မို့ ထိမိတော့ ဒေါသဖြစ်ပြီး အားကုန်ပေါက်ခဲလိုက်ခြင်း၊ ယခု - မြွေဗွေးကြီး၏ အပေါက်အခဲကို ခံလိုက်ရပြီ၊ ကြည့်လိုက်တော့ - လက်မောင်းလုံးခန့်မက သည့်မြွေကြီး၊ အကွက်ကြီးတွေက ဆက်နေသည်၊

"မြွေ - မြွေကိုက်ခံရပြီ"

တွေးရင်းနှင့် လက်ထဲက ခက်ရင်းနှင့် မြွေကြီး၏ခါးဆီ မှန်းပြီး ထိုးချ လိုက်သည်၊ မြွေနှင့် သံစူးနှစ်ချောင်းထိသံနှင့်အတူ ဒေါသတကြီးဖြစ်သွား သည့်မြွေကြီး၏ဒေါသ၊ တောသံက သွေးပျက်စရာ၊

"ရှူး - ရှူး - ရှူး"

"ဖြီး - ဖြီး"

"အား ..."

မြွေကြီးက သူ့ခါးဆီ ထိမှန်လိုက်သော ခက်ရင်းဒဏ်ရာကြောင့် ပိုပြီး ဒေါသဖြစ်သွားသည်၊ ဒီတော့ - ခေါင်းပိုင်းက ခပ်မတ်မတ်ထောင်ပြီး ကျောက်ဒိုးခြေသလုံးဆီ နှစ်ကြိမ်ခန့် ကိုက်ခဲပေါက်လိုက်ပြန်ပြီ၊ ကျောက်ဒိုး အော်သံက ဖုန်းဆိုးတောကို လွှမ်းခြုံသွားချေပြီ၊

ထိုအချိန် နာနတ်တောထဲ ပြေးဝင်ရင်း သမင်လည်ပြန်ကြည့်နေသည့် ဖွတ်ကြီး၏အကြည့်များကို ကျောက်ဒိုး မတွေ့မြင်နိုင်တော့၊ စောစောက မုဆိုးဖြစ်ခဲ့သည့်ကျောက်ဒိုး၊ ယခု သားကောင်ဖြစ်သွားခဲ့ပြီကော၊

ကျောက်ဒိုး မဟန်နိုင်တော့၊ မြွေကြီးကတော့ ခက်ရင်းအစွယ်တွေနှင့် အထိုးခံထားရ၍ ခက်ရင်းဦးကို ရစ်ပတ်ရင်း တောသံ၊ ဒေါသသံပေးရင်း ရှိနေ သည်၊ ထိုအချိန် မဟန်နိုင်သည့် ကျောက်ဒိုးမျက်လုံးတွေ ဘာမျှမမြင်ရ တော့၊ ရင်ထဲမှာ အောင့်လာသည်၊ ပါးစပ်က သွေးစအချို့ထွက်လာသည်၊ မြွေဆိပ်ကပြင်းတော့ ပိုပြီးခံနိုင်အား မရှိ၊ ပြီးတော့ - တစ်ချက်သာ အကိုက်ခံ



ရသည်မဟုတ်၊ သုံးလေးကြိမ် အကိုက်အခဲခံရသည့်ကျောက်ဒိုး၊

ရုတ်တရက် ကျောက်ဒိုးမှာ ခက်ရင်းရိုးကို အားပြုရပ်နေရင်း ခက်ရင်း အစွယ်တွေနှင့် မြေပြင်ကြား ရောက်နေသည့် ဒဏ်ရာရမြွေဗွေးကြီးကိုကြည့် ရင်း လဲကျသွားသည့်အချိန်၊ မြွေဗွေးကြီးက အပေါ်လဲကျလာသည့် ကျောက် ဒိုး၏မျက်နှာဆီသို့ တစ်ချက်ခဲလိုက်ပြန်ချေပြီ၊

"ဖြီး"

"ရှူး"

ဒေါသံနှင့်အတူ အော်လိုက်သည့်အသံက ဖုန်းဆိုးတောတစ်ခွင်မှာ သွေးပျက်စရာအပြည့်၊ ဒီအော်ခြင်းသည် ကျောက်ဒိုး၏ နောက်ဆုံးအော် လိုက်ခြင်း၊ ထွက်သက်၏ နောက်ဆုံးခရီး၊

"အား ..."

"အား"

အော်သံက ဖုန်းဆိုးတောတစ်ခွင် လွှမ်းခြုံသွားသည်၊ အော်ရင်းနှင့် ဘေးဝဲယာကိုကြည့်သည်၊ ကျောက်ဒိုးကြားလိုကြားငြား၊ ဒါမှမဟုတ် တော လည်တဲ့လူရှိပါက ကြားလိုကြားငြား၊ သို့သော် မကြွက်မအနား ဘယ်သူမှ ရောက်မလာ၊ မည်သူမျှ မရှိ၊

မကြွက်မခမျာ မျက်လုံးပြူးနေသည်၊ မပြူးဘဲ ခံနိုင်ရိုးလား၊ လင်းဝါကြီး က မကြွက်မလည်မျိုကို ရစ်ပတ်နေပြီ၊ အမြီးဖျားက မကြွက်မပါးစပ်ဝမှ တစ်ဆင့် လည်ချောင်းဝထဲ ထိုးသွင်းထားသည်၊

တကယ်တော့ - ကျောက်ဒိုးက ဖွတ်ကြီးနောက်လိုက်ဖို့ လင်းဝါကြီးကို မကြွက်မဆီ ပေးခဲ့သည်၊ ကျောက်ဒိုး ထွက်သွားပြီးနောက် မကြွက်မက လင်းဝါကြီးကို ကျီစယ်သေးသည်၊ ဆော့သလို လုပ်သေးသည်၊ အတော်

www.burmeseclassic.com

ကြာတော့ လင်းဝါကြီးက ငြိမ်နေရင်းက စတင်လှုပ်ရှားလာသည်၊ လှုပ်ရှားလာသည်က အမြီးပိုင်း၊ ငြိမ်နေသည်က ခေါင်းပိုင်း။ မငြိမ်လို့လည်း မရ၊ သူ့လည်ကုပ်ကို မကြွက်မက အမိအရ ချုပ်ကိုင်ထားသည်လေ။

ဤတွင် လင်းဝါ၏ပရိယာယ်ကို မသိသော မကြွက်မက အမြီးပိုင်းလှုပ်ရှားနေသည်ကို သဘောကျနေသည်၊ လင်းဝါကြီးက သူ၏အမြီးဖြင့် မကြွက်မ၏မျက်နှာ၊ ခေါင်းနှင့် လည်ပင်းနေရာများကို တို့ရင်း ထိရင်းနှင့် ကျီစယ်နေရာက မထင်မှတ်ဘဲ ပါးစပ်ဆီ ရောက်လာပြီး ကလိနေသည်။ မကြွက်မက သဘောကျနေပြီး ရယ်ပင် ရယ်လိုက်သေးသည်၊ မြွေကြီးက ပါးစပ်နေရာကပါ၊ နဖူး ခေါင်းပိုင်းဆီ အာရုံလွှဲသည့်အနေဖြင့် အမြီးဖျားလေးနှင့် ကလိပြန်သည်။

ဤသို့ လေးငါးကြိမ် ကလိအပြီး သဘောတကျနှင့် ပါးစပ်ဖြဲအရယ်မှာတော့ ပရိယာယ်ကြွယ်သည့် လင်းဝါကြီးက မကြွက်မပါးစပ်ထဲ အမြီးဖျားကို ဆတ်ခနဲထိုးအထည့်၊ မကြွက်မက လန့်ပြီးအအော်၊ မကြွက်မ အော်သံမဆုံးခင် အမြီးဖျားက လည်မျိုထဲ နင့်ခနဲ နင့်ခနဲ ဖြစ်အောင် ထိုးထည့်လိုက်ချေပြီ။

ဒီတော့ - မကြွက်မ မအော်နိုင်၊ လည်ချောင်းကွဲလုလု ခံစားလိုက်ရပြီ၊ အသက်ရှူလည်း မဝတော့၊ မျက်လုံးလည်း ပြူးနေပြီ၊ ပြီးတော့ - မြွေကို ဆုပ်ထားသည့်လက်က ပြေသွားပြီ၊ လင်းဝါကြီးက သူ့ခေါင်းပိုင်း လွတ်သွားသည်နှင့် တစ်ပြိုင်နက် အမြီးဖျားက လည်ချောင်းထဲထိုးထည့်၊ ကိုယ်ပိုင်းက မကြွက်မလည်မျိုကို ရစ်ပတ်နေချေပြီ။

မကြာ၊ ဗုန်းခနဲ ပစ်လဲကျသွားသူက မကြွက်မ။

လင်းဝါကြီးသည် တဂိဂိ၊ တဝှီဝှီ အသံပြုနေသည့် မကြွက်မကို အားရအောင် ညှစ်ရင်း အမြီးဖျားကို ထိုးသွင်းရင်းနှင့် လုံးဝမလှုပ်ဖတော့မှ ဖြည်းလေးစွာ ညှစ်ခြင်းကိုရပ်၊ အမြီးပိုင်းကို ပါးစပ်အတွင်းမှ ပြန်နုတ်နေသည်၊ မကြွက်မ သေပြီကို လင်းဝါကြီးက သိသည်၊

မှန်သည်၊ မကြွက်မ အသက်မရှိတော့။



မြေပြင်မှာ ပက်လက်၊ ပါးစပ်ထဲက သွေးတွေ ထွက်နေသည်၊ လင်းဝါကြီးက မကြွက်မနှင့် ဝေးရာသို့ တရွေ့ရွေ့ သွားနေချေပြီ၊ အော် - သားတောင်ဟု သတ်မှတ်သည့် သတ္တဝါတစ်ကောင်၏ ပရိယာယ်ကို မသိခဲ့သော မကြွက်မမှာတော့ သားကောင်၏ရက်စက်မှုကို ခံလိုက်ရချေပြီ၊

ဗုန်းဆိုးတောအလယ်မှာတော့ မကြွက်မရဲ့အလောင်း။

ဟိုအဝေးတစ်နေရာ ဗုန်းဆိုးတောစပ်မှာလည်း ကျောက်ဒိုးရဲ့အလောင်း။

တစ်ဦးရဲ့အဖြစ်ဆိုးကို ကျန်တစ်ဦး မသိနိုင်သလို၊ ဘယ်လိုကြောင့် သေကြရသည်ကိုလည်း သိမသွားနိုင်၊ ဒီကနေ့ရသည့် သားကောင်တွေကိုလည်း ရောင်းမသွားနိုင်၊ မကြွက်မအတွက် နားကပ်လည်း ဝယ်မပေးနိုင်ခဲ့ကြပြီ။

တကယ်တော့ ...။

ကျေးရွာရှင် မိဘနှစ်ပါးအပေါ် တာဝန်မကျေမှုတွေ၏ ဒဏ်ကြောင့် ဤသို့ဖြစ်ကြရသည်ဆိုရင် လုံးဝမမှားသောအမှန်တရားဟု ဆိုရချေပြီ၊ နှစ်ဖက်မိဘတွေအပေါ် မျက်လုံးအကြည့်တွေဖြင့် စော်ကား၊ ပါးစပ်က စကားတွေဖြင့် စော်ကားခဲ့သည့် ဒဏ်ချက်တွေက လက်တလောဘဝမှာပင် ဒဏ်အဖြစ်စတ်ခံခဲ့သည်ဆိုတာ သူတို့နှစ်ဦး သိသွားကြမည်တော့ မဟုတ်၊

ကျေးရွာရှင် ဖြစ်မှားခြင်းရဲ့အကျိုးကို သူတို့နှစ်ဦး၏အဖြစ်ဆိုးက သက်သေပြနေပြီပဲလေ။

တကယ်လည်း ...။

မိဘအပေါ် မကောင်းခဲ့၊ မသဒ္ဓါခဲ့သည့် သူတို့နှစ်ဦးကတော့ မလွတ်မကျွတ်ဘဝမျိုးဖြင့် ဒီဗုန်းဆိုးတောမှာ သူတို့ဝိညာဉ်တွေက အပြင်းထန်ဆုံး ခံစားရင်း ရှိနေကြမည်က အမှန်ပါပဲ၊ ဝိညာဉ်တွေ ခိုအောင်းနေကြပေလိမ့်မည်၊

ဗုန်းဆိုးတောမှာ မပျော်ချင်လည်း ပျော်၊ ပျော်ချင်လည်း ပျော်နေကြရမည်ဆိုရင် ယခုအဖြစ်ထက်ဆိုးသည့် သေခြင်းမျိုးတွေဖြင့် အကြိမ်ကြိမ်ဘဝတိုင်း ဘဝတိုင်း ခံစားနေကြရမည်ကလည်း အမှန်။



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆိုးတောသည် မြန်လည်ငြိမ်သက်နေပြီ၊ သို့သော် ကျောက်ဒိုးနှင့် မကြွက်မတို့၏ဝိညာဉ်ကတော့ ...။

ဖုန်းဆိုးတောထဲမှာ တဝဲလည်လည် ...။

➤ ကျွင်းကြီးသားတင်အောင်ဦး

ပဲမုန့်
ပေါင်မုန့်
မေးပို့ရှိပါက

အယ်ဒီတာအဖွဲ့
သည်းဆိတ်ရှင်ဗိုလ်မှူးဖ
အမှတ် (၅၀၈/၅၁၂) (၂/ခ)၊ ဝေဠုလှထောင်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

မြင့်စေတနာ ဆေးတိုက်
(အရေပြားရောဂါမှန်သမျှ ခိုင်မြဲပျောက်ကင်းစေရမည်။)

ခရုသင်း (သမင်ဖြူ)
LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ နီ၊ နုတ်ထွက်များ၊
အနာကြီးရောဂါ၊ ထားနာ၊ ငွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်ငြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၆၆၄၇၈

ဌာနခွဲ
အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့
ဖုန်း - ၀၂ ၂၂၅၁၅၊ ၀၉ ၂၀၀၂၈၄၃

www.burmeseclassic.com